
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၇၂၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၈၉၀၆၀၈
ထုတ်ဝေသူ - ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
အမှတ် (၂၀၅)၊
မြို့သစ် (၄)လမ်း
အင်းစိန်။
အတွင်းပုံနှိပ်သူ - ဒေါ်ခင်ကြွေ
ရတနာမဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၀၇)၊ ဝေဇယန္တာလမ်း
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန် (ကျောက်စိမ်းအော့
အမှတ်(၁၇၁)၊ ၃၃-လမ်း။
စီစဉ်သူ - မောင်တင်ရွှေ
မျက်နှာဖုံးပန်းချီ - သိန်းဇော်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၇၅၀ ကျပ်
ပဌမအကြိမ် - စက်တင်ဘာလ၊ ၂၀၀၆။

# မင်းပုည

## စုံနှံ့သာမင်းမောင်
## နှင့်
## ကျိန်စာသင့်လူသား

(ဂမ္ဘီရစုံထောက်ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

# ရွှေဟင်္သာ စာပေ

(ရွှေဟင်္သာ)
အမှတ်(၅) ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း
တာမွေ၊ ရန်ကုန်မြို့။

## မာတိကာ

၁။ ထူးဆန်းသည့် အိမ်မက်တစ်ခု
၂။ အစ်မတော် မြနန်းနွယ်သို့
၃။ စမ်းတဝါးဝါး နှလုံးသား
၄။ နေရာသစ်သို့ နေရာဟောင်း
၅။ ဥပေက္ခာနှလုံးသား၏အစ
၆။ မြေဖြူတောင် သခင်မ
၇။ ကျောက်ပလ္လင်ပေါ်က သူတော်စင်ကြီး
၈။ ကျွန်ုပ်နှင့် စောနန္ဒီ
၉။ ကျွန်ုပ်နှင့် အစ်မတော် မဟေသီနန္ဒီ
၁၀။ သူငယ်ချင်းတွေနဲ့ တိုင်ပင်
၁၁။ ကြေကွဲစရာ မင်္ဂလာပွဲ
၁၂။ စုံနံ့သာမင်းမောင်နှင့် ထူးဆန်းသည့် လူသတ်မှု

www.burmeseclassic.com

www.burmeseclassic.com

၁၃။ ဒဂါးသက်သေ
၁၄။ တရားခံနောက် ခြေရာကောက်
၁၅။ ကြိုတင်နိမိတ်များ။
၁၆။ သဲလွန်စပေါ် အဖြေပေါ်
၁၇။ မယောင်ဦးဆန်သည့် မြင်ကွင်း
၁၈။ မြတ်လှနှင့် အပေါင်းပါများ
၁၉။ လိပ်ပြာကန် လူသတ်မှု
၂၀။ အတိတ်ရန်ကြွေး
၂၁။ ကျွန်ုပ်နှင့် ကြယ်မင်းဒေဝီ
၂၂။ ကွေ့ကွင်းနောက်ဆုံး ဘဝဇာတ်သိမ်း



## "နိဒါန်း"

လူ့ဘဝ၌ လူသားအသစ်တစ်ယောက် အနေဖြင့် ဖြန်လည် ရောက်ရှိလာသည်ဟု ဆိုခဲ့လျှင် ထိုလူသည် ဘဝဟောင်း အ လူဖြစ်ခဲ့ပါသလားဟု မေးလာလျှင် ဖြစ်ခဲ့ဖူးပါသည်ဟု ဖြေကြားလို့ ရသလို မဖြစ်ခဲ့ဘူးလို့လည်း ဖြေကြားလို့ ရသည်။ အများအားဖြင့် ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းလာသည်က များသည်ဟု ပြောလျှင် ပို၍ပင်မှန်သည်။ ခပ်ရွဲ့ရွဲ့ ဖြေကြားလိုက်ချင်သည်။ သည်သို့ ဖြေကြားရသည်လဲ ဆိုရာတွင် သံသရာဆိုတာကြီး ရှိနေသည့်အတွက်ကြောင့် ဖြစ် သည်။ ကျွန်ုပ်တို့ မြတ်ဗုဒ္ဓသည် ဘဝပေါင်းများစွာဖြင့် ကျင်လည်ခဲ့ပြီးမှ အေးချမ်းသည့် မြတ်နိဗ္ဗာန်ကို ရောက်ရှိသွားသည်ဟု မြန်မာကျမ်းဂန်များမှာ နှင့် ကမ္ဘာ့ကျမ်းဂန်များစွာသည် အထောက်အထား ခိုင်မာစွာ ရေးသားထားခဲ့သလို မြတ်ဗုဒ္ဓဘဝအရောက်တွင် လူ-သတ္တဝါ အပေါင်းများအား ဒေသနာတရားတော်များ ဟောကြားရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှေ့ဘဝက ဖြစ်ခဲ့ရသည်များကို အခြေခံ၍ ဟောကြားခဲ့သည်။

ဓမ္မပဒဝတ္ထုကြီး၏ မဟာပါလနှင့် စူဠပါလဟု အမည်ပေးထားသည့် မဟာဝဏ္ဏသူဌေးကြီး၏ သားတော်နှစ်ယောက်အနက် တစ်ဦးတည်းသောသား မဟာပါလသည် မြတ်ဗုဒ္ဓ၏ တရားတော်များအား ကြည်ညို၍ ရဟန်းအဖြစ်သို့ရောက်ရှိပြီး တရားတော်များနှင့် နေ့ထိုင်စဉ်ကာလ၌ မျက်လုံးထဲမှ မျက်ရည်များ ထွက်ကျလာပြီး မျက်လုံးများကန်းသွားသည်အထိသို့ ရောက်ရှိရာ ရဟန်းသံဃာတော်များသည် မဟာပါလမထေရ်မြတ်အကြောင်းကို လျှောက်တင်ရာ မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟောကြားခဲ့သည်။

BURMESE CLASSIC

မဟာပါလာသည် ယခင် ဆေးဆရာဘဝမှာ မျက်မမြင်မိန်းမတစ်ယောက်အား ဆေးကုသခဲ့ဖူးသည်။ တစ်ဦးနှင့်တစ်ဦး အပေးအယူဖြင့် ဆေးကုသခြင်း ဖြစ်သည်။ ထိုအချိန်၌ ဆေးကုရာ မျက်မမြင်မိန်းမသည် မျက်လုံးများမြင်သော်လည်း မမြင်သေးဟု ပြောလာသဖြင့် ဒေါသနှင့် မျက်လုံးကန်းစေသည့်ဆေးအား မျက်လုံးအတွင်းသို့ ထည့်လိုက်ရာ မျက်မမြင်မိန်းမသည် ယခင်ကလို ပြန်၍ကန်းသွားသည်။ ထိုအတွက်ကြောင့် မဟာပါလမထေရ်သည် ပြုခဲ့သော မကောင်းမှုကြောင့် ယခုဘဝ၌ ပြန်လည်၍ ခံနေရသလို ဝိဘက်ကြမ္မာဆိုတာ အမြဲရှိနေသည်ဟု ဆိုဆုံးမ ဟောကြားခဲ့သည့် အတွက်ကြောင့် ကျွန်ုပ်တို့ လူ့လောက





၌ လူသားများသည် ယခင်ဘဝမှ လူသားများဖြစ်ခဲ့သလို ယခုဘဝ၌ လူသားလာရောက်ဖြစ်လေ့ရှိပြီး ကောင်းသောအလုပ်ကို လုပ်ခဲ့သူသည် ယခုဘဝ၌ ကောင်းမွန်ပြီး စည်းစိမ်ချမ်းသာများ ခံစားရသလို၊ မကောင်းမှု ပြုလုပ်သူသည် ဒီဘဝ၌ မကောင်းမှုများ ကြုံတွေ့ခံစားရမည်ဟု ဟောကြားခဲ့သည်။

ထိုအကြောင်းအရာများအား လေ့လာမိသည့်အတွက် ကျွန်ုပ်သည် ဝတ္ထုတစ်ပုဒ် ရေးသားရန် စိတ်ကူးမိလာသလို ပထမဆုံး ဇာတ်လမ်းတစ်ပုဒ်အား စဉ်းစားလာခဲ့သည်။ ထိုသို့ စဉ်းစားရင်းနှင့် နေရာဒေသသို့ သွားရောက်လေ့လာရန်လည်း စိတ်ကူးမိပြန်သည်။ ထိုအချိန်၌ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များစာရင်းဝင် ကျွန်ုပ်၏ကျေးသဖခင် ကျေးဇူးရှင်ဖေဖေ ဦးညွန့်ခင် အသက်(၆၇)နှစ်သည် ၅-၉-၂၀၀၅ ခုနှစ် သောကြာနေ့တွင် ကွယ်လွန်သွားသည့်အတွက် ယခု ရေးသားသည့်ဝတ္ထုမှာ ဆက်လက်ရေးသားရန် အခက်တွေ့နေသလို ကြေကွဲမှုတွေကြောင့် ရေးသား၍မရအောင်ဖြစ်ပြီး စာရေးခြင်းကို ခေတ္တအနားယူခဲ့ရသလို စိတ်ကူးထားသည့် ဇာတ်လမ်းများသည်လည်း အစဖော်မရအောင် လွင့်စဉ်ပျောက်ကွယ်ခဲ့ရပြန်သည်။

မည်ကဲ့သို့ဖြစ်စေကာမူ စာရေးခြင်းနှင့် အသက်မွေးနေရသူတစ်ယောက် အနေနှင့် စာကိုသာ ဆက်လက်ရေးရမည်သည်။ ထိုနေရာ၌ စာဖတ်သူများအား ကြိုတင်၍ တစ်ခုတောင်းပန်ချင်ပါသည်။ ယခုဖတ်ရှုနေသည့် ဝတ္ထုသည် ဟာကွက်များ



www.burmeseclassic.com

www.burmeseclassic.com



ပါရှိခဲ့ပါလျှင် စာရေးသူ ကျွန်ုပ်၏ အပေါ်သို့ နားလည်ခွင့်လွှတ်ပေးစေချင်ပါသည်။ ကျွန်ုပ်သည်လည်း အကောင်းဆုံးထက်အကောင်းဆုံးဖြစ်အောင် ကျွန်ုပ်၏ဇာတ်ကောင် စုံနံ့သာကိုမင်းမောင်နှင့် ၎င်းမိတ်ဆွေ ကေပီကိုအောင်သိန်းတို့အား ခေါ်ယူ၍ဇာတ်လမ်းတည်ရှိရာ ဥဿပဲခူးသို့ ခရီးထွက်ရပေဦးမည်။ ထိုသို့ခရီးမထွက်မီ ထူးဆန်းသည့် ဖြစ်ရပ်တစ်ခုကြောင့် မယုံကြည်လောက်သည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရပြန်သည်။ ၎င်းဖြစ်ရပ်သည် ကျွန်ုပ်၏ရင်ထဲ၌ မေ့ပျောက်၍မရအောင်ဖြစ်ပြီး ရှင်းမရအောင်လည်း ရှုပ်ထွေးနေသည်။

တစ်နေ့သောည ...

ထိုညဟူ၍သာ ပြောပြချင်ပါသည်။ အဗျားထမင်းဆိုင်ရွာ၏ ရွာဦးကျောင်းစေတီတော် ရင်ပြင်ရှိ တနင်္ဂနွေထောင့်၌ထိုင်၍ ဘုရားဝတ်ပြု ပုတီးစိပ်ပြီး ဝန်းကျင်သို့ လေ့လာနေသည့်အချိန်ဖြစ်သည်။

အချိန်သည် အမှောင်ထုများ လွှမ်းမိုးနေပြီး လူသူများလည်း ကင်းမဲ့လျက် ရှိနေ၏။ ခပ်ဝေးဝေးမှ တိုက်ခတ်လာသည့် လေနုကြမ်းများကြောင့် သစ်ပင်ယံများသည် ယိမ်းနွဲ့၍နေပြီး ရွက်ဝါများသည် မြေပေါ်သို့ ကြေကွဲစွာ လွင့်စဉ်၍ ပြုတ်ကျနေသလို အောင်သိဒ္ဓိစေတီတော်ကြီး၏ထီးတော်မှ ဆည်းလည်းများ၏အသံများသည် ကြည်နူးစရာများ ကောင်းနေသလို ကြေကွဲမှုများစွာလည်း ဖြစ်ပေါ်နေသည်။





လေများ၏ တိုက်ခတ်မှုကြောင့် မွှေးကြိုင်သည့်ရနံ့များ ရရှိလာသည့်အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်နေပြီး ကြက်သီးများလည်း ရက်စက်စွာ ထနေသည်။ အရာဝတ္ထုတစ်ခု အနားသို့ ရောက်ရှိလာသည်ဟု ထင်နေပြီး ထိုစေတီတော်ကြီး၌ အစောင့်များရှိနေသည်ဟု ကြားဖူးသလို စေတီတော်အား နှောင့်ယှက်သူများ၏ရန်ကို ကာကွယ်ပေးနေရန်အတွက်သာ ပြင်နေ၏။ စေတီတော်အား အနှောင့်အယှက်ပေး ဖျက်ဆီးရန် ရောက်ရှိလာသူများသည် စေတီတော်ရင်ပြင်၌သာ ဒုက္ခများရောက်ရှိပြီး ပြန်သွားခဲ့ကြသည်က များသည်။

၎င်းသည် အမွှေးရနံ့များ လာရာသို့ ကြည့်လိုက်ရာ လွန်စွာအံ့ဩထိတ်လန့်မှုတစ်ခုနှင့် ကြုံတွေ့လိုက်ရပြီး အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရသည့်အတွက် တုန်လှုပ်စွာ ကြည့်လိုက်ပြီး မိန်းကလေးသည် မည်သည့်အချိန်ကစပြီး ထိုနေရာသို့ ရောက်ရှိလာသည်ဆိုတာ မတွေးတတ်အောင် ဖြစ်နေသည်။

"မင်း ... မင်း"

စကားသည် ဤမျှသာ ထွက်ပေါ်လာသည့်အတွက်ကြောင့် မိန်းကလေးသည် မကျေနပ်သည့် အကြည့်များနှင့်ကြည့်ပြီး နာကြည်းမှုစကားများ ပြောလာလိမ့်မည်ဟု အထင်နှင့် မိန်းကလေးအား ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူလဲလို့ မေးဦးမလို့လား ဦးရိုးတော် နေမျိုးသီဟ"

"ကျုပ်နာမည် နေမျိုးသီဟ မဟုတ်ပါဘူး မိန်းကလေး၊ ဦးမင်းသော်ပါ"

"အလိုလေ့ ... ဘာလို့များ မဟုတ်တာ ပြောနေရတာလဲ ဦးရိုးတော်ရယ်။ ဒေဝီခေါ် ကြယ်မင်းဒေဝီသခင်မကို အခုထိ လိမ်ညာဖို့ ကြိုးစားနေသေးတယ်ပေါ့ ဟုတ်လား။ ကျွန်ုပ်ရဲ့ ဒေါသတွေ မထွက်ခင် မေးတာကိုသာ ဖြေစမ်းပါ။ မောင်တော်နေသုန္ဒနဲ့ အစ်မတော် မဟောသီနန္ဒီတို့ ဘယ်မှာလဲ"

မိန်းကလေး၏ မေးခွန်းသည် ကျွန်ုပ် မည်သို့မျှ နားမလည်သလို ကျွန်ုပ်သည်လည်း မိန်းကလေးပြောသလို ဦးရိုးတော် နေမျိုးသီဟ ဆိုတာလည်း မဖြစ်နိုင်ဟု စိတ်ထဲ၌-တွေးနေမိသည်။

တကယ်တော့ ကျွန်ုပ်သည် ဦးရိုးတော် နေမျိုးသီဟသာ ဖြစ်ခဲ့ပါသည်။ အောင်သိဒ္ဓိလပြည့်စေတီတော်နှင့် မည်သို့များ ပတ်သက်ခဲ့ဖူးသလဲ ဆိုတာ တွေးတောနေမိသလို လူဝင်စားတစ်ယောက် ဖြစ်ခဲ့ပါသည်။ အတိတ်ဟောင်း၏ ဘဝကို အကုန်လုံး မသိခဲ့ပါလျှင် တစ်စိတ်တစ်ဒေသတော့ သိနေရမည်။ ယခုတော့ မြူမှုန်စလောက်တောင် မသိသည့်အတွက်ကြောင့် စဉ်းစားရခက်နေသည်။





ထိုအတွက်ကြောင့် အနီရောင်ဝတ်စုံပိုင်ရှင် မိန်းကလေး လှဒေဝီနန္ဒီအား ကြည့်နေမိသော်လည်း ၎င်းပြောသလို အတိတ်ဟောင်းကို ပြန်လည်၍ မြင်ယောင်ခြင်းမရှိအောင် ဖြစ်နေသည်။

"မောင်တော်နေသုန္ဒလည်း မသိဘူး၊ အစ်မတော် မဟောသီနန္ဒီကိုလည်း မသိဘူး၊ ကျွန်ုပ်သိနေတာက ကျွန်ုပ်နာမည် မင်းသော်ပဲ။ အဲဒီအတွက်ကြောင့် ကျွန်ုပ်ကို မနှောင့်ယှက်ပါနဲ့လို့ပဲ ပြောချင်ပါတယ်"

"မသိတော့လည်း သိအောင်ပြောရတာပေါ့၊ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ဒီနေရာဟာ လူသူကဖြတ်ပြီး သာသနာတော်လည်း မထွန်းကားခဲ့ဘူး။ အဲဒီအချိန်မှာ မြတ်ဗုဒ္ဓရောက်ရှိလာပြီး အနာဂတ်သာသနာ ထွန်းကားစေရန်အတွက် ခြေဖဝါးတော်တစ်ဖက်ကို ချခဲ့တယ်။ အဲဒါကို ရသေ့ကြီးတစ်ပါးက ဖူးမြော်လိုက်ရပြီး သပိုစေတီတော်တစ်ဆူကို တည်ထားကိုးကွယ်တဲ့ အချိန်မှာ ကျွန်ုပ်တို့ဟာ စေတီတော်ရဲ့ ပူဇော်ပွဲကို လာခဲ့ကြတယ်။ စေတီတော်ရဲ့ ပူဇော်ပွဲကို ဦးရိုးတော်နေမျိုးသီဟက ဦးဆောင်ခေါ်လာခဲ့တာပဲ။ အစ်မတော်နဲ့ မောင်တော်သုန္ဒတို့ဟာ စေတီတော်မှာ ဆုတောင်းကြတယ်။ တန်ခိုးတော်နဲ့ ပြည့်စုံတဲ့ စေတီတော်ဟာ တောင်းတဲ့ဆုတွေကို ပြည့်စုံခဲ့တယ်။ အဲဒီတုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဆုမတောင်းခဲ့မိတာက ကျွန်ုပ် တစ်ယောက်တည်းပဲ။ တစ်နေ့လို့ပဲ ပြောတော့မယ်။ မောင်တော်နဲ့ အစ်မတော်တို့ဟာ ပျောက်သွားကြတယ်။ ကျွန်ုပ် နာကြည်းစွာ ခံစားရတယ်။ အဲဒီအတွက် ကျွန်ုပ် ဆုတောင်းပြီး စောင့်နေတာပဲ။ သူတို့နဲ့တော့ မတွေ့ဘူး၊ ဦးရိုးတော်ကိုတော့ တွေ့ပြီ၊ အဲဒါကြောင့် အခုလို လာရောက်မေးရတာပဲ"

မိန်းကလေး၏ စကားသည် ဟုတ်သလိုလို ထင်နေရသည်။ ခက်နေသည်က ကျွန်ုပ်သည် ထိုအကြောင်းများကို မသိတော့ပေ။ ကျွန်ုပ် သိထားသည်မှာ ထိုစေတီတော်သည် မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်ကာလမှာ အင်္ဂလန်ဘုရင်မကြီး တည်သွားသည်ဟု ပြောသံကြားသလို၊ မွန်ဘုရင်မကြီးရှင်စောပု တည်သွားသည်၊ ကိုးကွယ်သွားသည်ဟုလည်း ပြောသံကြားသည်။ မည်သည့်ဘုရင်မကြီး တည်ထား သည်ဆိုတာ သဲသဲကွဲကွဲ မသိရပေမဲ့ ဘုရင်မကြီး တည်ထားသည့် စေတီတော်ဟု ယနေ့ထိ နာမည်ကြီးနေသည်။ ၎င်းစေတီတော်ကြီးသည် ပဲခူးတိုင်း ဒေါ်မြို့နယ်၊ အဇ္ဇားထမင်းဆိုင်ကျေးရွာ၏ ရွာဦးထိပ်၌ ယနေ့တိုင် တည်ထားကိုးကွယ်လျက်ရှိသည်။ ထူးခြားသည်မှာ စေတီတော်သည် ရှေးဟောင်းစေတီတော်ဖြစ်သလို တစ်ခါတစ်ရံ ရောင်ခြည်တော်များ ကွန့်မြူးနေပြီး စေတီတော်တည်ရှိရာ ကျောင်းဝင်းအနီး၌ လူနေအိမ်များ မရှိသလို၊ နေထိုင်ရန် ခက်ခဲပြီး မည်သူမှ နေ





ထိုင်ရန် စိတ်မကူးမိကြပေ။ ထိုကိစ္စသည် ယခုမှမဟုတ်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ယနေ့တိုင် ထိုကဲ့သို့သာဖြစ်သည်ဟု ပြောသံကြားဖူးသလို စိတ်ဝင်စားသူအပေါင်း သွားရောက် ဖူးမြော်နိုင်ပါသည်။

"ဦးရိုးတော် ကျွန်ုပ် မေးတာကို ဘာလို့မဖြေသေးတာလဲ၊ ကျွန်ုပ် တစ်ခုခု လုပ်လိုက်မိမယ်နော်"

"ခင်ဗျားမေးတာကို မသိတဲ့အတွက် ဖြေစရာလည်း မရှိပါဘူး၊ ကျုပ်ဟာ ဘဝဟောင်းကို မသိသလို ယခုဘဝကိုသာပဲ သိနေပါတယ်"

"ဟိုမှာတွေ့လား၊ တင်းပုတ်ကြီးကိုထမ်းပြီး စောင့်နေတယ်၊ အဲဒီ တင်းပုတ်ထမ်း အဘိုးအိုကြီးကိုခေါ်ပြီး ဦးရိုးတော်ရဲ့ ဦးခေါင်းကို ထုခွဲခိုင်းမယ်"

"အဲဒါကတော့ ..."

"နေပါဦး ဦးရိုးတော်ရဲ့၊ ကျွန်ုပ် စကား မဆုံးသေးပါဘူး၊ မောင်တော် နေသုန္ဒနဲ့ အစ်မတော် မဟောသီနန္ဒီတို့ကိုလည်း ကျိန်စာတိုက်ခဲ့တယ်။ အဲဒီကျိန်စာထဲမှာ ဦးရိုးတော်လည်း ပါသွားမယ်နော်"

ကျွန်ုပ်သည် မိန်းကလေးအားကြည့်ပြီး တင်းပုတ်ထမ်းထားသူ အဘိုးအိုအား ကြည့်လိုက်သည်မှာ အဘိုးအိုသည် တင်းပုတ်ကြီးအားထမ်းပြီး ကျွန်ုပ်အား ကြည့်နေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာတုန်လှုပ်သွားသည်။ တကယ်လို့သာ တင်းပုဘ်နှင့် လိုက်ထုမည်ဆိုလျှင် သေနိုင်ဖွယ်ရာမှအပ အခြားမရှိအောင် ဖြစ်နေပေတော့သည်။ တင်းပုတ်ထမ်းထားသူသည် ရုတ်တရက် ကြည့်လိုက်လျှင် ဘီလူးကြီးတစ်ယောက်နှင့် လွန်စွာတူနေပေပေါ့။ စိတ်ထဲ၌ စိုးရိမ်စိတ်များ လွှမ်းမိုးနေသလို မိန်းကလေးသည် လွန်စွာချော မောလှပသလောက် ရက်စက်နိုင်စရာ ရှိနေပေ၏။

"နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခု ပေးလိုက်မယ်။ သုံးရက်အတွင်းမှာ မောင်တော်တို့ကို တွေ့အောင်ရှာပေး။ မတွေ့လို့ကတော့ ဦးရီးတော်ရဲ့ အသက်ကို နုတ်ယူလိုက်ရမယ်။ ဟိတ် ... ရန်ခြွေတော်များ ဌာနကို ပြန်ကြမယ်"

ထိုသို့ပြောလိုက်ချိန်၌ ထွက်ပေါ်လာသည့် ရဲမက်များသည် ဝိုင်းအုံ၍နေပြီး လွန်စွာကြောက်စရာကောင်းသည့် မြွေကြီးနှစ်ကောင်ပါ ထွက်ပေါ်လာသည်။ မိန်းကလေးသည် ကျေနပ်သည့် အကြည့်နှင့် ကြည့်လိုက်သည့်အတွက် အထိတ်တလန့်နှင့် ဖြစ်နေချိန်၌ မိန်းကလေးသည် ကျွန်ုပ်အား လက်ညှိုးထိုးလိုက်ပြီးနောက် လက်နှစ်ဖက်အား အဝေးသို့ ဆန့်တန်းလိုက်ပြီးနောက် လက်နှစ်ဖက်အား အပေါ်သို့ဆန့်တန်းလိုက်ပြီးနောက် ဖော့ယမ်းလိုက်သည်။

ဝန်းကျင်တစ်ခုလုံး မိုးခြိမ်းသလို ကျယ်လောင်သည့် အသံကြီးတစ်ခု ဟိန်းထွက်လာပြီးနောက် မိုးသားများ ချက်ချင်း





ထွက်လာပြီး ကြမ်းတမ်းသည့်လေများ ပြင်းထန်စွာ တိုက်ခတ်ထားသည့်အတွက် ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးပြီး ကြောက်စရာကောင်းသည့် အသံများ ပဲ့တင်ထပ်၍ ပေါ်လာပြီးနောက် ...

မပြီးဆုံးနိုင်သည့် ထူးဆန်းသော ဖြစ်ရပ်များ ထွက်ပေါ်လာပြီးချိန်တွင် ဆက်လက်၍ ဘာများဖြစ်ပေါ်လာဦးမည် ဆိုတာကို စာရှုသူများအနေနှင့် မည်ကဲ့သို့ စဉ်းစားမိကြပါသလဲ။ ယခု ကျွန်ုပ်ရေးသားဖော်ပြထားသည့် အကြောင်းအရာများသည် ကျွန်ုပ်ရေးသားနေသည့် စာမူများနှင့် မည်ကဲ့သို့ ပတ်သက်နေပါသလဲဆိုတာ စဉ်းစားပြီးမှ ဤဝတ္ထုစာမူအား ဖတ်ရှုပါရန် တောင်းဆိုတိုက်တွန်းချင်သလို ဝတ္ထု၏ခေါင်းစဉ်အား ကြိုက်နှစ်သက်၍ ဖတ်ရှုမည်ဟု ဆုံးဖြတ်ပြီး၍ ဖတ်ရှုမည်ဆိုလျှင် စာဖတ်သူများအတွက် တစ်ခုသော ဗဟုသုတရစေမည်ဟု ယုံကြည်စွာ ပြောလိုက်ချင်ပါသည်။ အကယ်၍ စာဖတ်သူများအနေနှင့် ကြိုက်နှစ်သက်မှုများ လျော့နည်းသည် ထင်မိပါလျှင် ကျွန်ုပ်၏ ညံ့ဖျင်းမှုသာ ဖြစ်ပေ၏။

ကဲ ... စာဖတ်သူများသို့ ကျွန်ုပ်၏ဝတ္ထုအခြေခံ၍ ဥသျှပဲခူးသို့ အရေးကြီးသည့် ကိစ္စတစ်ခုနှင့် ခရီးထွက်ရပေဦးမည်။ ၎င်းကိစ္စသည် တခြားမဟုတ် ဥသျှပဲခူးမှာ ထူးဆန်းသည့် လူသတ်မှုတစ်ခု ဖြစ်နေသည်။ လူသတ်မှုအတွက် စုံထောက်ကျော်



www.burmeseclassic.com

www.burmeseclassic.com



လေး စုံနံ့သာမင်းမောင်နှင့် ကေပီအောင်သိန်းတို့အား တာဝန်ပေးစေလွှတ်လိုက်ရပေဦးမည်။ စာဖတ်သူအပေါင်းတို့ ဝတ္ထုစာတ်လမ်းအား ဤနေရာမှ စတင်လိုက်ရပါတော့သည်။

စာဖတ်သူများ၏
မင်းပုည

✧ ✧ ✧

## အခန်းစဉ်(၁)

### ထူးဆန်းသည့် အိပ်မက်တစ်ခု

ကမ္ဘာ့လောကကြီးသည် လူသားများအတွက် ကြီးအားသည် တာဝန်များစွာ ထမ်းဆောင်နေရပြီး ထိုအထဲ၌ နေ့နှင့်ညဟူသော အမည်နှင့် လူသားများကို အကျိုးပြုလျက်ရှိရာ နေသည် မိသားစုလူသားများအတွက် ပျော်ရွှင်မှုကို ဖန်တီးပြီး ညသည် လူသားများအတွက် အနားယူစရာ ဖြစ်သည်။ ထို့အတူနေ့ခင်းဖြစ်ရပ်နှင့် ညဖြစ်ရပ်များသည် လွန်စွာထူးဆန်းပြီး မကောင်းဆိုးဝါးများသည် ညအခါ၌ ပျော်ပါး၍ ကျင်လည်ကျက်စားကြစာ လူသားများသည် ညအား အထိတ်တလန့် ကြောက်ရွံ့နေတတ်ကြသည်။

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ဆိုသည့် နေရာအား အခြေခံသော ညတစ်ခုသို့ ရောက်ရှိလာပြီး တစ်နေ့တာ ပင်ပန်းခဲ့သမျှကို တစ်ညတာ အနားယူနေကြသည့်အတွက် ဝန်းကျင်သည် အမှောင်ထုများ လွှမ်းမိုးနေသလို လွန်စွာတိတ်ဆိတ်လျက် ရှိနေသည်။ ကောင်းကင်၌ လင်းလက်နေသည့် ကြယ်တာရာများသည် မိုးသားတိမ်လိပ်တို့၏ လွှမ်းမိုးနေသည့်အတွက် ပျောက်ကွယ်ပြီး မိုးသက်လေညင်းများသည် လွတ်လပ်စွာ တိုက်ခတ်နေသည်။ မြေ၌ပေါက်နေသည် အပင်ကြီးငယ်များသည် ယိမ်းထိုး၍ လှုပ်ခါယမ်းနေပြီး တိတ်ဆိတ်မှုအား ကြောက်လွန်းနေပြီး မကြာခင်ကာလ၌ မိုးများသည်းထန်စွာ ရွာသွန်းတော့မည်ဟု ထင်မှတ်နေသည်။

ထိုအချိန်တွင် မိုးများ စတင်ရွာချနေသလို ဝန်းကျင်သည် မိုးရွာသည့် အသံများနှင့်အတူ မြေပေါက်ပင်ကြီးများ၏ လှုပ်ယမ်းသည့်အသံသည် လွှမ်းမိုးနေပေ၏။ တစ်ခါတစ်ရံ ကြယ်များ လင်းလက်နေသလို မိုးချုန်းသည့် အသံများလည်း ကြားနေရသည်။ မည်သို့ပင်ဖြစ်စေကာမူ လူသားအားလုံးတို့သည် နှစ်ခြိုက်စွာ အိပ်မောကျနေပေသည်။

ထို့နောက် အနီရောင်ဝတ်စုံနှင့် မိန်းကလေးတစ်ဦးသည် ကြီးမားသည့် အိမ်မည်းကြီးတစ်လုံးအတွင်းသို့ ဝင်ရောက်သွားသည်။ အိမ်ရှိသူများသည် နှစ်ခြိုက်စွာ အိပ်မောကျနေလျက်ရှိပြီး အိမ်ကြီး၏တံခါးများသည် အခိုင်အမာ ပိတ်ထားသည့်အတွက်ကြောင့် အပြင်မှလူများ အတွင်းသို့ ဝင်ရောက်ရန် ခက်





နေသော်လည်း မိန်းကလေးသည် တံခါးကြီးအတွင်းသို့ ဝင်ရောက်သွားသည်ကို အခန်းအတွင်း၌ အိပ်နေသူတစ်ယောက်က သိနေသလို ထိုမိန်းကလေးအား ကြည့်နေသည်။ မိန်းကလေးသည် ထိုလူအား မကျေနပ်သည့် အကြည့်နှင့် ကြည့်နေသည်။

"ရှင် ဘာတွေ စဉ်းစားနေတာလဲ၊ ကျွန်မကို သတိမရတော့ဘူး မဟုတ်လား၊ ကျွန်မကတော့ ရှင့်ကို ရှာလိုက်ရတာ နှစ်ပေါင်း နှစ်ထောင်ကျော်လို့ အသက်တွေလည်း မကြာခဏ ပြန်ပြီးလဲနေရတယ်"

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ် ခင်ဗျားကို မသိဘူး။ ဒီကို ဘာလာလုပ်တာလဲ ဆိုတာပဲ သိချင်တယ်"

"ဒီလိုမေးလိုက်မယ်လို့ ကျွန်မ ကြိုပြီးတွေးထားပါတယ်။ ကျွန်မ လာရတဲ့အကြောင်းကို ပြောပါမယ်၊ ရှင့်ကို မိန်းကလေးတစ်ယောက်က အာရုံနဲ့ လာခေါ်နေပါတယ်၊ အဲဒီမိန်းကလေးဆီကို လိုက်မသွားဖို့ပါပဲ"

နားမလည်သည့် အကြည့်နှင့် ကြည့်လိုက်သည်။ ဘဝမှာ မိန်းကလေးနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ မရှိခဲ့သည်မှာ အမှန်ဖြစ်နေပေမဲ့ လာခေါ်နေတယ်ဆိုသည့် စကားသည် လွန်စွာထူးဆန်းလျက်ရှိသည်။ မိသားစုဆွေမျိုး အသိုင်းအဝိုင်းသည် မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ချပေးမည်ဟု လာရောက်ပြောဆိုပြီး မိတ်ဆက်ပေးသူမရှိ။ ၎င်းကိုယ်တိုင်ကလည်း မိန်းကလေးနှင့် ပတ်သက်၍ မိတ်ဆွေသူငယ်ချင်းများ မရှိအောင် ရှင်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ထိုင်ခုံပေါ်၌ ထိုင်လိုက်သည်။

၎င်း၏စိတ်ထဲ၌ ပြောစရာစကားများစွာ ရှိနေပြီဟု ထင်နေပြီး ပြောလာမည့်စကားအား နားထောင်ရန် ဆုံးဖြတ်ထားသည်။ ထိုဆုံးဖြတ်ချက်ကို မိန်းကလေး သိသလား၊ မသိဘူးလား ဆိုတာကို ကျွန်ုပ် မတွေးတတ်သလို ထိုမိန်းကလေးသည် ကျွန်ုပ်ထံရောက်ရှိလာသည်မှာ ထိုတစ်ခါတည်းမဟုတ်၊ မကြာခဏ ရောက်ရှိလာသည်ဖြစ်ရာ မိန်းကလေးသည် မည်သည့်ကိစ္စနှင့် ရောက်ရှိလာသနည်း ဆိုတာကို မတွေးတောတတ်သလို စိတ်ထဲ၌လည်း သံသယဖြစ်နေသည်။

“ခင်ဗျားပြောသလို ကျုပ်ဆီမှာ ယခုအချိန်ထိ မည်သည့် မိန်းကလေးတစ်ဦးတစ်ယောက်မှ ရောက်ရှိလာခဲ့ခြင်းမရှိသေးဘူး။ တွေ့လည်း မတွေ့သေးဘူးဗျာ။ အဲဒါအမှန်ပဲ”

“သူရောက်နေတာကို ရှင်မှမသိဘဲ။ အဲဒီအတွက် ရှင့်ကို ကျွန်မ အပြစ်မတင်ပါဘူး၊ ကျွန်မ ပြောတာကိုသာ မမေ့ဖို့လိုအပ်ပါတယ်။ ဘာကြောင့် ဆိုတာကိုတော့ မမေးပါနဲ့၊ ကျွန်မ ဖြေမှာ မဟုတ်ပါဘူး”

မိန်းကလေး၏ စကားသည် ကျွန်ုပ်အတွက် စဉ်းစားရခက်နေသလို နားလည်ရလည်း ခက်နေသည်။ မိန်းကလေးအား ကြည့်လိုက်ချိန်၌ မိန်းကလေးသည် ကျွန်ုပ်အား ကြည့်နေသည်။ ကျွန်ုပ်တို့ အကြည့်ချင်းလည်း တူနေပေမဲ့ အဓိပ္ပာယ်သည် လွန်စွာကွာခြားနေပြီး စိတ်ထဲ၌ စိုးရိမ်စိတ်များ လွှမ်းမိုးနေသည်





ဟု ထင်နေမိသည်။ အပြင်လောက၌ မိုးများသည်းထန်စွာ ရွာသွန်းနေသည်မို့ အခြားမည်သည့်အသံကိုမျှ ကြားရခြင်းမရှိအောင် ဖြစ်နေ၍ စကားပြောရသည်များ စိုးတထိတ်ထိတ် ဖြစ်နေသည်။

ကျွန်ုပ်သည် မိန်းကလေးအား စကားပြောနေချိန်တွင် လျှပ်များလင်းလက်ပြီး မိုးချုန်းသည့်အသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည့်အတွက် စိတ်ထဲလွန်စွာတုန်လှုပ်ပြီး ကြက်သီးမွေးညင်းလေးများ ထလာမိ၏။ တကယ်တော့ မိုးချုန်းသံများသည် နားကွဲမတတ်ဖြစ်ပြီး အသက်ကို သေစေနိုင်သည်။ အကြောင်းမှာ ယခုရောက်ရှိနေသည့် မိန်းကလေးသည် လူလား နာနာဘာဝလား စဉ်းစားမရသလို လူသားစင်စစ်ဆိုလျှင် ပြောစရာမရှိပေမဲ့ နာနာဘာဝဆိုလျှင် မတွေးဝံ့စရာ ဖြစ်နေသည်။ ၎င်းကြောင့် စိတ်အားထိန်းသိမ်း၍ သတိထားနေရသည်။

“အဲဒီအတွက် ကျုပ် ခင်ဗျားကို ပြောစရာစကား မရှိတော့ဘူး”

“အခု ကျွန်မ ရောက်လာတာက ကျွန်မပြောဖို့ ရောက်လာတာပါ၊ ရှင့်ကို ပြောခိုင်းဖို့ ရောက်လာတာ မဟုတ်သလို ရှင့်ရဲ့ပြောစကားကို နားထောင်ဖို့ ရောက်လာတာလည်း မဟုတ်ပါဘူး။ အဲဒီတော့ ရှင့်အနောက်မှာ ဘာကောင်ကြီးလဲဆိုတာ တစ်ချက်လောက် လှည့်ကြည့်လိုက်စမ်းပါ”

“ဟာ ... အမယ်လေး”။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားသည်။ မိန်းကလေး၏ စကားအားလက်ခံသည့်သဘောနှင့် အနောက်သို့ ကြည့်လိုက်ရာ လွှန်စွာကြောက်စရာကောင်းသည်။ ခွေးနက်ကြီးနှစ်ကောင်သည် လျှာကြီးထွက်ကျပြီး ကျွန်ုပ်အား ကြည့်နေသည်။ ၎င်းအတွက်ကြောင့်ထိုကဲ့သို့ အော်ဟစ်လိုက်ခြင်းဖြစ်ပြီး ခွေးနက်ကြီးနှစ်ကောင်သည်မည်သည့်အချိန်က ကျွန်ုပ်၏အနောက်သို့ ရောက်ရှိနေသည်ဆိုတာကို မတွေးတတ်အောင် ဖြစ်သွားသည်။

ခွေးနက်ကြီးများသည် ကျွန်ုပ်အား အန္တရာယ်ပြုလျှင်မည်သည့်ပုံစံနှင့် လွတ်အောင် ထွက်ပြေးရမလဲဆိုတာ စဉ်းစားရခက်နေသလို ၎င်းခွေးနက်ကြီးများသည် ဤမျှလောက် လုံအောင်ပိတ်ထားသည့် အိမ်အတွင်းသို့ မည်သည့်နေရာမှစ၍ ဝင်လာသနည်း။ ထိုအတွက်ကြောင့် ခွေးကြီးများသည် သာမန်ခွေးများမှ ဟုတ်ပါလေစဟုတွေးပြီး မိန်းကလေးအား မေးရန်လှည့်လိုက်ရာ ထိုင်နေသည့် မိန်းကလေးအား တွေ့ရှိခြင်း မရှိတော့သည့်အတွက် လွန်စွာအံ့သြရပြန်သည်။

မိန်းကလေးအား မရှင်းလိုက်ရပေမဲ့ ခွေးကြီးနှစ်ကောင်ကိုတော့ ရှင်းရပေဦးတော့မည်ဟု စိတ်ထဲ၌ စဉ်းစားဆုံးဖြတ်ပြီး နံရံ၌ချိတ်ထားသည့် နှစ်လုံးပြူးသေနတ်အား ထယူလိုက်ချိန်တွင် ကျယ်လောင်သည့် အသံတစ်ခု ထပ်မံထွက်ပေါ်လာပြန်သည်။ အသံပိုင်ရှင်သည် ကျွန်ုပ်သာ ဖြစ်နေသည်။





မှန်ပါသည်။

ကျွန်ုပ်သည် ခုတင်ပေါ်မှ အောက်သို့ပြုတ်ကျ၍နာကျင်စွာ အော်ဟစ်မိခြင်းသာဖြစ်သည်။ ၎င်းဖြစ်ရပ်သည် တခြားကြောင့်မဟုတ် အိပ်မက် မက်နေခြင်းသာ ဖြစ်ပေသည်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်းစဉ်(၂)

### အစ်မတော် မြနန်းနွယ်သို့

မကြာမီအချိန်၌ ကျွန်ုပ်သည် ခရီးရက်ရှည်ထွက်ရပေဦးတော့မည်။ အကြောင်းမှာမူ ပဲခူးဥသျှောင်ဘက်သို့ ကားဖြတ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုအတွက် သွားရမှာဖြစ်၍ ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။ မွေးစားမိခင်ကြီးအား ခွဲခွာရပေဦးမည်။ ကျွန်ုပ်၏ မွေးစားမိခင်သည် တခြားသူစိမ်းမဟုတ် အမေ၏အစ်ကိုရဲ့သမီးကြီး ကျွန်ုပ်၏အမေဝမ်းကွဲတော်သူအား အမေဟု တော်စပ်ရသည်။

ကျွန်ုပ်၏ မိဘနှစ်ပါးလုံး ရှေ့နောက်ဆိုသလို သေဆုံးသွားသည့်အတွက် အစ်မတစ်ဝမ်းကွဲက မွေးစားပြီး အမေသည် ယခုဆိုလျှင် အသက်ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင် ရောက်



ရှိနေပြီဖြစ်၍ ပင်ပန်းသည့် အလုပ်များအား မလုပ်နိုင်တော့ပေ။ တကယ်တော့ ကျွန်ုပ်၏အမေကြီးသည် မုဆိုးမဖြစ်သလို သားသမီး မရှိသည့်အတွက် ကျွန်ုပ်အား မွေးစားခြင်းသာ ဖြစ်သည်။ ကျွန်ုပ်သည် အမေတစ်ဝမ်းကွဲမှန်း သိနေလျက်နှင့် မသိစိတ်များက အမေဟုပင် သတ်မှတ်ထင်နေမိသည်။ ၎င်းထင်မြင်ချက်သည် လွန်စွာမှန်ကန်လျက်ရှိသည်။ တကယ်တော့ ကျွန်ုပ်၏ မိဘနှစ်ပါးသည် နှစ်နှစ်သားအရွယ်မှာပင် သေဆုံးခဲ့သည်။ မိဘများ သေဆုံးချိန်မှစ၍ ယခုအချိန်ထိ ဆိုသလို ဖြစ်နေသည်။

မည်သို့ပင် ဖြစ်စေကာမူ မကြာခင်အချိန်မှာ လုပ်ငန်းကိစ္စကြောင့် ခရီးထွက်ရန် ရှိနေသည်။ ခရီးမထွက်မီ ဗိုလ်တထောင်စေတီတော်ကြီးကို သွားရောက်ဖူးမြော်ရန် တိုက်တွန်းပြီး စေတီတော်၏ တနင်္ဂနွေထောင့်မှာ ပွဲတစ်ပွဲပေးရန် ပြောလာသည်။ ထိုပြုလုပ်ချက်များသည် ဗေဒင်ဆရာ၏ ဟောကြားချက်များသာ ဖြစ်သည်။ ၎င်း၏ ဟောပြောချက်များသည် ထွက်ရှိမည့်ခရီး အောင်မြင်ရန်အတွက် ဗိုလ်တထောင်စေတီတော်၏ တနင်္ဂနွေထောင့်မှာ သုံးပွင့်ဆိုင် ကန်တော့ပွဲတစ်ပွဲ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါး ပုတီးတစ်ပတ်စိပ်ရန် မှာကြားသည်မှာ ဗေဒင်ဆရာ၏ ဟောပြောမှုကို ကျွန်ုပ်၏ မွေးစားမိခင်သည် လက်ခံ၍ တိုက်တွန်းသည့်အတွက် ဗိုလ်တထောင်စေတီတော်အား ပွဲတစ်ပွဲပေးမည်ဟု ပုတီးစိပ်သည်။ ပြီးလျှင် အစ်မတော်မြနန်းနွယ်နတ်ကွန်းအား သွားရောက် ပဝါတော်ဆက်သရန် ဖြစ်သည်။ ထို့အတွက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဗိုလ်တထောင်စေတီတော်သို့ ထွက်ခွာရန် ပြင်ဆင်နေသည့်အချိန်၌ ကျွန်ုပ်၏ မွေးစားအမေ ရောက်ရှိလာသည်။

"သား ... လူလေး၊ အမေပြောတာတွေ မမေ့နဲ့နော်။ သားမှာ အနှောင့်အယှက်ရှိတယ် ပြောတယ်၊ လူလေးက သိုက်နန်းကလာတာတဲ့၊ အစ်မတော်မြနန်းနွယ်ကို ပဝါတော်ဆက်သဖို့ရော မမေ့ခဲ့နဲ့ဦးနော်"

"အမေက ဗေဒင်ဆရာတွေရဲ့ စကားကို ယုံနေပြန်ပြီ။ သူတို့က ငွေယူကောင်းအောင် ပြောနေတာပါ"

"လူလေးကလည်းကွယ်၊ သူတို့က ကိုယ့်ထက်တတ်နေတာပဲ၊ အခုကိစ္စက လူလေးအတွက် ပြောနေတာ။ လူလေးမယုံရင်တောင် အမေ့စကားကို နားထောင်တဲ့ အနေနဲ့ အမေပြောတဲ့အတိုင်း လုပ်ပေးပါ။ ဘာပဲဖြစ်ဖြစ် အမေကတော့ လူလေးကို စိုးရိမ်တာပဲ။ အမေ့မှာ ဒီသားလေးတစ်ယောက်ပဲရှိတော့တာ၊ အဲဒီတော့ အမေ့အနေနဲ့ သားလေးတစ်ခုခု အဖြစ်မခံစေချင်ဘူး"

"ကျုပ် အမေ့စကားကို နားထောင်တဲ့အနေနဲ့ ဘုရားသွားမယ်၊ အမေ့စကားကို နားထောင်တာနော်။ အမေ ကျုပ်သွားမယ်၊ တကယ်လို့ ကိုဇောဝေ လာရင် ညနေမှတွေ့မယ် ပြောပေးနော် အမေ"

"စိတ်ချသာချ၊ အခု လုပ်ရမဲ့ အလုပ်တွေကိုသာ ဆက်လုပ်ပါကွယ်"





တကယ်တော့ မိခင်ကြီးသည် မွေးစားသား ဖြစ်ပေမဲ့ သားအရင်းတစ်ယောက်လို ချစ်သည်။ လူတိုင်းကိုလည်း သားအရင်းဟု ပြောလေ့ရှိပြီး သားအရင်းတစ်ယောက်ကဲ့သို့ ပြုစုစောင့်ရှောက် သွန်သင်ဆုံးမ လမ်းပြပေးတတ်သည်။ ယခုတော့ ကျွန်ုပ်သည် မိခင်အား ခွင့်တောင်းပြီး စေတီတော်သို့ ထွက်ခဲ့ပေ၏။

အချိန်သည် နံနက်ပိုင်းဖြစ်သည့်အတွက် လမ်းမများ၏အပေါ်၌ လူသူများ ပြန့်ကျဲလျက် ရှိနေသည်။ တစ်ညတာအနားယူပြီး တစ်နေ့တာမိသားစု စားဝတ်နေရေးအတွက် လုပ်ငန်းခွင်များအား ဝင်ရောက်ကြရန် နေထိုင်ရာ အိမ်များကို ကျောခိုင်း၍ ထွက်လာခဲ့ကြခြင်းသာ [illegible]။ [illegible]ျွန်ုပ်သည် ထိုလူအများစုအားကြည့်ပြီး အတွေးပေါ[illegible] များ[illegible] နှင့် လျှောက်လှမ်းလာခဲ့ရာ ဗိုလ်တထောင်စေတီတော်ကြီးအား တွေ့မြင်နေရသည့်အတွက် ထီးတော်မှ ထွက်ပေါ်လာသည့် ဆည်းလည်းသံများသည် စိတ်အား ကြည်နူးစရာ ကောင်းနေပေ၏။

ရန်ကုန်မြစ်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လေနုကြမ်းလေးများသည် စိတ်ကို လန်းဆန်းစေ၏။ တစ်နေ့တာပင်ပန်းမှုများနှင့် ကြုံတွေ့နေသူများသည် ထိုကဲ့သို့ လေအေးအေးလေး၏ တိုက်ခတ်မှုအား ခံလိုက်လျှင် စိတ်ကို လန်းဆန်းသည်ဟု ပြောဆိုသံသည် လွန်စွာမှန်နေပေသည်။ ကျွန်ုပ်သည် ဆီမီးခွက်ပွဲ တစ်ပွဲအား ဝယ်ယူပြီး စေတီတော်၏ တနင်္ဂနွေထောင့်၌ ကပ်လှူပူဇော်လိုက်သည်။ ထို့အတူ သွားရောက်ရမည့် လုပ်ငန်းများ



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက် အတားအဆီးများ မရှိစေရန် ဆုတောင်းလိုက်ပြီးနောက် ဂုဏ်တော်ကိုးပါးအား ရွတ်ဆိုပြီး ပုတီးစိပ်နေသည်။ ထိုသို့ ပုတီးစိပ်လိုက်သည့်အတွက် တစ်နာရီနီးနီးလောက် အချိန်ကြာသွားသည်။ ပုတီးတစ်ပတ်စိပ်ပြီးနောက် သတ္တဝါများ အမျှပေးဝေပြီး ဝန်းကျင်သို့ တစ်ချက် အကဲခတ်ကြည့်လိုက်ရာ လွန်စွာအံ့ဩစရာကောင်းသည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရပြီး စိတ်ထဲ၌ လွန်စွာ တုန်လှုပ်သွားသည်။

ထိုနေရာ၌ ထိုင်နေစဉ်မှာ မိန်းကလေးအား တွေ့ရှိခြင်း မရှိသလို တခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ တွေ့ရှိခြင်း မရှိ။ ယခု ကျွန်ုပ်၏အနီး၌ မိန်းကလေးတစ်ယောက် ထိုင်နေပြီး ပုတီးစိပ်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် မိန်းကလေးအား ကြည့်နေချိန်၌ မိန်းကလေးသည် ပုတီးအားစိပ်အပြီး၌ တစ်နေရာသို့ ထွက်သွားသည့် မိန်းကလေးသည် ဗိုလ်တထောင်ဘိုးဘိုးကြီးနတ်ကွန်းနှင့် လိပ်ကန်ဘက်သို့ ထွက်သွားသည့်အတွက် အနောက်မှ လိုက်လာခဲ့သည်။ မိန်းကလေး၏ အနောက်မှလိုက်လာသည့်အတွက် တစ်ခုအား သတိမေ့သွားသည်။ မည်သို့ပင်ဖြစ်စေ မိန်းကလေး၏ အနောက်ကို လိုက်ရန်က အရေးကြီးသည်။ မိန်းကလေးသည် ကျွန်ုပ်အား ပြောဆိုနှုတ်ဆက် ပြုံးပြခြင်းမရှိ။ ကျွန်ုပ်အား တစ်ချက်ကြည့်ပြီး ထွက်သွားခြင်းသာ ဖြစ်သည်။ ဤမျှလောက် တည်ငြိမ်သည့် မိန်းကလေးတစ်ယောက်၏ အနောက်အား မည်သည့်အတွက်ကြောင့် လိုက်ရတာလဲ။ မဟုတ်သည့်





စိတ်များ မွေးဖွားပြီး လိုက်နေတာလား ဆိုသည့် အမေးပုစ္ဆာအတွက် အောက်တွင် ဖော်ပြရန်သာ ဖြစ်သည်။

မိန်းကလေးသည် ရှေ့ကထွက်သွားသည် ဆိုပေမဲ့ ခပ်သွက်သွက် ထွက်သွားခြင်းမဟုတ်၊ ကျွန်ုပ်အား စောင့်နေသည့်သဘောနှင့် လျှောက်လှမ်းနေသည့်အတွက် ကျွန်ုပ်သည် လိုက်ပါသွားသည်။ ဤသို့နှင့် ကျွန်ုပ်တို့သည် ဘိုးဘိုးကြီးနတ်ကွန်းအနားသို့ ရောက်ရှိပြီး နတ်ကွန်းအတွင်းသို့ ဝင်ရောက်ခြင်းမရှိ၊ ဘောနားရှိသည့်နေရာ ရန်ကုန်မြစ်ဘက်အနီးသို့ ရောက်ရှိသွားသည်။ မသိသူများသည် ချစ်သူရည်းစားလို့ ထင်နေကြမည်။ မိန်းကလေးသည် စေတီတော်၏ ပရဝဏ်အစပ် ရန်ကုန်မြစ်စပ်၌ရပ်၍ စေတီတော်ကြီးဘက်သို့ မျက်နှာမူ၍ ရပ်လိုက်သည်။ ကျွန်ုပ်သည် မိန်းကလေးအား ပြောရန်အတွက် စကားလုံးအား အစဖော်၍ ကြည့်နေချိန်တွင် ...

"ရှင် ကျွန်မကို ပြောစရာ စကားတွေ ရှိနေတယ် မဟုတ်လား"

မိန်းကလေးအား သေချာကြည့်လိုက်သည်။

"ကျွန်မလည်း ရှင့်ကို ပြောစရာစကားတွေ အများကြီးရှိတယ်"

"ဗျာ"

ထိုစကားသည် ကျွန်ုပ်အတွက် လွန်စွာအံ့ဩစရာ ဖြစ်နေသည်ဖြစ်ရာ မိန်းကလေးသည် ကျွန်ုပ်အား သေချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ၎င်းအကြည့်သည် ကျွန်ုပ်၏စိတ်အား တုန်လှုပ်စေသည်။ ရန်ကုန်မြစ်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လေနုကြမ်းများကြောင့် နက်မှောင်သည့် ဆံပင်များသည် လေပေါ်၌ လွင့်ကျနေသည်။ မိန်းကလေးသည် ကျွန်ုပ် တွေ့ဖူးသည့် မိန်းကလေးများနှင့် မတူ၊ ထူးခြားမှုများရှိသည်။ မိန်းကလေးတစ်ယောက်ဖြစ်နေသည့်အတွက် ကိုယ်လုံးကိုယ်ပေါက်၏ အလှအပကို အထူးတလည် ဖွဲ့ဆိုရန် မလိုအပ်အောင် အိပ်ပြစ်အနာ ကင်းသည်ဟုပင် ခပ်လွယ်လွယ်ပဲ တင်ပြခြင်းဖြင့် ဘယ်လောက် လှပသည်ဆိုတာ သဘောပေါက်နိုင်မည် ထင်ပါသည်။ အထူးတင်ပြရမည်မှာ အချက်နှစ်ခုရှိသည်။ မိန်းကလေး၏လက်ချောင်းများသည် ဖြူစင်ပြီး ရှည်နေသည်မှာ သာမန်မိန်းကလေးများနှင့် မတူသည့် လက်များဖြစ်ပြီး၊ မျက်နှာသည် သာမန်မျက်နှာမဟုတ် ကော်ပတ်နှနှတိုက်သည့်မျက်နှာ ဖြစ်နေသည်။ ဘယ်လိုအခြေအနေ ဘယ်လိုပုံစံနှင့်ကြည့်ကြည့် မျက်နှာသည် တည်ကြည်ပြီး ရှင်းနေပေ၏။

မိန်းကလေးသည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီးနောက် ...

"ကျွန်မ ရှင့်ကို တွေ့ဖူးနေတာ ကြာပါပြီ၊ ရှင်နဲ့စကားတွေအများကြီး ပြောဖူးခဲ့ပါတယ်။ ဒါပေမဲ့ လူချင်းတော့ အခုမှပဲ တွေ့ဖူးတယ်။ ကျွန်မ စကားကို ရှင် နားရှုပ်သွားပြီထင်တယ်။ ဒီလိုပါ။ အစက ပြန်ပြောမယ်၊ ကျွန်မစကားပြော လောသွားပါတယ်"





"ကျုပ် သေချာနားထောင်နေပါတယ်"

"အစက ဒီလိုပါ၊ ကျွန်မရဲ့အိပ်မက်ထဲမှာ ရှင်ဟာ နေ့တိုင်းလိုပဲ ရောက်လာနေတယ်။ အဲဒီအတွက် ကျွန်မ ရှင့်ကို အပြင်မှာ တွေ့ချင်နေတာ ကြာပါပြီ။ ဒီနေ့တော့ ဒီဗိုလ်တထောင်စေတီတော်ကို ရောက်လာမယ်လို့ ရှင်ကပဲ ပြောတယ်၊ အဲဒီအတွက်ကြောင့် ကျွန်မ လာခဲ့တာပဲ၊ မလာလို့လည်း မရဘူး၊ ရှင့်အတွက် လွန်စွာအရေးကြီးတဲ့စကား ပြောစရာရှိလို့ပဲ"

မိန်းကလေး၏ စကားသည် ကျွန်ုပ်အတွက် လွန်စွာအံ့သြစရာ ဖြစ်နေသည်။

ကျွန်ုပ်သည် မိန်းကလေးအား တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေး၏ ပြောပုံသည် ကျွန်ခဲ့သည့်ညတုန်းက အိပ်မက်ထဲ၌ ရောက်ရှိလာသည့် မိန်းကလေးနှင့် စကားပြောဆိုပုံနှင့် လွန်စွာတူလှပေ၏။ ကျွန်ုပ်သည် မိန်းကလေး၏ မျက်နှာကို သေချာကြည့်နေသည်ဖြစ်၍ ၎င်းသည် အိပ်မက်ထဲတွင်မက အပြင်တစ်နေရာ၌ တွေ့ဆုံဖူးသည်ဟု ထင်နေမိသော်လည်း မည်သည့်နေရာ၌ တွေ့ဆုံဖူးသည် ဆိုတာကို စဉ်းစား၍ ရုတ်တရက် အဖြေမပေါ်အောင်ဖြစ်ပြီး အိမ်သို့ ပြန်ရောက်မှ အေးအေးဆေးဆေး စဉ်းစားတော့မည်ဟု ဖြတ်သားစွာ ဆုံးဖြတ်ပြီးနောက် မိန်းကလေးအား ကြည့်နေမိသည်။

မိန်းကလေး၏ ဆံပင်များသည် ရန်ကုန်မြစ်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လေများကြောင့် လေ၌ဝေ့ဝဲ၍



www.burmeseclassic.com

www.burmeseclassic.com



လွင့်စင်နေပေ၏။ ထိုအတွက်ကြောင့် ဆံပင်များသည် ဖရိုဖရဲဖြစ်၍ ဖြူစင်လှသည့် မျက်နှာလေးပေါ်သို့ ဝဲ၍ကျနေပေ၏။ ကျွန်ုပ် မိန်းကလေး၏ လှပသည့် မျက်နှာလေးအားကြည့်၍ စိတ်များ နေရာမှန်သို့ မရှိအောင် ဖြစ်နေသည်။ မိန်းကလေး၏အပေါ်သို့ တစ်ခုခု စိတ်ဝင်စားနေသည်ဆိုတာကို ကောင်းစွာသိနေသည်။ ကျွန်ုပ်သည် မိန်းကလေး၏ စကားကို နားထောင်ရင်း ပြောစရာရှိသည့်စကားများ လေ၏ခေါ်ရာနောက်သို့ ယက်ကန် ယက်ကန် လိုက်ပါသွားသည့်အတွက် မပြောစရာစကားများ မရှိတော့အောင် ဖြစ်သွားသည်။

"ရှင် ဘာလို့ အဲဒီလောက် ကြည့်နေရတာလဲ"

"စိတ်မဆိုးပါနဲ့ မိန်းကလေး၊ ကျုပ် ခင်ဗျားကို ပြောစရာစကားပေါင်းများစွာ ရှိပါတယ်၊ တွေ့စကပေါ့။ အခု ခင်ဗျားရဲ့စကားကို စိတ်ဝင်စားစွာနဲ့ နားထောင်နေမိတာနဲ့ ကျုပ်ရင်ထဲက စိန်စီစကားလုံးတွေ ဘယ်နေရာကို ရောက်သွားကုန်တယ်ဆိုတာ မသိအောင် ဖြစ်နေတယ်ဗျာ"

"ဒါဆို ကျွန်မကို ရှင် ပြောစရာစကား မရှိတော့ဘူးဆိုတဲ့ သဘောလား"

"အဲဒီသဘော မဟုတ်ပါဘူး၊ ကျုပ် ခင်ဗျားကို ပြောစရာစကားတွေ ရှိပါတယ်။ အဲဒါက ခင်ဗျား ကျုပ်ကို ဘာလို့ ဒီစကား လာပြောရတာလဲ။ ခင်ဗျား နာမည် ဘယ်လိုခေါ်လဲ၊ ဘယ်မှာနေလဲ"

"အမယ်လေး ... များလိုက်တဲ့ မေးခွန်းတွေပါလား"





မိန်းကလေးသည် ထိုသို့ပြောပြီးနောက် စကားစအား ဖြတ်ထားလိုက်သည်။ ထို့နောက် တစ်နေရာသို့ အကြည့်ရောက်နေသည် ဆိုတာကို ကျွန်ုပ် သဘောပေါက် သတိထားလိုက်မိသည်။ မိန်းကလေး၏ မျက်နှာသည် ကျွန်ုပ်နှင့် စတွေ့သည့်ပုံစံမျိုး လန်းဆန်းခြင်းမရှိ အထိတ်တလန့်ဖြစ်ပြီး တစ်စုံတစ်ခုသောအရာသည် မိန်းကလေးအား တားမြစ်နေသည်ဟု ထင်နေမိသည်။ ထိုအတွက် ကျွန်ုပ် အတွေးတစ်ခု ထပ်ဆင့် ပေါ်လာသည်။ အကြောင်းမှာ မိန်းကလေးသည် လူသားတစ်ယောက်မှ ဟုတ်ပါလေစဟုပင်။

ကျွန်ုပ်သည် မိန်းကလေးအား ထပ်မံကြည့်လိုက်သည်။

"ကျွန်ုပ်ရဲ့ မေးခွန်းကို ဘာလို့မဖြေသေးတာလဲ"

"အဲဒါတွေက အရေးမကြီးပါဘူး၊ ကျွန်မရဲ့နာမည် နေရပ်က သိရင်လည်း ရှင် ဘာမှလုပ်လို့မရပါဘူး၊ အဲဒီအတွက် ကျွန်မ ဘယ်သူဆိုတာ မသိချင်ပါနဲ့။ ရှင် သိထားရမှာက ဒီနေရာကနေပြီး ပဲခူးကို ခရီးမထွက်ပါနဲ့ ဆိုတာပဲ"

"အဲဒီအတွက် ကျုပ် ဘယ်အရာကို သက်သေထူပြီး ယုံရမှာလဲ မိန်းကလေး"

"ရှင် ယုံကြည်ဖို့ ဒီက ရန်ကုန်မြစ်ထဲကို ခုန်ချပြီး အသေခံပါဆိုလို့ တောင်းဆိုရင် ကျွန်မ ခုန်ချပြီး အသေမခံရဲဘူး၊ ယုံကြည်တာ မယုံကြည်တာ ကျွန်မနဲ့ မဆိုင်ဘူး။ ဟို ဘုရားနားကို ရှင်ကြည့်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိန်းကလေး လက်ညှိုးညွှန်ရာကို ကြည့်လိုက်မိ၏။ ကျွန်ုပ်၏ အမြင်အာရုံ၌ စေတီတော်မှလွဲ၍ မည်သူ တစ်ဦးတစ်ယောက်ကိုမှ တွေ့ရှိခြင်းမရှိ။ ကျွန်ုပ်သည် မိန်းကလေး၏ စကားကို လွန်စွာယုံကြည်သည့်အနေနှင့် သေချာအောင် နှစ်ကြိမ် သုံးကြိမ် ပြန်ကြည့်နေမိသော်လည်း ထူးခြားမှုမရှိအောင် ဖြစ်နေသည်။ ကျွန်ုပ်သည် မိန်းကလေးအား ကြည့်လိုက်သည်။ မိန်းကလေးသည် စိုးရိမ်စိတ် များစွာဖြင့် ကျွန်ုပ်အား ကြည့်နေသည်။

"ကျုပ် ဘာကိုမှ မတွေ့ပါလားဗျာ"

"ဟိုတန်ဆောင်းအနားကို ကြည့်လိုက်ပါ။ အစ်မတော် ရပ်နေပါတယ်၊ အစ်မတော်ဟာ ရှင့်ကိုတွေ့ပြီး တစ်ခုခု ပြောချင်နေတယ်၊ အဲဒါ ရှင်သွားလိုက်ပါ"

"ကျုပ် သူ့ကို မသိဘူး မိန်းကလေး"

"ရှင် တော်တော်ညံ့တဲ့သူပဲ။ ကျွန်မ စကားကိုသာ နားထောင်ပြီး သွားလိုက်ပါရှင်၊ ရှင် ဒုက္ခရောက်အောင် လုပ်မဲ့လူတွေထဲမှာ ကျွန်မ မပါတာ အမှန်ပါပဲ"

"ကောင်းပြီလေ၊ ကျုပ် ခင်ဗျားစကားကို နားထောင်သူ တစ်ယောက်အဖြစ်နဲ့ သွားလိုက်ပါမယ်"

"သွားလိုက်ပါ၊ ကျွန်မ ဒီနေရာကနေ စောင့်နေပါမယ်"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်သည် မိန်းကလေးအား တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေးသည် ကျွန်ုပ်အား ထိုနေ





ရာသို့ သွားစေချင်သည်။ ထို့အတွက်ကြောင့် ကျွန်ုပ် ဗိုလ်တထောင် စေတီတော်၏ စနေထောင့်ဘက်ရှိ တန်ဆောင်းတစ်ခုဆီသို့ ဦးတည်၍ ထွက်ခဲ့၏။ ထိုစေတီတော်သည် ဘုရားဖူးသူများ နှစ်လွန်စွာ စည်းကားသော်လည်း ထိုနေ့သည် မည်သည့်အတွက်ကြောင့် ဘုရားဖူးသူများ ရှင်းနေသလဲဟု တွေးမိပြီး မိန်းကလေးပြောသည့် အစ်မတော်ရှိရာသို့ ထွက်ခဲ့ရာ ထူးထူးဆန်းဆန်းပင် မိန်းကလေး တစ်ယောက်ကိုမှ မတွေ့ရပေ။

ကျွန်ုပ်သည် နေရာအနှံ့ လိုက်ရှာနေသော်လည်း တွေ့ရှိခြင်းမရှိ။ စိတ်ထဲ၌ အတွေးတစ်ခု ဖြတ်၍ဝင်ရောက်လာသည်။ ဗိုလ်တထောင်စေတီတော်၌ အစ်မတော် မြနန်းနွယ်၏ နတ်နန်းရှိသည်။ ကျွန်ုပ်အား တွေ့ချင်သည်ဆိုတာ အစ်မတော် မြနန်းနွယ်များ ဖြစ်နေမလား၊ အစ်မတော်သည် လူသားများ၏ တွေ့လာမည့် ဘေးဒုက္ခတွေကို ကာကွယ်ပေးသလို စောင့်ရှောက်ပေးတတ်သည့် အစ်မတော် မြနန်းနွယ်နှင့် ထိုမိန်းကလေးသည် မည်သို့ ပတ်သက်နေသလဲ။ အစ်မတော် မြနန်းနွယ်၏ ညီမတော် နဂါးမယ်တော်များလား တွေးနေမိသည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် အစ်မတော်နတ်နန်းကို သွားရောက်ပြီး ပွဲတစ်ပွဲ ပေးရဦးမည်။ ထိုပွဲကို ပေးခိုင်းသူသည် ကျွန်ုပ်၏အမေသာ ဖြစ်သည်။ အမေသည် ကျွန်ုပ်အတွက် ရည်စူး၍ အစ်မတော်မြနန်းနွယ်အား ခြောက်လတစ်ခါ သွားရောက်လေ့ရှိ၏။ ယခု ကျွန်ုပ် ခရီးထွက်ခါနီးမို့ ကိုယ်တိုင် သွားရောက်ပေးပါဟု အမေကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ပြောလာသည့်အတွက်ကြောင့် ကျွန်ုပ် လာရောက်ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ရှာသူအား မတွေ့သည့်အတွက်ကြောင့် မိန်းကလေးရှိရာသို့ ပြန်လာခဲ့ရာ မိန်းကလေးသည် တွေ့ရှိရခြင်း မရှိတော့ပေ။ ထိုအတွက် လွန်စွာအံ့သြမိသည်။ ကျွန်ုပ်သည် နေရာအနှံ့ ရှာကြည့်မိသည့် မိန်းကလေးအား တွေ့ရှိခြင်းမရှိသည့်အတွက် လွန်စွာအံ့သြမိသည်။

ပို၍ အံ့သြရသည့် အကြောင်းတစ်ခုအား ထပ်မံ၍ ကြုံတွေ့ရပြန်သည်။ အကြောင်းမှာ တခြားကြောင့် မဟုတ်။ မိန်းကလေး၏ လက်အတွင်း၌ ကိုင်ထားသည့် ပဝါနီနီလေး ကျကျန်ရစ်ခဲ့သည်။ ကျွန်ုပ်သည် ပဝါနီနီလေးအား တယုတယ ကောက်ယူလိုက်သည်။ မိန်းကလေးသည် ၎င်းပဝါလေးအား တမင်ချထားရစ်ခဲ့တာလား၊ လွင့်ကျနေခဲ့တာလား၊ သို့တည်းမဟုတ် တစ်ယောက်ယောက်က ဆွဲခေါ်သွားသည့်အတွက် ကျနေခဲ့တာလား၊ စိတ်ထဲ၌ များစွာသော အတွေးများနှင့် ရှုပ်ထွေးနေသည်။

ကျွန်ုပ်သည် စိုးရိမ်စိတ်များစွာ လွှမ်းမိုး၍ မိန်းကလေးအား လိုက်ရှာမိသော်လည်း မိန်းကလေးသည် မည်သည့်နေရာမှ တွေ့ရှိခြင်း မရှိသည့်အတွက် အစ်မတော်မြနန်းနွယ်၏ နှတ်နန်းသို့ ထွက်ခဲ့ရင်း အတွေးတစ်ခု ဝင်ရောက်လာသည်။ အစ်မတော် မြနန်းနွယ်၏ နှတ်နန်း၌ ထိုမိန်းကလေးအား တွေ့လိမ့်မည်ဟု ယူဆနေမိသည်။





(စာဖတ်သူများအား လေးစားစွာဖြင့် ဤနေရာ၌ ကြိုတင်၍ တောင်းပန်ချင်ပါသည်။ ကျွန်ုပ်၏ဇာတ်ကောင်သည် ဗိုလ်တထောင်စေတီတော်အား သွားရောက်ဖူးရသည့်အချိန်မှာ အစ်မတော် မြနန်းနွယ် ညီမတော် နဂါးမယ်တော်တို့အား တွေ့မြင်ရသည့်အတွက်၊ ဤဝတ္ထုသည် အစ်မတော်မြနန်းနွယ်၏အကြောင်းအခြေခံပြီး ဝတ္ထုရေးသားခြင်းမဟုတ်ပါ။ ဤအကြောင်းအားမည်ကဲ့သို့ပြောကြားရသလဲဆိုလျှင် အောက်ဖော်ပြပါ ဇာတ်ကောင်များနှင့် အထင်မှားမိမှာ စိုးရိမ်သည့်အတွက်ဤကဲ့သို့ရေးသားရခြင်းဖြစ်ပါသည်။)(မင်းပုည)

ကျွန်ုပ်သည် မိန်းကလေးအား တွေ့မည်ဟု ထင်မှတ်ပြီး ဗိုလ်တထောင်စေတီတော် ရင်ပြင်တော်ပေါ်၌ ရှာကြည့်သော်လည်း တွေ့ရှိခြင်း မရှိသည်မို့ အစ်မတော်မြနန်းနွယ်၏ နှတ်နန်းသို့ ထွက်ခွာလာခဲ့သည်။ ဤကဲ့သို့ သွားရောက်ရသည်မှာ ကျွန်ုပ်အမေ၏ တောင်းဆိုချက်ကြောင့်သာ ဖြစ်သည်။ အမေသည် ဘာသာရေးကို အမြဲကြည်ညိုလေးစားပြီး နတ်များကိုလည်း ယုံကြည်သက်ဝင်သည်။ မိသားစုနေထိုင်ရာအိမ်၌ တစ်ခုခုဖြစ်လျှင် နတ်ဆရာကိုခေါ်၍ ပူဇော်ပသလေ့ရှိသည်။ ကျွန်ုပ်သည် အမေ၏ လုပ်ဆောင်ချက်များကို ပိတ်ပင်တားမြစ်ခြင်းမရှိ။

ယခု ကျွန်ုပ်အဖေ၏ လုပ်ငန်းများအား ဦးစီးလုပ်ဆောင်ရမည် ဆိုသည့်အတွက်ကြောင့် ဗိုလ်တထောင်စေတီတော်အား သွားရောက်ဖူးမြော်ပြီး အစ်မတော်မြနန်းနွယ်၏ နှတ်နန်း၌ ပွဲတစ်ပွဲ ပေးပါရန် တောင်းလိုက်သည်။ ၎င်းသို့ ပြုလုပ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာ၏ ခိုင်းစေချက်အတိုင်း အမေသည် ကျွန်ုပ်အား ထပ်မံတောင်းဆိုလာခြင်း ဖြစ်သည်။ ကျွန်ုပ်သည် အစ်မတော် မြနန်းနွယ်၏ နတ်နန်း၌ ပွဲတစ်ပွဲပေးပြီး ပြန်လာခဲ့ပေတော့သည်။

✧ ✧ ✧

## အခန်းစဉ်(၃)

### မေ်းတဝါးဝါး နှလုံးသား

ထိုနေ့က ကျွန်ုပ်သည် ညနေ နေ့အတော်စောင်းမှ နေထိုင်ရာအိမ်သို့ ပြန်လည်ရောက်ရှိလာသည်။ အမေသည် အိမ်ရှေ့၌ စိုးရိမ်စိတ်များဖြင့် ကျွန်ုပ်အား မျှော်နေပေပြီ။ သူ့ကိုယ်သူလည်း အပြစ်များ တင်နေသည်။ ကျွန်ုပ်အား တစ်ယောက်တည်း လွှတ်လိုက်တာကို မှားသွားပြီဟု ထင်နေသည်။ တကယ်တော့ ကျွန်ုပ်သည် ခပ်စောစော ပြန်လာ၍ရသည်။ မိန်းကလေးကြောင့် အိမ်အပြန် နောက်ကျနေခြင်းဖြစ်သည်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး အမေ့အား ပြောပြလိုက်လျှင် အစ်မတော် မြနန်းနွယ်က လာရောက်သတိပေးတာပဲဟု အထင်မှားပြီး သွားရမည့် ခရီးစဉ်အား ဖျက်လိုက်မှာ သေချာနေသည့်အတွက် မိခင်အား မပြောဘဲ နေမိသည်။

ရွှေဟင်္သာ၏ပေ

www.burmeseclassic.com

www.burmeseclassic.com



ငင်းမိန်းကလေးနှင့် ပတ်သက်၍ ကျွန်ုပ်သည် တစ်ညလုံး စဉ်းစားနေသည့်အတွက် မိုးသာလင်းသွားသည် တစ်ရေးမှ မအိပ်လိုက်ရဘူးဟု ထင်နေမိသည်။ စိတ်ထဲ၌ မိန်းကလေးနှင့် ပတ်သက်ပြီး မကျေနပ်မှုများ ဖြစ်နေသလို မိန်းကလေးအား တွေ့ချင်စိတ်များ ပေါ်နေသည်။ မိန်းကလေးသည် မည်သည့်အတွက်ကြောင့် ခရီးထွက်မည့်ကိစ္စကို လာရောက်တားနေရတာလဲဟု စဉ်းစားနေပေမဲ့ မိန်းကလေးသည် လူသားစစ်စစ်မှ ဟုတ်ပါရဲ့လားဟု တွေးနေမိပြန်သည်။

လွန်စွာအံ့ဩစရာကောင်းသည်မှာ မိန်းကလေးသည် ကျွန်ုပ် ခရီးထွက်မည့်ကိစ္စအား မည်ကဲ့သို့ အကုန်သိနေရသလဲဆိုတာ ဖြစ်သည်။ မိန်းကလေးသည် လူသားစစ်စစ်မှ ဟုတ်ရဲ့လား။ ထိုသို့မဟုတ် မိန်းကလေးသည် ဖန်ဆင်းထားတာလား။ တခြားမိန်းကလေးတစ်ယောက်အား ပူးကပ်၍ လာရောက်ပြောနေတာလား စသည့် အတွေးများသည် ခေါင်းထဲ၌ ရှုပ်ထွေးလျက်ရှိသည်။

ငင်းကိစ္စနှင့် ပတ်သက်ပြီး ကျွန်ုပ်၏စိတ်ထဲ၌ မကျေနပ်မှုများ ဖြစ်လာပြီး ငင်းမိန်းကလေးအား ဘယ်မှ၍ရှာရန် စိတ်ကူးမိသည်မို့ နံနက်စောစောထပြီး ထွက်ခွာသွားရန် စိတ်ကူးမိသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် အိပ်ရာမှထ၍ ကိုယ်လက်မျက်နှာများ သန့်စင်ဆေးကြောပြီး အဝတ်များ လဲပြီးသည်နှင့် မိခင်အမေကျွေးသည့် ထမင်းကြော်စားရင်း စကားများ ပြောနေကြသည်။ ထိုအချိန်တွင် သူငယ်ချင်း သောင်းဒန် ရောက်ရှိလာသည်။





"ဘယ်လိုလဲ တင်ဇော်၊ ငါတို့ ခရီးထွက်ဖို့ကိစ္စကို ဘာကြောင့် အချိန်ဆွဲနေရတာလဲကွာ၊ ငါကတော့ မင်းကို စောင့်စားရင်း စိတ်မရှည်ချင်တော့ဘူးကွာ"

"အဲဒါကို ငါလည်း စဉ်းစားနေတယ် သောင်းဒန်ရာ၊ အဖေ ရက်လည်တာ တစ်လကျော်ပဲ ရှိသေးလို့ အမေ့ကို တစ်ယောက်တည်း ထားခဲ့ရမှာ စိုးရိမ်လို့ကွာ၊ ဒီရက်ထဲမှာ ငါ့အဒေါ် အမေ့ရဲ့ညီမ ရောက်လာရင် ငါ ခရီးထွက်မှာပါကွာ"

"မင်းအက်က အဆင်သင့် ဖြစ်ပြီလား"

"ငါ့ဘက်က အဆင်သင့်ပါကွာ၊ မင်းဘက်က လုပ်ငန်းကို အဆင်သင့်ဖြစ်ဖို့ပဲ လိုတယ်"

"ငါလည်း မင်းလိုပါပဲကွာ၊ တစ်ခုတော့ တောင်းဆိုချင်တယ်ကွာ"

"ဘာများလဲ၊ ပြောမှာသာ ပြောပါ၊ ငါ့ကို စကားပလ္လင်ခံနေစရာ မလိုပါဘူး၊ ဖြစ်ချင်တာကို ပြောပါ၊ မင်းနဲ့ ငါက သူစိမ်းတွေမှ မဟုတ်တာပဲကွာ"

"ငါတောင်းဆိုမှာက လုပ်ငန်းကိစ္စနဲ့ မသက်ဆိုင်ပါဘူးကွာ၊ ငါ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ တခြားမဟုတ်ဘူးကွာ၊ ဒီနေ့ ငါ ဗိုလ်တထောင်စေတီတော်ကို သွားစရာရှိတယ်ကွာ၊ အဲဒီအတွက်ကြောင့်ပါ"

"ဒီလောက် ခွင့်ပန်နေရအောင် မင်းကိစ္စက ဘယ်လောက်အရေးကြီးနေလို့လဲကွာ၊ ငါ့ကို ပြောဦးလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးမကြီးပါဘူးကွာ၊ အမေ့ခိုင်းထားတဲ့ ကိစ္စလေးတွေ မပြီးသေးလို့ပါကွာ၊ ငါ့ကိစ္စလည်း ပါတာပေါ့ကွာ"

"ကောင်းပြီလေ၊ ငါပါလိုက်ခဲ့မယ်"

ထိုသို့ ပြောပြီးနောက် ကျွန်ုပ်နှင့် သူငယ်ချင်း သောင်းဒန်တို့သည် ဗိုလ်တထောင်စေတီတော်သို့ ထွက်ခဲ့ကြရင်း တစ်လမ်းလုံး လုပ်ငန်းကိစ္စများအား ပြောကြားရာ၌ လွန်စွာ စိတ်ဝင်စားစရာကောင်းပြီး ၎င်းကိစ္စသည် ကျွန်ုပ်၏ဖခင် လွန်စွာ စိတ်ဝင်စားသည့် လုပ်ငန်းများဖြစ်ပြီး ကျွန်ုပ်ကိုလည်း ထိုကိစ္စကိုသာ လုပ်ဆောင်ရန် သေချာလမ်းညွှန် မှာကြားခဲ့သည်မို့ ဦးစီး၍ လုပ်ဆောင်ရမှာ ဆိုပေမဲ့ မကျွမ်းကျင်သည့်အတွက် သူငယ်ချင်း သောင်းဒန်ကိုသာ ဦးတည်၍ အားကိုးရမှာ ဖြစ်သည်။

ကျွန်ုပ်တို့သည် နံနက်ဆယ်နာရီကျော်လောက်တွင် ဗိုလ်တထောင်စေတီတော်သို့ ရောက်ရှိခဲ့ပြီး ကျွန်ုပ်တို့သည် စေတီတော်၏ တနင်္ဂနွေထောင့်၌ထိုင်၍ ဝတ်ပြုပြီး ဆုတောင်းကြသည်။ ကျွန်ုပ်တို့သည် စေတီတော်အား ဝတ်ပြုပြီးနောက် လက်ယာရစ် တစ်ပတ် ပတ်ပြီး အမည်မဖော်လိုသည့် မိန်းကလေးနှင့် တွေ့ဆုံသည့် နေရာလေးသို့ သွားရောက်ထိုင်၍ မိန်းကလေးအား မျှော်နေမိပြီး နေရာအနှံ့သို့ အကြည့်များစွာ ရောက်ရှိနေသည်။ ၎င်း မိန်းကလေးအား တွေ့ရှိခြင်းမရှိ ဖြစ်နေ၍ အချိန်သည်လည်း ဆယ့်နှစ်နာရီထိုးပြီးနေသည့်အတွက် နေ၏အပူရှိန်သည် ပြင်းထန် လျက်ရှိနေသည်မို့ ကိုသောင်းဒန်သည် ပြန်ကြရန် အကြိမ်ကြိမ်





ဆောင်းဆိုနေသော်လည်း ကျွန်ုပ်သည် ဂါခြားသောစကားများနှင့် လမ်းကြောင်းပြောင်းနေရာမှ နောက်ဆုံးတွင် အဖြစ်မှန်အား ပြောပြလိုက်ရသည်။

"အမယ်လေး တင်ဖော်ရာ"

သောင်းဒန်၏ စကားကို ကျွန်ုပ် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည့် အချိန်တွင် ကျွန်ုပ်အား အထင်သေးသည့် အကြည့်များဖြင့် ကြည့်ပြန်သည်။ ကျွန်ုပ်သည် ကိုယ့်အဖြစ်နဲ့ ကိုယ်မို့ မည်သည့်စကားမှ ပြောမထွက်ခင် ...

"ငါက ရိုးရိုးသားသားမှတ်လို့ စောင့်ပြီး နားနေတာကွာ၊ အခု မင်းက အချစ်ရူးကြီး ရူးနေတာပဲ။ အံ့ပါ့ကွာ"

"အဲဒီလို မပြောပါနဲ့ သောင်းဒန်ရာ၊ ငါဟာ မိန်းမတစ်ယောက်အတွက်နဲ့ ရူးနေတဲ့သူတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့ကို ရူးအောင်လုပ်သွားတာကို မကျေနပ်လို့ လာခဲ့တာပဲကွာ။ ငါ ဒီလိုပြောလိုက်တာကို တစ်မျိုးမထင်နဲ့ကွာ"

"ဘာလဲကွာ၊ မင်းစကားကလည်း အရူးရော မရူးတာရော ရှုပ်နေတယ်"

"ဘာလို့ စိတ်ကို လောနေရတာလဲကွာ၊ ဒီမှာ မင်းသိအောင် ငါပြောပြမယ်။ တစ်ခုတော့ ကြိုပြောထားမယ်၊ ငါ့စကားကို ဆုံးအောင်နားထောင်ပြီးမှ မေးခွန်းထုတ်ရမှာ"

"ပြောတာ ပြောစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သောင်းဒန်အား ကြည့်လိုက်သည်မို့ သောင်းဒန်သည်လည်း ကျွန်ုပ်အား သေချာကြည့်နေသည်။ တကယ်တော့ သောင်းဒန်သည် လွန်စွာသဘောပေါက်ပြီး လုပ်ငန်းလုပ်ရာ၌ လွန်စွာစနစ်ကျပြီး တော်သည်။ တစ်ခုတော့ ပြောစရာရှိသည်။ တခြားမဟုတ်၊ သောင်းဒန်သည် လွန်စွာဒေါသကြီး၍ စိတ်မြန်သူတစ်ယောက်ဖြစ်ပြီး သူ မှန်သည်ထင်သည်နှင့် မိုးကို မီးညှိမည့်သူတစ်ယောက် ဖြစ်သည်။

"ပြောရတာတော့ တကယ့်ကို ဒုက္ခရှိဆန်ဆန်ပဲကွာ၊ ငါ ခရီးထွက်မယ်ဆိုတော့ အမေက စိတ်မချဘူးကွာ၊ အဲဒီတော့ အန္တရာယ်ကင်းအောင်ဆိုပြီး ဗေဒင်ဆရာတွေခေါ်ပြီး တွက်ချက်တယ်။ ဗေဒင်ဆရာရဲ့ တွက်ချက်မှုအရ ခရီးမထွက်ခင် ဗိုလ်တထောင်စေတီတော်ကို သွားရောက်ဖူးပြီး အစ်မတော် မြနန်းနွယ်ကို ပွဲပေးရမယ် ပြောတယ်ကွာ၊ အဲဒီမှာ အမေက ဗိုလ်တထောင်ဘုရားကို လွှတ်တယ်ဆိုပါတော့ကွာ ...

"ငါ ဘုရားကို ရှိခိုးပြီး ခဏအနားယူနေတဲ့ အချိန်မှာ မိန်းကလေးတစ်ယောက် ငါ ရှိရာကို ရောက်လာတယ်။ အဲဒီမိန်းကလေးက ငါ့ကို မကြာခဏ တွေ့ဖူးတယ် ပြောသလို ငါကလည်း သူ့ကို မကြာခဏ တွေ့ဖူးတယ် သောင်းဒန်"





"ဘယ်မှာတွေ့ဖူးတာလဲ၊ မင်းတို့က ချစ်သူတွေ ဖြစ်နေကြပြီလား၊ အဲဒါဆို ဘာလို့ ဒီမှာချိန်းရတာလဲ၊ မင်းအိမ်မှာ ချိန်းပါလား။ မင်းအမေနဲ့လည်း မိတ်ဆက်ပေးလိုက်ပေါ့ကွာ"

ကျွန်ုပ်သည် တင်ဖော်သည် သောင်းဒန်အား ကြည့်ပြီး စိတ်မသက်မသာဖြစ်ကာ ခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး သက်ပြင်းမောတစ်ခုအား လေးတွဲစွာ ချလိုက်မိသည်။ တကယ်တော့ သောင်းဒန်သည် ကျွန်ုပ်၏စကားကို ပြီးဆုံးသည်အထိ နားမထောင်ဘဲ မည်ကဲ့သို့ ဖြတ်လမ်းက ပြောနေရတာလဲ။ တကယ်ဆို ထိုကဲ့သို့ ပြောမည့်အစား ကျွန်ုပ် ပြောစကားကို ပြီးဆုံးသည်အထိ နားထောင်သင့်တာပေါ့ဟု စိတ်ထဲမှာ ထင်နေမိသော်လည်း သောင်းဒန်သည် နားမလည်စွာဖြင့် ကျွန်ုပ်အား ကြည့်နေသည်ဆိုတာကို ကျွန်ုပ် သတိထားမိသည်။

"ငါ့စကားကို ဘာကြောင့် ပြီးဆုံးသည်ထိ နားမထောင်ဘဲ အပြစ်တင်စောနေရတာလဲကွာ။ တကယ်ဆို ပြီးတဲ့အထိ စောင့်သင့်တာပေါ့ကွာ"

"စိတ်မဆိုးပါနဲ့ တင်ဖော်ရာ၊ ငါ စကားပြောတာ လောသွားတယ်ကွာ၊ ကဲ ... အဲဒီတော့ မင်းရဲ့ မဟာထူးဆန်းမှုကို ပြောပြပါဦးကွာ"

"ဒီနေရာကပဲ ပြောတော့မယ်ကွာ၊ အဲဒီလိုနေတဲ့ အချိန်မှာ စောစောက ငါပြောတဲ့ မိန်းကလေး ရောက်လာတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ငါ တွေ့ဖူးနေတာ ကြာပြီ။ အိပ်မက်ထဲမှာကွာ၊ သူဟာ ညတိုင်းလို ငါ့ဆီကို လာတယ်။ ငါက ဒီလိုထင်တာနော်။ သူပြောပြတာက ငါကလည်း ညတိုင်း သူ့ဆီကို ရောက်နေတယ်လို့ ပြောတယ်ကွာ၊ ဒါကိုငါလက်ခံတယ်၊ ဒါပေမဲ့ ငါ သူ့ကိုတွေ့ချင်တဲ့ဆန္ဒ မရှိဘူး၊ အိပ်မက်ဆိုတာ အမှန်ယူရတာ မလွယ်ဘူးဗျာ၊ အဲဒီနေ့က ငါ သူ့ကိုတွေ့လိုက်ရတော့ လွန်စွာအံ့ဩသွားတယ်ကွာ"

"ဒီလောက်ဆို ငါ သဘောပေါက်ပြီ တင်ဇော်ရာ၊ ငါသိချင်တာက နောက်ဆုံး ဘယ်လိုပွဲသိမ်းသွားတယ် ဆိုတာပဲ"

သောင်းဒန်သည် ကျွန်ုပ် တင်ဇော်အား စိတ်မရှည်သည့် လေသံများဖြင့် ပြောလိုက်ရာ ကျွန်ုပ်သည် ဆက်လက်ပြောမည့်စကားများ ရုတ်တရက် ပျောက်ကွယ်သွားသလို ဖြစ်နေသည်။ တကယ်တော့ ကျွန်ုပ်သည် ဘုရားပေါ်၌ တွေ့ဆုံခဲ့သည့် မိန်းကလေးအား လွန်စွာတွေ့ချင်နေသည်မို့ စိတ်ထဲမှ တမ်းတနေသည်။ ထိုသို့သာ တမ်းတနေပေမဲ့ မိန်းကလေးသည် လူသားလား နာနာဘာဝလား ဝေခွဲမရသလို ကျွန်ုပ်မှလွဲ၍ မည်သူမှ ၎င်းမိန်းကလေးအား သိကြမှာ မဟုတ်။

ထိုအချိန်တွင် ကျွန်ုပ်သည် သူငယ်ချင်းသောင်းဒန်အား ကြည့်လိုက်ရာ သောင်းဒန်သည် ကျွန်ုပ် ပြောလာမည့် စကားအား စောင့်မျှော်နေသည်။





"ဒီလိုသူငယ်ချင်းရာ သူနဲ့ငါ စကားပြောနေတဲ့ အချိန်မှာ မိန်းကလေးက ငါ့ကို ပြောတယ်။ ငါ့ကို ဘုရားဒေါးက မိန်းမတစ်ယောက် ခေါ်နေတယ်ပြောလို့ ငါသွားကြည့်နေတုန်း ပြန်လာတော့ သူ မရှိတော့ဘူးကွာ။ ငါ သူ့ကိုလိုက်ရှာနေတာ အဲဒီနေ့ကနေ ဒီနေ့အထိပဲ ဆိုပါတော့ကွာ၊ ငါ လိုက်ရှာပေမဲ့ အခုချိန်ထိ မတွေ့ရတော့ဘူးကွာ"

"ဒါနဲ့ သူ့နာမည်က ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ မင်းကို ဘာပြောသွားလဲ"

"မင်း အပြစ်တင်ရင်လည်း ခံရမှာပဲကွာ၊ နာမည် ဘယ့်လို ခေါ်တယ်၊ ဘယ်မှာနေတယ် ဆိုတာ ငါ မသိဘူး သောင်းဒန်"

"ဟာ ... မင်းအဖြစ်က စမ်းတဝါးဝါးနဲ့ လမ်းလျှောက်နေရသလိုပါပဲလားကွာ၊ မလွယ်ပါဘူးကွာ၊ ရေပြင်မှာ အရုပ်ရေးတာကမှ အရာထင်ချင် ထင်ဦးမယ်"

"ဟုတ်တယ် သောင်းဒန်၊ ငါကလည်း မင်းပြောစရာလို ဖြစ်နေပြီ။ ဒါပေမဲ့ ငါ သူ့ကို မင်းမေးသလို မေးပါတယ်၊ သူက မဖြေဘူး၊ ဒါပေမဲ့ ငါ့ကို သူ စကားတွေ အများကြီး ပြောသွားတယ်ကွာ"

ကျွန်ုပ်သည် မိန်းကလေး ပြောသွားသည့် စကားများကို သောင်းဒန်အား တစ်ဆင့်ပြောပြလိုက်ရာ သောင်းဒန်သည် မိန်းကလေးအား ဒေါသများစွာ ထွက်နေသည်။ မိန်းကလေးသည်



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်ုပ်ထွက်ရမည့် ခရီးစဉ်အား မသွားရန် တားမြစ်ပြီး ထို ခရီးသည် ကျွန်ုပ်အတွက် ဘေးဒုက္ခအန္တရာယ်များဖြင့် တွေ့မည်ဟု ပြောသလို လုပ်ငန်းအတွက်လည်း အနှောင့်အယှက်တွေ ရှိနေကြောင်း ၎င်း၏ စကားအား နားထောင်သည့် အနေဖြင့် မလိုက်သွားရန် တားနေသည်။

သောင်းဒန်သည် ကျွန်ုပ်၏စကားများကို မကျေနပ်ဖြစ်ပြီး ကျွန်ုပ်ကိုလည်း အရူးတစ်ယောက်ကဲ့သို့ အပြစ်တင်ပြောဆိုနေသည်။ ထိုသို့ပြောနေချိန်တွင် ညနေစောင်းစပြု၍ ကျွန်ုပ်တို့သည် ဘုရားပေါ်မှ ဆင်းလာကြပြီး သောင်းဒန်သည် ကျွန်ုပ်အား ပြတ်သားသည့် မေးခွန်းတစ်ခုအား မေးလာသည်။ ၎င်းမေးခွန်းသည် ကျွန်ုပ်အတွက် ဖြေဆိုရန်ခက်ပြီး ထိုအချိန်မှာ ကျွန်ုပ်အတန်းပိုင်ဆရာမရဲ့ ပုစ္ဆာတစ်ပုဒ်အား ဖြေဆိုရန် စဉ်းစားနေသည့် ကျောင်းသားတစ်ယောက်ကဲ့သို့ ဖြစ်နေလျက် ရှိနေပေ၏။

✧ ✧ ✧

## အခန်းစဉ်(၄)

### နေရာသစ်သို့ နေရာဟောင်း

ထိုနေ့ရင်ထဲ၌ ရှိနေသည် ဆန္ဒများကို မျိုသိပ်၍ ခေါင်းဆောင်ဦးစီးလုပ်ကိုင်ခဲ့သည့် လုပ်ငန်းများကို တာဝန်ယူ ဆက်လက်ဆောင်ရွက်ကိုင်ရန်အတွက် ပဲခူးဥသျှောင်မြို့သို့ ခရီးထွက်ခဲ့ကြပေမဲ့ စိတ်ထဲတွင် ပျော်ရွှင်မှုများ ကင်းမဲ့လျက်ရှိပြီး လွမ်းသလို ဆွေးသလို အရာဝတ္ထုတစ်ခုအား သတိရသလို ထင်နေရသည်။

ယခု ကျွန်ုပ် မောင်တင်ဖော် ထွက်ရသည့် ခရီးသည် အပျော်ခရီးမဟုတ်၊ လူသားတိုင်းနေစဉ်နှင့်အမျှ ပြောဆိုလုပ်ကိုင်နေရသည့် စီးပွားရေးလုပ်ငန်းပင် ဖြစ်သည်။ မောင်ရင်က စီးပွားရေးလုပ်ငန်းကို ဦးဆောင်လုပ်ရအောင် ဘယ်လောက်အထိ လူ့လောကအကြောင်းကို သိလို့လဲဟု မေးလာလျှင် ကျွန်ုပ်သည် ရန်ကုန်ဟိုက်စကူးကျောင်းတွင် ဘီအေ အောင်မြင်သူဖြစ်၍ စီးပွားရေးကို ဦးဆောင်နိုင်လိမ့်မည်ဟု ယုံကြည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမိဝမ်းမှ လူ့လောကကို ရောက်ရှိလာသူသည် စီးပွားရေးကို လုပ်ကိုင်မည်ဟု မစဉ်းစားခဲ့သလို မိမိ ဘာဖြစ်မည်ဆိုတာ ဘယ်လိုလူစားတွေကမှ ကြိုတင်မသိကြပါဘူး။ ထိုအထဲ၌ ကျွန်ုပ်လည်း ပါဝင်နေသည့်အတွက် ယခု လုပ်ကိုင်ရမည့် စီးပွားရေးလုပ်ငန်းသည် ကျွန်ုပ်အတွက် ပထမဆုံးအကြိမ် စတင်လှမ်းရသည့် ခြေလှမ်းသာဖြစ်ပြီး ကျွန်ုပ်၏ စီးပွားရေးလုပ်ငန်းသည် အောင်မြင်မည် မအောင်မြင်ဘူးဆိုတာကိုပင် ခန့်မှန်း၍ မရအောင် ဖြစ်နေသည်။

မည်သို့ပင် ဖြစ်စေကာမူ ကျွန်ုပ်၏ စိတ်တွေသည် တစ်မျိုးဖြစ်နေသည့်အတွက် ဗိုလ်တထောင်ဘုရားမှာ တွေ့ဆုံခဲ့သည့် မိန်းကလေးကို တွေ့ချင်စိတ်များက လွှမ်းမိုးနေသည်။ ၎င်းမိန်းကလေးသည် ကျွန်ုပ်ကို လာရောက်တွေ့ဆုံပြီး ဘာကြောင့် နောက်ထပ်တစ်ခါ မတွေ့ဘဲ ရှောင်ပုန်းနေရတာလဲ ဆိုတာ စဉ်းစားရင်း ကျောက်မီးသွေးမီးခေါင်း ရထားကြီးအားစီး၍ ပဲခူးဥသျှသို့ ခရီးထွက်လာခဲ့ရပေမဲ့ လုပ်ဖော်သူငယ်ချင်းအား စကားမပြောနိုင်။ အိမ်မက်ထဲက မိန်းကလေး သို့မဟုတ် ဗိုလ်တထောင်စေတီပေါ်၌ တွေ့ဆုံခဲ့သည့် မိန်းမလေး၏ အကြောင်းများအား အပြန်အလှန် စဉ်းစားတွေးတောနေမိ၏။

၎င်းမိန်းကလေးသည် ယခုဘဝ၌ တစ်ခါသာ ဆုံတွေ့ဖူးပေမဲ့ ယခင်ဘဝပေါင်းများစွာက တွေ့ဆုံခဲ့ဖူးသလို ရင်းနှီးသည့် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ဖူးရအောင်လည်း တစ်ခါသာ တွေ့ဆုံဖူးခဲ့သည် ဆိုတာကြောင့် ပြောရလွန်းစွာ ခက်နေသည်။





"ဘာကြောင့် ဒီလောက်များ တွေးနေရတာလဲကွာ၊ သံယောဇဉ်ကြိုးလေးတွေ ကျန်ရစ်ခဲ့တယ် ဆိုရင်လည်း ဒီနေရာမှာပဲ ချန်ရစ်ထားခဲ့ကွာ"

"ဟာ ... မဟုတ်တာကွာ၊ ငါ အခုတွေးနေတာက ဘုရားမှာတွေ့ခဲ့တဲ့ မိန်းကလေးက လူလား နာနာဘာဝလားလို့ စဉ်းစားနေတာကွ။ သူပြောတဲ့ စကားတွေက ငါ့စိတ်ကို နှောင့်ယှက်ပေးနေသလိုပဲကွာ"

"အဲဒါ ပြောတာပေါ့ကွာ။ မင်းက စိတ်ကို အလိုလိုက်နေတာကို။ ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်တတ်တယ်။ မင်းရဲ့ အစွဲတွေကို ဖျောက်ပစ်လိုက်ရင် အဲဒါတွေ အေးသွားမှာပါ၊ ရတယ်လေ ... အခုရထားပေါ်မှာ တွေးပေါ့။ ဝအောင်တာတွေးကွာ၊ အလုပ်ကို လုပ်ရတဲ့အခါမှာ ဒါတွေတွေးနိုင်မှာ မဟုတ်တော့ဘူး"

ကျွန်ုပ်သည် မကျေနပ်သည့် အကြည့်များဖြင့် ကြည့်လိုက်ပေမဲ့ သူငယ်ချင်းသောင်းဒန်သည် မသိသလို မျက်နှာအမူအရာလေး ဖြစ်တည်နေရာသို့ အကြည့်လွှဲလိုက်သည်မို့ ကျွန်ုပ်သည် ရုတ်တရက် ဘာပြောရမှန်း မသိအောင် ဖြစ်သွားတော့သည်။

တကယ်တော့ သောင်းဒန်သည် ကျွန်ုပ်ထက် အလုပ်ဝိုက္ခမ်းကျင်၍ အလုပ်အား ပို၍ကြိုးစားသည်။ သောင်းဒန်သည် ကျွန်ုပ်ဖခင်လက်ထက်ထဲမှစ၍ ထိုအလုပ်ကို လုပ်ကိုင်ခဲ့သည့်အတွက် ဖခင်လူယုံတော်တစ်ယောက်လည်း ဖြစ်နေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်ုပ်သည်လည်း အဖေကဲ့သို့ လူယုံတစ်ယောက်အဖြစ် သတ်မှတ်၍ ပဲခူးဥဿာသို့ အလုပ်လုပ်ရန် ထွက်လာခဲ့သည် ဆိုပေမဲ့ ကျွန်ုပ် မောင်တင်ဖော် ထွက်ခဲ့ရသည့် ခရီးသည် အလုပ်သမားမဟုတ် လုပ်ငန်းပိုင်ရှင်အနေဖြင့်သာ ထွက်ခဲ့ရပေ၏။

ထိုအချိန်တွင် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသည့် ရထားကြီးသည် ဥဿာပဲခူးသို့ ရောက်ရှိလာပြီမို့ မကြာမီ ပဲခူးသည့်ဘူတာသို့ ဆိုက်ရောက်တော့မည်မို့ ရထားပေါ်မှ ခရီးသည်များသည် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

ထိုအထဲ၌ ကျွန်ုပ်တို့လည်း ပါဝင်နေသည်။

"တင်ဖော် ရထားပေါ်က ဆင်းရတော့မယ်၊ မင်းရဲ့အထုပ်တွေ ပြင်ဆင်တော့လေကွာ"

"ဘာများ ပြင်စရာရှိလို့လဲ သောင်းဒန်ရာ"

"အေး ... ဟုတ်တယ်၊ ငါ စိတ်တွေ လောသွားတယ်ကွာ"

"ငါသိပါတယ်ကွာ၊ ကိုယ့်မြို့ကိုယ့်ရွာ ပြန်ရောက်ပြီဆိုတော့ မဒီလေးရဲ့ မျက်နှာကို မြင်ရတော့မယ်ဆိုပြီး ကမ္ဘာလောကကြီး တစ်ခြမ်းဆောင်းသွားမှာကိုတောင် မေ့နိုင်သည် ဆိုတဲ့ သဘောပေါ့"

"မဟုတ်တာ တင်ဖော်ရာ၊ ဒီအရွယ်ထိ ရောက်ပြီ မဒီဆိုလို့ အိပ်မက်ထဲမှာတောင် မရှိခဲ့ဘူး၊ အားတောင်ကျပါရဲ့ကွာ။ အိပ်မက်ထဲမှာ လာတွေ့ပြီး အပြင်မှာ တကယ်တွေ့ရတယ်လို့။ ဒီလောက် ထူးဆန်းတဲ့ကိစ္စကို မက်ခွင့်ရတယ်ဆိုတာ လွယ်တဲ့ဖူးစာရှင်တော့ မဖြစ်နိုင်ဘူး"





"တော်ပါတော့ သောင်းဒန်။ အဲဒီကိစ္စနဲ့ ရူးရတော့မယ်။ တကယ် ငါ့အဖြစ်က ရေတွေတွေ့ရဲ့သားနဲ့ ရေသောက်ခွင့်မရတဲ့ ဝေဒနာရှင်တစ်ယောက်ရဲ့ အဖြစ်နဲ့တူတဲ့ ဝဋ်ရှိသူလိုပါကွာ"

"အမယ်လေး ... သနားစရာတောင် ကောင်းနေပြီ။ ရေပဲခပ်တိုက်ရတော့မလို ဖြစ်နေပြီ"

ကျွန်ုပ်တို့ စကားပြော ကောင်းနေချိန်တွင် ရထားဥသြဆွဲသည့် အသံရှည်ကြီးတစ်ခုသည် ကျယ်လောင်စွာ ထွက်ပေါ်နေသည်ကို သတိထားမိချိန်တွင် ရထား၏အရှိန်သည် သိသိသာသာ လျော့နေသည်။

မကြာခင် မိနစ်ပိုင်းတွင် ဘူတာသို့ ရထားကြီးလုံးဝရပ်တော့မည်။

ကျွန်ုပ် စဉ်းစားနေချိန်တွင် ရထားကြီးသည် တုံ့ခနဲရပ်သွားသည်မို့ အားလုံး ယိမ်းယိုင်သွားသည်မို့ ကျွန်ုပ်တို့သည် ရထားပေါ်မှ ဆင်းရတော့မည် ဆိုတာကို သိလိုက်သည်။

သောင်းဒန်သည် ကျွန်ုပ်အား တစ်ချက်လှည့်ကြည့်လိုက်သည်။ အခိပ္ပာယ်မှာ ဆင်းကြမည်ဟု ဖော်ကျူးနေသည်မို့ ကျွန်ုပ်တို့သည် ရထားပေါ်မှ ဆင်းလိုက်ကြပြီးနောက် ကျွန်ုပ်တို့သည် လန်းချားအားငှားရမ်း၍ သောင်းဒန် နေအိမ်သို့ သွားကြပေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် တစ်နေ့တာ လုပ်ငန်းများအား လုပ်ပြီးသည်နှင့် တစ်ညတာအတွက် အနားယူကြရန် အိမ် အတွင်းသို့ ဝင်ကြသည်။ သောင်းဒန်သည် ကျွန်ုပ်အတွက် သီးသန့်ခန်းလေးတစ်ခုအား ပေးထားသည်မို့ ကျွန်ုပ်သည် လ ခံခြင်းမရှိ နှစ်ယောက်အတူ နေထိုင်ရန် တောင်းဆိုထားသည်။

၎င်းတောင်းဆိုမှုသည် တခြားမဟုတ်။ ထိုနေ ဒေသသည် ကျွန်ုပ်အတွက် နေရာသစ်တစ်ခု ဖြစ်နေသည့်အတွက် တစ်ယောက်တည်း နေရမှာကို မဝံ့မရဲ ဖြစ်နေသည့်အတွက် တစ် ယောက်တည်း မနေဝံ့၍ ပြောနေခြင်းသာ ဖြစ်သည်။

အကြောင်းမှာ တစ်ခါမဟုတ် အခန်းတွင်း၌ တစ် တစ်ခုသော အရာတစ်ခု ရှိနေသည်ဟု ထင်နေမိသည်။ သောင်းဒန် သည် သူပိုင်အိမ် ဖြစ်နေသည့်အတွက် ၎င်း၏အိမ်၌ ထူးခြား ရှိနေသည် ဆိုတာ ပေါ်လွင်နေသည်။

သောင်းဒန်သည် ၎င်း၏ခုတင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်မောကျနေပေ၏။

ကျွန်ုပ်သည် သောင်းဒန် ကဲ့သို့ နှစ်ခြိုက်စွာ အိပ် မောကျခြင်း မရှိသည့် အတွေးပေါင်း သောင်းခြောက်ထောင်သည် ခေါင်းထဲ၌ဆင့်ကာဆင့်ကာ ဝင်ရောက်လာသည်မို့ ၎င်းအတွေး များ မည်သူမည်ဝါဆိုတာ သဲကွဲခြင်းမရှိအောင် ဖြစ်နေသည်ဖြစ်





၍ စိတ်များသည် ချောက်ချားမှုများစွာဖြင့် ကြုံတွေ့နေရပြန်သည်။ နံရံ၌ ချိတ်ဆွဲထားသည့် နာရီကြီးသည် ခွန်အားအပြည့်ဖြင့် ခရီး ဆက်နေရာက စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီထိုးသံများကို မကြာ ခဏ ကြားနေရသည့်အတွက် ယခု ကျွန်ုပ် ကြားလိုက်ရသည့် အသံသည် နှစ်ချက်သာဖြစ်၍ နှစ်နာရီထိုးပြီဟုသာ ပြောနေသည် ဆိုတာ စိတ်ထဲ၌ အလိုလို သိလိုက်ရပြန်သည်။

ထို့အတူ နားထဲ၌ ခြေသံလိုလို ကြားနေရပြန်သည် မို့ အလိုလိုနေရင်း ကြောက်ရွံ့စိတ်များ ဝင်နေရပြီး တစ်ခါတလေ ခေါ်သံလို ကြားနေရပြန်သည်။ ၎င်းအတွက် စိတ်ထဲတွင် တစ် မျိုးဖြစ်နေသည်။ ထိုညသည် ကျွန်ုပ်အတွက် ကြီးမားသည့် ဂြိုဟ် ဆိုးကြီးတစ်ခု ဝင်ရောက်လာသည်ဟု ထင်မှတ်နေရသည်။ တစ် ဖက်မှ နာရီသံချောင်းခေါက်သည့်အသံ ကြားနေရသည်မို့ ညဉ့် သန်းခေါင်သို့ ကျော်သွားပြီဟု ထင်မှတ်လိုက်ချိန် မျက်လုံးများ ကျိန်းစပ်၍ လာနေသည်။

✧ ✧ ✧

"ရှင် ကျွန်မစကားကို နားမထောင်ဘူးနော်၊ အဲဒီအတွက် ကျွန်မ လွန်စွာဝမ်းနည်းတယ်။ တကယ် ပြောတာပါ"

ထွက်ပေါ်လာသည့် အသံသည် ကျွန်ုပ်အတွက် လွန်စွာ အံ့သြစရာ ကောင်းနေပေ၏။ တကယ်တော့ ယခုထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည့် မိန်းကလေး၏အသံကို ကျွန်ုပ် ရင်းရင်းနှီးနှီး ကြားဖူးသည်။

ကျွန်ုပ်သည် မိန်းကလေးအား ကြည့်လိုက်ရာ ရုတ်တရက် မတွေ့ပေမဲ့ ခဏအကြာ၌ ကျွန်ုပ်ရှိရာသို့ ထွက်လာသည်။ မိန်းကလေးသည် အစိမ်းရောင် ဝတ်စုံအား ဝတ်ဆင်ထားပြီး နက်မှောင်သော ဆံပင်များသည် အနောက်သို့ လွင့်ကျနေသည်မို့ ၎င်းသည် ဆံပင်လှသလို ရုပ်ရည်သည်လည်း လွန်စွာလှနေသည်။ မိန်းကလေး၏ အလှသည် မြန်မာဆန်ဆန် လှနေသည်။

မိန်းကလေးသည် ကျွန်ုပ်၏အနီးသို့ အရောက်တွင် ခြေအစုံရပ်၍ ကြေကွဲသည့် အကြည့်များဖြင့် ကြည့်နေသည်။ မျက်ဝန်းအိမ်၌ မျက်ရည်ဥလေးများ တွဲလောင်းခိုနေသည်။

"ကျုပ်က ခရီးမထွက်လို့ မဖြစ်လို့ ခရီးထွက်လာရတာပါ မိန်းကလေး။ ဒီနယ်မြေဟာ ကျုပ်ရဲ့နယ်မြေ မဟုတ်ပေမဲ့ ကျုပ်အဖေက ဦးစွာခြေချပြီး လုပ်ခဲ့တဲ့ လုပ်ငန်းတွေက မပြတ်သေးဘူး၊ ကျုပ်တို့မိသားစု ဒီလိုနေနိုင်တာဟာ ဒီဒေသက လုပ်ငန်းတွေကြောင့်ပါ"

"ရှင့်အဖေမှ မရှိတော့ဘဲ။ ဘာလို့ လာလုပ်စရာရှိမှာလဲ။ တခြားတစ်ယောက်ကို တာဝန်ပေးလိုက်လို့ ရတာပဲ"

"မင်းပြောသလောက် မလွယ်ဘူး မိန်းကလေး၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘာလို့ ကျုပ်ကို အသည်းအသန် တားနေရတာလဲ"





မိန်းကလေးသည် ဒေါသမျက်လုံးများစွာဖြင့် ကျွန်ုပ်အား ကြည့်လိုက်သည်မို့ ၎င်းအတွက် ကျွန်ုပ် စကားများသည် ဒေါသထွက်စရာတွေ ပါသွားသလောဟု ကိုယ်၏စိတ်ကို ပြန်စဉ်းစားနေမိသည်။

ကျွန်ုပ်၏စကားများထဲ၌ စိတ်ဆိုးစရာများ ပါဝင်ပတ်သက်ခြင်း မရှိဘူးဆိုတာကို ကောင်းစွာသိနေသည်မို့ မိန်းကလေး၏ စကားကို ထပ်မံချေပရန် စိတ်ကူးနေမိသည့်အချိန်၌ မိန်းကလေးသည် ကျွန်ုပ်အား ကျောခိုင်းပြီး ရှေ့သို့ သုံး,လေးလှမ်း ထွက်သွားပြီးမှ အနောက်သို့ ပြန်ကြည့်သည်။

"ကျွန်မရဲ့ စေတနာကို ရှင် တစ်နေ့တော့ သိလာမှာပါ"

"အဲဒီအချိန်ကျမှပဲ ကျေးဇူးတင်တော့မယ်"

"ကျေးဇူးအတင်ခံချင်လို့ ပြောနေတာ မဟုတ်ပါဘူး၊ စိုးရိမ်လို့ ပြောနေတာပါ။ ဒါပေမဲ့ ရှင့်ကို တစ်ခုမှာထားမယ်၊ ဘယ်အရာမဆို ဆုံးဖြတ်ချက် မမြန်ပါနဲ့"

မိန်းကလေးသည် စကားကို အဆုံးသတ်အောင်ပြောပြီး အနောက်သို့ ဆုတ်လိုက်ရာ အဖြူတန်းကြီးတစ်ခု ထွက်ကျလာပြီး မိန်းကလေးအား ခေါ်သွားရာ ရုတ်တရက် ပျောက်ကွယ်သွားသလို အဖြူတန်းကြီးလည်း ပျောက်ကွယ်သွားသည်။

ကျွန်ုပ်သည်။ တစ်နေရာသို့ ဦးတည်ထွက်လာခဲ့လေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

## ဥပေက္ခာနှလုံးသား၏အစ

"အဲဒါတွေဟာ မင်း စွဲလမ်းလို့ ဖြစ်နေတာပါ တင်ဇော်ရေ ငါတို့ မြတ်ဗုဒ္ဓက အစွဲအလမ်းကိုစွန့် ပတ်သက်ပြီး ဟော ထားတာ ရှိတယ်။ ဥပါဒါန် ဆိုတာ စွဲလမ်းမှုပါ။ အဲဒီ ဥပါဒါန် အစွဲတွေကို ပြတ်အောင်ဖြတ်ခဲ့ပါတဲ့၊ အဲဒါတွေ မပြတ်ရင်တော့ ဥပါဒန်ကြောင့် ဥပါဒါကို ဖြစ်တတ်တယ်"

သောင်းဒန်သည် မကျေနပ်သည့်လေသံဖြင့် ပြော ပြီး အကြမ်းခွက်အားယူ၍ ငုံသောက်လိုက်သည်အတွက် ကျွန်ုပ် မောင်တင်ဇော်သည် လွန်စွာစိတ်ပျက်သည့် မျက်လုံးများဖြင့် ကြည့် လိုက်သည်။

တကယ်တော့ ကျွန်ုပ်သည် ထိုစကား ပြောရသည် မှာ တိုင်ပင်သည့်သဘောဖြင့် ပြောလိုက်သလို ကျွန်ုပ်အတွက် ကောင်းသောအကြံများ ပေးလာလိမ့်မည်ဟု အတွေးများဖြင့် ပြော





သိုက်ပေမဲ့ အကြံပေးရကား ထွက်ပေါ်လာခြင်း မရှိဘဲ အပြစ်တင် စကားကိုသာ မကြားလိုတာ ကြားနေရပေ၏။

ရင်းအတွက်ကြောင့် ကျွန်ုပ်သည် သောင်းဒန်အား စိတ်ပျက်စွာ ကြည့်လိုက်သည်။ တကယ်တော့ သောင်းဒန်သည် ဘာသာရေးကို ယုံသည်။ မြတ်ဗုဒ္ဓကို အားကိုးသည်။ အိပ်မက် ဆိုတာကို ယုံကြည်မှု သိပ်မရှိသလို ယခု ကျွန်ုပ် ပြောနေသည့် အိပ်မက် အကြောင်းကို ဥပါဒါန်ဟု ပြောနေခြင်းဖြစ်သည်။

"ဥပါဒါန် မဟုတ်ဘူး သောင်းဒန်၊ ငါနဲ့တွေ့တဲ့ မိန်းက လေးဟာ ရန်ကုန်မြို့ တစ်နေရာမှာ ရှိမယ်။ ငါ့အထင် ပြောရရင် ပဋ္ဌာန်းဆက်ပဲကွာ"

"လုပ်လိုက်ပြန်ပြီကွာ။ ပဋ္ဌာန်းဆက်ဆိုတာ ဘာကိုခေါ် တာလဲ၊ မင်း သိလို့လား"

"အဲဒါတော့ ငါ ဝန်ခံတယ်၊ မင်းပြောသလို ပဋ္ဌာန်းဆက် ဆိုတာတော့ ငါမသိဘူး၊ လူကြီးတွေပြောတာ ကြားဖူးတာ က ဟိုဘဝ၊ဘဝတွေတုန်းက တော်စပ်ခဲ့ဖူးလို့ဆိုတဲ့ စကား လို့။ ငါနဲ့ အဲဒီမိန်းကလေးဟာ ဘဝဟောင်းမှာ တစ်ခုခု တော်စပ်ခဲ့ဖူးတာကြောင့် အိပ်မက်ထဲမှာရော အပြင်မှာပါ လာရောက်တွေ့ဆုံတာပေါ့ကွာ ...

တကယ်ဆို ဆွေမတော် မျိုးမစပ် ဘယ်လိုမှ မသိ သူတစ်ယောက်ကို ဘာလို့လာပြီး တားရမှာလဲ။ သူတားတဲ့ ပုံက တကယ်ကို စိုးရိမ်စိတ်တွေနဲ့ တားနေတာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... တစ်ခုတော့ စဉ်းစားစရာပဲ၊ မင်းပြောမှ ဟုတ်နေသလိုပဲ"

သောင်းဒန်သည် ကျွန်ုပ် တင်ဇော်၏ စကားအား လက်ခံသည့်သဘောဖြင့် ဤသို့ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် အိပ်မက်ထဲမှ မိန်းကလေးအား စိတ်ဝင်စားမှု ရှိနေသည်ဆိုတာ မှန်သော်လည်း ကျွန်ုပ်အား ဤခရီး ထွက်ခြင်းကိစ္စကို တားမြစ်နေတာကို ပို၍ပင် စိတ်ဝင်စားလျက် ရှိနေသည်။

လွန်စွာ စိတ်ညစ်စရာကောင်းသည်က တခြားမဟုတ်၊ မိန်းကလေးသည် လူသားတစ်ယောက် ဖြစ်ပါလျက်နှင့် နေရပ်လိပ်စာ နာမည်များအား ပြောကြားခြင်းမရှိ၊ ကိုယ်လွတ်ရုန်း ထွက်ပြေးသွားသည့်ကိစ္စကိုပင် ဖြစ်သည်။ ကျွန်ုပ်မောင်တင်ဇော်သည် မိန်းကလေးအား တွေ့သည့်အချိန်၌ ထိုကိစ္စများအား မေးသည်။ မိန်းကလေး၏ အပြောသည် ကျွန်ုပ်၏မေးခွန်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်ဟု ထင်မှတ်မိသည်။

"ကျွန်မ နာမည်နဲ့ လိပ်စာက အရေးမကြီးပါဘူး၊ တစ်ချိန်ချိန်မှာ ပြန်တွေ့တော့ သိရမှာပါ။ ရှင် ဒီခရီးကိုမသွားဖို့က အရေးကြီးတယ် ပိုဆိုးတာက အခု ရှင်သွားမဲ့ ဥသာပဲခူးဘက်ကိုပဲ။ တခြားနေရာကို သွားရင် ကျွန်မ မပြောလိုပါဘူး"





ဟု ပြောသွားသလို တခြားစကားများက ကျွန်ုပ်အားခရီးအား မသွားရန် အထပ်ထပ်အခါခါ တားမြစ်ခြင်းဖြစ်သည်။ ယခု ပဲခူးဥသာသို့ ရောက်သည့်ညမှာပဲ အိပ်မက်ထဲမှာ လာရောက်ပြောနေသည်။

ဤကိစ္စသည် ကျွန်ုပ်အတွက် တွေးစရာ မဟုတ်ဘူးဆိုပေမဲ့ စဉ်းစားစရာတစ်ခု ဖြစ်နေသည်။ အိပ်မက်ထဲမှာ မိန်းကလေးသည် နောက်ထပ် အခါပေါင်း ဘယ်လောက်များ လာရောက်ဦးမလဲဆိုတာ စဉ်းစားစရာတွေ ဖြစ်လာပြီး ကျွန်ုပ်မောင်တင်ဇော် ရောက်ရှိနေသည့် ဥသာပဲခူးသို့ လိုက်လာဦးမည်လားဟု စဉ်းစားမှုများ ပြုလုပ်နေရပေမဲ့ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုမိန်းကလေးကို တွေ့ချင်နေသည်။

"ဘာများလဲကွာ၊ ပြောပါဦး၊ မင်းရဲ့စိတ်ကူးမိတာလေးကိုပေါ့"

"ငါတို့ မင်းတို့ဟာ ဘယ်ဘဝကနေ လူလာဖြစ်ကြတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ မင်း အခုပြောနေတဲ့ မိန်းကလေးဟာ လူဝင်စားပေါ့။ ငါ အတတ်ပြောရရင်တော့ လူဝင်စားဖြစ်လို့ မင်းကို ဒီလိုလာပြောနေတာပဲ ဖြစ်ရမယ်"

"အေး ... အဲဒါလည်း ဖြစ်နိုင်တယ်။ ငါ့အမေ ပြောပုံကတော့ အဲဒီလို မဟုတ်ဘူး သောင်းဒန်"

"မင်းအမေက ဘာများ ထူးခြားမှုတွေ ပြောထားလို့လဲ တင်ဇော်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါက ပြောပြတယ်ဆိုတာ ယုံလို့ပြောတယ် မထင်နဲ့နော် သောင်းဒန်။ အခု ငါဖြစ်နေတာနဲ့ ပေါင်းစပ်ပြီး စဉ်းစားလို့ရအောင် ပြောပြတာပါ။ အခုတော့ မဟုတ်ဘူး၊ လွန်ခဲ့တဲ့နှစ်ကာလတုန်းကပေါ့၊ ငါ့ကို အမေကပြောတယ်၊ အမေကိုလည်း ပြောပြထားတယ်၊ ငါဟာသာမန်လူတစ်ယောက် မဟုတ်ဘူးတဲ့၊ စောင့်ရှောက်တဲ့ပုဂ္ဂိုလ်ရှိတယ်တဲ့ကွာ။ အမေပြောပုံအရဆို မယုံလို့မရဘူးကွာ။ ငါ့ကို မမွေးခင် တစ်လလောက်အလိုမှာ ငါတို့ရဲ့အိမ်ကို ထူးထူးဆန်းဆန်း အသက်ရှစ်ဆယ်ကျော်လောက် အဘိုးအိုကြီးတစ်ယောက် ရောက်ရှိလာတယ်။ နာမည်ကိုတော့ မပြောသွားဘူးတဲ့၊ သူတော်ကောင်း ဘုန်းရှင်ကံရှင်လေးတော့ လူ့လောကကို ပြန်ရောက်လာပြန်ပြီ။ သူနဲ့အတူ ပဋ္ဌာန်းဆက်တွေလည်း ပါလာပြန်ပြီတဲ့။ သူကတော့ ငါ့ကို တွေ့ခွင့်မရတော့ဘူးလို့ စိတ်မကောင်းစွာ ပြောခဲ့သလို အဲဒီသူတော်စင်အဘိုးအိုဟာ တစ်ချိန်တုန်းက ငါ့ရဲ့အထိန်းတော်ကြီးလို့လည်း ပြောသွားတယ်တဲ့ကွာ။ အဲဒီစကားတွေကို အဖြေထုတ်ကြည့်တော့ ဟုတ်များဟုတ်နေမလားလို့ စဉ်းစားမိတယ်ကွာ"

ကျွန်ုပ်သည် သောင်းဒန်အား အမေပြောသည့် စကားများကို ပြောပြနေသည့် အချိန်တွင် ၎င်းစိတ်ထဲ၌ သို့သော သို့သော ဖြစ်နေသည်။ ထိုအတွက်ကြောင့် ကျွန်ုပ်အား သေချာ စိုက်ကြည့်နေသည်။





(စာရှုသူအပေါင်းသို့ ... ကျွန်ုပ်၏ ဇာတ်ကောင် ကိုတင်ဇော်၏ ဖြစ်ဖျက်ပြောစကားများကို ထိုနေရာ၌ မလိုအပ်သေးဟု ထင်နေမိသည့်အတွက် ဤနေရာ၌ ဖော်ပြခြင်းမရှိဘဲ ချန်လှပ်ထားရစ်ခဲ့ပြီး ဤဝတ္ထု၏ တစ်နေရာ၌ ဆက်လက်ဖော်ပြထားသည်ဟု ကြိုတင် အကြောင်းကြားလိုက်ရပါသည်။) (စာရေးသူ)

ထိုကိစ္စများဖြင့် ပတ်သက်သည့် အကြောင်းအရာများသည် မိခင်အမေ၏ ပြောစကားများ ဖြစ်နေသည့်အတွက်ကြောင့် သူငယ်ချင်း သောင်းဒန်အား ပြောပြနေသော်လည်း ယခုအချိန်ထိ ထူးခြားမှုများ မရှိသေးသည်မှာ အမှန်ပင်ဖြစ်သည်။

"ဒါတွေ ထားလိုက်ပါတော့ကွာ၊ အခု ငါတို့လုပ်ရမဲ့ အလုပ်တွေကို လုပ်ဖို့ပဲရှိတယ်"

"ဒီနေ့ ဘာတွေလုပ်မှာလဲ၊ ငါ့ကိုလည်း ပြောထားဦးလေကွာ"

"မင်းကို ငါ စာရေးပေးထားတယ်လေကွာ။ ပထမ ပွဲရုံကို သွားမယ်။ ပြီးရင် ရွာတွေကို ဆင်းကြမယ်။ ငါတို့ကို ပေးရမဲ့ ကောက်ပဲသီးနှံတွေကို လာပို့ပါလို့ ပြောရမှာပေါ့ကွာ"

"ကောင်းပြီလေ၊ ဒါဆိုလည်း အခုပဲ သွားကြတာပေါ့"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့သည် နေထိုင်ရာ အိမ်အား ကျောခိုင်း၍ ပွဲရုံရှိရာသို့ ထွက်ခဲ့ကြရာ ၎င်းပွဲရုံသည် ကျွန်ုပ်တို့၏အပိုင် ဖြစ်နေသလို မြေနေရာသည်လည်း ကိုယ်ပိုင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အဖေသည် ဥသဘ္ဘ၌ရှိနေသည့် မြေနေရာတစ်ခုအား ငါးရာဖြင့် ဝယ်ယူထားသည့်အတွက် မြေကွက်အကျယ်အဝန်းသည် သုံးကေကျော် လေးကေလောက် ကျယ်သည်။

ယခုတော့ ကျွန်ုပ်တို့သည် ပွဲရုံသို့ ဦးကည်နေပေတော့၏။

✧ ✧ ✧

ညနေ အလုပ်ကပြန်လာသည်နှင့် ကျွန်ုပ်သည်ရေချိုးပြီး ပဲခူးဥသဘမြို့ရှိ စေတီများအား သွားရောက်ဖူးမြော်ချင်သည့် စိတ်များ ထွက်ပေါ်လာသည့်အတွက် ပဲခူးမြို့ ရွှေသာလျောင်းစေတီတော်မြတ်ကြီးအား ဖူးမြော်ရန် တစ်ယောက်တည်း ထွက်ခဲ့လေ၏။

၎င်းစေတီတော်သည် ပဲခူးမြို့ပေါ်၌ တည်ရှိနေခြင်းမျိုးမဟုတ်၊ မြို့စွန်တောတန်းအတွင်း၌ ကိန်းဝပ်စံမှာယ်တော်မူလျက်ရှိရာ ဘုရားဖူးသူများသည် နေ့ခင်း၌သာ လာရောက်ဖူးမြော်ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ထိုစေတီတော်သည် တောများထူထပ်သည့်နေရာ၌ တည်ထားကိုးကွယ်ထားသလို စေတီတော်၌ စောင့်ရှောက်သူများ ရှိသည်။ စေတီတော်၌ ယုံကြည်စွာဖြင့် ဆုများတောင်းလို၍ ဆုသည်တောင်းတိုင်းပြည့်သည့်အတွက် ၎င်းစေတီတော်အား လာရောက် ဆုတောင်းသူများနှင့် ပြည့်နေသည်။ ထိုအတွက်ကြောင့် စေတီတော်သည် နာမည်ကြီးလျက်ရှိပြီး လာရောက်ဖူးမြော်သူတွေ လွန်စွာပေါများသလို လူတိုင်း၏ နှုတ်ဖျား၌ ပြောလေ့ရှိသည်။





၎င်းအတွက်ကြောင့် လွန်စွာစိတ်ဝင်စားလျက်ရှိပြီး ရွှေသာလျောင်းစေတီတော်အား ဖူးမြော်ချင်စိတ်များ ထွက်ပေါ်လာ၏။ ညနေ အလုပ်ပြီးသည်နှင့် ထွက်လာခဲ့ရာ အချိန်သည် ညနေ အတော်စောင်းနေသည်။

ကျွန်ုပ်သည် စေတီတော်သို့ အရောက်တွင် ဘုရားလာရောက်ဖူးမြော်သူများ မရှိသလောက် ဖြစ်နေပြီး တစ်ယောက်နှစ်ယောက်လောက်သာ ကျန်နေသည်။

ကျွန်ုပ်သည် ပါလာသည့် အောင်သပြေပန်းစည်းလေးအား စေတီတော်ရှေ့၌ ကပ်လှူကန်တော့နေချိန်၌ တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်အား ကြည့်နေသည်ဟု ထင်မှတ်မိသည်။ ၎င်းအတွက်ကြောင့် ကျွန်ုပ်သည် ဘုရားဝတ်ပြု ကန်တော့အပြီး၌ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ရာ မြင်ကွင်းထဲ၌ မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရသည်။

ကျွန်ုပ်တွေ့နေရသည့် မိန်းကလေးသည် အစိမ်းရောင်ဝတ်စုံအား အထက်အောက် ဝတ်ဆင်ထားပြီး ရှည်လျားသည့်ဆံပင်များ အနောက်၌ လွင့်စဉ်နေသည်။ အသက်သည် နှစ်ဆယ်အရွယ်၊ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်၊ အရပ်သည် သာမန်မိန်းကလေးများ၏ အရပ်ထက်ပို၍ မြင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းမိန်းကလေးအား တွေ့လိုက်ရသည်နှင့် နှလုံး
သားကို လျှပ်စစ်နှင့် ထိလိုက်သလို တဆတ်ဆတ် တုန်လှုပ်သွား
သည် ဆိုသည်မှာ အကြောင်းရှိသည်။ မိန်းကလေးသည် ကျွန်ုပ်၏
အိပ်မက်ထဲက အိပ်မက်နတ်သမီးလေး သို့မဟုတ် ဗိုလ်တထောင်
စေတီတော်ပေါ်၌ တွေ့လိုက်သည့် နာမည်မဖော်လိုသူ မိန်းကလေး
ပင် ဖြစ်သည်။

ကျွန်ုပ်သည် နာမည်အား မေးသော်လည်း နာမည်
သည် အဓိကမကျသလို သဘောမျိုး ပြောသွားသည်။ ယခု ထို
မိန်းကလေးသည် ထိုစေတီသို့ ဘာလာလုပ်တာလဲဆိုတာ သိချင်
စိတ်များ လွှမ်းမိုးလာသည့်အတွက် ကျွန်ုပ်ကိုယ်တိုင် စတင်စကား
ပြောရန် ကြိုးစားနေသည်။

ထိုသို့စဉ်းစားပြီး မိန်းကလေးထံ သွားရောက်ရန်
ကြိုးစားနေချိန်၌ မိန်းကလေးသည် မည်သည့်နေရာမှ မည်
ရောက်သွားသည် မသိအောင် ဖြစ်သွားသည်။

ကျွန်ုပ်သည် မိန်းကလေးအား လိုက်ရှာနေသော်
လည်း မိန်းကလေးသည် မည်သည့်နေရာသို့ ရောက်ရှိသွားသည်
ဆိုတာကို မသိအောင် ဖြစ်နေသည်မို့ အနီးဝန်းကျင်သို့ လိုက်ရှာ
ပေမဲ့ တွေ့ရှိခြင်း မရှိအောင် ဖြစ်နေသည်။

ကျွန်ုပ်သည် မိန်းကလေးအား လွန်စွာတွေ့ချင်သည်
မှာ အိပ်မက်ထဲ သို့မဟုတ် ဗိုလ်တထောင်စေတီပေါ်မှာ တွေ့ခဲ့သော
မိန်းကလေးနှင့် လွန်စွာတူနေသည့်အတွက် ယခုကဲ့သို့ လိုက်ရှာ
ခြင်းဖြစ်သည်။



မည်သို့ပင် လိုက်ရှာနေစေကာမူ မိန်းကလေးအား
တွေ့ရှိခြင်း မရှိသည့်အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်သွားရပြန်
သည်။ မိန်းကလေး လူသားစစ်စစ်မှ ဟုတ်ရဲ့လားဟု တွေးနေမိပြီး
ဝန်းကျင်အား အကဲခတ်ကြည့်နေသော်လည်း တောတောင်အပင်
ကြီးများ ဝန်းရံထားလျက် ရှိသည့်အတွက် မိန်းကလေးအား
တွေ့ရှိခြင်း မရှိတော့ပေ။

ပျောက်ဆုံးသွားသည် မိန်းကလေးအား လိုက်ရှာ
ရသည်မှာ အချိန်များ လွန်စွာကြာသွားသည့်အတွက် ဝန်းကျင်၌
အမှောင်ထုများလည်း ဖုံးလွှမ်းသွားပြီမို့ အိမ်ပြန်ရန် ရှိနေသေး
သည့်အတွက် လက်လျှော့၍ ပြန်လာခဲ့ရပေမဲ့ စိတ်ထဲ၌ မကျေ
မနပ် ဖြစ်နေရပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် ပျောက်ဆုံးသွား
သည့် မိန်းကလေးအား ဆက်လက်ရှာဖွေခြင်း မပြုတော့ဘဲ
လက်လျှော့၍ ပြန်လာခဲ့ပေတော့သည်။

✧ ၇ ✧

"ဟာ ... ရှာလိုက်ရတာ တင်ဇော်ရာ၊ ဒါနဲ့ နေစမ်းပါဦး၊
မင်း အခု ဘယ်ကပြန်လာတာလဲ"

ရသာင်းဒန်၏ အရေးတကြီး ပြောလိုက်သည့်စကား
ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပဲခူးရွှေသာလျောင်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးပြီး ပြန်လည်ရောက်ရှိလာချိန်၌ ၎င်းသည် နေထိုင်ရာအိမ်၌ တွေ့ရှိခြင်း မရှိသလို ကျွန်ုပ်အား လိုက်ရှာနေသည့်အကြောင်း သောင်းဒန်၏ဖခင် ပြော၍ သိလိုက်ရသည်။

ကျွန်ုပ်သည် အလုပ်မှ ပြန်လည်ရောက်ရှိလာပြီးချိန်၌ မည်သည့်အတွက်ကြောင့်မှန်းမသိ ရွှေသာလျောင်းစေတီတော်အား ဖူးချင်စိတ်များစွာ ပေါ်လာ၍ သွားရောက်ဖူးမြော်မိရာ သူငယ်ချင်းသောင်းဒန်အား ဖွင့်ပြောမသွားမိသလို ထိုအချိန်တွင် သောင်းဒန်သည် လုပ်ငန်းကိစ္စအတွက် စာရင်းများ ပြုလုပ်ရေးဆွဲလျက် ရှိနေသည်။

သောင်းဒန် စာရင်းများပြီးချိန်၌ ကျွန်ုပ်အားမတွေ့ရှိသဖြင့် ယခုကဲ့သလို လိုက်ရှာနေခြင်းသာဖြစ်ပြီး ကျွန်ုပ်သည် ရွှေသာလျောင်းစေတီတော်အား သွားရောက်ဖူးမြော်ရာ စေတီတော်ပေါ်၌ တွေ့ရှိခဲ့သည့် မိန်းကလေး သို့မဟုတ် အိပ်မက်ထဲမှ မိန်းကလေးနှင့် တွေ့ရှိခဲ့သည့် အကြောင်းများအား ပြောပြလိုက်သည်။

"မင်း စိတ်မှကောင်းသေးရဲ့လား တင်ဇော်။ မင်း ရူးနေပြီလားကွာ"

"ငါ့စကားက မင်းအတွက် မယုံနိုင်စရာတွေ အဲဒီလောက်များနေပြီလား သောင်းဒန်ရာ"





"မယုံလို့ပြောတာ မဟုတ်ပါဘူး တင်ဇော်ရာ၊ မင်းပြောတဲ့စကားတွေက ငါ့အတွက် ယုတ္တိမတန်သလို ဖြစ်နေသလိုပဲကွာ"

ကောင်းရော့ဗျာ။ ကြားတော်မူကြတဲ့ အတိုင်းပါပဲ။ ကျွန်ုပ်၏ စကားများသည် သောင်းဒန် အတွက် ယုတ္တိမတန်သလို ဖြစ်နေလို့ ကျွန်ုပ် စကားအား မယုံကြည်ချင်ဘူးဟု ပြောနေသည်။ အဲဒါမှ ကျွန်ုပ်အတွက် အခက်ကြီး ခက်နေသည်။

ဒါဟာ သောင်းဒန်၏ ပြတ်သားသည့် အထင်ကို ကျွန်ုပ် လက်ဆုပ်လက်ကိုင် ပြရမည့်အတွက်ကြောင့် ၎င်းအား အပြစ်မတင်မိပေမဲ့ စိတ်ထဲ၌ မကျေနပ် ဖြစ်နေရသည်မှာ အမှန်ဖြစ်သည်။ တကယ်လည်း ဟုတ်နေသည်။

ကျွန်ုပ်သည် တွေ့ကြုံခဲ့သမျှများအား သောင်းဒန်ကို ပြရန် ကြိုးစားသော်လည်း သောင်းဒန် လိုက်ပါလာသည်နှင့် ကျွန်ုပ်၏ မြင်တွေ့ခဲ့သမျှတွေဟာ ရေပြင်၌ အရုပ်ရေးနေသလို ဖြစ်ကုန်သည့်အတွက် လွန်စွာ စိတ်ပျက်စရာတွေ ဖြစ်လာသည်။

"မင်းရဲ့ ထင်မြင်ချက်တွေကို ငါလွန်စွာလေးစားပါတယ် သောင်းဒန်။ အခု ကြုံတွေ့နေရတာတွေက ငါကြုံတွေ့နေရတာ။ မင်းပြောသလိုလည်း လက်ဆုပ်လက်ကိုင် မပြနိုင်ဘူး။ ပြနိုင်အောင် ငါကြိုးစားပါ့မယ်ကွာ"

"မကြိုးစားပါနဲ့ တင်ဇော်ရာ။ ဒီအချိန်မှာ ငါ့တို့ဟာ အလုပ်တွေက အရေးကြီးနေတယ်ကွာ၊ အလုပ်တွေထက်

www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာကိုမှ ဦးစားမပေးနိုင်ဘူး၊ အဲဒီတော့ မင်းကို ငါ တစ်ခုပြောချင်တယ်၊ မင်းအလုပ်တွေကို ပြီးပြတ်အောင် လုပ်ကွာ"

သောင်းဒန်၏ စကားအား မည်သို့ပြန်၍ ပြောရမှန်း မသိအောင် ဖြစ်သွားပေမဲ့ သောင်းဒန်သည် အလုပ်ကိုသာ ဦးစားပေးလျက် ရှိနေသည်။ ကျွန်ုပ်သည်လည်း ၎င်းကဲ့သို့ အလုပ်ကို ဦးစားပေးစေချင်သည်ဟု ပြောလာသော်လည်း ကျွန်ုပ်သည် တကယ်ကို အလုပ်ကို ဦးစားပေးတတ်သော်လည်း ယခုတွေ့ကြုံနေရသည့် ဖြစ်ရပ်များသည် ကျွန်ုပ်အတွက် လွန်စွာစိတ်ဝင်စားစရာ ဖြစ်နေသည်။

"စိတ်ချပါ သောင်းဒန်ရာ၊ ငါ့အကြောင်း မင်းလည်း အသိသားနဲ့"

"မင်းအကြောင်းကို ငါက သိလို့ပြောနေရတာပေါ့ တင်ဖော်ရာ။ တကယ်တော့ မင်းဟာ ငါ့ထက် လွန်စွာတော်တယ်၊ အလုပ်တစ်ခုကို လုပ်ရင် သေချာတယ်၊ စေ့စပ်တယ်။ ဒါကြောင့် သေဆုံးသွားတဲ့ မင်းအဖေက ပြောတာပေါ့။ မင်းဟာ လွန်စွာတော်တယ်။ အနာဂတ်မှာ အောင်မြင်ကျော်ကြားမဲ့ လူတစ်ယောက်လို့ ပြောသွားတာပေါ့"

"မင်းဆိုက ဒီစကားကြားတာ လွန်စွာ ဝမ်းသာတယ် သူငယ်ချင်း၊ ဒါပေမဲ့ မင်းပြောသလို ငါ လူတော်တစ်ယောက် မဖြစ်သေးဘူးကွာ"



"ဒါတွေထားလိုက်ပါတော့ကွာ။ ဒီစကားတွေဟာ ပြောလို့ ပြီးမှာ မဟုတ်ဘူး၊ အဲဒီတော့ ထမင်းစားကြမယ်ကွာ"

ကျွန်ုပ်သည် မည်သည့်စကားမှ ဆက်၍မပြောတော့ပေ။ သောင်းဒန်၏ စကားအား လက်ခံသည့်သဘောဖြင့် နှစ်ယောက်သား ထမင်းစားခန်းအတွင်းသို့ ဝင်လိုက်ကြပေတော့၏။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

### မြွေမြူတောင်သခင်မ

ကျွန်ုပ် ဘာပြောရမှန်း မသိအောင် ဖြစ်နေတော့သည်။ စိတ်များသည် အလိုလိုနေရင်းနှင့် ဘာဖြစ်လာသည်ဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ကျွန်ုပ်သည် ထိုညက သောင်းဒန်နှင့် စကားပြောအပြီး၌ အိပ်ရာထဲသို့ အတူတူ ဝင်လိုက်ကြရာ ကျန်ခဲ့သည့်ညနေက တွေ့ခဲ့သည့် မိန်းကလေး၏ အကြောင်းအား စဉ်းစားနေသည်။

ရင်းသို့ စဉ်းစားပြီး အဖြေထုတ်နေချိန်တွင် ကောင်းမွန်သည့် အတွေးတစ်ခု ပြတ်သားစွာ ဝင်ရောက်လာသည့်အတွက် အတွေးများအား ပြတ်တောက်ပစ်လိုက်သည်။

အတွေးများ ပြတ်တောက်ပြီး အိပ်နေချိန်၌ ရနံ့ကုန်၌တွေ့ရှိသည့် မိန်းကလေးသည် ကျွန်ုပ်အား ဖက်၍ငိုနေသည်။





ရင်းသည် ငိုရင်းနှင့် ကျွန်ုပ်အား ကြေကွဲစရာစကားများ ပြောလျက်ရှိသည်။

မိန်းကလေးသည် ကျွန်ုပ်အား ကျောခိုင်း၍ ပြန်သွားချိန်၌ မိန်းကလေးတစ်ယောက် ထပ်မံပေါ်လာသည်။ ထိုမိန်းကလေး ဥသ္သပဲခူးမြို့၏ နာမည်ကြီး စေတီတော်တွေအထဲမှ တစ်ခုအပါအဝင် ရွှေသာလျောင်းစေတီတော်၌ တွေ့ခဲ့ရသည့်မိန်းကလေးဖြစ်သည်။

"လာမယ်ဆိုလို့ စောင့်နေရတာ၊ ဘယ်လောက် ကြာသွားမှန်းတောင် မပြောတတ်တော့ပါဘူး၊ အခုမှပဲ လာတော့တယ်။ ဒီတစ်ခါတော့ ဘယ်မှ မပြန်ရတော့ဘူး၊ ပြန်လို့မရအောင်လည်း တားမြစ်ထားလိုက်တော့မယ်"

မိန်းကလေးသည် ကျွန်ုပ်အား စကားလုံးပေါင်းများစွာ ပြောသည့်အတွက် စိတ်ထဲ၌ ပျော်ရွှင်သလိုဖြစ်ပြီး ကျွန်ုပ်တို့နှစ်ယောက် စကားပြောသည့်နေရာသည် ရှေးဟောင်းအဆောက်အအုံကြီး တစ်ခုအတွင်း၌ ဖြစ်သည်။

ရင်းအဆောက်အအုံကြီးသည် ကြီးကျယ်ခန့်ညားပြီး လှန်စွာလှပနေပြီး ထူးဆန်းသည့် အချက်တစ်ခုအား တွေ့လိုက်ရသည်။

ထိုအချက်သည် တခြားမဟုတ်၊ ကြီးကျယ်ခံ့ညားသည့် အဆောက်အအုံအတွင်း၌ ပန်းပုရုပ်တုပေါင်းများစွာ တွေ့ရသည်။ ရုပ်တုတော်များအတွင်း၌ ကျွန်ုပ်နှင့် မိန်းကလေးရုပ်အား



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား တွေ့ရှိရပြီး အရုပ်များသည် ကျွန်ုပ်တို့အား ပြုံးရယ်ပြသလို ထင်မှတ်ရသည်။

(စာရှုသူများသို့ ထိုနေရာ၌ ကျွန်ုပ် အရေးကြီးသည့် အကြောင်းအရာ တစ်ခုအား ချန်ထားခဲ့ပြီး ချန်ထားခဲ့သည့် အကြောင်းအရာအား ဤဝတ္ထု၏ တစ်နေရာ၌ ဖော်ပြထားပါသည်။) (စာရေးသူ)

ငင်းအရုပ်များအား တွေ့လိုက်ရသည့်အတွက် ကျွန်ုပ်နှင့် ထိုမိန်းကလေးများ ပတ်သက်ဖူးခဲ့တာ မှန်သော်လည်း မည်သို့ ပတ်သက်ဖူးခဲ့သည် ဆိုတာ မသိအောင် ဖြစ်နေချိန်၌ မိန်းကလေးသည် ကျွန်ုပ်အား အခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။

ထိုအခန်းအတွင်းသို့ ရောက်ရှိသွားချိန် လွန်စွာအသက်ကြီးသည့် အဘိုးအိုတစ်ယောက်အား တွေ့လိုက်ရသည်။ အဘိုးအိုသည် ကျွန်ုပ်တို့အား ထိုင်ရန် နေရာပေးလိုက်သည့်အတွက် ငင်းအဘိုးအို၏ရှေ့၌ နေရာယူ ထိုင်လိုက်သည်။

အဘိုးအိုသည် ကျွန်ုပ်တို့အားကြည့်ပြီး များစွာသောစကားများပြောသလို ကျွန်ုပ်နှင့် မိန်းကလေး၏ ပတ်သက်ပုံများကို အသေးစိတ် ပြောပြသည့်အတွက် ကျွန်ုပ်မှာ လွန်စွာအံ့သြရပြီး အဘိုးအို၏ အသက်သည် ထောင်ကျော်နေပြီဟူ၍ ပြောသည်။ အသက်၏ အပိုင်းအခြားကို တိတိကျကျ ပြောဆိုခြင်းမရှိ ကျွန်ုပ်သည် အဘိုးအိုထံမှ ပြန်လာခဲ့ခြင်း မရှိတော့။ အဘိုးအို၏ ရှေ့၌သာ ကျန်ရစ်ခဲ့သည်။





ကျွန်ုပ်သည် ထိုညမှ ဖြင့်ဖျက်ကြိုတွေ့ရမှုများအား ပြန်လည်၍ စဉ်းစားနေရသည်မှာ မည်မျှလောက် အချိန်ကြာသွားသည်ဆိုတာ မသိသလို လုပ်ငန်းတွေသည် တစ်ခုတလေတောင် မပြီးပြတ်အောင် ဖြစ်နေရသည်။

"တင်ဖော် စာရင်းတွေပြီးတာနဲ့ ငါတို့ ဆိုင်နားတို့ အပိုင်းတို့ သွားကြမယ်ကွာ၊ ဒီနေ့ ငါတို့သွားမှ စပါးကောက်ပဲသီးနှံတွေရမှာကွာ၊ ဒီလူတွေက ငါတို့ မသွားဘဲ လာပို့မဲ့ပုံ မပေါ်ဘူး"

"အဲဒါဆိုလည်း သွားကြမယ်လေကွာ"

"သွားတာ ဟုတ်ပါပြီ၊ မင်းရဲ့ စာရင်းတွေ ပြီးသွားပြီလား"

"ပြန်လာမှ ဆက်လုပ်ကြတာပေါ့ကွာ၊ မပြီးလည်း ဘာအကြောင်းလဲကွာ"

ထိုသို့ ပြောလိုက်သည့်အချိန် သောင်းဒန်သည် မကျေမနပ်ဖြင့် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာပြီး စာရင်းစာအုပ်အား ကြည့်လိုက်ချိန်၌ လွန်စွာအံ့သြသည့် မျက်နှာအနေအထားဖြင့် ကျွန်ုပ်အား ကြည့်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ တင်ဖော်ရာ၊ မင်း စာရင်းက အခုထိ မရေရာသေးပါလား။ မရေရာတဲ့အရာတွေကို ခေါင်းရှုပ်ခံပြီး လုပ်နေပြန်ပြီနဲ့ တူတယ်။ မင်းတစ်ယောက်အတွေးနဲ့ တော့ခက်နေပြီ တင်ဖော်ရာ။ အဲဒါတွေက အနှောင့်အယှက်တွေပဲ တင်ဖော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သောင်းဒန်၊ မင်းပြောတဲ့ အနှောင့်အယှက်ဆိုတာကို ငါ သဘောပေါက်တယ်ကွာ။ ဒီအနှောင့်အယှက်က ယုတ္တိရှိတဲ့ အနှောင့်အယှက်လို့ ငါ ထင်နေတယ်ကွာ"

"ငါ ခင်းကို ဘာမှမပြောတော့ဘူး တင်ဖော်။ ဘာကြောင့်လဲ သိလား။ ဥပဒေကွာစကားလို့တော့ မထင်နဲ့ကွာ။ မင်းမှာ မဟုတ်တဲ့ စွဲလမ်းမှုတစ်ခု မက်မောစွာ စွဲလမ်းနေတယ်။ အဲဒီ စွဲလမ်းမှုဟာ မင်းကို တစ်နေ့ ဒုက္ခပေးလိမ့်မယ်လို့ ငါ ထင်တယ်ကွာ။ ငါကတော့ တတ်နိုင်သလောက်တော့ ထိန်းမှာပဲ။ မရတာတော့ ငါလည်း မတတ်နိုင်ဘူးကွာ"

သောင်းဒန် စကားသည် ကျွန်ုပ် တင်ဖော် အတွက် လွန်စွာ စိတ်သောက ရောက်နေရသည်မှာ အမှန်ပင်ဖြစ်သည်။ သောင်းဒန်သည် ကျွန်ုပ်အား ထိုစကားပြောသည်မှာ ကောင်းသည့် စကား ပြောခြင်းလား၊ မကောင်းတာ ပြောခြင်းလား ဆိုတာ ကျွန်ုပ် မဝေခွဲတတ်အောင် ဖြစ်နေပေမဲ့ ကျွန်ုပ်မှာတော့ အိမ်အတွင်းမှ မိန်းကလေးနှစ်ယောက်ကိုသာ စိတ်ထဲမှ လွန်စွာစွဲလမ်းနေသလို အပြင်လောက၌ တွေ့ချင်စိတ်များ လွှမ်းမိုးနေပေ၏။

ငင်းစွဲလမ်းစိတ်သည် ...

မှန်သည် ...

မှားသည် ...

ဆိုတာကို ကျွန်ုပ် ကိုယ်တိုင် မဝေခွဲနိုင်အောင် ဖြစ်နေသည်။ ထိုအတွက်ကြောင့် ကျွန်ုပ် သောင်းဒန်အား လိုအပ်သည်များအား ပြောပြီးနောက် စာရင်းများအား အပြီးပြတ် ရေးနေသည်။





တကယ်တော့ သောင်းဒန်သည် ကျွန်ုပ်နှင့် လုပ်ငန်းတူ သူငယ်ချင်းတွေ ဆိုပေမဲ့ လုပ်ငန်းများနှင့် ပတ်သက်လာလျှင် တစ်ယောက်တစ်ဝက် ခွဲ၍လုပ်ကိုင်ကြသည်။

ငင်းစာရင်းများအား တစ်ယောက်တည်း လုပ်ကိုင်နိုင်သော်လည်း ကျွန်ုပ် လုပ်ကိုင်တတ်အောင်ဆိုသည့် သဘောနှင့် ထိုကဲ့သို့ လုပ်ကိုင်နိုင်သည်ဆိုတာ သဘောပေါက်လျက် ရှိသည်မို့ ကျွန်ုပ်သည် သောင်းဒန်အား လွန်စွာကျေးဇူးတင်နေသည်။

"သောင်းဒန် စာရင်းတွေ ပြီးသွားပြီကွာ"

"အဲဒါဆိုလည်း ငါတို့ ကင်းချောင်းရွာကို သွားကြမယ်ကွာ"

"အလုပ်က အဲဒီလောက် အရေးကြီးနေလို့လား သောင်းဒန်"

"အရေးမကြီးတဲ့ အလုပ်ဆိုတာ ရှိသေးလို့လား တင်ဖော်ရာ။ မင်းနဲ့ ငါတို့ အခုလုပ်နေတဲ့ အလုပ်တွေက အရင်းအနှီး မရှိတဲ့ အလုပ်တွေ မဟုတ်ဘူးကွာ"

"ကောင်းပါပြီကွာ။ အခုပဲ ငါတို့ ခရီးဆက်ကြမယ်"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်သည် စာရင်းစာအုပ်အား သိမ်းလိုက်ပြီးနောက် အဝိုင်းရွာသို့ ခရီးဆက်ရန် ပြင်ဆင်နေပြီး သောင်းဒန်သည်လည်း စာရင်းစာအုပ်တွေကို အပြီးသတ်ပြီးနောက် ခရီးထွက်ရန် ပြင်ဆင်နေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

အချိန်သည် နေ့ခင်းအား ရောက်ရှိနေပြီဟု ပြောနေသော်လည်း ဆယ့်တစ်နာရီကျော် ဆယ့်နှစ်နာရီထိုးရန် အချိန်နီးကပ်လျက် ရှိနေသည်။

ကျွန်ုပ်မောင်တင်ဇော်နှင့် မြို့ခံသူငယ်ချင်း သောင်းဒန်၏ ခေါ်ဆောင်ရာအနောက်မှ လိုက်လာခဲ့ပေမဲ့ သောင်းဒန်သည် ဓနရာဒေသများ၏ ခလေ့ထုံးစံများအား ရှင်းလင်းပြောပြလျက် ရှိသည်။

သောင်းဒန်၏ ရှင်းလင်းပြချက်များသည် ကျွန်ုပ်အတွက် လွန်စွာ စိတ်ဝင်စားစရာ ကောင်းနေသည် ဆိုပေမဲ့ သတိရစရာအကြောင်းက ကျွန်ုပ်၏ နှလုံးသား၌ ကြေကြေကွဲကွဲ ဖြစ်ပေါ်လာပြီး ၎င်းကြေကွဲမှုများသည် မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်နေသည်ဆိုတာ မသေချာတတ်အောင် ဖြစ်နေသည်။

"ဟိုက တောင်လေးက ရှင်မကွဲတောင်လို့ ခေါ်တယ် တင်ဇော်၊ ရာဇဝင်ရှိတယ်လို့ လူကြီးတွေက ပြောကြတယ်ဗျာ"

"ရှင်မကွဲ ဆိုတာ အဓိပ္ပာယ်တော့ ရှိမယ်ထင်တယ်။ အဲဒီအကြောင်းတွေကို မင်း သိလား သောင်းဒန်။ သိရင် ငါ့ကို ပြောပြပါလားကွာ"





"ရတာပေါ့ကွာ၊ မင်း သိချင်တယ်ဆိုတော့ ပြောရတာပေါ့ကွာ၊ ရှင်မကွဲတောင်ဆိုတာ တခြား မဟုတ်ဘူး တင်ဇော်။ တစ်ချိန်တုန်းက အသက်လောက် ချစ်ရတဲ့ ချစ်သူနှစ်ဦး ရှိတယ်။ မောင်မဂဒူးနဲ့ မမေနှင်းသွယ်တို့ဟာ တိုင်းပြည်ကြီးက ထွက်ပြေးလာခဲ့ကြပြီး ဒီတောင်ကြီးမှာ ပုန်းခိုနေကြတယ်။ မင်းသမီး မေနှင်းသွယ်ဟာ ဘုရင့်သမီးတော် ဖြစ်သလို မောင်မဂဒူးဟာ ရွှေနန်းတော်ရဲ့ ဆင်ထိန်းတစ်ယောက်ပဲ။ သူတို့နှစ်ယောက် ခိုးပြေးကြတယ် ဆိုတော့ ဘုရင်ကြီးဟာ စစ်သည်တော်အပေါင်းနဲ့လိုက်သတ်ခိုင်းတယ်။ သူတို့တောင်ခြေကို ရောက်တဲ့အချိန်မှာ ရသေ့ကြီးတစ်ပါးနဲ့ တွေ့တယ်။ သူတို့နှစ်ယောက်ကို တွေ့တဲ့အချိန်မှာ ရသေ့ကြီးသည် ရောက်ရှိလာသူများရဲ့ အကြောင်းကို အစအဆုံး ပြောလိုက်တဲ့အတွက် လွန်စွာအံ့သြကုန်ကြတယ် ...

အဲဒီအချိန်မှာ ရသေ့ကြီးက သူတို့နှစ်ယောက်ကို ဖြစ်ချင်တဲ့ဆန္ဒကို မေးလိုက်ကြရာ နှစ်ယောက်က တောင်ခြေမှာ စေတီတစ်ဆူနဲ့ တောင်ပေါ်မှာ စေတီတစ်ဆူတည်ပြီး ၎င်းတို့နှစ်ယောက်မှာ အသက်ရှင်လျက်နဲ့ မကွဲရပါစေနဲ့ ဆုတောင်းလိုက်ကြတယ်။ အဲဒီအချိန်ကစပြီး ဒီတောင်ကို ရှင်မကွဲတောင်လို့ ခေါ်ခဲ့ကြတာ အခုချိန်ထိပဲကွာ"

သောင်းဒန်သည် ရှင်မကွဲတောင်နှင့် ပတ်သက်၍ ကျွန်ုပ်အား ပြောပြလိုက်တဲ့အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်နေသလို ထိုတောင်တွေနှင့် ပတ်သက်ပြီး မေးစရာတစ်ခု ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းအတွက်ကြောင့် ကျွန်ုပ်သည် သောင်းဒန်အား ကြည့်လိုက်ရာ သောင်းဒန်သည် ၎င်း၏ပြောပြခွင့်ရသည့် စကားများအား အပြီးသတ် ပြောပြီးနောက် တခြားအကြောင်းမရှိဟု ထင်နေမိသည်။ ထိုထင်မြင်မှုများသည် ကျွန်ုပ်တင်ဖော်၏ ထင်မြင်ချက်များသာ ဖြစ်သည်။

"ငါ တစ်ခုလောက် မေးချင်နေတယ် သောင်းဒန်"

"ဘာများ ငါ ငါပြောတာတွေက မင်းအတွက် မရှင်းလို့လား"

"ရှင်းပါတယ်ကွာ၊ ငါ ကြိုတင်သိလို့ ဒီမေးခွန်းကို မေးတာမဟုတ်ဘူးကွာ။ စိတ်ထဲက ဖြစ်ပေါ်လာတာကို သိချင်လို့ပါကွာ။ အဲဒါက ငါ့အတွက် အရေးကြီးလို့မေးတာ မဟုတ်ဘူး ဆိုတာကိုတော့ သိထားချင်တယ်ကွာ"

"ဒီလောက်တောင် နိဒါန်းတွေ ပျိုးနေစရာ မလိုပါဘူးကွာ၊ သိချင်တာကိုတော့ မေးစမ်းပါကွာ"

သောင်းဒန်၏ ပြတ်သားစွာ ပြောလာသည့် စကားများသည် ကျွန်ုပ်၏ မေးခွန်းအတွက် အနှောင့်အယှက် ဖြစ်သွားသလားဟု ထင်နေမိသည်။

တကယ်တော့ ကျွန်ုပ်သည် ထိုသို့ထင်မှာ စိုးရိမ်သွားမှာ စိုးရိမ်သည့်အတွက် စကားပလ္လင်ခံ၍ ပြောတာကို သောင်းဒန်ကိုယ်တိုင်က တစ်မျိုးထင်နေမိသည် ဆိုတာကို ကျွန်ုပ် သိလိုက်ရသည်။





"မင်း အဲဒီလို ပြောလာမှာကို ငါသိနေတဲ့အတွက် စကားပလ္လင်ခံတာတောင် ပြောဖြစ်အောင် ပြောသေးတယ်ကွာ။ ဒါတွေကို ထားလိုက်ပါတော့ကွာ၊ ငါကသိချင်နေတဲ့သူဆိုတော့ ပြောရမှာပေါ့။ တခြားတော့ မဟုတ်ဘူးကွာ။ ကိစ္စက ဒီလိုကွ၊ အဲဒီ ရှင်မကွဲတောင်ရဲ့ မလှမ်းမကမ်းမှာ မိတ္တံဆိုတဲ့ တောင်တစ်လုံး ရှိတယ် မဟုတ်လား။ အဲဒီတောင်က မြွေမင်းသမီးလေးနဲ့ လူသားတို့ရဲ့ အချစ်ဇာတ်လမ်း ရှိခဲ့ဖူးတယ်"

"မင်းပြောတဲ့ ဇာတ်လမ်းလိုပဲ တောင်တစ်လုံး ရှိတယ်။ ငါတို့ဘက်ကတော့ မြွေဖြူတောင်လို့ ခေါ်ကြတယ်။ အဲဒီတောင်က ရှင်မကွဲတောင်နဲ့ဆို တစ်တောင်ကျော်မှာရှိတယ်"

"ဒါဆို အဲဒီတောင်မှာ ကျောက်ပလ္လင်ကြီးတစ်လုံးရှိတယ် မဟုတ်လား"

"အေး ... ရှိတယ်။ မင်းပြောတဲ့ ကျောက်ပလ္လင်ကြီးက တောင်အောက်မှာ ရှိတယ်၊ တောင်ထိပ်ပေါ်မှာတော့ စေတီတစ်ဆူရှိတယ်။ အဲဒီစေတီကိုတော့ မုဆိုးမစေတီလို့ လူသိများတယ်ကွာ။ ဒါနဲ့ အဲဒီအကြောင်းကို မင်း ဘယ်လိုလုပ်သိလဲ"

သောင်းဒန်၏ မေးခွန်းသည် အံ့သြသည့်မေးခွန်းသာ ဖြစ်သည်မို့ ကျွန်ုပ်သည်လည်း ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။ ကျွန်ုပ်သည် သောင်းဒန်အား ကြိုတင်၍ မအံ့သြ၍ ပြောထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းအုံ့သြမှုများသည် ကျွန်ုပ်အတွက် အထူးအဆန်း မဟုတ်သော်လည်း သောင်းဒန်အတွက် အထူးအဆန်း ဖြစ်နေသည်မှာ မှန်သော်လည်း ကျွန်ုပ်သည် ထိုဒေသအား ရောက်ရှိလာသည်မှာ ပထမဆုံးအကြိမ်ဖြစ်သူ တစ်ယောက်အနေနှင့် ထိုအကြောင်းအား စိတ်ဝင်စားစွာ မေးလိုက်သည်အနေဖြင့် ထိုသို့ဖြစ်ရခြင်း ဖြစ်သည်။

"အဲဒီမေးခွန်းကို ငါ ဖြေရမယ် ဆိုရင်တော့ လွန်စွာခက်တယ် သောင်းဒန်။ ဘာကြောင့်လဲတော့ မသိဘူးကွာ၊ ငါ မြွေမင်းသမီးရဲ့ အကြောင်းတွေကို အလိုလို သိနေတယ်။ ဒါပေမဲ့ အဲဒီတောင် ဘယ်မှာဆိုတာ မသိပေမဲ့ ဒီနေရာမှာ ရှိတယ်ဆိုတာတော့ သိနေတယ်"

"တကယ်တော့ မြွေမင်းသမီးတို့ရဲ့ ဇာတ်ကြောင်းလေးက လွန်စွာ အံ့သြစရာ ကောင်းသလို ကြေကွဲစရာလည်း အကောင်းသားကွာ။ မြွေမင်းသမီးလေးဟာ တန်ခိုးရှင်လို့ ပြောသံကြားဖူးတယ်။ ဒါဟာ တကယ့်အဖြစ်အပျက်လား၊ ပါးစပ်ရာဇဝင်လား ဆိုတာတော့ ငါတို့လည်း အသေအချာ မပြောတတ်ဘူး တင်ဇော်"

"ပြောသာပြောပါကွာ၊ စကားပလ္လင်ခံမနေပါနဲ့"

ကျွန်ုပ်သည် သောင်းဒန်၏ စကားအား အလိုမကျသည့်သဘောဖြင့် ပြောလိုက်သလို ကျွန်ုပ်သည် ထိုအကြောင်းအား ချက်ချင်း သိချင်နေသူ တစ်ယောက်ဖြစ်၍ မြန်မြန်ပြောစေချင်သည်။





ထိုအကြောင်းအား မပြောသေးဘဲ မည်သည့်အတွက်ကြောင့် စကားပလ္လင်ခံ၍ နေသလဲဆိုတာ မသိအောင် ဖြစ်နေသည်။

"ဘာလို့ အဲဒီလောက် ပြောနေရသလဲဆိုတာ အကြောင်းရှိတယ် တင်ဇော်။ မင်း အခုမေးနေတဲ့ အကြောင်းအရာတွေဟာ လူကြီးတွေရဲ့ စကားတွေပဲ။ သူတို့ကိုယ်တိုင်က အတိအကျ ပြောခဲ့တာ မဟုတ်သလို မြွေမင်းသမီးရဲ့ကြေကွဲစရာ အကြောင်းတွေဆိုတာ ပြောရမှာ ခက်သားကွာ ...

ဒါပေမဲ့ ငါ ပြောပြပါမယ်။ တစ်ချိန်တုန်းက အဲဒီတောင်ဟာ မြွေတွေ လွန်စွာပေါတယ်၊ တစ်တောင်လုံး မြွေတွေချည်းပဲတဲ့။ တစ်နေ့သောအခါမှာ လွန်စွာချောမောလှပတဲ့ လူသားတစ်ယောက် ရောက်ရှိလာတယ်၊ သူအဲဒီတောင်ကိုရောက်တော့ တောင်မှာရှိနေတဲ့ မြွေဖြူမလေးက လူဟန်ဖန်ဆင်းပြီး လူသားလေးလို လာရောက်တွေ့တယ်။ အဲဒီတုန်းက မြွေဖြူတောင်လို့ ခေါ်တယ်ကွာ ...

မင်းပြောသလို အတိုချုံး ပြောရရင်တော့ သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြတာပေါ့ကွာ၊ အဲဒီ မြွေမင်းသမီးလေးကို တခြားမြွေတွေက မေတ္တာသက်ဝင် ချစ်ခင်ကြတာပေါ့ကွာ။ မြွေမင်းသမီးလေးက လူသားကိုပဲ ချစ်ခင်နေတယ်။ အဲဒီကိစ္စကို တခြားမြွေတွေက သိသွားတော့ လွန်စွာဒေါသထွက်ကြပြီး မြွေမင်းသမီးလေးအား ဝိုင်း၍ တားမြစ်ကြတယ်။ အချစ်ဆိုတာ လွန်စွာဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



တာကွာ။ အဲဒီအချိန်မှာ တခြားမြွေတွေက လူသားလေးကို အန္တရာယ်ပြုဖို့ ကြိုးစားနေကြတယ် ...

အဲဒီကိစ္စကို မြွေဖြူတောင်သခင်မ ခေါ် မြွေမင်းသမီးက သိနေတယ်။ အဲဒီအတွက် လူသားကို သတိပေးထားတယ်။ လပြည့်နေ့ညမှာပေါ့ကွာ။ လူသားနဲ့ မြွေမင်းသမီးတို့ စကားပြော ချစ်ရည်လူးနေကြတဲ့ အချိန်မှာ တခြားမကျေနပ်တဲ့ မြွေတွေက လာရောက် တိုက်ခိုက်ကြတယ်။ အနည်းနှင့် အများဆိုတော့ လူသားဟာ ဒဏ်ရာရသွားတယ်။ အဲဒီအချိန်မှာ လူသားဟာ မြွေအဆိပ်များတက်ပြီး သေပွဲဝင်ခါနီးမှာ မြွေမင်းသမီးရဲ့ တောင်းဆိုမှုကို လက်ခံပြီး တောင်ပေါ်ကိုရောက်အောင် သွားခဲ့တယ်။ တောင်ထိပ်ပေါ်ရှိ စေတီတော်မှာ သစ္စာအဓိဋ္ဌာန်ပြုလိုက်ကြတယ်။ ၎င်းတို့ဟာ သစ္စာပြုကြပြီး သေပွဲဝင်သွားကြတယ်ကွာ”

သောင်းဒန်၏ စကားအား ကြားလိုက်ရသည့်အချိန်တွင် ကျွန်ုပ်၏ ရင်ထဲ၌ ကြေကွဲမှုများ ဖြစ်ပေါ်လာသည်။ စိတ်ထဲ၌ အတိတ်ဟောင်းမှ လူသားနှင့် မြွေမင်းသမီးလေးသည် ကျွန်ုပ် ဖြစ်ခဲ့သလားဟု ထင်နေမိ၏။

(စာရှုသူအပေါင်းတို့သည် ယခုဖော်ပြလိုက်သည့် လူသားနှင့် မြွေမင်းသမီးတို့၏ အချစ်ဇာတ်လမ်းသည် နိုးပထမံအောင်၏ မဟာဂန္ဓာရီ ခရီး စာအုပ်၌ အကျယ်တဝင့် သီးသန့်ဖော်ပြထားပါသည် ဆိုတာ အသိပေးလိုက်ရပါသည်။) (စာရေးသူ)





ကျွန်ုပ်သည် သောင်းဒန်၏ မျက်နှာအားကြည့်၍ ရုတ်တရက် ဘာပြောရမှန်း မသိအောင် ဖြစ်နေသလို စိတ်ထဲ၌ စို့နစ်ကြေကွဲနေသည်။

“တင်ဇော်”

“တင်ဇော် ... မင်း ဘာတွေဖြစ်နေတာလဲ”

“ဩော် ... အေး၊ ငါ ဘာဖြစ်သွားတယ်ဆိုတာ မသိဘူးကွာ၊ ငါ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ် သောင်းဒန်ရာ”

“ဘာမှဖြစ်မနေပါနဲ့ကွာ၊ မင်းတို့ ငါတို့ လူသားတွေဆိုတာ တစ်ချိန်တုန်းဘဝက တစ်ခုသောအရာတွေ ဖြစ်ခဲ့ကြမှာပါ။ အဲဒါကိုတော့ မင်းတို့ ငါတို့ ညာလို့မရဘူးကွာ”

“ငါ သဘောပေါက်ပြီ သောင်းဒန်ရာ၊ ငါကလည်း ဘာတွေမှန်း မသိတော့ဘူးကွာ”

“ကဲ ... ငါတို့ ခရီးဆက်ကြမယ်ကွာ”

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့သည် အဝိုင်းကျေးရွာသို့ ခရီးဆက်ထွက်ခဲ့ကြရာ အချိန်သည် နေမြင့်နေသည်ဖြစ်၍ တစ်ကိုယ်လုံး ချွေးများရွှဲရွှဲစိုလျက် ရှိနေကြသည်။

၎င်းခရီးဆက်နေရပေမဲ့ စိတ်ထဲ၌ မြွေဖြူမတောင်သို့ သွားရောက်ချင်သည့်စိတ်များ ထပ်ခါတလဲလဲ ပေါ်လာသည်။

သောင်းဒန်၏ ပြောစကားများကို အစမှပြန်၍ ကောက်ရလျှင် မြွေဖြူတောင်ပေါ်၌ သေဆုံးသွားကြသည့် လူသား



www.burmeseclassic.com

www.burmeseclassic.com

နှင့် မြွေမင်းသမီးတို့သည် အတိတ်ဘဝဟောင်းမှ အကြင်လင်မယားတွေ ဖြစ်ခဲ့ကြသည်ဟု ပြောခဲ့ရာ မြွေမင်းသမီးအား ချစ်သည့် လူသားသည် သာမန်လူသား မဟုတ်၊ ဘုရင့်သားတော်တစ်ယောက် ဖြစ်သည်ဟု ပြောသလို စေတီပေါ်၌ သေဆုံးသွားသူ လူသား၏ဘေး၌ မြွေနှစ်ကောင်ပါ သေဆုံးနေကြောင်း သိရသည်။

ထိုအကြောင်းအရာများအား တွေ့၍ မပြီးဆုံးခင်ကာလ၌ သောင်းဒန် ရုတ်တရက် ဝင်ရောက်လာသည်။ စကားကြောင့် ရင်ထဲ၌ ရှိနေသည့် အတွေးများသည် အပိုင်းပိုင်းပြတ်၍ ကျိုးပဲ့ပျက်စီးသွားပေတော့သည်။

✧ ✧ ✧

## အခန်း(၇)

### ကျောက်ပလ္လင်ပေါ်က သူတော်စင်ကြီး

ကျွန်ုပ်နှင့် သူငယ်ချင်း သောင်းဒန်တို့သည် စပါးများ ဝယ်ယူရန်အတွက် အဝိုင်လေးကျေးရွာသို့ ခရီးထွက်ပြီး အပြန်တွင် မြွေဖြူတောင်သို့ သွားရောက်ရန် တောင်းဆိုသော်လည်း ကျွန်ုပ်အား မသွားရန် ပြောသည်။ သောင်းဒန်၏ စကားအား ငြင်းပယ်၍ အတန်တန် ပြောလိုက်သည့်အတွက် မပို့ချင်သော်လည်း မလွှဲသာ၍ လိုက်ပို့ပါမည်ဟု ကတိပေးလိုက်သည်မို့ တစ်နေ့သ၌ ကျွန်ုပ်တို့သည် မြွေဖြူတောင်သို့ ထွက်ခဲ့ကြသည်။

ကျွန်ုပ်သည် မြွေဖြူတောင်သို့ သောင်းဒန်နှင့်အတူ သွားရောက်ရမည်ဆိုသည့်အတွက် စိတ်ထဲ၌ လွန်စွာကျေနပ်နေသည်။ တကယ်တော့ ကျွန်ုပ်သည် အများနှင့်မတူသည့် လူတစ်ယောက် ဖြစ်သည်။ အလုပ်တစ်ခုကို လုပ်ချင်သည်ဟု စိတ်ထဲ၌ ပေါ်ပေါက်လာလျှင် ၎င်းအလုပ်အား ရအောင်ကို လုပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြုလုပ်ရာ၌ မဖြစ်ဘူးဆိုတာ မရှိသလို အတား အဆီးတွေ ဘယ်လောက်ပဲ များနေပါစေ ရအောင် လုပ်တတ် သည်။

အမေ အားကိုးသည့် ဆရာတွေသည် ကျွန်ုပ်အား စကားအများအပြား ပြောသော်လည်း အမိကထားရန်တစ်ခု မှာ ထားသည်။ စိတ်ကို အလိုမလိုက်ရန်နှင့် စိတ်ကြောင့် ကောင်းတာ ဖြစ်လာနိုင်သလို မကောင်းတာတွေလည်း ဖြစ်နိုင်ကြောင်း ပြော ထားသည်မို့ ၎င်းတို့၏ စကားသည် ကျွန်ုပ်အတွက် အမိကမဟုတ် ဟု ထင်မှတ်နေသည်။

ယခု ကျွန်ုပ်နှင့် သောင်းဒန်တို့သည် မြွေဖြူတောင် သို့ ရောက်ရှိခဲ့ကြသည်။

"ဒါဟာ မြွေဖြူတောင်ပဲ တင်ဖော်။ မင်းအတွက်တော့ ထူးချင်ထူးလိမ့်မယ်။ ငါ့အတွက်တော့ မထူးဘူး ဆိုတာ တော့ အမှန်ပဲဗျာ"

"ငါ့ကို ကျောက်ပလ္လင်ကြီးကို လိုက်ပို့ကွာ"

"မင်းပြောတဲ့ ကျောက်ပလ္လင်ကြီးက ဒီဘောင်ရဲ့ အနောက် ဘက်မှာ ရှိတယ်။ ငါတို့ အဲဒီဘက်ကို သွားကြမယ်"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်နှင့် သောင်းဒန်သည် တောင်အနောက်ဘက်သို့ သွားကြရာ၌ တောင်၏ဘေးမှ ဖြတ် သန်းသွားခြင်းမရှိ၊ တောင်ပေါ်သို့တက်၍နေပြီး တောင်ထိပ်ပေါ် ရောက်သည်နှင့် တစ်ဖက်သို့ ဆင်းကြရန် ပြောလာသည့်အတွက်





ကျွန်ုပ် မောင်တင်ဖော်နှင့် သောင်းဒန်တို့သည် တောင်ပေါ်သို့ ခရီးဆက်ခဲ့ကြသည်။

ကျွန်ုပ်တို့ တောင်ပေါ်သို့ ရောက်ရှိလာခဲ့ကြသည်။

"တင်ဖော် ... နောက်ဆုတ်"

အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည့်အတွက် လှမ်းနေသည့် ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်ပြီး သောင်းဒန်အား ကြည့်လိုက်သည်။

သောင်းဒန်သည် ကျွန်ုပ်အား မကြည့်၊ တစ်နေရာ သို့ အကြည့်ရောက်နေသည်။ ထို့အတူ ဓါးခွဲချိတ်ထားသည့် အား ရှည်ကြီးအား ဆွဲထုတ်ရန် ကြိုးစားနေသည်။

"သောင်းဒန် ... ခင်း ဘာဖြစ်နေတာလဲ"

"ရှေ့မှာ မြွေကြီးတစ်ကောင် ငါတို့ကို အန္တရာယ်ပြုတော့ မယ်"

"ဟာ ... ဘယ်မှာလဲ မြွေကြီး"

ကျွန်ုပ် လွန်စွာအံ့ဩသွားပြီး သောင်းဒန် ကဲ့သို့ ကြည့်လိုက်သည့် အချိန်၌ ကြီးမားသည့် မြွေဖြူကြီးတစ်ကောင် အား အထင်းသား တွေ့လိုက်သည်။

၎င်းမြွေကြီးသည် ကျွန်ုပ်တို့အား အရှေ့မှပိတ်ရပ် ၍ အန္တရာယ်ပြုရန် ကြိုးစားနေသည်။

သောင်းဒန်သည် ဓားအား တင်းကျပ်စွာ ဆုပ်ကိုင် ထားပြီး မြွေကြီးအား ရင်ဆိုင်ရန် ကြိုးစား၍ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောင်းဒန် အဲဒီမြွေကြီးကို အန္တရာယ်မပြုနဲ့၊ တောင်းပန်ပြီး လွှတ်ပေးလိုက်ကွာ"

သောင်းဒန်သည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး ...

"အသင်မြွေကြီး ... သင့်ကို ကျွန်ုပ်တို့ ဘယ်လိုမှ အန္တရာယ်မပြုလိုဘူး၊ အဲဒီအတွက် သင်လည်း သင့်လမ်း သင်သွားပေတော့၊ ကျုပ်တို့လမ်း ကျုပ်တို့သွားမယ်"

ထိုသို့ပြောပြီးနောက် ဒေါသများ တစ်ဟုန်းဟုန်း သည့် မြွေကြီးသည် ဒေါသများ လွင့်စဉ်ပျောက်ကွယ်သွားပြီးနောက် အပေါ်သို့ ထောင်နေသည့် ခေါင်းကြီးအား အောက်သို့အသာချပြီး ကျွန်ုပ်တို့အား တစ်ချက်ကြည့်ပြီး တစ်နေရာသို့ ထွက်သွားသည်ကို တွေ့လိုက်ရသည့်အတွက် လွန်စွာ အံ့သြရသည်။

မြွေကြီးသည် တစ်နေရာသို့ ပျောက်ကွယ်သွားပေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သည် တောင်အောက်သို့ ဆင်းလာခဲ့ကြသည်။ ကျွန်ုပ်တို့သည် တောင်အောက်ကနေ ကျောက်ပလ္လင်သို့ ဦးတည်လျက်ရှိရာ လေများသည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသည်။

ကျွန်ုပ်တို့သည် ပြင်းထန်စွာ တိုက်ခတ်နေသည့်လေများအား ဂရုစိုက်ခြင်းမရှိ ကျောက်ပလ္လင်ထံသို့ ဦးတည်လျက်ရှိနေချိန်၌ ထူးဆန်းသော မြင်ကွင်းတစ်ခုအား အထင်းသား မြင်တွေ့လိုက်သည်။





ငင်းမြင်တွေ့မှုများသည် တခြားမဟုတ် အသက်အရွယ်ကြီးသော အဘိုးအို သူတော်စင်ကြီး တစ်ယောက် ကျောက်ပလ္လင်ပေါ်ထက်၌ ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့လိုက်ရပြီး အဘိုးအို၏အနီး၌ မြွေကြီးများအား လွန်စွာထူးဆန်းစွာ တွေ့လိုက်ရသည်။

"သောင်းဒန် ကျောက်ပလ္လင်ပေါ်က အသက်ရှိလား အသက်မဲ့လား"

"အနားရောက်မှ သိမှာပဲကွာ"

ထိုသို့ပြောလိုက်သည်မှာ လွန်စွာမှန်ကန်သည်။

ကျောက်ပလ္လင်ပေါ်၌ ရှိနေသည့် အဘိုးအိုသည် အသက်ရှိလား အသက်မဲ့လား ဆိုတာကို မည်သူမှ မသိနိုင်သလို ဖြစ်နေသည်။ ကျောက်ပလ္လင်သည် ခပ်သေးသေးမဟုတ်။ လူသုံးယောက်ထိုင်၍ရသည်။

ကျွန်ုပ်တို့သည် ကျောက်ပလ္လင်ကြီးအနီးသို့ ရောက်ရှိသွားကြသည်။ ကျောက်ပလ္လင်ပေါ်၌ ထိုင်နေသည့် အဘိုးအိုသည် ကျောက်ရုပ်မဟုတ် အသက်ရှိနေသည်ဆိုတာ သိလိုက်ရသည်။

"ပဋ္ဌာန်းဆက် လူသားတွေပါလား"

"ဗျာ"

ငင်းစကားသည် ကျွန်ုပ်တို့အတွက် လွန်စွာအံ့သြစရာ ကောင်းနေသည့်အတွက် အဘိုးအိုအား ကြည့်လိုက်ရာ အဘိုးအိုသည် ကျွန်ုပ်အား ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ကလူလေးကို မပြောပါဘူး၊ ဒီဘက်က လူလေးကို ပြောတာပါ။ လူလေးရဲ့ လက်ရှိနေတဲ့ဌာနက ဒီနယ်မြေက မဟုတ်ဘူး။ မိဘလုပ်ငန်းတွေကြောင့် ဒီနယ်မြေကို လာခဲ့တာ။ လူလေးရဲ့ အလုပ်တွေကို လက်ရှိဦးဆောင်နေတာက သောကြာသားလေးပဲ။ အဘိုး ပြောတာ ဟုတ်လား"

"ဟုတ်ပါတယ် အဘိုး၊ ခုန အဘိုးပြောလိုက်တာ ပဌာန်းဆက်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"နောက်တော့ သိလာမှာပါ။ သိအောင်လို့လည်း မိန်းကလေး တစ်ယောက်က လာပြောလိမ့်မယ်။ လူသားတွေရဲ့ အကြောင်းကိုတော့ ပြောဖို့ခါတာ လွန်စွာခက်တယ်။ တစ်ခုပဲ ပြောလိုက်မယ်၊ ယခင် ဘဝပေါင်းများစွာထဲက ဘဝတစ်ခုကို ပြောလိုက်၊ အဲဒီလူဟာ လွန်စွာခန့်ညားတဲ့ လူတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ အဲဒီဘဝရဲ့ ဆုတောင်းတွေက ဒီဘဝကို လာပြန်ဆက်လိမ့်ဦးမယ်"

အဘိုးအို၏ စကားများသည် ကျွန်ုပ်၏ အိပ်မက်ထဲက အတိုင်း ဖြစ်နေသည်မို့ သောင်းဒန်သည် ကျွန်ုပ်အား အံ့သြစွာ ကြည့်နေမိသည်။

တကယ်တော့ သောင်းအန်သည် ကျွန်ုပ်၏ ပြောစကားများကို ယုံကြည်မှုမရှိ၊ စိတ်အရူးပေါက်ပြီး ပြောနေတာဟု ထင်နေမိသည်။ ယခု အဘိုးအို၏ စကားများ ကြားလိုက်သည့်အတွက် အံ့သြနေသည်ဆိုတာ သိလိုက်ရသည်။





အဘိုးအို၏ စကားအား ယုံကြည်သွားပြီး အဘိုးအို၏ နာမည်အား မေးလိုက်ရာ အဘိုးအို၏ နာမည်မှာ စိုးပထမံအောင် ဖြစ်သည်။ လူ့လောက၌ နေထိုင်ရသည်မှာ တန်ဖိုးမရှိသည့်အတွက် တန်ဖိုးရှိသည့် လူတစ်ယောက်ဖြစ်ရန်အတွက် မဟာဂန္ဓာရီ ခရီးထွက်နေကြောင်းနှင့် ရင်းကျောက်ပလ္လင်၌ သုံးရက်တိတိ တရားအားထုတ်ရန် ပြောကြားလိုက်သည်။

"အဘိုးစကားတွေကို မဖြစ်သေးတဲ့အတွက် မယုံကြနဲ့ဦး၊ တကယ်ဖြစ်မှ တကယ်ယုံပါလို့ ပြောရမဲ့အစား ,စိတ်ကို အလိုမလိုက်ပါနဲ့လို့ပဲ ပြောချင်ပါတယ်။ ကဲ ... ကဲ ... အဘိုးလည်း အချိန်ရှိတုန်း တရားအလုပ်လေး လုပ်လိုက်ဦးမယ်"

စိုးပထမံအောင် အမည်ခံ သူတော်စဉ်ကြီး အဘိုးအိုကြီးသည် ကျွန်ုပ်တို့အား ပြန်စေချင်သည့် သဘောများဖြင့် ထိုကဲ့သို့ ပြောလိုက်ခြင်းပင် ဖြစ်သည်။

(စာရှုသူအပေါင်းများခင်ဗျာ၊ ယခုဖော်ပြနေသည့် သူတော်စင်ကြီး စိုးပထမံအောင်နှင့် ပတ်သက်၍ လုံးချင်းဝတ္ထုတစ်ပုဒ် ရေးထားပါသည်။ စာအုပ်၏အမည်ကို ပေးမထားရသေးပေမဲ့ စိုးပထမံအောင်၏ မဟာဂန္ဓာရီခရီးဟု ယာယီ နာမည်လေး ပေးထားသည့်အတွက် မကြာမီ စာရှုသူများ၏ ရှေ့သို့ ပို့ပေးရန် စိတ်စဉ်လျက် ရှိပါသည်။)

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်ုပ်သည် မေးစရာစကား မေးခွန်းပေါင်းများစွာ ရှိနေသေးသည်မို့ မေးချင်နေသေးသည်။ ကျွန်ုပ်သည် အဘိုးအိုအား လေးစား ချီးကျူးနေမိသည်မှာ တခြားမဟုတ်။ အဘိုးအိုသည် ကျွန်ုပ်၏ အတိတ်ဘဝ ဇာတ်ကြောင်းများအား ပြောပြလိုက်သည့်အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်နေသည်။

၎င်းအတွက်ကြောင့် ကျွန်ုပ်နှင့် သောင်းဒန်တို့သည် အဘိုးအိုသူတော်စင်ကြီးအား ကျောခိုင်း၍ ပြန်လာခဲ့ကြသည်မို့ သောင်းဒန်သည် ကျွန်ုပ်၏ အိပ်မက်အကြောင်းအား မည်ကဲ့သို့ ဝေဖန်ပြောဆိုခြင်း မရှိသည့်အတွက် အခြေအတင် စကားများရန်တစ်ခု အေးသွားပြီဟု စိတ်ထဲ၌ ထင်မှတ်နေမိပေတော့သည်။

❖ ❖ ❖

အခန်း(၈)

## ကျွန်ုပ်နှင့် ဓောနန္ဒီ

စိတ်များသည် ညနေစောင်းအချိန် ရောက်သည်နှင့် အရောင်ပြောင်းနေသည့် ပုတ်သင်ညိုတစ်ကောင်ကဲ့သို့ကို ထင်မှတ်နေရသည်မို့ ကျွန်ုပ်သည် အလုပ်များ ပြီးပြတ်သည်နှင့် ရေချိုးအဝတ်အစားများ လဲပြီးနောက် နေထိုင်ရာအိမ်သို့ ကျောခိုင်း၍ ထွက်လာခဲ့သည်။

ထိုသို့ထွက်ခဲ့ရသည်မှာ တခြားမဟုတ် ရွှေသာလျောင်းစေတီတော်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်မို့ သူငယ်ချင်း သောင်းဒန်အား အသိပေးခဲ့ခြင်း မရှိ၊ အသိသာပေးခဲ့လျှင် ထိုနေရာအား သွားခွင့်ပြုမှာ မဟုတ်။

၎င်းတားမြစ်မှုများအတွက် စိတ်ဆိုး၍မဖြစ်။ ကျွန်ုပ်မောင်တင်မော်အား ပဲခူးဥသျှောင်မြို့သို့ ခေါ်လာချိန်၌ မိခင်သည် ကျွန်ုပ်အား ထိန်းသိမ်းပေးရန် သောင်းဒန်အား တာဝန်ပေးခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

မို့ သောင်းဒန်သည် ၎င်း၏အပြစ်သို့ ရောက်ရှိမှာ စိုးရိမ်သည့်အတွက် တင်းကျပ်စွာ တားမြစ်နေရခြင်း ဖြစ်သည်။

အချိန်သည် ညနေအချိန် စောင်းနေပြီ ဆိုပေမဲ့ ပထမနေ့ထက် စောနေသည်။ ထိုသို့ သွားရောက်ရသည်မှာ တခြားကြောင့် မဟုတ်။ ထိုနေရာက တွေ့ခဲ့သည့် မိန်းကလေးအား တွေ့ချင်သည့် စိတ်များကြောင့် ထွက်လာခဲ့ခြင်းသာ ဖြစ်သည်။

ထိုမိန်းကလေးသည် ဗိုလ်တထောင်စေတီတော်ပေါ်မှာ တွေ့ခဲ့သည့် မိန်းကလေးဟု ထင်မှတ်၍ တွေ့ချင်စိတ်များကြောင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် တစ်ယောက်တည်း ထွက်လာခဲ့မိတာကြောင့် စေတီတော် ရောက်လာခဲ့ရာ ပထမဆုံး ဝန်းကျင်အား အကဲခတ် ကြည့်နေမိရာ ကျွန်ုပ် ရှာဖွေနေသည့် မိန်းကလေးအား တွေ့လိုက်ရသည်မို့ စိတ်အေးသွားရပြန်သည်။

ကျွန်ုပ်သည် စေတီတော်သို့ ဝတ်ပြုပြီး မိန်းကလေးနှင့် စကားပြောရန် ကြိုးစားနေသည့် အချိန်တွင် မိန်းကလေးသည် တစ်နေရာသို့ ထွက်သွားသည်ကို တွေ့လိုက်ရသည်မို့ ကျွန်ုပ်သည် မိန်းကလေး၏ အနောက်သို့ လိုက်သွားသည်။

"ရှင် ဘာကြောင့် ကျွန်မရဲ့အနောက် လိုက်နေတာလဲ"

"အဲဒီမေးခွန်းကို ကျုပ် ဖြေဖို့ခက်နေပါတယ်။ အဲဒီအတွက် မင်းမေးခွန်းအစား ကျုပ်မေးခွန်းကိုသာ ဖြေပါ"





မိန်းကလေးသည် ကျွန်ုပ်အား နားမလည်သည့် အကြည့်များဖြင့် ကြည့်လိုက်ပြီး ရှေ့သို့ ခရီးဆက်နေပေ၏။

ကျွန်ုပ်သည် မိန်းကလေး၏ အနောက်သို့ ဆက်လိုက်နေမိသည်။

"ရှင်က ဘာများမေးမှာလဲ"

"ခင်ဗျားကို ကျုပ် ဗိုလ်တထောင်ဘုရားပေါ်မှာ တွေ့ခဲ့တယ်ဆိုတာ မင်း သိလား"

မိန်းကလေးသည် ကျွန်ုပ်အား ကြည့်လိုက်သည်။

၎င်း၏ အကြည့်များသည် နားမလည်သလို ဖြစ်နေသည်။

"ရှင် လူမှားနေပါတယ်၊ ကျွန်မဟာ ဒီအသက်အရွယ်ထိ ဗိုလ်တထောင်စေတီတော်ကို တစ်ခေါက်မှ မရောက်ဘူးတာ အမှန်ပါပဲ"

"ခင်ဗျား ကျုပ်ကို ညာပြောနေတာပဲ။ ဗိုလ်တထောင်စေတီတော်ပေါ်မှာ တွေ့ခဲ့သလို အိပ်မက်ထဲမှာလည်း ညတိုင်းလိုပဲ တွေ့နေတယ်။ အဲဒါကြောင့် ကျုပ် ခင်ဗျားကို လိုက်ရှာနေတာ ကြာပြီ။ အခုမှပဲ အေးအေးဆေးဆေး စကားပြောရတာပဲ"

"ကျွန်မ ရှင့်ကို စကားပြောဖို့ အချိန်မရှိဘူး။ ရှင့်ကိုလည်း ကျွန်မ မသိဘူး။ ရှင်ပြောပုံအရဆိုရင် ကျွန်မနဲ့တူတဲ့သူ တစ်ယောက် ရှိမယ်ထင်တယ်။ အဲဒီတော့ ဗိုလ်တထောင်မှာတွေ့တဲ့ မိန်းကလေးကို ပြန်ရှာလိုက်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ပြောလက်စ စကားများကို အဆုံးသတ်ပြီး တစ်နေရာသို့ ထွက်သွားရန် ဟန်ပြင်နေသည့် အချိန်တွင် ကျွန်ုပ်သည် ရှေ့မှပိတ်ရပ်ရန် ကြိုးစားသော်လည်း မိန်းကလေးသည် ကျွန်ုပ်အား ကြည့်လိုက်သည်။

၎င်း၏အကြည့်သည် မလိုလားသည့် အကြည့်မျိုးဖြစ်နေသည့်အတွက် ရုတ်တရက် စိုးထိတ်သွားသည်မှာ မှန်သော်လည်း မိန်းကလေးသည် ကျွန်ုပ်အား မသိဟန်ဆောင်နေသည်ဟု ထင်မှတ်နေသည်။

အကြောင်းမှာ တခြားမဟုတ်။ ဗိုလ်တထောင်စေတီတော်ပေါ်၌ တွေ့စဉ်တုန်းက ကျွန်ုပ်အား ယာရောက်စကားပြောပြီး နောက်ဆုံး၌ ကျွန်ုပ် မသိခင် တစ်နေရာသို့ ရှောင်ပုန်းထွက်ပြေးသွားသည်။ ကျွန်ုပ်သည် နာမည်နှင့် နေရပ်လိပ်စာများအား မေးသော်လည်း ပြောခြင်းမရှိ။

ယခု တွေ့တော့လည်း မသိဟန်ဆောင်သည့် စကားများ ပြောဆိုငြင်းပယ်လျက် ရှိနေသည်မို့ မိန်းကလေး၏ ငြင်းပယ်မှုကို လက်ခံနိုင်ခြင်း မရှိအောင် ဖြစ်နေသည်။ ထိုကဲ့သို့ ပြောရသည်မှာ တခြားကြောင့် မဟုတ်။ ယခု ကျွန်ုပ် တွေ့နေရသည့် မိန်းကလေးနှင့် စေတီတော်ပေါ်မှာ တွေ့သည့် မိန်းကလေး၊ အိပ်မက်ထဲမှ မိန်းကလေးသည် တစ်ယောက်တည်း ဖြစ်နေသည်။

"ဒါဆိုရင် ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ၊ ဘယ်နားမှာနေလဲ"





"ကျွန်မကို သံသယနဲ့ မမေးပါနဲ့၊ ရှင့်စကားတွေက ကျွန်မရဲ့အပေါ်မှာ သံသယတွေ ရှိနေတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်မက အားလုံးကို အမြင်ကင်းတယ်။ အဲဒီတော့ ရှင့်မေးခွန်းကို ကျွန်မ ဖြေပါ့မယ်။ ကျွန်မ နာမည်က စောနန္ဒီပါ။ နန်းတော်ကုန်း အနောက်မှာ နေပါတယ်"

"ကျေးဇူးတင်ပါတယ်။ ခင်ဗျားဟာ ဗိုလ်တထောင်စေတီတော်ပေါ်က မိန်းကလေး မဟုတ်ဘူးဆိုရင်တောင် အိပ်မက်ထဲက မိန်းကလေး ဖြစ်မှာတော့ သေချာတယ်ဗျာ"

"အို ... မဟုတ်တာရှင်"

ထိုသို့ပြောပြီးနောက် မိန်းကလေးသည် ကျွန်ုပ်အား ကျောခိုင်းထွက်သွားသည်မို့ အနောက်မှ လိုက်ခေါ်သည်။ မိန်းကလေး စောနန္ဒီသည် ကျွန်ုပ်၏ ခေါ်သံကို ကြားပေမဲ့ အနောက်သို့ လှည့်ကြည့်ခြင်းမရှိ ရှေ့ကိုသာ ဦးတည်နေသည်။

ထူးဆန်းသည်မှာ မိန်းကလေးသည် အများသွားနေသည့်လမ်းမှ မပြန်ဘဲ တောများထူထပ်သည့် လမ်းကြားလေးမှ ပြန်သွားသည့်ကိစ္စအတွက် လွန်စွာအံ့ဩမိသည်။ ကျွန်ုပ်သည် ပြတ်သားသည့် ဆုံးဖြတ်ချက်နှင့်အတူ မိန်းကလေး စောနန္ဒီ၏ အနောက်သို့ လိုက်လာခဲ့သည်။ စောနန္ဒီသည် အနောက်သို့လှည့်၍ ကြည့်ခြင်းမရှိ။ ရှေ့သို့သာ ဦးတည်နေသည်မို့ အချိန်သည် နေ့လုံးကြီး ပျောက်ကွယ်စပြုနေသည်မို့ ဖတ်ဝန်းကျင်၌ အမှောင်ထုများ လွှမ်းမိုးလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ဖခုလျှောက်လှမ်းနေသည့် လမ်းသည် လူသူအသွားအလာ နည်းသည်ဆိုတာ ကျွန်ုပ်ကိုယ်တိုင် သဘော ပေါက်နေသည်။

"ရှင် ကျွန်မကို ဘာလို့ အနှောင့်အယှက် ပေးနေရတာလဲ"

မိန်းကလေး၏ အသံသည် လွန်စွာပြတ်သားပြီး ဒေါသမျက်လုံးများနှင့် ကြည့်ခြင်းခံလိုက်ရသည်။

"တစ်မျိုးမထင်လိုက်ပါနဲ့ မိန်းကလေး၊ ကျုပ် အမှန်အတိုင်း ပြောရရင် ကျုပ် ရန်ကုန်မှာ တွေ့ခဲ့တဲ့ မိန်းကလေးဟာ ခင်ဗျားလို့ ထင်နေလို့ပါ။ အဲဒါကြောင့် လိုက်နေတာပါ လို့ ပြောရပေမဲ့ ဒီလိုအချိန်မှာ မင်းတစ်ယောက်တည်း ပြန်တာကိုလည်း စိုးရိမ်တယ်"

"အို ... ရှင် ... ရှင့်စကားက ကျွန်မရဲ့ ဂုဏ်သိက္ခာကို စော်ကားနေသလိုပဲ။ ကျွန်မဟာ ရှင့်ကို ဘာကြောင့် လိမ် ညာရမှာလဲ။ စကားကို ဆင်ခြင်ပြီး ပြောပါဦး။ ဒါတွေ ထားလိုက်ပါလေ။ အဲဒီတော့ ရှင် ဒီနေရာကနေ ပြန်တော့။ ရှင့်အတွက် စိုးရိမ်ရတယ်"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့ မိန်းကလေး။ ကျုပ်နေထိုင်တဲ့ နေရာကို ဒီက ပြန်ရတာပါ။ အဲဒီအတွက် ပြဿနာမရှိ ပါဘူး"

ကျွန်ုပ်သည် မိန်းကလေးအား လိမ်ညာပြောလိုက် ခြင်းသည် ကျွန်ုပ်သာ သိနေသည်။





တကယ်တော့ ကျွန်ုပ် ယခုမိန်းကလေး၏ အနောက် မှ လိုက်နေရပေမဲ့ မိန်းကလေးသည် ပြောလိုက်သည့် နန်းတော် ကုန်း မရောက်မီ လမ်းတစ်ဝက်၌ ပျောက်ကွယ်၍ သွားလျှင် အခက်ကြုံမှာ သေချာနေသည်။ ကျွန်ုပ်သည် အရဲစွန့်၍ လိုက်နေ ပေမဲ့ ၎င်းဒေသတွင် ကျွန်ုပ် မကျွမ်းကျင်သည်မှာ လွန်စွာမှန်နေ သည်။

မိန်းကလေးသည် ကျွန်ုပ်အား မည်သည့်စကားမှ မပြောတော့ဘဲမကျေနပ်သည့် အကြည့်မျိုးဖြင့် တစ်ချက်ကြည့် လိုက်ပြီး ရှေ့သို့ ခပ်နှေးနှေး တစ်လှမ်းချင်း လျှောက်လှမ်းနေပေ ၏။

ကျွန်ုပ်တို့သည် စကားပြောရင်း လျှောက်လှမ်းနေ သည့် ခရီးသည် တဖြည်းဖြည်းနှင့် အမှောင်ထုများအား လွှမ်းမိုး လျက် ရှိနေသလို ဝန်းကျင်၌ လူသူအသွားအလာ ကင်းမဲ့လျက် ရှိနေသည်ဆိုတာကို ကျွန်ုပ် ကောင်းစွာသတိထားလိုက်မိသည်မှာ အမှန်ပင်။

"ရှင်က ဘာသဘောနဲ့ ကျွန်မရဲ့နောက်က လိုက်နေရတာ လဲ၊ အိမ်က သိသွားရင် မကောင်းဘူး။ ဒီနေရာကနေ ပြန် သွားပါ။ မပြန်ဘူးဆိုရင်လည်း ကျွန်မ အနောက် ကပ်မ လိုက်ပါနဲ့ ခွာပြီးလိုက်ပါလို့ တောင်းပန်ချင်တာပါ"

"ကျွန်ုပ် မင်းကို မဟုတ်တာ မလုပ်ပါဘူး။ အဲဒီအတွက် စိတ်ချပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အတွက် စိုးရိမ်ရပါတယ်။ ကျွန်မအတွက် တခြားလူတွေ ဒုက္ခမရောက်စေချင်လို့ပါ"

"ဟာ ... အမယ်လေးဗျာ"

ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံး ဆူညံစွာ လွှမ်းမိုးသွားပေ၏။

၎င်းအသံပိုင်ရှင်သည် တခြားမဟုတ် ကျွန်ုပ်သာ ဖြစ်သည်။ ကျွန်ုပ်သည် မိန်းကလေး စောနန္ဒီ၏ စကားအား နားမထောင်ဘဲ အနားသို့ တိုးကပ်သွားသည့်အချိန်၌ ကြောက်စရာကောင်းသည့် အသံများနှင့်အတူ ထက်ကောင်းကင်ပေါ်မှ လွန်စွာ ကြောက်စရာကောင်းသည့် မြွေနဂါးကြီးနှစ်ကောင်နှင့်အတူ လူရိုင်းများသည် ကျွန်ုပ်ထံ အန္တရာယ်ပြုရန် ရောက်ရှိလာကြသည်။

ကျွန်ုပ်သည် မြောက်မြားစွာသော လူရိုင်းများနှင့် မြွေနဂါးကြီးနှစ်ကောင်အား မည်ကဲ့သို့ တိုက်ခိုက်ရမလဲဆိုတာ စဉ်းစားမရခင်အချိန်၌ လှမတင့်တယ်စွာ ဝတ်ဆင်ထားသည့် သူ့ရဲကောင်းတစ်ယောက်သည် မိန်းကလေး စောနန္ဒီ၏ လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ပြီး အနောက်သို့ ပို့လိုက်သည်။

"သင်ဟာ ကျွန်ုပ်ရဲ့ ရန်သူပဲ"

"ကျုပ် ခင်ဗျားတို့ကို ရန်မပြုလိုဘူး။ ကျုပ်ကိုလည်း ရန်မပြုပါနဲ့"

"ဒီက စောနန္ဒီဟာ ကျွန်ုပ်ရဲ့ ကြင်ယာတော်ပဲ၊ သင်ဟာ နယ်ကျော်ပြီး ကျုပ်ရဲ့ပိုင်ဆိုင်တဲ့တိုင်းကို ဝင်ရောက်လာတယ်၊ အဲဒါကြောင့် ရန်သူပဲ"





"ဒီမှာ ရှင် ပြေးတော့။ ရှင့်ကို သူတို့ သတ်လိမ့်မယ်"

"ကျုပ် သေရပါတယ်။ ကျုပ်အတွက်နဲ့ စောနန္ဒီ ဒုက္ခ အရောက် မခံဘူး"

"ဒီလူစိမ်းက ပြောရတယ်ခက်တာကို။ ကဲ ... ရန်ရွှေတော်ကြီးနှစ်ယောက် ဒီလူစိမ်းကိုချီပြီး မန်ကော်မြစ်ထဲ ပစ်ချလိုက်"

"ရန်ရွှေတော်များ ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ကြ"

ထိုသို့ ပြောပြီးနောက် သူ့ရဲကောင်းသည် စောနန္ဒီ၏ လက်အား တင်းကျပ်စွာ ဆွဲလိုက်ချိန်၌ ရန်ရွှေတော် လူရိုင်းများသည် ကျွန်ုပ်အား ကျောခိုင်း၍ ထွက်ခွာသွားရန် ကြိုးစားနေချိန်၌ မြွေနဂါးကြီးနှစ်ကောင်သည် ကျွန်ုပ်အား ဝင်ရောက်တိုက်ခိုက်နေကြသလို ၎င်းတို့သည် အတောင်များဖြင့် ရိုက်နေသလို နှုတ်သီးများကလည်း ကျွန်ုပ်အား ထိုးဆိတ်နေကြသည်။ ကျွန်ုပ်သည် အတောင်များပါသည့် မြွေနဂါးကြီး နှစ်ကောင်အား ခုခံတိုက်ခိုက်နေသည်။

ကျွန်ုပ်သည် မည်ကဲ့သို့ တိုက်ခိုက်နေပေမဲ့ အင်အားကြီးသော မြွေနဂါးကြီးနှစ်ကောင်အား အနိုင်တိုက်ခိုက်ရန် မလွယ်ကူ ဖြစ်နေသည်။ ထိုသို့ တိုက်ခိုက်နေချိန်၌ နဂါးကြီးများ၏ အတောင်များ၏ ပြင်းထန်စွာ အရိုက်ခံလိုက်ရသည့်အတွက် ကျွန်ုပ်သည် မြေပေါ်သို့ လဲကျသွားချိန်၌ မြွေနဂါးကြီးသည် မြန်ဆန်သည့်အရှိန်များဖြင့် ကျွန်ုပ်၏ ကျောခွဲ ကုတ်၍ချီလိုက်ပြီး ကောင်းကင်ပေါ်သို့ ပြန်တက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ယက်ကန် ယက်ကန်နှင့် အပေါ်သို့ လိုက်ပါသွားချိန်၌ စောနန္ဒီသည် သူ့ရဲကောင်း၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားသည်ကို အပေါ်မှ တွေ့နေရသည်။

"စောနန္ဒီ ... စောနန္ဒီ"

"စောနန္ဒီ"

ကျွန်ုပ်၏ အသံသည် ကြောက်ရွံ့စိုးရိမ်စိတ်များ လွှမ်းမိုးနေသလို ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။

"တင်ဖော်"

"တင်ဖော်"

"ဟင် ... ဟင်"

"ဘာဖြစ်လို့ ဒီလောက် အော်နေရတာလဲကွာ၊ သတိလည်း ထားစမ်းပါဦး တင်ဖော်ရာ"

ကျွန်ုပ်သည် မှိတ်ထားသော မျက်လုံးများအား ဖွင့်လိုက်ပြီး သောင်းဒန်အား ကြည့်လိုက်သလို ကျွန်ုပ်၏ကိုယ်၌ ရွှဲရွှဲစိုနေသည့် အရာတစ်ခုအား ထိတွေ့ခံစားလိုက်ရသည်။

ထို့နောက် ကျွန်ုပ်သည် လဲနေရာမှ ထထိုင်လိုက်သည်မှာ စိတ်ထဲ၌ အံ့သြတစ်ခု ဝင်ရောက်လာသည်။ တကယ်တော့ ကျွန်ုပ်သည် တကယ်ထင်နေမိသည်မှာ လွန်စွာမှားသွားသည်။

ကျွန်ုပ်ထ၍ အော်သည်မှာ တခြားကြောင့် မဟုတ်။ အိပ်မက်ထဲ၌ အလန့်တကြားဖြစ်၍ ထအော်လိုက်ခြင်း ဖြစ်သည်။





ကျွန်ုပ်သည် သောင်းဒန်အား တစ်ချက်ကြည့်လိုက်သည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ တင်ဖော်"

"ငါ အိပ်မက် မက်နေတာ သောင်းဒန်"

ကျွန်ုပ်သည် အထက်ပါ အိပ်မက်များ၏ အကြောင်းကို ပြောပြလိုက်ရာ သောင်းဒန်သည် ဟားတိုက်၍ ရယ်နေသည်မှာ မျက်ရည်တောင် ထွက်ကျနေသည်။

သောင်းဒန်၏ လုပ်ရပ်ကို တွေ့လိုက်ရသည့်အတွက် စိတ်ထဲ၌ ရှက်သလို ဖြစ်နေသည်။ တကယ်တော့ ယခုကဲ့သို့ ဖြစ်သွားရသည့်အတွက် ဘယ်လိုလူကိုမှ အပြစ်မတင်နိုင်အောင် ဖြစ်နေသည်။

"ဖြစ်မှ ဖြစ်ရလေ တင်ဖော်ရာ။ အဖြစ်ကလည်း တကယ်ကို ရယ်စရာကောင်းတဲ့ ဟာသဇာတ်လမ်းတစ်ပုဒ် ဖြစ်နေတယ်ကွာ။ အဲဒါကြောင့်လည်း မင်း သိလား"

"ငါက ဘာကို သိရမှာလဲ သောင်းဒန်ရာ"

"အိပ်မက် မက်ရတဲ့ အကြောင်းကိုလေကွာ"

"အိပ်မက်ပါဆိုမှ ဘာသိရမှာလဲ။ မင်းစကားကလည်းကွာ"

"မသိရင် ငါပြောပြမယ်။ မင်းအခုလို ဖြစ်ရတာ တခြား မဟုတ်ဘူး။ အဲဒါ စွဲလမ်းလို့ ဖြစ်တာကွာ။ အဲဒီစွဲလမ်းမှုတွေက မင်းကို ဒုက္ခပေးလိမ့်ဦးမယ်ကွာ"

"မင်းကလည်းကွာ၊ မဟုတ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သောင်းဒန်သည် စိတ်ကုန်သည့် အကြည့်များစွာဖြင့် ကျွန်ုပ်အား ကြည့်လိုက်သည့် အတွက်ကြောင့် ကျွန်ုပ်သည် သောင်းဒန်အား မည်သည့်စကားလုံးများဖြင့် ချော့ပြောရန် စဉ်းစားမရအောင် ဖြစ်နေမိသည်။

✧ ✧ ✧

## အခန်း(၉)

### ကျွန်ုပ်နှင့် အစ်မတော် မဟေသီနန္ဒီ

"ငါတကယ်ပြောတာ တင်ဇော်။ ဒီရက်ထဲမှာ ငါတို့အလုပ် အရမ်းရှုပ်တော့မယ်။ အဲဒီအတွက် မင်းရဲ့မေးခွန်းကို ငါ မဖြေနိုင်သေးဘူး"

"ဘာဖြစ်လို့ မဖြေနိုင်တာလဲ သောင်းဒန်ရာ။ အဲဒီအလုပ်တွေက မင်းတစ်ယောက်တည်းလုပ်လည်း ပြီးတာပဲ"

ကျွန်ုပ်သည် အိပ်မက်ထဲမှ အကြောင်းများနှင့် ပတ်သက်၍ 'စောနန္ဒီ၏' အကြောင်းများကို မေးသော်လည်း သောင်းဒန်သည် ဖြေကြားခြင်းမရှိ။ အလုပ်တွေထက် စောနန္ဒီသည် အဓိကမကျသူဟု ထင်မှတ်သေည်။

ကျွန်ုပ်အတွက်တော့ စောနန္ဒီဟာ အဓိကဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်သည့်အတွက် တစ်မျိုးမထင်ကြစေရန် ပြောလိုက်ချင်ပါသည်။ စောနန္ဒီကို ချစ်ခင်မြတ်နိုး၍ မဟုတ်၊ ရန်ကုန်၌ တွေ့ခဲ့သည့် မိန်းကလေးနှင့် ယခု စောစန္ဒီဟာ တစ်ယောက်တည်း ဖြစ်နေသလို ခရီးထွက်ရန်ကိစ္စလည်း လာရောက်၍ တားမြစ်သည်။

၎င်းတားမြစ်ခြင်းသည် မည်သည့်ကိစ္စကြောင့်လဲ။

ထိုနေရာ၌ စဉ်းစားစရာတစ်ခု တိုးလာပြန်သည်မှာ တခြားကြောင့်မဟုတ်။ ကျွန်ုပ်၏အိပ်မက်ထဲသို့ မိန်းကလေး တစ်ယောက်ရောက်လာသည်။ ပထမမိန်းကလေးသည် ခရီးမထွက်ရန် တားမြစ်ပြီး ဒုတိယမိန်းကလေးသည် ခရီးထွက်ရန် တိုက်တွန်းသည်။

တားမြစ်သည့် မိန်းကလေးနှင့် တိုက်တွန်းသည့် မိန်းကလေးသည် ခွဲမရအောင် တူနေသည်ဟု ထင်ရပေမဲ့ စိတ်ချင်းကတော့ မတူအောင် ဖြစ်နေသည်။ ၎င်းမတူညီသော စိတ်များအား မြင်တွေ့လိုက်ရသည့်အတွက် သံသယများ ဖြစ်နေမိသည်။

ယခု စောနန္ဒီ ဆိုသည့် မိန်းကလေး နန်းတော်ကုန်းရပ်ကွက်၌ နေထိုင်သည်ဆိုတာ တကယ်ဟုတ်ရဲ့လားဟု တွေးနေမိသလို စောနန္ဒီ၏ နေရပ်ကို မေးသော်လည်း သောင်းဒန်သည် ဖြေကြားခြင်းမရှိ၊ အလုပ်ကိုသာ ဦးတည်ရန် ဖြေနေသည့်အတွက် ကျွန်ုပ်မှာ လွန်စွာခက်နေသည်။





"အဲဒီလိုတော့ မပြောနဲ့ ကင်ဇော်။ ဒီအလုပ်မှာ ငါရှိနေတာပဲဆိုပြီး မင်းက မလုပ်ဘဲနေရင် လက်ရှိမှာတော့ ဘာမှမဖြစ်ပေမဲ့ ငါ တစ်နေရာကို ခရီးရက်ရှည် ထွက်သွားတဲ့အခါ ဒီအလုပ်တွေကို ဘယ်သူ ဦးစီးမှာလဲ၊ မင်းပဲ ဦးစီးရမှာပဲ၊ အဲဒါကို မင်း သိလား"

"မင်းက ဘယ်ကို ခရီးထွက်ဖို့ ရှိသေးလို့လဲ"

"အဲဒါကတော့ ဘယ်ပြောလို့ ရမှာလဲ။ ဒီလောက်ရှုပ်ထွေးနေတဲ့ လူ့လောကမှာ ရာသက်ပန် ဒီအတိုင်းပဲ နေသွားရလိမ့်မယ်၊ ဘယ်သူက အတတ်ပြောနိုင်လို့လဲ တင်ဇော်ရာ။ မသိသေးဘူး ဆိုရင်လည်း ပြောရတာပေါ့ကွာ၊ ဒီနေ့ငါဟာ ကျန်ခဲ့တဲ့ ပုံစံနဲ့မတူ၊ နောက်လာမဲ့နေ့နဲ့လည်း တူမှာမဟုတ်ဘူးဆိုတာ မင်း သိရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

"မင်းစကားက ဒီနေရာမှာ အရင်နေ့တွေထက်ပိုပြီး ထူးဆန်းနေပါလား သောင်းဒန်ရာ"

"အဲဒါက မင်း အခုမှ သတိထားမိလို့ နေမှာပါ တင်ဇော်ရာ။ ငါဟာ မင်းကို ရန်ကုန်မှာရော အခု ဒီကိုရောက်လာမှရော ဒီစကားတွေကို ကရားရေသွန်သလို ပြောနေတယ်ဆိုတာ သိထားပေးပါ တင်ဇော်ရာ"

ကျွန်ုပ်သည် သောင်းဒန်အား စူးရှစွာ ကြည့်လိုက်မိရာ ၎င်းသည် ကျွန်ုပ်ကို ပြန်လည်၍ ကြည့်ခြင်းမရှိ၊ စာရင်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်အား မျက်နှာမှလျက် ရှိနေပြီး စာရင်းများအား တွက်ချက်လျက် ရှိနေသည်ကို တွေ့နေရသည်။

တကယ်တော့ သောင်းဒန်သည် အများနှင့်မတူသော လူငယ်တစ်ယောက်ဖြစ်ပြီး အလုပ်များအား လွန်စွာကြိုးစားသည်။ ထိုအတွက်ကြောင့် ဖခင်သည် ၎င်းပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ကျွန်ုပ်နှင့်အတူ လုပ်ကိုင်ရန် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

သောင်းဒန်၏ လုပ်ရပ်အား ယုံကြည်စိတ်ချနေသည့်အတွက် လုပ်ငန်းများနှင့် ပတ်သက်၍ ၎င်းအား ယုံကြည်၍ မည်ကဲ့သို့မပြောဘဲ လွှတ်ထားသည်။ သောင်းဒန် လူတော်လူကောင်းတစ်ယောက် ဖြစ်နေသည့်အတွက် ၎င်းကဲ့သို့ လွှတ်ထားသည်ကို လက်မခံ။ အလုပ်များကို အတူတူလုန်ရန်သာ ပြောနေသည်။

"ငါသဘောပေါက်ပြီ သောင်းဒန်၊ ဒါပေမဲ့ကွာ ငါ့စိတ်ထဲမှာ စွဲလမ်းနေတဲ့ အရာတစ်ခုကို ဝေခွဲမရအောင် ဖြစ်နေတယ်ကွာ။ အဲဒါတွေကို ငါလည်း အဖြေရှာနေတာ။ အခုထိ မရသေးဘူးကွာ"

"အဖြေရှာလို့ရတဲ့နေ့ဟာ ပုံစံပြောင်းသွားတဲ့ နေ့တစ်နေ့ မဖြစ်ပါစေနဲ့လို့ပဲ ငါ ဆုတောင်း နေပါတယ်ကွယ်"

"မင်းကလည်းကွာ၊ မဟုတ်တာပဲ။ ငါ့အကြောင်းကို အဘိုးစီးပထမံအောင် ပြောလိုက်တာကို မင်းလည်း ကြားရဲ့သားနဲ့ကွာ။ ငါဟာ ဘဝပေါင်းက ဘယ်လိုလူဆိုတာ မင်းသိရဲ့သားနဲ့"





"အဲဒီအရာလေးတွေကို စွဲလမ်းနေတာကိုက မှားနေတယ် တင်ဖော်ရာ။ မင်းကို ဘယ်လိုစကားမျိုး ပြောလိုက်တယ် ဆိုတာ မေ့နေပြီလား တင်ဖော်ရာ။ မင်းအတွက်နဲ့ ငါတော့ ရှုးချင်ပြီကွာ"

"မစိုးရိမ်ပါနဲ့ သောင်းဒန်ရာ။ ငါလိုချင်တဲ့အဖြေ သိရရင် ပြီးသွားမှာပါကွာ"

"ငါ တစ်ခုပဲ ဆုတောင်းပေးပါ့မယ် တင်ဖော်။ မင်းလိုချင်တဲ့ အဖြေ အောင်မြင်ပါစေလို့ပဲကွာ"

သောင်းဒန်သည် ထိုကဲ့သို့ ပြောလိုက်သည့် စကားသည် ကျွန်ုပ်အား မကျေနပ်သည့် သဘောမျိုးဖြင့် ပြောလိုက်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်သည် ကျေးဇူးတင်သည့် အကြည့်မျိုးဖြင့် ကြည့်၍ စာရင်းများအား စတင်ပြုလုပ်နေသည်။

ကျွန်ုပ် ပြုလုပ်ရသည့် စာရင်းများသည် သုံးလေးရက်မက မပြုလုပ်ထားသည်မို့ ယခု ပြုလုပ်ရသည့် စာရင်းများသည် လွန်စွာများသည်မို့ ၎င်းစာရင်းများအား ပြီးပြတ်အောင်လုပ်ရန် ဖြစ်သည်။

သောင်းဒန်သည် စီးပွားရေးလုပ်ရာ၌ ကျွမ်းကျင်သူတစ်ယောက် ဖြစ်သည်မို့ နေ့စဉ် လုပ်ငန်းများ၏ စာရင်းများကို နေ့စဉ်ပြုလုပ်လေ့ရှိသည်။ တစ်နေ့မလုပ်သည့် စာရင်းများသည် နောက်နေ့လုပ်လိုက်သည်နှင့် ပို၍ပင်ပန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ပင်ပန်းမည်ကို စိုးရိမ်သည့်အတွက် တစ်နေ့လုပ်ငန်းများအား တစ်နေ့ပြီးအောင်လုပ်ရန် ဆုံးဖြတ်ချက် ချလိုက်ကြသည်။

✧ ✧ ✧

ကျွန်ုပ်သည် ဖခင်၏ လုပ်ငန်းများကို ဦးဆောင်လုပ်နေသည့်အတွက် လုပ်ငန်းများသည် တိုးတက်အောင်မြင်လာသည့်အတွက် ယခင်ကထက်ပို၍ အလုပ်ရှုပ်ထွေးလာပေမဲ့ ညနေစောင်းသည်နှင့် ရွှေသာလျောင်းစေတီတော်သို့ စိတ်ကရောက်နေသည်။

၎င်းအတွက် အလုပ်များ မည်ကဲ့သို့ ရှုပ်နေပေမဲ့ စေတီတော်သို့ ညနေတိုင်း ရောက်ရှိသွားလေ့ရှိသည်မှာ တခြားကြောင့် မဟုတ်။ အိပ်မက်ထဲမှ မိန်းကလေးအား တွေ့ချင်သည့်အတွက်ကြောင့် သွားရောက်ရခြင်းပင် ဖြစ်သည်။

သို့သော် ဆန္ဒများသည် အောင်မြင်မှုများ မရှိခဲ့ပေ။

ကျွန်ုပ် စေတီတော်သို့ ရောက်ရှိသွားလျှင် မိန်းကလေးသည် ပြန်သွားသည့်အတွက် လွဲရပြန်သည်။ မိန်းကလေးနှင့် ပတ်သက်၍ စုံစမ်းကြည့်မိသည့် အချိန်မှာ ကျွန်ုပ်သည် မိန်းကလေးအား ပို၍ပင် စိတ်ဝင်စားသွားသည်။





စေတီတော်ပေါ်၌ အသက် ခြောက်ဆယ်ကျော်လောက် သူတော်စင်ကြီးတစ်ယောက်နှင့် ရင်းနှီးသွားခဲ့ပြီး သူတော်စင်ကြီးသည် မိန်းကလေးနှင့် ပတ်သက်၍ ပြောပြသည့်အတွက် ကောင်းစွာသိနေသည်။ ထို့အတူ မိန်းကလေး လာချိန်ပြန်ချိန်ကအစ ပြောပြထားသည့်အတွက် သိနေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ထိုနေ့တွင် စေတီတော်ရှိရာသို့ ခပ်စောစော ထွက်လာခဲ့သည်။ ထိုနေ့ ထွက်လာသည့်အချိန်တွင် မိန်းကလေး စောနေ့က ထွက်လာချိန်နှင့်အတူ အချိန်တိုက်၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ ကျွန်ုပ်သည် မိန်းကလေးအား တွေ့ချင်သည့် အတွက်ကြောင့်သာ ထွက်လာခဲ့ရပေမဲ့ ကျွန်ုပ်နှင့် မိန်းကလေးသည် စကားကောင်းစွာ မပြောဖူးပေမဲ့ မိန်းကလေးသည် ကျွန်ုပ်အား ကောင်းစွာသိနေမှာ အမှန်ပင်။

မိန်းကလေးသည် ရွှေသာလျောင်းစေတီတော်မှာ အမြဲရှိနေသည်ဆိုသည့် အကြောင်း အိပ်မက်ထဲ၌ အမြဲလို လာခေါ်နေသည်။ ယခု ကျွန်ုပ်သည် စေတီတော်အတွင်းသို့ ရောက်ရှိလာသည်။

"လူကလေး ရောက်လာတာနဲ့ အတော်ပဲ၊ ဒီနေ့ဟာ လူကလေးအတွက် လွန်စွာထူးဆန်းတဲ့နေ့ပဲလို့ ပြောလို့ရပြီဟေ့"

အဘိုးအို၏ စကားသည် ကျွန်ုပ်အတွက် လွန်စွာ အံ့သြပြီး အသံပိုင်ရှင်၏ မျက်နှာအား ကြည့်လိုက်ချိန်တွင် ကျေ



www.burmeseclassic.com

www.burmeseclassic.com

*နှပ်နေသည့်အသွင်သို့ ရောက်ရှိနေသည်။ အသံပိုင်ရှင်သည် တခြား*
လူမဟုတ် စေတီတော်၌ တရားအားထုတ်နေသူပင် ဖြစ်လေသည်။

"အဘိုးရဲ့စကားက လွန်စွာထူးဆန်းနေသလိုပဲ"

"ဟုတ်တယ် လူကလေး၊ လူကလေးကို မိန်းကလေးက မျှော်နေတယ်။ အဘပြောတယ်လို့ မပြောနဲ့။ ကိုယ့်သဘောနဲ့ကိုယ်သွား၊ ကြားလား"

"ဟုတ်ကဲ့ပါ အဘိုး"

ကျွန်ုပ်သည် အဘိုးအိုအား တျာခိုင်း၍ စေတီတော်ဝင်းအတွင်း၌ ထိုင်နေသည့် မိန်းကလေးရှိရာသို့ ဦးတည်လာနေသည်မို့ မိန်းကလေးသည် စေတီတော်အား အာရုံပြုနေသည်မို့ ကျွန်ုပ်သည် မိန်းကလေး၏အနီး၌ ရပ်လိုက်သည်။

မိန်းကလေးသည် စေတီတော်အား သုံးကြိမ်ကန်တော့ပြီး ကျွန်ုပ်အား ကြည့်နေချိန်၌ ကျွန်ုပ်သည် မသိသလိုဖြင့် မျက်လုံးများအား မှိတ်၍နေသည်။

မိန်းကလေးသည် ကျွန်ုပ်အား သေချာကြည့်နေသည်မို့ ကျွန်ုပ်သည် စေတီတော်အား သုံးကြိမ်ကန်တော့နေချိန်တွင် မိန်းကလေးသည် တစ်နေရာသို့ ထွက်သွားသည်။ ကျွန်ုပ်သည် မိန်းကလေး၏ အနောက်သို့ လိုက်သည်။ မိန်းကလေး စေတီတော်၏အနောက်ဘက် တောင်လေးတစ်ခုဆီသို့ ဦးတည်နေပြီး ၎င်းတောင်လေး၌ နတ်ကွန်းလေးတစ်ခု ရှိနေသည်။





မိန်းကလေးသည် နတ်ကွန်းအား ဦးခိုက်ပြီးနေသည့် အချိန်မှာ ကျွန်ုပ်သည် မိန်းကလေး ဦးခိုက်သည့် နတ်ကွန်းလေးအား ကြည့်လိုက်ရာ ကျွန်ုပ်အတွက် လွန်စွာအံ့ဩစရာကောင်းသည့် မြင်ကွင်းတစ်ခု ဖြစ်သည်။ နတ်ကွန်းအတွင်း၌ရှိသည့် နတ်ရုပ်တုသည် လွန်စွာ[illegible]လှပသည့် အမျိုးသမီးတစ်ဦး၏ ပုံဖြစ်သည်ဟု ပြောလိုက်သည်ထက် ရုပ်တုတစ်ခုဟု ပြောရလျှင် ပို၍ပင် မှန်သည်။

ရုပ်တု၏ပုံသည် ရှေးရိုးဇဝင် အဝတ်အစားပုံစံဖြစ်ပြီး မိဖုရားတစ်ပါးဟု ထင်မှတ်ရသည်။ မတ်ရပ်ပုံရုပ်တု၏အောက်၌ အစ်မတော် မဟေသီနန္ဒီဟု ရေးထားသည်ကို အထင်းသားတွေ့လိုက်ရသည်မို့ ကျွန်ုပ်၏ စိတ်များသည် လွန်စွာတုန်လှုပ်သွားသည်။

အစ်မတော် မဟေသီနန္ဒီ။ တစ်ချိန်တုန်းကာလမှာ ကျွန်ုပ်နှင့် ပတ်သက်ဖူးသည်ဟု ထင်မှတ်နေပေမဲ့ ဘယ်လိုပတ်သက်ခဲ့သည်ဆိုတာ မစဉ်းစားဘတ်အောင် ဖြစ်သွားသည်။

ထို့အတူ ၎င်းအစ်မတော် မဟေသီနန္ဒီသည် ထိုနေရာသို့ မည်သို့ရောက်ရှိလာပြီး ရုပ်ပုံတော်အား မည်သည့်သဘောဖြင့် ထုလုပ်ကိုးကွယ်လိုက်သည်ဆိုတာ မသိသလို၊ ထိုနေရာနှင့် မည်ကဲ့သလို့ ပတ်သက်နေသလဲဆိုတာ သိချင်စိတ်များ လွှမ်းမိုးသလို စောနန္ဒီအား ကြည့်လိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com



စောနန္ဒီသည် အစ်မတော်မဟေသီနန္ဒီအား မျက်နှာတော် သစ်ပေးပြီး ကျွန်ုပ်အား တစ်ချက်ကြည့်ပြန်သည်။

"ရှင်ဘာသဘောနဲ့ ကျွန်မရဲ့အနောက်ကို လိုက်နေရတာလဲ"

"ကျုပ် ဒီနေရာကိုလာဖို့ စောနန္ဒီက ခေါ်လိုက်တာပဲ"

"ရှင်က ကျွန်မနာမည်ကို သိနှင့်နေပြီကို။ ဟုတ်ပါတယ်လေ ကျွန်မကလည်း ရှင့်နာမည်ကို သိနေသားပဲ။ ဒီနေရာမှာ ရှင်နဲ့ ကျွန်မ လွဲမှားမှုတစ်ခုပဲ ရှိတယ်။ ကျွန်မရဲ့ အိပ်မက်ထဲမှာ ရှင်က ကျွန်မကို လာလာခေါ်နေတာ အမြဲလိုပဲ။ အဲဒီအချိန်မှာ ကျွန်မက ရှင့်ကို ရက်ရက်စက်စက် ပြောတယ်၊ ရှင်က ကျွန်မကို တောင်းပန်တာ အမြဲပဲ"

"ကျုပ်အိပ်မက်က အဲဒီလို မဟုတ်ဘူး။ စောနန္ဒီက ဒီအစ်မတော် မဟေသီနန္ဒီရဲ့ နတ်ကွန်းမှာ စောင့်နေပါမယ်၊ ရောက်အောင် လာခဲ့ပါ။ ကျုပ်မလာရင် ခင်ဗျား သတ်သေမယ်လို့ ပြောတယ်။ အဲဒီနေရာမှာ ကွဲလွဲမှုတစ်ခုရှိတယ်။ စောစန္ဒီ ခေါ်တဲ့ မိန်းကလေးက မသွားဖို့ လာပြီးတားနေတယ် စောနန္ဒီ"

ကျွန်ုပ်၏စကားအား ကြားလိုက်ရချိန်၌ စောနန္ဒီသည် နားမလည်စွာ ကြည့်လိုက်သည်ကို သဘောပေါက်နေသလို ကျွန်ုပ်၏စိတ်ထဲ၌ နားမလည်သည့် အကြောင်းအရာများစွာ ဖြစ်ပေါ်လျက် ရှိနေသည်မှာ တခြားမဟုတ်ပေ။ အစတုန်းက အိပ်မက်ထဲမှ တွေ့တွေ့နေရသည့် မိန်းကလေးသည် တစ်ယောက်တည်းဟု





ထင်နေမိပေမဲ့ တကယ်တမ်းကြတော့ နှစ်ယောက်ဖြစ်နေမှန်း သိရသည် ဆိုပေမဲ့ အတိအကျ ပြောမရအောင် ဖြစ်နေသည်။

မည်သို့ပင် ဖြစ်စေကာမူ ယခု စောနန္ဒီနှင့် တွေ့ဆုံနေရသည်ကိုက ကျေနပ်စရာတစ်ခု ဖြစ်နေသည်။

"အဲဒီ စောစန္ဒီ ဆိုတဲ့ မိန်းကလေးက ဘယ်မှာလဲ။ ရှင်နဲ့ ဘယ်လိုပတ်သက်နေသလဲ။ ကျွန်မနဲ့ရော ဘယ်လိုကွာခြားမှုရှိလဲ"

"အိပ်မက်ထဲမှာ တွေ့တာပဲ။ အားလုံး စောနန္ဒီလိုပါ မျက်နှာ ကိုယ်လုံး ဆံပင်ကအစ တူပါတယ်။ ဒါကြောင့် စဉ်းစားစရာတွေ ဖြစ်လာတာပဲ"

"ရှင့်စကား ကြားရတာ ကျွန်မ ဘာမှနားမလည်တော့ဘူး"

"ဒီစကားကို ခက်နေတာပဲ။ ကျုပ်လည်း နားလည်ရခက်နေတာပဲ။ ဒါပေမဲ့ ကျုပ်မှာ ယုံကြည်ချက်တစ်ခုတော့ ရှိတယ်။ အဲဒါတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင်းသွားမယ်လို့ ထင်တယ်ဗျာ"

"အဲဒီနေ့က ဘယ်နေ့လဲ။ ဒါတွေ ထားလိုက်ပါတော့လေ။ ရှင် ကျွန်မကို တွေ့ချင်တယ်ဆိုတဲ့ အကြောင်းက ဘာလဲ။ ဘာကြောင့်လဲ"

"ကျုပ် တွေ့ချင်နေတဲ့ စောနန္ဒီဟာ ကျုပ်ရဲ့အိပ်မက်ထဲက စောနန္ဒီ ဟုတ်၊မဟုတ် သိချင်တာပါ။ အဲဒီအတွက် တွေ့ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ကျွန်မ မပြောတတ်တာတော့ အမှန်ပဲ။ ကျွန်မ အိပ်မက်ထဲမှာလည်း ရှင်ဟာ အမြဲလိုပဲ မက်နေတယ်။ ကျွန်မ အိပ်မက်ထဲက ကိုတင်ဇော် ဆိုတဲ့လူဟာ ရှင် ဟုတ်,မဟုတ်ဆိုတာတော့ ကျွန်မလည်း အသေအချာ မပြောတတ်ဘူး။ ဒါပေမဲ့ ထူးခြားမှုတစ်ခုက တင်ဇော်ဆိုတဲ့ လူတစ်ယောက် လာလိမ့်မယ်ဆိုတာကတော့ မှန်နေတယ်ရှင်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ စောနန္ဒီ"

စောနန္ဒီသည် ထိုင်နေရာမှ ထလိုက်ပြီး အစ်မတော်နတ်ကွန်း၏ ခပ်လှမ်းလှမ်းရှိ ကျွန်းနက်ပင်ကြီး အနီးသို့ ဦးတည်ထွက်သွားရာ ၎င်းကျွန်းနက်ပင်သည် လွန်စွာကြီးမား၍ နှစ်ပေါင်းများစွာမှာ အပင်ကြီးဟု ထင်မှတ်မိသည်။

ကျွန်ုပ်သည် စောနန္ဒီ၏ အနောက်သို့ ကပ်လိုက်သွားပြီး ကျွန်းနက်ပင်ကြီး၏အောက်ရှိ ကျောက်ထိုင်ခုံလေးများပေါ်၌ ကပ်ထိုင်လိုက်သည်။ စောနန္ဒီသည် သက်ပြင်းရှည်တစ်ခုအား လေးတွဲစွာ ချလိုက်သည်။

"အဲဒီ တင်ဇော် ဆိုတဲ့ လူတစ်ယောက် ရောက်ရှိလာတာနဲ့ ကျွန်မတို့မိသားစုထဲက လူတစ်ယောက် ဒါမှမဟုတ် ကျွန်မခန္ဓာ ပျက်ကိန်းရှိတယ်လို့ အဘိုးက ပြောသလို၊ ကျွန်မကလည်း သိနေတယ် ဘာကြောင့်လဲဆိုတော့ ကျွန်မကို မွေးပြီးတဲ့နေ့မှာ အမေဟာ ခန္ဓာပျက်သွားရတယ်"





"ကျွန်မကို မွေးပြီး အမေဟာ ခန္ဓာပျက်ကိန်းရှိတယ်လို့ အဘိုးက ကြိုတွက်ထားပြီးသား တကယ်လည်း ကျွန်မကို မွေးပြီးရော အမေဟာ ကျွန်မတို့ မိသားစုကို ခွဲခွာရတယ် ကိုတင်ဇော်"

စောနန္ဒီ၏ စကားအား ကြားလိုက်ရသည့် အချိန်၌ ကျွန်ုပ်၏ ရင်ထဲ၌ ကြေကွဲမှုတစ်မျိုးနှင့် ကြုံတွေ့လိုက်ရသလို ခံစားလိုက်သည်။ ၎င်း၏စကားအရ ကျွန်ုပ်ဟာ ထိုမိသားစုအတွက် မကောင်းဆိုးဝါး အကောင်လားဟု ထင်နေမိသည်။

တကယ်တော့ ကျွန်ုပ်သည် စောနန္ဒီကို တွေ့ချင်သည်မှာ တခြားအကြောင်းထူးမရှိ၊ အိပ်မက်ထဲကအတိုင်း ရိုးရိုးသားသားပင် ဖြစ်သည်။ ယခု ကျွန်ုပ်နှင့်တွေ့မှ သေရမည်ဆိုသည့် စကားသည် ကျွန်ုပ်အတွက် အထိတ်တလန့် ဖြစ်သွားသည်။

တကယ်တော့ စောနန္ဒီ၏စကားသည် ကျွန်ုပ်အတွက် ယုံကြည်စရာမရှိပေမဲ့ စောနန္ဒီအား မွေးဖွားသည့်နေ့တွင် စောနန္ဒီ၏မိခင် သေဆုံးသွားသည်ဆိုတာ သေချာသည်။

စောနန္ဒီ မွေးဖွားပြီး မိခင်သေဆုံးလိမ့်မည်ဟု အဘိုးဖြစ်သူ ကြိုတင်ပြောကြားထားသည့်အတွက် ဖခင်ဖြစ်သူသည် မွေးဖွားခြင်းမပြု။ တိုင်းရင်းဆေးများဖြင့် ဖျက်ချရန် ဆန္ဒရှိနေသော်လည်း မိခင်ဖြစ်သူသည် လက်မခံသလို စောနန္ဒီသည် သာမန်မိန်းကလေး မဟုတ်ဟု ကြိုတင်တွက်ချက်ထားသည်။

စောနန္ဒီ၏အဘိုး ပရောဟိတ် ဗေဒဆရာကြီးသည် ၎င်းမီးမဖွားမီ လေးလအကြိုတည်းက တွက်ချက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးဟာ ယခုမွေးဖွားသည်မှာ တတိယရတနာဖြစ်ပြီး မိသားစုအတွက် ပြောင်းလဲမှုတစ်ခုလည်း ဖြစ်သွားဦးမည်။ ယခု မွေးဖွားသူမှာ သမီးမိန်းကလေးဖြစ်ပြီး သာမန်မိန်းကလေး မဟုတ်သလို ဘဝဟောင်းက ပဋ္ဌာန်းဆက်တွေကြောင့် လူသားတစ်ဖန် လာရောက်ဖြစ်ရခြင်း ဖြစ်သည်။

၎င်းသမီးရတနာသည် အတိတ်ဘဝက သမီးတော်တစ်ပါးဖြစ်ပြီး ဘာသာရေးကို လွန်စွာရိုသေကိုင်းရှိုင်းသူတစ်ယောက် ဖြစ်ခဲ့သည်။ ၎င်းမှာ အဖေတူ အမေကွဲညီမတော်တစ်ပါး ရှိခဲ့သည်။ သမီးတော်များမှာ အသက်လောက်ချစ်ရသူတစ်ဦးရှိသည်။ အဲဒီချစ်ရသူကို အပြိုင်ရယူရန်ကြိုးစားခဲ့ကြရင်းက မိသားစုစိတ်ဝမ်းကွဲလာကြပြီး ကြီးမားသော ပြဿနာ ဖြစ်ပေါ်လာခဲ့သည်။

အဲဒီပြဿနာများရဲ့ ရန်ပွဲသည် ယခုဘဝပါလာတယ်။ အဲဒီအတွက် မွေးဖွားလာမဲ့ မြေးလေးဟာ ဒီရန်ကြွေးတွေကို ပြန်ပြီး ဆပ်ရမယ်။ အဲဒီလို ဆပ်ရမဲ့အချိန်ဟာ အသက်နှစ်ဆယ်ကျော်မှ ဖြစ်မယ်။ ဘယ်လိုပုံစံနဲ့ ဆပ်ရမလဲဆိုတာက ဆန်းကြယ်မှု မရှိပါဘူး။ အတိတ်ဘဝက ပဋ္ဌာန်းဆက်တစ်ယောက်ကို တွေ့လိုက်မယ်။ အဲဒီပဋ္ဌာန်းဆက်နဲ့ တွေ့ပြီးတာနဲ့ မြေးလေးဟာ ပြောင်းလဲမှုတစ်ခု ဖြစ်လာလိမ့်မယ်။





အဲဒီလိုပဲ မြေးလေးကို မွေးဖွားခါနီးမှာ ထူးဆန်းတဲ့ အိပ်မက်တွေ မက်လိမ့်မယ်။ အိပ်မက်ထဲမှာ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေ ဝိုင်းရံပြီး ခံ့ညားထည်ဝါတဲ့ ထမ်းစင်ကြီးတစ်ခုပေါ်မှာ လွန်စွာလှပချောမောတဲ့ မိဖုရားငယ်တစ်ပါး ပါလာလိမ့်မယ်။ အဲဒီမိဖုရားလေးက ဒီအိမ်ပေါ်ကို တက်လာမယ်။ မိဖုရားလေး တက်လာတာနဲ့ သာမန်အိမ်ဟာ နန်းတော်ကြီးတစ်ခုကဲ့သို့ ကြီးကျယ်ခံ့ညားသွားလိမ့်မယ်။ အိပ်မက်ထဲမှာ အဲဒီလို မြင်မက်လိမ့်မယ်။

အဓိက ပြောချင်တာက သူဟာ မိသားစုကို ကောင်းကျိုးတွေ ပေးလိမ့်မယ်။ သူ့ကိုမွေးပြီးတာနဲ့ စီးပွားတွေ တက်လာမယ်။ မွေးမဲ့အချိန်က မိဿဝါဒ။ စုံကဏ္ဍ။ ပုရိဿယဋ္ဌ လဝန်း မဏ္ဍာအကာလ ဖြစ်သည့်အတွက် လပြည့်နေ့ည ဆယ်ချက်တီးချိန်မှာ မွေးဖွားမှာ ဖြစ်တဲ့အတွက် မွေးပြီးတာနဲ့ ကလေးကို ရွှေရတနာများနဲ့ ချက်ချင်းရေချိုးပေးရမယ်။ နောက်တစ်ခုက ဆရာတော်များကို ဆွမ်းအုပ်ပို့ပေးလိုက်ပါ။ သူ့အတွက် ရည်စူးပြီး ပို့ပေးလိုက်ပါ။ မင်းတို့အတွက်ရော မြေးလေးအတွက်ရော ကောင်းတာပေါ့ကွယ်တို့ရာ"

အထက်၌ ဖော်ပြလတ္တံ့သော အကြောင်းအရာများသည် စောနန္ဒီ၏ အကြောင်းအား ၎င်း၏အဘိုး စကားများပင် ဖြစ်သည်။ ထို့အတွက်ကြောင့် စောနန္ဒီ ကျွန်ုပ်တင့်ဖော်နှင့် တွေ့သည့်အချိန်၌ ထိုစကားများအား ပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်းတွေ ကျုပ်နဲ့ ဘာဆိုင်လို့လဲ စောနန္ဒီ။ ကျုပ်သိချင်တာ စောနန္ဒီနဲ့ တွေ့ချင်တဲ့အကြောင်းပဲ။ ကျုပ်ရဲ့အိပ်မက်ထဲက မင်းဟာ တကယ်ကို ထူးဆန်းနေတယ်။ ဒါကြောင့် စောနန္ဒီကို တွေ့ဖို့ကြိုးစားနေတာပဲ"

"ကဲ ... ကျွန်မကို တွေ့ပြီး ကျေနပ်သွားတယ်ဆိုရင် ရှင်ပြန်တော့"

"စောနန္ဒ ကျုပ်ကို စကားတွေ ပြောစရာ မရှိတော့ဘူးဆိုတာ ကျုပ် သိပါတယ်။ တစ်ခု သိချင်သေးတယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ ဒီနတ်ကွန်းအစ်မတော် မဟေသီနန္ဒီ ဆိုတာ စောနန္ဒီနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ကျွန်ုပ်၏ စကားသည် စောနန္ဒီ အတွက် လွန်စွာထူးဆန်းလျက် ရှိနေသည်မို့ ၎င်းသည် ကျွန်ုပ်အား တစ်ချက်ကြည့်နေသည်။ စောနန္ဒီ၏ အကြည့် နားမလည်သလို ဖြစ်ပြီး စောနန္ဒီသည် အစ်မတော် မဟေသီနန္ဒီနှင့် မည်ကဲ့သို့ ပတ်သက်နေသလဲဆိုတာ၊ မသိပေမဲ့ အစ်မတော် မဟေသီနန္ဒီ၏ ရုပ်ပုံတော်အား မြင်တွေ့နေရလျှင် စိတ်ထဲ၌ ကြည်နူးလျက်ရှိပြီး ၎င်းကိုယ်တိုင် မဟေသီနန္ဒီ ဖြစ်ခဲ့လျှင် ကောင်းမှာဟု ထင်မှတ်နေသည်။

ထိုသို့တွေးမိသော်လည်း ယခု ကျွန်ုပ်၏မေးခွန်းအား ဖြေကြားရန် ခက်နေပေ၏။ ၎င်းအတွက်ကြောင့် ရုတ်တရက် ဖြေကြားခြင်းမရှိဘဲ ကျွန်ုပ်အား ကြည့်နေမိသည်။

"ဘာလို့ ဒီစကားမျိုးကို မေးနေရတာလဲ လူလေး"





အသံလာရာသို့ ကြည့်လိုက်ရာ အသံလာရာအရပ်မှာ ကျွန်ုပ်တို့၏ အနောက်မှဖြစ်ပြီး အသံပိုင်ရှင်သည် အသက်ခုနစ်ဆယ်ကျော်အရွယ် ဖြစ်နေပေမဲ့ အိုစာသည့်အမူအရာမျိုးမရှိ တက်ကြွနေသည် ဆိုတာကို သတိပြုမိသည်။

အဘိုးအိုသည် ကျွန်ုပ်တို့နှစ်ယောက်ရှေ့၌ ရပ်လိုက်သည်။

"အဘိုးစိုးပထမံအောင်ပါလား။ ဘယ်ကရောက်လာတာလဲ အဘိုး"

"ဒီနေ့ကစပြီး ဒီနေရာမှာ သုံးရက်တိတိ တရားအားထုတ်ဖို့ ရောက်လာတာပဲ လူလေး"

"ခုနက လူလေးမေးတဲ့ မေးခွန်းကို လူလေးသိချင်ဘလို ဒီက သမီးငယ်လည်း သိချင်နေတယ်။ အဘိုးပြောတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အဘိုး။ အစ်မတော် မဟေသီနန္ဒီ ဆိုတာ ဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာကို ရောက်လာတာလဲ။ ဒီနေရာနဲ့ ဘယ်လိုပတ်သက်နေသလဲ ဆိုတာ သိချင်နေတာ ကြာပါပြီ"

စောနန္ဒီ၏စကားအား ကြားလိုက်ရသည်နှင့် အဘိုးအိုစိုးပထံအောင်သည် ကျေနပ်ခြင်းများစွာဖြင့် ခေါင်းအား ညိတ်လိုက်ပြီး ၎င်းတို့အား ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် အဘိုးစိုးပထမ်အောင် ပြော်လာမည့် အစ်မတော်မဟေသီနန္ဒီ၏ အကြောင်းအား လွန်စွာသိချင်သည့်အတွက် စောနန္ဒီ၏ မေးခွန်းကို လွန်စွာကျေနပ်နေမိသည်။

"ပြောရတာပေါ့ကွယ်၊ အစ်မတော် မဟေသီနန္ဒီ ဘဝဟောင်းက မိဖုရားတစ်ပါးပဲ။ သူဟာ လွန်စွာ စွဲလမ်းမှုရှိပြီး သေသွားတာတောင်မှ မသေဘူးလို့ ထင်နေတယ်။ သူဟာ သေသွားပြီဆိုတာ သိလိုက်ရတော့ အသက်လောက်ချစ်ရတဲ့ မောင်တော်ကို လွန်စွာတွေ့ချင်တယ်။ ဘဝကခြားသွားတဲ့အတွက် ပြန်လည်ဆုံစည်းဖို့က ခက်သွားတယ်။ အဲဒီအချိန် သူတော်စင်ကြီးတစ်ပါး(ို သွားရောက်ကူညီတောင်းပြီး သူ့ရဲ့ရုပ်ပုံကို ဒီနေရာမှာ ပုံဖြုလုပ်ပေးပါဆိုတော့ သူတော်စင်ကြီးက သေချာပြုလုပ်ပေးလိုက်တာပဲ ...

အမိက ရည်ရွယ်ချက်က သူဟာ ဘဝခြားသွားပေမဲ့ ဒီရုပ်ပုံလေးနဲ့ မောင်တော်ကို မျှော်နေသလို မောင်တော် နေသုန္ဒရကလည်း ဒီရုပ်ပုံကိုတွေ့ရင် သတိရမှာပဲဆိုတဲ့ သဘောနဲ့ ပြုလုပ်ထားပေမဲ့ ဒီနားမှာ နေထိုင်သူတွေက အစ်မတော်မဟေသီနန္ဒီဟာ ဒီနယ်မြေကိုပိုင်တဲ့ မယ်တော်တစ်ပါးထင်ပြီး ကိုးကွယ်ကြတယ်၊ ပူဇော်ပသနေကြတယ်ကွယ်။ ကဲ ... လူလေးတို့ သိချင်တာက ဒါပဲ မဟုတ်လား"

"အခုလို ရှင်းပြပေးတဲ့အတွက် အဘိုးစိုးပထမ်အောင်ကို လွန်စွာကျေးဇူးတင်ပါတယ်"





"အို ... မဟုတ်တာပဲကွယ်။ ကဲ ... ကဲ ... လူလေးတို့လည်း ကိစ္စရှိမှာပေါ့။ အေးအေးဆေးဆေး ဆွေးနွေးကြပေတော့။ အဘိုး ဘာမှမပြောလိုတော့ပါဘူးကွယ်"

စိုးပထမ်အောင်၏ စကားကြောင့် စောနန္ဒီ၏ မျက်နှာသည် ရှက်သလိုလို ဖြစ်သွားပြီး ကျွန်ုပ်အား မခို့တရို့ မျက်နှာလေးဖြင့် မသိမသာ ကြည့်လိုက်သည် ဆိုတာ ကျွန်ုပ် သဘောပေါက်သွားပြီးနောက် မသိသလို အနေထားများဖြင့် စောနန္ဒီအား စကားတစ်ခွန်း ပြောကြည့်လိုက်သည်။

"စောနန္ဒီ ကျုပ်တို့ ဟိုဘက်က ဝက်သစ်ချပင်ကြီးအောက်ကို သွားကြရအောင်"

"ကျွန်မ ပြန်ချင်ပြီ။ နေလည်း အတော်စောင်းနေပြီ"

"ကောင်းပါပြီ၊ အဲဒီလိုဆို ကျုပ် စောနန္ဒီကို လိုက်ပို့ပေးပါမယ်"

စောနန္ဒီသည် ကျွန်ုပ်၏စကားကို လက်ခံခြင်းမရှိငြင်းဆိုနေသော်လည်း ကျွန်ုပ်၏ လက်ခံမှုမရှိသည့်အတွက် စောနန္ဒီသည် ခေါင်းညိတ်၍ လက်ခံရသည်မို့ ကျွန်ုပ်နှင့် စောနန္ဒီတို့သည် စေတီတော်အား ကျောခိုင်း၍ ထွက်လာခဲ့ပေတော့၏။

အဘိုးစိုးပထမ်အောင်သည် ကျွန်ုပ်နှင့် စောနန္ဒီ ထွက်ခွာသွားပြီးနောက် ထိုနေရာ၌ တရားအားထုတ်ရင်း ကျန်ရစ်ခဲ့ပေတော့သည်မို့ ကျွန်ုပ်နှင့် စောနန္ဒီတို့ ထူးဆန်းသည့် အကြောင်းများကို ဆက်လက်၍ ဖတ်ရှုကြရန် တင်ပြလိုက်ရပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

## သူငယ်ချင်းတွေနဲ့ တိုင်ပင်

ထိုနေ့မှစ၍ ကျွန်ုပ်နှင့် စောနန္ဒီတို့သည် မိတ်ဆွေအဆင့်မှ ရင်းနှီးရာမှ ရက်,လ,များ ကြာညောင်းလာရာမှ ချစ်သူဘဝသို့ ရောက်ရှိသွားကြပြီး တစ်ယောက်ကို တစ်ယောက် မခွဲချင်အောင် ချစ်လာကြသည်မို့ စောနန္ဒီ နေထိုင်ရာအိမ်သို့ အချိန်မရွေး ဝင်ထွက်ခွင့် ရရှိပြီး စောနန္ဒီ၏ မိသားစုအသိုင်းအဝိုင်းသည် ကျွန်ုပ်အား ထူးထူးခြားခြား အပြစ်တင် ကဲ့ရဲ့ပြောဆိုခြင်းကင်းမဲ့စွာဖြင့် လက်ခံစကား ပြောကြသည့်အတွက် ကျွန်ုပ်ဦးစီးလုပ်ကိုင်ရသည့် လုပ်ငန်းများကို သောင်းဒန် ဦးစီးနေရသည်။

ငှင်းကိစ္စနှင့် ပတ်သက်၍ သောင်းဒန်သည် မကျေမနပ်ဖြစ်၍ နေသည်ကို သိသော်လည်း ကျွန်ုပ်သည် ဂရုစိုက်ခြင်းမရှိ။ စောနန္ဒီနှင့် စကားပြောနေရတာကိုပဲ ကျေနပ်နေပြီး စောနန္ဒီသည် ကျွန်ုပ်ဘဝ၏ အလင်းရောင်ဟု ထင်မှတ်နေမိသည်။





ထိုနေ့ညနေ ...

ကျွန်ုပ်နှင့် စောနန္ဒီတို့သည် စေတီတော်ပေါ်၌ ချစ်ရည်လူးသည့် စကားများအား အပြန်အလှန် ပြောကြရာမှ ထူးဆန်းသည့် စကားတစ်ခွန်းကို စောနန္ဒီထံမှ ကြားလိုက်ရသည့်အတွက် လွန်စွာအံ့ဩနေမိသည်မို့ စိတ်ထဲ၌ တစ်မျိုးဖြစ်သွားသည်။

စောနန္ဒီ၏ စကားများသည် တခြားမဟုတ်။ ဝက်သစ်ချပင်ကြီး၏အောက်ရှိ အစ်မတော် မဟေသီနန္ဒီနှင့် မောင်တော်နေသုန္ဒရတို့၏ ချစ်ခြင်းမေတ္တာ၌ ညီမတော် လှဒေဝီ(ခ)ကြယ်မင်းဒေဝီသခင်မ အကြောင်းကိုလည်း ကြေကွဲစွာ ပြောပြလျက်ရှိသည်။

(မှတ်ချက်။ ။ စာရှုသူအပေါင်းတို့ စောနန္ဒီ ပြောပြသည့် မောင်တော်နေသုန္ဒရ၊ အစ်မတော် မဟေသီနန္ဒီ၊ ညီမတော် လှဒေဝီ(ခ)ကြယ်မင်းဒေဝီ သခင်မတို့၏ အကြောင်းကို ဤဝတ္ထု၏ တစ်နေရာ၌ ဖော်ပြထားပါသည်။) (စာရေးသူ)

ကျွန်ုပ်သည် စောနန္ဒီ၏ စကားများအား နားထောင်ပြီး စိတ်မကောင်းခြင်းများစွာ ဖြစ်ပြန်လာခဲ့ရာ အတော်မိုးချုပ်၍ အိမ်ပြန်ရောက်ပြီး သောင်းဒန်ရှိရာသို့ ထွက်ခဲ့ရာ သောင်းဒန်သည် အလုပ်ခန်း၌ အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရသည်။

"မင်း ဘာတွေ ဆုံးဖြတ်ထားလဲ တင်ဖော်"

"ငါ ဘာကိုဆုံးဖြတ်ရမှာလဲ သောင်းဒန်။ ငါ့အတွက် ဆုံးဖြတ်စရာတွေ ရှိနေသေးလို့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ကွာ။ ငါ မကျေနပ်လို့ ပြောတာမဟုတ်ဘူး တင်ဖော်။ ဒီလုပ်ငန်းဟာ ဘယ်သူ့လုပ်ငန်း ဆိုတာ မင်းလည်း သိရဲ့သားနဲ့ကွာ"

သောင်းဒန်၏ စကားအား ကြားလိုက်ရသည့်အချိန်၌ ကျွန်ုပ် ဘာလုပ်ရမှန်းသိအောင် ဖြစ်သွားသည်မှာ တခြားမဟုတ်။ ကျွန်ုပ်သည် ဉသသို့ ခရီးမထွက်ခင်မှာ ဤသို့စကားမျိုးဖြင့် မှာကြားလိုက်သည်။

"အနေ့သွားရမဲ့ခရီးဟာ အပျော်ခရီးမဟုတ်သလို သူများအလုပ်ကို သွားပြီးလုပ်ရမှာ မဟုတ်ဘူး သား၊ မင်းရဲ့အဖေ လုပ်ကိုင်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်ဖို့ သွားရမဲ့ ကိုယ်ပိုင်စီးပွားရေးအတွက် ခရီးထွက်ရမှာ။ အဲဒီအတွက် အလုပ်ကို ကြိုးစားပါ သားရယ် ...

တကယ်တော့ အမေဟာ အသက်ကြီးပြီ။ သား ဒီလုပ်ငန်းတွေ တိုးတက်အောင်မြင်တာကို မြင်ချင်တယ်။ အဲဒီလို တိုးတက်အောင်မြင်နေတာကို မြင်ရရင် အမေဟာ သေရတာ စိတ်ချရပြီ သား"

၎င်းစကားများသည် အမေ၏စကား ဖြစ်နေသည်။ ကျွန်ုပ်သည် အလုပ်များကို ကြိုးစားရန် ဖြစ်သလို အမေသည် အလုပ်ကို ကြိုးစားရန် ကျွန်ုပ်အား မှာကြားလိုက်သည်။

ထိုအတွက် ကျွန်ုပ်သည် အလုပ်ကို ကြိုးစား ရှိနေပြီး ကြိုးစားလုပ်ရန် ရှိနေပေမဲ့ စောနန္ဒီအား စိတ်ဝင်စား





သည်မို့ လုပ်ငန်းများအား ကိုယ်တိုင်ဦးစီး လုပ်ကိုင်နိုင်ခြင်းမရှိ။ သူငယ်ချင်း သောင်းဒန်နှင့်သာ လွှဲပြောင်းထားရသလို ဖြစ်နေသည်။

ကျွန်ုပ်သည် မျက်နှာကို အချိုသာဆုံး ပြုံးလိုက်ပြီး သောင်းဒန်၏ ဘေးတွင် ဝင်ရောက်ထိုင်လိုက်သည်။

"မင်းကလည်းကွာ၊ အချင်းချင်းပဲ"

"ငါ မင်းကို စိတ်ဆိုးလို့ ပြောနေတာ မဟုတ်ဘူး တင်ဖော်။ မင်း ဒီကိုရောက်လာတည်းက အလုပ်ကို စိတ်ဝင်စားမှု သိပ်မရှိဘူး။ မင်း စိတ်ဝင်စားမှုမရှိဘဲ အလုပ်တွေက ပိုများလာတယ်။ မင်း ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲ တင်ဖော်။ မင်းအဖေ ဦးစီးလုပ်ကိုင်တုန်းက အလုပ်တွေသာ အဲဒီလောက်အောင်မြင်တိုးတက်မှု သိပ်မရှိဘူး"

သောင်းဒန်၏ စကားအား ကြားလိုက်ရချိန်တွင် ကျွန်ုပ်စိတ်ထဲ၌ ပျော်ရွှင်မိသည်။ သောင်းဒန်၏စကားကို ကျွန်ုပ် လက်ခံသည်။ အဖေလက်ထက်တုန်းက လုပ်ငန်းများသည် ယခုလောက် တိုးတက်အောင်မြင်ခြင်း မရှိ။ ၎င်းလုပ်ငန်းများ၏ အကြောင်းများကို ကျွန်ုပ်ထက် သောင်းဒန်က ပို၍သိသည်ဟု မှတ်ချက်ယူရလျှင် သောင်းဒန်သည် ဖခင်လက်ထက်၌ ဖခင်နှင့်အတူ ထိုလုပ်ငန်းများအား လုပ်ကိုင်သူတစ်ယောက် ဖြစ်သည်။

"အဲဒါ ငါ့ရဲ့ကံက ကောင်းလို့ပေါ့ကွာ။ လူတစ်ယောက်ဟာ ကံဇာတာတက်လာပြီဆိုရင် ဘယ်လိုလူမှ ယှဉ်ပြိုင်လို့မရဘူးဆိုတာ မင်းလည်း သိရဲ့သားနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတယ်၊ ဒီစကားကို ငါ လက်ခံတယ် တင်ဇော်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ သောင်းဒန်"

"မင်းက ကံဆိုးအောင် လုပ်နေတာတော့ လွန်စွာစိတ်မကောင်းစရာ ဖြစ်နေပြီဆိုတာ မင်းကိုယ်တိုင်က သတိမထားမိဘူး မဟုတ်လားကွာ"

"မင်းစကားကလည်းကွာ။ ငါက ဘာမဟုတ်တာ လုပ်မိလို့လဲ"

"လူကြီးတွေရဲ့စကားကို မင်းလည်း ကြားဖူးမှာပဲ။ အမှားလုပ်နေသူဟာ ကိုယ့်လုပ်ရပ်ကို ဘေးကကြည့်နေသူတွေက သိတယ်၊ ကိုယ်က မသိဘူးလို့ လေးလေးစားစား ပြောဆိုခဲ့တယ်။ အခု မင်းရဲ့လုပ်ရပ်ကို မင်းကမသိဘူး၊ ငါကသိနေတယ်။ အခု မင်းကို အလုပ်လုပ်ဖို့ လွှတ်လိုက်တာ မင်းက မိန်းမတစ်ယောက်ကို အသက်ဝင် ချစ်ခင်နေတော့ အလုပ်ကို လုပ်ရဖို့ကို မေ့နေတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းရဲ့အမေက ငါ့ကိုမေးရင် ငါ ဘယ်လိုဖြေရမလဲ တင်ဇော်"

"မင်းကလည်းကွာ၊ ရိုးရိုးကို ဆန်းဆန်းလုပ်နေပြန်ပြီ။ အရွယ်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်က အရွယ်ရောက် မိန်းမတစ်ယောက် ချစ်တာ အပြေလားကွာ၊ စဉ်းစဉ်းစားစားလည်း ပြောပါကွာ"





"မင်းဆိုက ဒီစကားပြောလာမယ်ဆိုတာ အစကတည်းက ငါသိပြီးသား တင်ဇော်။ မင်းကိစ္စကို မင်းဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ မင်းမိဘ ပြောလာမဲ့ စကားက ငါ့ရဲ့ရိုးသားမှုအတွက် ထိခိုက်စရာ ဖြစ်လာနိုင်သလို မင်း အခုချစ်နေတဲ့ မိန်းကလေးဟာလည်း မင်းမိဘအတွက် ဘယ်လောက်ထိ အဆင်ပြေမယ်ဆိုတာ ဘယ်လိုမှ ကြိုတင်ပြောမရသလို ဒီမိန်းကလေးဟာ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ မင်း မသိသေးတာ အမှန်ပဲ"

သောင်းဒန်၏ စကားသည် ကျွန်ုပ်အတွက် ရယ်စရာတစ်ခု ဖြစ်သွားသည်မှာ တခြားမဟုတ်၊ ကျွန်ုပ် အသက်လောက် ချစ်ရသည့် စောနန္ဒီ၏ အကြောင်းကို ကျွန်ုပ် မသိဘူးဆိုတာကို ရယ်စရာ ဖြစ်သွားသည်။

စောနန္ဒီသည် ကျွန်ုပ်နှင့် ချစ်သူမဖြစ်ခင်တည်းက ၎င်း၏မိသားစုအကြောင်းကို အသေးစိတ် ပြောပြထားသည်မို့ စောနန္ဒီ၏ မိသားစုအကြောင်းကို ကောင်းစွာသိနေသည်။

တကယ်တော့ စောနန္ဒီတို့ မိသားစုသည် လူဆင်းရဲတွေ မဟုတ်။ ချမ်းသာကြသည့် မိသားစုအထဲသို့ တခြားလူတစ်ယောက်ကို ဝင်ရောက်လာမှာကို လွန်စွာစိုးရိမ်တတ်ကြသလို အိမ်၌ အခိုင်းအစေများကိုလည်း စွဲစွဲမြဲမြဲ လက်တွဲသွားကြပြီး စောနန္ဒီ၏ မိဘအစီကိုများသည် ကိုယ်ပိုင်စီးပွားရေးနှင့် ချမ်းသာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားက ငါ့ကို လွန်စွာအထင်သေးနေပါလားကွာ။ ငါက မင်းထက် ပိုဆိုးတယ် သောင်းဒန်။ ငါ့ရဲ့ဘဝ တစ်လျှောက်လုံး အံတုနေသွားရမဲ့ မိန်းမတစ်ယောက်ရဲ့ အကြောင်းကို မသိဘဲ ထင်တာလုပ်ပါမလားကွာ"

"အေးလေ ... ပြောမရလည်း ငါ မပြောတော့ပါဘူး။ မင်း ရေးတဲ့ ပြဇာတ်ကို မင်းနိုင်အောင်က,နိုင် ပြီးတာပဲ။ တစ်ခု ပြောချင်တာက မင်းအခု ကြိုက်နေတဲ့ ဇောနန္ဒီရဲ့ အစ်ကိုနှစ်ယောက်က ရိုင်းတယ်။ မင်းကို အန္တရာယ်မပြုရင် ပြီးတာပဲ"

"ဘာလို့ အန္တရာယ်ပြုရမှာလဲကွာ။ စိုးရိမ်တတ်ရမှာကော ကွာ"

"မင်းဘက်ကပြီးရင် ပြီးတာပဲ"

သောင်းဒန်၏ စကားသည် မကျေမနပ် ဖြစ်နေသည် ဆိုတာ ကျွန်ုပ် သိလိုက်သည်မို့ ဇောဒက ထပ်၍မတက်ချင်တော့ပြီမို့ စကားလမ်းကြောင်းပြောင်းရန် စိတ်ကူးမိသည်မို့ သောင်းဒန်၏မျက်နှာအား တစ်ချက်ကြည့်လိုက်ရာ ၎င်းသည် ရှေ့၌ချထားသည့် စာရင်းစာအုပ်အတွင်း၌ ရေးမှတ်ထားသည့်စာရင်းများအား ကြည့်နေသည်။

"ငါ မင်းကို ပြောစရာ ရှိသေးတယ်"

"ပြောစရာရှိတာများ ပြောပေါ့ကွာ။ ဘာမို့များ စကား ပလ္လင်ခံနေရသေးတယ်"





"ငါ ဇောနန္ဒီကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ် သောင်းဒန်။ အဲဒါ မင်းရဲ့ဆန္ဒကို ငါ သိချင်တယ်ကွာ"

"ဟာ ... မဇောလွန်းဘူးလားကွာ"

"အေးလေ ... အဲဒါကိုတော့ ငါ မပြောတတ်ဘူး။ မင်းရဲ့ အမေ ပြောလည်း ခံရရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး။ မင်း လုပ်ချင်တာကိုလည်း ငါ တားမြစ်ပြောဆိုခြင်း မပြုတော့ဘူးကွာ"

"အဲဒီလို အပြတ်စကား မပြောလိုက်ပါနဲ့ သောင်းဒန်ရာ။ မင်းနဲ့ငါက ညီအစ်ကိုအရင်းတွေ မဟုတ်ကြပေမဲ့ ညီအစ်ကို အရင်းတွေထက်ပိုပြီး ခင်မင်တယ်ဆိုတာ သိရဲ့သားနဲ့ကွာ၊ အဲဒါကြောင့် မင်းကို တိုင်ပင်တာပါ သောင်းဒန်ရာ"

"ဒီမှာ တင်ဖော်၊ အဲဒီလို ကိစ္စကို လာမတိုင်ပင်နဲ့၊ လုပ်ငန်းကိစ္စကလွဲပြီး ဘယ်လိုအရာမျိုးကိုမှ အတိုင်ပင်မခံနိုင်ဘူးကွာ"

"အေးပါကွာ၊ မင်း မကြိုက်လည်း မတိုင်ပင်တော့ပါဘူးကွာ၊ ဒါပေမဲ့ ငါကတော့ ဇောနန္ဒီကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီကွာ"

သောင်းဒန်သည် ကျွန်ုပ်ကို မည်ကဲ့သို့ ထပ်မံပြောနိုင်ခြင်းမရှိ။ အလုပ်ကိုသာ ဦးစားပေးနေသည်ဆိုတာ သိလိုက်သော သောင်းဒန်သည် ကျွန်ုပ်၏ စကားကို လက်ခံဆွေးနွေးမည် မဟုတ် ဆိုတာ ကောင်းစွာသိလိုက်ရပြီး သောင်းဒန်၏စကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်း ပြောပြီးသည်နှင့် နောက်ထပ်တစ်ခါပြင်၍ မပြောဆိုတာကို ကောင်းစွာ သိနေသည်။

ထိုအတွက်ကြောင့် ကျွန်ုပ်သည် ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်မိသည်။

(စာရှုသူတို့ တင်ဖော်နှင့် စောစန္ဒီ၏ ချစ်ခြင်းမေတ္တာအကြောင်းသည် လွန်စွာထူးဆန်းသည့်အကြောင်း မပါရှိသည့်အတွက် အကျယ်ချဲ့ရန် မလိုအပ်သည့်အတွက် ဤနေရာမှ အတိုချုံး၍ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။) (စာရေးသူ)

✧ ✧ ✧

## အခန်း(၁၁)

### ကြောက်ခွဲစရာ မင်္ဂလာပွဲ

ကျွန်ုပ်၏ ဆုံးဖြတ်ချက်များကို သူငယ်ချင်းသောင်းဒန် လက်ခံခြင်း မရှိပေမဲ့ ကျွန်ုပ်သည် ဆန္ဒ၏ခေါ်ရာနောက်သို့ ကောင်းစွာလိုက်ပြီး စောနန္ဒီအား လက်ထပ်ရန် ဆုံးဖြတ်ပြီး စောနန္ဒီ၏ မိဘများထံ အကြောင်းကြားပြီး မင်္ဂလာဧည့်ခံပွဲကျင်းပမည့်နေ့သို့ ရက်သတ်မှတ်လိုက်သည်။

၎င်းရက်သတ်မှတ်ပြီးသည့်ညတွင် ထူးဆန်းသည့် အိပ်မက်တစ်ခုအား မက်လိုက်သည့်အတွက် လွန်စွာအံ့ဩသွားသည်။ ထိုညက အိပ်မက်ကိုအောက်တွင် ဆက်လက် တင်ပြထားပါသည်။

ညအတော်ညဉ့်နက်ပြီး မိုးလင်းခါနီးအချိန်တွင် ရာဇဝင်အဝတ်အစားများဖြင့် ရဲမက်စစ်သည်များ ရောက်ရှိလာပြီး၎င်းတို့၏အနောက် လွန်စွာချောမောလှပသည့် မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသည်ကို တွေ့လိုက်ရသလို မိန်းကလေးသည် ကျွန်ုပ်ထံ ရောက်ရှိလာပြီး ကျွန်ုပ်၏ရှေ့၌ ရပ်နေသည်။

မိန်းကလေးသည် တခြားသူ မဟုတ်သလို ဗိုလ်တထောင်စေတီတော်ပေါ်၌ တွေ့ဆုံရသည့် မိန်းကလေး ဖြစ်သလို အိပ်မက်ထဲ၌ အမြဲတမ်း ရောက်ရှိလာသူ မိန်းကလေးပင် ဖြစ်သည်။

"စောနန္ဒီကို ရှင် လက်မထပ်ရဘူး။ ရှင့်အတွက် သောကရောက်လိမ့်မယ်"

"ဘာလို့ ဒီစကားတွေ ပြောနေရတာလဲ မိန်းကလေး။ မင်း ဘယ်သူလဲ၊ ဘာလို့ ဒီစကား ပြောရတာလဲ မိန်းကလေး"

"အဲဒီလို ဘာလို့ မေးရတာလဲ။ ကျွန်မ ဘယ်သူဆိုတာ ရှင် မမှတ်မိသေးဘူးလား"

"ဗိုလ်တထောင်စေတီတော်ပေါ်က မိန်းကလေး မဟုတ်လား"

"ဟုတ်တယ်၊ စေတီတော်ပေါ်မှာတွေ့တဲ့ မိန်းကလေးပဲ။ အခုလို ပြောရတာလည်း တခြားကြောင့် မဟုတ်ဘူး။ အထက်က ညွှန်ပြတဲ့အတိုင်း ပြောရတာပဲ။ အဲဒီတော့ ရှင် စောနန္ဒီကို လက်ထပ်မယူရဘူး။ အခု ကျွန်မ လာပြောရတာလည်း အထက်က ပြောတဲ့အတိုင်း လာပြောတာပဲ"





ထိုသို့ပြောပြီးနောက် မိန်းကလေးသည် ကျွန်ုပ်အား ကျော်ခိုင်းပြီးနောက် ရဲမက်များအား လက်ပြသည့်အချိန်၌ ရဲမက်များသည် အနောက်သို့လှည့်၍ ပြန်သွားကြရာ မိန်းကလေးသည်လည်း ထိုလူစုထဲ၌ပါ၍ သွားပေတော့သည်။

ကျွန်ုပ်သည် မိန်းကလေးအား အတန်ကြာကြည့်နေမိသည်။ ၎င်းတို့သည် တရွေ့ရွေ့ဖြင့် ဝေး၍သွားပေရာ ကျွန်ုပ်သည် မိန်းကလေးအား တစ်ခွန်းသောစကားအား ပြောရန် စိတ်ကူးရလာသည့် အချိန်၌ လွန်စွာနောက်ကျသွားသည်။

✧ ✧ ✧

ထိုကိစ္စဖြင့် ပတ်သက်၍ သောင်းဒန်အား တိုင်ပင်ရန် လွန်စွာဝန်လေးမိသည်။ ထိုဖြစ်ရပ်အား တိုင်ပင်လျှင် သောင်းဒန်သည် မင်္ဂလာကိစ္စအား ရက်ရွှေ့ရန်ပြောမှာ သေချာသည်မို့ မပြောရဲပေ။

မင်္ဂလာဆည်ခံပွဲ၌ မိခင်အား အကြောင်းမကြားရသလို စောနန္ဒီတို့ အသိုင်းအဝိုင်းအား ပြောကြားရာ၌ မိခင်ဆေးရုံတက်နေသည်မို့ လာရောက်နိုင်မှာ မဟုတ်ကြောင်း ပြောထားသည့်အတွက် စောနန္ဒီတို့ဘက်က လက်ခံသည်မို့ မိခင်အား အသိပေး အကြောင်းကြားခြင်း မပြုတော့။ မိခင်အား နောက်မှ အေးအေး ဆေးဆေး အသိပေးရန် စိတ်ကူးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အမေသည် ကျန်းမာရေး လွန်စွာ ကောင်းသူတစ်ယောက် ဖြစ်သည်ဆိုတာ ကျွန်ုပ် သောင်းဒန်မှလွဲ၍ မည်သူမှ မသိရှိသလို စောနန္ဒီ၏ မိဘများက သိထားသည်မှာ အမေ ကွယ်လွန်သွားသည်ဆိုတာ ကောင်းစွာသိထားသည်။

ဤသို့ပြောရာအချိန် ကျွန်ုပ်နှင့် စောနန္ဒီတို့ မင်္ဂလာ လက်ထပ် ထိမ်းမြားသည့်နေ့ ဖြစ်သည်။ ၎င်းမင်္ဂလာထိမ်းမြားသည့်နေရာကို စောနန္ဒီ၏ ဆန္ဒအတိုင်း ပြုလုပ်ရခြင်းပင် ဖြစ်သည်။ စောနန္ဒီ ရွေးချယ်သည့်နေရာသည် တခြားနေရာမဟုတ်။ အစ်မတော် မဟေသီနန္ဒီနတ်ကွန်းရှေ့၌ ညှိခံပွဲအား ကျင်းပရန်ဖြစ်သည်။

၎င်းအတွက် အစ်မတော် မဟေသီနန္ဒီနတ်ကွန်းရှေ့၌ မင်္ဂလာမဏ္ဍပ်ကြီးတစ်ခု ဆောက်လုပ်ပြီး ဧည့်ပရိသတ်များအား ထိုနေရာ၌ ဖိတ်ကြားထားသည်မို့ ဧည့်သည်များ ဖိတ်ကြားသည့် တာဝန်အား သောင်းဒန် တာဝန်ယူသလို ဧည့်သည်များ ကြိုဆိုရာတွင် ၎င်းကပဲ တာဝန်ယူထားသည်။

"တင်ဇော် ... ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

ထွက်ပေါ်လာသည့် အသံအား ကြားလိုက်ရသည့်အတွက် ကျွန်ုပ်၏ ရင်ထဲမှ အတွေးစိတ်ကူးများသည် ထက်ပိုင်း ပြတ် ထွက်သွားသလို ထင်မိသည်။

ကျွန်ုပ်သည် ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပြီး အသံလာရာသို့ ကြည့်လိုက်ရာ အသံပိုင်ရှင်မှာ သောင်းဒန် ဖြစ်နေသည်။

[illegible]



"ငါ စဉ်းစားနေတာ သောင်းဒန်"

"ဘာတွေ စဉ်းစားနေတာလဲကွာ။ ဒီနေ့ပဲ မင်္ဂလာဧည့်ခံပွဲ ကျင်းပတော့မယ်၊ မင်းက စဉ်းစားနေတုန်းပဲလားကွာ"

"ဟုတ်တယ် သောင်းဒန်၊ ငါ စောနန္ဒီကို လက်ထပ်လိုက်တာ အမေ့ကို အကြောင်းမကြားမိတာ မှားများသွားပြီလားလို့"

"ဒီအချိန်ရောက်မှ ဘာလို့ ဆုံးဖြတ်ချက်က မတည်ငြိမ်သေးတာလဲ တင်ဇော်ရာ၊ ဒီစကားကို အခုမှပြောတာ လွန်စွာနောက်ကျသွားပြီကွာ။ အဲဒီတော့ မင်းကိုငါ တစ်ခုပဲ ပြောမယ်၊ ဒီနေ့ဟာ မင်းရဲ့မင်္ဂလာ ထိမ်းမြားတဲ့နေရာကို သွားဖို့ပဲ လိုတော့တယ်၊ စောနန္ဒီကလည်း မင်းကို မျှော်နေမယ် ဆိုတာပဲကွာ"

သောင်းဒန် ပြောသည့် စကားသံအား ကြားလိုက်ရသည့်အချိန်မှာ မပြတ်မသား ဖြစ်နေသည့် ကျွန်ုပ်၏ စိတ်များသည် စောနန္ဒီထံ ရောက်ရှိသွားသည်။

မှန်ပေ၏။

စောနန္ဒီသည် ဘဝတစ်သက်တာလုံး လက်တွဲသွားရမည့် အသက်လောက်ချစ်ရသည့် တင်ဇော်အား မျှော်နေသည်။ တွေ့ချင်နေသည်။ ၎င်း၏ ဆွေမျိုးများသည်လည်း သတို့သား တင်ဇော်အား မေးနေကြသည်။ မင်္ဂလာပွဲအချိန်သည် တဖြည်းဖြည်း နီးကပ်နေသည်မို့ ယခုကဲ့သို့ မျှော်လင့်နေခြင်းဖြစ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သောင်းဒန်၊ ယခုလောက်ဆို ညှော့ပရိသတ်တွေ ရောက်နေလောက်ပြီ၊ လာကွာ၊ ငါတို့ သွားကြမယ်။ စောနန္ဒီလည်း မျှော်နေလောက်ပြီ"

"ငါက ပြီးပါပြီ။ မင်းသာ လိုအပ်ပါတယ်"

ထိုသို့ပြောပြီး ကျွန်ုပ်တို့သည် မင်္ဂလာပွဲကျင်းပမည့် နေရာသို့ ထွက်ခွာရန် ဟန်ပြင်နေကြသည်။

၎င်းအချိန်တွင် မြင်းလှည်းတစ်စီး ကျွန်ုပ်တို့ရှိရာသို့ ရောက်ရှိလာသည်ကို မြင်တွေ့လိုက်ရသည့်အတွက် အကြည့်များသည် ထိုနေရာသို့ ရောက်ရှိသွားသည်။

ရောက်ရှိသွားသည့် အကြည့်များသည် လွန်စွာအံ့သြစရာ ဖြစ်သွားသည်။ မြင်းလှည်းပေါ်မှ မိန်းကလေးတစ်ယောက် ဆင်းလာသည်။ ၎င်းမိန်းကလေးသည် ကျွန်ုပ်၏ ချစ်ဇနီးလေး စောနန္ဒီပင် ဖြစ်သည်။

"အစ်ကို ... ဒီမှာ ဘာလာလုပ်နေတာလဲ။ ဟိုမှာ လူကြီးတွေ မေးနေတယ်"

"အခုပဲ လာဖို့ပြင်နေပါပြီ နန္ဒီရာ။ လုပ်ငန်းလေးတွေ မပြီးပြတ်သေးလို့။ ဒီနေ့မှ အလုပ်တွေက စုပုံပြီး ဗိုင်လာလို့ အဲဒါ သောင်းဒန်နဲ့ ဝင်ပြီးကူညီပေးနေလို့ပါ"

"နောက်မှလုပ်လည်း ရရဲ့သားနဲ့ အစ်ကိုကလည်း၊ ဒီနေ့မှ အရေးကြီးနေပြန်ပြီ"

"အဲဒီလို မဟုတ်ပါဘူး နန္ဒီရာ။ သောင်းဒန်ရေ သွားကြမယ်ကွာ"





ကျွန်ုပ်သည် ဟန်လုပ်၍ ဒေါ်လိုက်ခြင်းသာ ဖြစ်ပေမဲ့ စိတ်ထဲမှာတော့ သောင်းဒန် ပြန်၍အော်မှာကို စိုးရိမ်သွားသည်။

တကယ်တော့ သောင်းဒန်သည် မင်္ဂလာကိစ္စ ပြီးမြောက်ရန် ပြောထားသလို မင်္ဂလာကိစ္စ မပြီးမချင်း လုပ်ငန်းများအား ဝင်ရောက်မလုပ်ရန် ပြောထားပေမဲ့ ကျွန်ုပ်၏ စိတ်များသည် မင်္ဂလာပွဲ ကျင်းပခါနီးမှ ပျော်ရွှင်သည့်စိတ်များ အလိုလိုလွင့်စဉ်ပျောက်ကွယ်ပြီး လက်ထပ်ရမှာကို စိုးရိမ်လာသလို အိပ်မက်ထဲ၌ မိန်းကလေးတစ်ယောက် ရောက်ရှိလာပြီး စောနန္ဒီအား လက်ထပ်ရန်ကိစ္စကို လာရောက်တားမြစ်ခြင်း ဖြစ်သည်။

မည်သို့ပင် ဖြစ်စေကာမူ ကျွန်ုပ်နှင့် စောနန္ဒီတို့သည် မင်္ဂလာဧည့်ခံပွဲ ကျင်းပသည့် အစ်မတော်မဟေသီနန္ဒီနတ်ကွန်းရှေ့ရှိ မဏ္ဍပ်သို့ ထွက်ခဲ့ကြသည်။ ထိုသို့ထွက်လာခဲ့ရာ၌ စောနန္ဒီသည် ကျွန်ုပ်၏လက်ကလေးအားချိတ်၍ လှပသောစကားများကို သာယာသော အသံလေးများဖြင့် ပြောနေသည့်အတွက် စိတ်ထဲတွင် ကြည်နူးမိသည်။

"သိပ်ချစ်ရပါတယ် အစ်ကိုရယ်။ ခြောက်သွေ့နေတဲ့ နန္ဒီရဲ့ နှလုံးသားတွေဟာ အစ်ကိုတွေ့မှ လန်းဆန်းစိုပြည်သလို ပဲကွယ်"

"အစ်ကိုလည်း နန္ဒီ့လိုပါပဲကွယ်။ ဒီထက်ရှင်းအောင် ပြောရရင် ကိုယ့်ရဲ့ အထီးကျန်ဘဝလေးဟာ နန္ဒီကြောင့် အပျော်များစွာ ရရှိထားသလိုပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကတော့ အပိုတွေ ပြောနေပြန်ပြီနဲ့ တူတယ်"

"တကယ် ပြောတာပါ နန္ဒီ"

ကျွန်ုပ်နှင့် နန္ဒီတို့သည် ပျော်ရွှင်သော စကားများစွာဖြင့် ပြောနေသည့် အသံများသည် သာယာလန်းဆန်းစွာဖြင့် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးနေသလို ထင်ရပေမဲ့ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာသည့် သောင်းဒန်သည် မည်သည့်စကားများအား ဝင်ရောက်ပြောဆိုခြင်း မရှိ။ မသိသလိုနေသည်။

ထိုအချိန်၌ ကျွန်ုပ်တို့ လိုက်ပါလာသည့် မြင်းလှည်းလေးသည် စေတီတော်အားကျော်၍ အစ်မတော်မဟေသီနန္ဒီ၏ ရုပ်ပုံတော်အနီးသို့ ဦးတည်နေကြပြီး မင်္ဂလာမဏ္ဍပ်အတွင်းသို့ လူကြီးများစွာ စုံလင်စွာရောက်ရှိနေကြပြီး အားလုံးသည် ကျွန်ုပ်တို့အား အပြုံးများစွာဖြင့် ကြိုဆိုလျက်ရှိရာ ကျွန်ုပ်၏ မိဘများကိုယ်စား သောင်းဒန်၏မိဘနှစ်ပါးက အစားထိုး ဝင်ရောက်ပေးကြသည်။

တကယ်တော့ သောင်းဒန်၏ မိဘနှစ်ပါးနှင့် သောင်းဒန်တို့သည် လွန်စွာရိုးသားကြသည်မို့ ၎င်းတို့သည် ကျွန်ုပ်၏ အလိုဆန္ဒများကို ဖြူစင်စွာဖြင့် ကူညီပေးသည့်အတွက် ကျွန်ုပ်၏ လုပ်ရပ်များသည် အခက်အခဲမရှိ လွန်စွာအဆင်ပြေသည်။

"မောင်တင်ဖော်တို့က အခုမှ လာကြတာကို၊ နောက်ကျလိုက်တာကွာ။ ကဲ … ကဲ … ပြင်ဆင်ကြတော့၊ မကြာခင် ညှော်ခံပွဲက အချိန်ရောက်တော့မယ်၊ ညှော်သည်တွေလည်း ရောက်လာကြပြီကွယ်"





"ဟုတ်ကဲ့ … အခုပဲ ပြင်ဆင်ပါမယ်"

ထိုသို့ပြောပြီး ကျွန်ုပ်နှင့် စောနန္ဒီတို့သည် အဝတ်အစားများလဲရန်အတွက် အခန်းတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်။

ကျွန်ုပ်နှင့် စောနန္ဒီတို့၏ မင်္ဂလာညှော်ခံပွဲအား နံနက်ပိုင်းတွင် ပြုလုပ်ခြင်းမပြု၊ ညနေစောင်း၌ ပြုလုပ်ညှော်ခံပွဲကျင်းပရာ ကျွန်ုပ်၏ဆန္ဒမဟုတ် စောနန္ဒီ၏မိဘများ၏ ဆန္ဒသာဖြစ်သည်။

ထိုဒေသ၌ မင်္ဂလာညှော်ခံပွဲ ကျင်းပရာ နံနက်ပိုင်းသာ ကျင်းပသည့်ဓလေ့ ရှိသော်လည်း ကျွန်ုပ်တို့၏ ညှော်ခံပွဲသည် ထူးထူးခြားခြား ညနေပိုင်း၌ ကျင်းပသည်။

ကျွန်ုပ်နှင့် စောနန္ဒီတို့၏ မင်္ဂလာညှော်ခံပွဲအား စောနန္ဒီ၏ ဖခင်သည် ဗေဒင်ဆရာအား သွားရောက်၍ မင်္ဂလာကိစ္စအား မေးမြန်းတွက်ချက်ခိုင်းရာ ဗေဒင်ဆရာသည် ဗာင်ဖော်၏ မွေးသက္ကရာဇ်နှင့် စောနန္ဒီ၏ မွေးသက္ကရာဇ်အား ပေးရသည်။ ၎င်းသက္ကရာဇ်များကို တွက်ချက်ပြီးမှ မင်္ဂလာညှော်ခံပွဲ ကျင်းပမည့်နေရာနှင့် အချိန်အား အတိအကျ ပြောလိုက်သည့်အတွက် ယခုကဲ့သို့ ပြုလုပ်ရခြင်းဖြစ်သည်။

ထိုအချိန်တွင် မင်္ဂလာညှော်ခံပွဲအချိန် ရောက်ရှိနေသည်မို့ ညှော်ခံပွဲသို့ ညှော်သည်များစွာ စုံလင်စွာ ရောက်ရှိလာကြပေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဧည့်ခံပွဲ ကျင်းပရာ၌ ပထမဆုံးကန်တော့ပွဲဖြင့် နှစ်ဖက်လူကြီးမိဘများအား ကန်တော့ကြသည်။ ထိုသို့ကန်တော့ပြီးနောက် ကြွရောက်လာကြသည့် ဧည့်ပရိသတ်များ ကြည်ဖြူစွာ နှုတ်ဆက်ကြသည်။

အချိန်သည် ညနေ နေအတော်စောင်းနေသည်မို့ နေလုံးကြီးသည် အရောင်များ သိသိသာသာ ပြောင်းသွားပြီး ငါးနာရီကျော်စ ပြုနေပြီမို့ လေနုကြမ်းများစွာသည် အဆက်မပြတ်တိုက်ခတ်နေသည်ဖြစ်၍ မဏ္ဍပ်အတွင်း ချိတ်ဆွဲထားသည့် လေပွေဖေါင်းများသည် ထိန်းချုပ်မှု ကင်းမဲ့စွာ လွင့်နေသည်။

"နန္ဒီလေးက ဒီလိုကျတော့ နတ်သမီးလေးများလား ထင်ရတယ်"

"ဟုတ်ပါရဲ့ဟယ်၊ ကောင်လေးနဲ့လည်း လိုက်ဖက်တယ်နော်"

"ကောင်လေးက ရန်ကုန်ကတဲ့ နန္ဒီ့အတွက်တော့ အင်မတန် ကံကောင်းတာပဲဟာ"

"ဖူးစာရေးနတ်က ရေးလိုက်တာပဲ"

ဧည့်သည်များ၏ စကားပင် ဖြစ်သည်။





ဧည့်သည်များသည် ကျွန်ုပ်နှင့် စောနန္ဒီတို့အား ချီးကျူးစကားများ ပြောနေကြခြင်းပင် ဖြစ်သည့်အတွက် စောနန္ဒီသည် ပျော်ရွှင်သည့် မျက်နှာဖြင့် ကျွန်ုပ်အား ကြည့်နေသည်မို့ ကျွန်ုပ်သည် ကျေနပ်သည့် မျက်နှာဖြင့် ပြန်လည်၍ ကြည့်လိုက်သည်။

စောနန္ဒီသည် ကျွန်ုပ်၏ လက်မောင်းသို့ ပြောင်းရွှေ့၍ ဆုပ်ကိုင်လိုက်သည်။

ကျွန်ုပ်နှင့် စောနန္ဒီတို့သည် ရောက်ရှိလာသည့် ဧည့်သည်များအား တစ်ယောက်ချင်းကို နှုတ်ဆက်နေသလို အားလုံးသည် စောနန္ဒီကို အကြောင်းပြု၍ ကျွန်ုပ်ကိုပါ ရင်းနှီးစွာ နှုတ်ဆက်နေကြပြန်သည်။

ထိုနေ့သည် ကျွန်ုပ်နှင့် စောနန္ဒီတို့၏ မင်္ဂလာပွဲ ဆိုပေမဲ့ ရောက်ရှိလာသည့် ဧည့်သည်များသည် ကျွန်ုပ်နှင့် သိကျွမ်းသူ လွန်စွာနည်းပြီး စောနန္ဒီအား သိသူများသည် လွန်စွာများသည်။

မင်္ဂလာပွဲသည် ရောက်ရှိလာသူများဖြင့် လွန်စွာစည်ကားလျက် ရှိနေသည်မို့ စိတ်ထဲ၌ ကြည်နူးမိသည်မှာ အမှန်ပင်ဖြစ်သည်မို့ နှုတ်ဆက်သူများဖြင့် လွန်စွာအလုပ်ရှုပ်နေသည်။

"နန္ဒီ ... ဟယ် ... လှလိုက်တာဟယ်၊ နတ်မိမယ်လေးကျနေတာပဲဟယ်"

"ဒီက အစ်ကိုအတွက် လွန်စွာကံကောင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိုးနဲ့ဆန် တန်လို့ ယခုလို ပေါင်းစပ်ရတာဟယ်"

"ဒီစကားကိုတော့ လက်ခံသွားပြီပေါ့"

စောနန္ဒီ၏ သက်တူရွယ်တူ မိန်းကလေးများ၏ အပြန်အလှန် ပြောဆိုရယ်မောနေကြခြင်း ဖြစ်သည်မို့ ပျော်ရွှင်စွာ ရယ်မောလျက် ရှိနေသည်။

ကျွန်ုပ်နှင့် စောနန္ဒီ ထိုသူများအား နှုတ်ဆက်ပြီး တခြားဧည့်သည်များအား နှုတ်ဆက်ရန် ထွက်သွားသည်။

ငင်းအချိန်တွင် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်မို့ ပျော်ရွှင်နေသည့် ဧည့်သည်များသည် အထိတ်တလန့်ဖြစ်၍ ငြိမ်သက်ကုန်ကြပြီး ဝန်းကျင်သို့ အကဲခတ်နေကြပေသည်။

"ဟာ ... လေပူပေါင်းတစ်လုံး ကွဲသွားတာဟဲ့"

"လွန်စွာ ထူးဆန်းတဲ့ ဖြစ်ရပ်ပါလား"

"အေး ... ဟုတ်တယ်နော်"

တစ်ယောက်တစ်ခွန်း အပြန်အလှန် ပြောဆိုနေကြသည်။

"စောနန္ဒီ ... စောနန္ဒီ"

"လာကြပါဦးဗျာ၊ နန္ဒီ ဘာဖြစ်မှန်း မသိဘူး"

ကျွန်ုပ်သည် စိုးရိမ်စိတ်များဖြင့် ပြောနေလိုက်သည်မို့ အားလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး ကျွန်ုပ်ထံ ကြည့်လိုက်ကြသည်ဖြစ်၍ ကျွန်ုပ်သည် စောနန္ဒီအား တင်းကျပ်စွာ ဖက်ထားပေမဲ့ စောနန္ဒီသည် အမယ်လေးဟု အော်သံဖြင့် အရုပ်ကြိုးပြတ်



လဲကျသွားသည်မို့ ကျွန်ုပ်၏ ကြိုးစားမှုသည် လွန်စွာနောက်ကျသွားသည်။

ထိုအချိန်တွင် ကျွန်ုပ်ထံ ရောက်ရှိလာကြသည်မို့ စောနန္ဒီအား ဝိုင်းဝန်းကြည့်ရှုပ်ပေးကြရန် တောင်းဆိုလိုက်ရာ အားလုံးသည် စောနန္ဒီအား ကြည့်ရှုရာ စောနန္ဒီသည် မည်သို့မျှ ပြောဆိုခြင်းမရှိသလို အသက်ရှူမှုများလည်း ရပ်တန့်သွားသည်။

"နန္ဒီ ဘာဖြစ်တာလဲ"

"နန္ဒီ ဘယ်လို ဖြစ်သွားတာလဲများ ကြည့်ပေးပါဦးဗျာ"

ကျွန်ုပ်သည် စိုးရိမ်စိတ်များစွာဖြင့် ပြောနေသလို ကြေကွဲမှုများစွာသည် နှလုံးသား၏ အပေါ်သို့ မီးများတဟုန်းဟုန်း လောင်ကျွမ်းနေသလို ထင်နေရသည်။

အားလုံးသည် စောနန္ဒီအား ပြုစုနေကြပေမဲ့ ထွက်ပေါ်လာသည့် အသံသည် ကျွန်ုပ်အတွက် သောကများစွာ ဖြစ်စေသည်။

"နန္ဒီ အသက်မရှိတော့ဘူး"

"နန္ဒီ အသက်မရှိတော့ဘူး၊ ဟုတ်ရဲ့လားဗျာ၊ မဖြစ်နိုင်တာတွေ မပြောကြပါနဲ့ဗျာ"

မျက်ဝန်းအိမ်၌ မျက်ရည်များစွာသည် ထိန်းချုပ်မှုကင်းမဲ့သည့် ရေတံခွန်မှ ရေများ အရှိန်များဖြင့် စီးကျလာသလို ဖြစ်နေသည်မို့ မြေပေါ်သို့ လဲကျနေသည့် စောနန္ဒီအား ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သည့် စက္ကန့်ပိုင်းလေးအတွင်းမှ ပျော်ရွှင်ကြည်နူးသည့် မျက်နှာလေးနှင့် သာယာချိုသာသည့် စကားလေးတွေ ပြောနေသည့် စောနန္ဒီသည် ယခု ကျွန်ုပ်နှင့် အားလုံးသော မိဘဆွေမျိုး မိတ်သင်္ဂဟတွေကို မည်သည့်စကားမျိုးမှ မပြောဆိုတော့။

အားလုံးသော ဆွေမျိုးများသည် စောနန္ဒီနှင့် ပတ်သက်၍ ကျွန်ုပ်၏ ဆန္ဒအား မေးမြန်းလာကြသည်။ စောနန္ဒီအား အသက်ရှင်သန်ရေးအတွက် ဆေးရုံပို့ရန် ပြောလာသည်မို့ ဆေးရုံသို့ ပို့ကြရပြန်သည်။

✧ ✧ ✧

## အခန်း(၁၂)

### စုံနံ့သာမင်းမောင်နှင့် ထူးဆန်းသည့် လူသတ်မှု

လွန်စွာကြေကွဲစရာကောင်းသည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရသည့်အတွက် အရူးမီးဝိုင်းသလို ဖြစ်ရသည်မို့ စက္ကန့်တိုင်း မိနစ်တိုင်း မျက်ရည်များ အဆက်မပြတ် စီးကျလျက်ရှိနေသည်။

သောင်းဒန်သည် ကျွန်ုပ်အား အားပေးစကားများ ပြောနေသော်လည်း စိတ်ထဲ၌ ကြေကွဲမှုများစွာသည် နှလုံးသားအား လှုပ်ခတ်နေပေသည်။ စောနန္ဒီ ပေါ်ဆုံးသွားရသည်အတွက် စိတ်ထဲ၌ မတေခွဲတတ်အောင်ဖြစ်ပြီး စောနန္ဒီသည် ကျွန်ုပ်ကို အသက်လောက်ချစ်သလို ကျွန်ုပ်သည်လည်း စောနန္ဒီကို အသက်လောက်ချစ်သည်။

ကျွန်ုပ်သည် ယခုအသက်အရွယ်ရောက်သည်အထိ စောနန္ဒီမှလွဲ၍ မည်သည့်မိန်းကလေးကိုမှ ချစ်ကြိုက်စိတ်ဝင်စားခဲ့ခြင်းမရှိ။ ယခု စောနန္ဒီကိုတွေ့မှ အိပ်စက်နေသည့် နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



တံခါးလေး ဝုန်းဒိုင်းကြီးနှင့်လာပြီး ချစ်သည့်စိတ်များ ဖြစ်ပေါ်လာပြီး စောနန္ဒီအား လက်ထပ်ဖို့ ဆုံးဖြတ်ပြီး လက်ထပ်လိုက်သည်။

စောနန္ဒီအား လက်ထပ်ရန် ဆုံးဖြတ်ပြီးသည့်အချိန် ထက်စော၍ စောနန္ဒီအား ချစ်ခွင့်ပန်သည့်အချိန်တွင် အိပ်မက်ထဲ၌ မိန်းကလေးတစ်ယောက် ရောက်ရှိလာပြီး စောနန္ဒီအား လက်ထပ်မယူရန် လာရောက်ပြောကြားသလို ဒုက္ခတစ်ခုနှင့် ကြုံတွေ့ရမည်ဟု ပြောသွားခဲ့သည်ကို သိရ၍ အိပ်မက်သည် လွန်စွာထူးဆန်းနေသည်။

ထိုထက်ထူးဆန်းသည့် အကြောင်းသည် တခြားမဟုတ်။ စောနန္ဒီ သေဆုံးရသည့်ကိစ္စ ဆေးရုံသို့တင်ပို့၍ စစ်ဆေးချက်များ ပြုလုပ်ရာ ဆရာဝန်၏ဆေးမှတ်တမ်းအရ စောနန္ဒီ ရုတ်တရက် သေဆုံးရသည်မှာ ဝမ်းတွင်း၌ မည်သည့်ရောဂါမှ မရှိသလို အဆိပ်များသင့်သည် ဆိုတာလည်း မရှိ။

စောနန္ဒီ ၎သေဆုံးရသည်မှာ ရိုးရိုးသာသာ သေဆုံးခြင်းမဟုတ် ဆိုတာ ကျွန်ုပ်နှင့်အတူ စောနန္ဒီ၏ မိသားစုကလည်း သေဆုံးရသည့်ကိစ္စအား သံသယရှိနေသည်မို့ သောင်းဒန်၏ အကြံပေးချက်အရ ပုလိပ်ဌာနသို့ အကြောင်းကြားရန် ဆုံးဖြတ်လိုက်ကြသည်။

ပုလိပ်ဌာန၏ ပုလိပ်အရာရှိ လက်သစ်လေး ကိုတင်ဌေးအား အကြောင်းကြားလိုက်ရာ ပုလိပ်လက်သစ်လေး ကိုတင်ဌေးသည် စုံနံ့သာမင်းမောင်အား အကူအညီ တောင်းပြန်သည်။





စုံနံ့သာမင်းမောင်၏ လုပ်ရပ်သည် ကိုတင်ဌေးအတွက် ချီးကျူးစရာ ဖြစ်နေသည်။

တစ်ခုသော အမှုတစ်ခု၌ ကိုတင်ဌေးနှင့် စုံနံ့သာမင်းမောင်တို့ ဆုံတွေ့ကြပြီး ကိုတင်ဌေး၏ မှတ်ချက်နှင့် စုံနံ့သာမင်းမောင်၏ မှတ်ချက်သည် လွန်စွာကွာခြားပြီး စုံနံ့သာမင်းမောင်၏ လုပ်ရပ်သည် လွန်စွာအံ့သြစရာကောင်းပြီး အမြဲတမ်းချီးကျူးနေမိသည်။

**(ချီးမွမ်းထိုက်သူကို ရဲရဲတင်းတင်း ချီးကျူးတတ်သည့်သူသည် လွန်စွာတော်သူ ဖြစ်သည်။)**

၎င်းစကားအား ပြောသူသည် စာရေးဆရာမောင်မောင်အောင်မြင့်(ဝေါ)၏ လက်သုံးစကားတစ်မျိုးဖြစ်သလို "**ရိုးသားပွင့်လင်းတတ်ကြပါစေ**"ဆိုသည့် စကားကိုလည်း ၎င်း၏ဝတ္ထုဆောင်းပါးများအဆုံး၌ ရေးလေ့ရှိသည်မို့ ယခု မောင်တင်ဌေး၏ ပွင့်လင်းသည့်စကားလေးတွေကို ချီးကျူးမိသည့်အချိန်၌ စုံထောက်ကျော်ကြီးစုံနံ့သာမင်းမောင်တို့သည် ရုတ်တရက် သေဆုံးသွားသည့် စောနန္ဒီ၏ အလောင်းအား စစ်ဆေးရန် ရောက်ရှိလာကြသည်။

"ဘာများထူးခြားသလဲ ကိုမင်းမောင်"

ကျွန်ုပ်၏ မေးခွန်းအား ရုတ်တရက် အဖြေစကားပြောလာခြင်းမရှိ။ စီးကရက်အား အေးဆေးစွာ ဖွာရှိုက်နေသည်။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ မျက်နှာအားကြည့်လိုက်ရာ ၎င်းသည် စောနန္ဒီ သေဆုံးရသည့်ကိစ္စနှင့် ပတ်သက်၍ လွန်စွာစဉ်းစားရ ခက်နေပုံမျိုး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်နေသည်မှာ မမှားပေ။

စုံနံ့သာမင်းမောင်နှင့် ကျွန်ုပ်တို့သည် သေဆုံးသူ စောနန္ဒီအား သေချာစစ်ဆေးရာ၌ ၎င်း၏ကိုယ်ခန္ဓာ၌ မည်သည့် ဒဏ်ရာမှ တွေ့ရှိခြင်းမရှိသလို စောနန္ဒီ၏ တစ်ကိုယ်လုံး ထူးထူးခြားခြား ဒဏ်ရာဟူ၍ တွေ့ရှိခြင်းမရှိအောင် ဖြစ်နေသည်။

ထို့အတူ ဆရာဝန်များ၏ ဆေးမှတ်တမ်းအား လေ့လာကြည့်ရာ ထူးခြားသည့်ရောဂါများမရှိသည့်အတွက် လွန်စွာထူးဆန်းလျက် ရှိနေသည်။

- "ဆရာဝန်တွေ့ရဲ့ ဆေးမှတ်တမ်းမှာ ထူးခြားမှုမရှိဘူးလို့ မှတ်ချက်ပေးထားတယ်ဗျာ၊ အားလုံးရဲ့ ထွက်ဆိုချက်များမှာ မင်္ဂလာညည့်ခံပွဲ ကျင်းပနေတဲ့အချိန်မှာ ရုတ်တရက် သေဆုံးသွားတာလို့ပဲ ထွက်ဆိုထားကြတယ် ကိုအောင်သိန်း"

"အဲဒီတော့ ခင်ဗျားက ဘယ်လိုမှတ်ချက်ပေးမလဲ ကိုမင်းမောင်"

"ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားနေတာ ကိုအောင်သိန်း။ ကျွန်ုပ်အထင်ကို ပြောရရင် ဒီမိန်းကလေးဟာ ရိုးရိုးသားသား သေတာမဟုတ်ဘူး၊ ဟတ်ထိရအောင် လဲသွားရာက လွန်စွာကြောင်းနေတယ်ဗျာ၊ ကျုပ် ဒီလိုစဉ်းစားမိတယ် ကိုအောင်သိန်း"

"ဘယ်လိုများလဲဗျာ"

"ကျုပ်တို့က တစ်ကိုယ်လုံး စစ်ဆေးတာ ဘာဒဏ်ရာမှ မရှိဘူး၊ အဲဒီတော့ ကျုပ် ဒီလိုလုပ်ချင်တယ်ဗျာ"





"ဘယ်လိုများလဲ ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် စီးကရက်အား ဖွာရှိုက်၍ ဒိုင်ယာရီစာအုပ်အား လေ့လာနေရာ ဒိုင်ယာရီစာအုပ်တွင် အသိသက်သေများ၏ ထွက်ဆိုချက်များအား ရေးမှတ်ထားသည့် ထွက်ဆိုချက်များပင်ဖြစ်သည်။

စုံနံ့သာမင်းမောင်သည် ဒိုင်ယာရီစာအုပ်အား ပိတ်လိုက်ပြီး ကျွန်ုပ်အား ကြည့်လိုက်သည်။

"အားလုံးဟာ အမျိုးမျိုး ထွက်ဆိုသွားကြတဲ့အတွက် တစ်မျိုးစီ ကွဲပြားနေတယ်။ ဒီနေရာမှာ အားလုံးတူညီတဲ့ ထွက်ချက်တစ်ခု ရှိတယ်"

"ဘာများလဲ ကိုမင်းမောင်"

"တခြားတော့ မဟုတ်ဘူး ကိုအောင်သိန်း၊ စောနန္ဒီ မြေပေါ်ကို လဲကျသွားတဲ့အချိန်မှာ လေပွေပေါင်းတစ်လုံး ကွဲသွားတာနဲ့ တစ်ချိန်တည်းဆိုတဲ့ စကားဟာ တစ်ချိန်တည်းဖြစ်နေတယ်ဗျာ"

"အေး ... ဟုတ်တယ်။ အဲဒီစကားဟာ ကျုပ်တို့အတွက် သဲလွန်စလို့ပဲ ပြောရမှာပဲဗျာ၊ အဲဒီတော့ ခင်ဗျား ဘာလုပ်ဖို့ စဉ်းစားမိလို့လဲ"

"ဒီလိုသာ နေလို့တော့ ကျုပ်တို့ လိုချင်နေတဲ့ သဲလွန်စရမှာ မဟုတ်ဘူးဗျာ။ အဲဒီတော့ ကိုတင်ဖော်နဲ့ တာဝန်ရှိသူတွေကို ခေါ်ပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်၏ စကားသည် ကျွန်ုပ်အတွက် လွန်စွာအံ့သြလို နားမလည်နိုင်အောင် ဖြစ်သွားသည်မို့ ၎င်းအား တစ်ချက်ကြည့်လိုက်ပေမဲ့ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ပြန်လည်၍ ကြည့်ခြင်းမရှိ၊ ဒိုင်ယာရီစာအုပ်အတွင်း၌ ရေးမှတ်ထားသည့် စစ်ချက်များအား လေ့လာသည်။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား ထပ်မံ၍ စကားပြောဆိုခြင်း မပြုတော့ဘဲ စောနန္ဒီနှင့် ပတ်သက်သည့် ဆွေမျိုးမိဘများနှင့် စောနန္ဒီ၏ အသစ်စက်စက် လင်ယောကျ်ား ကိုတင်ဇော်တို့အား ခေါ်ယူပေးရန် ပုလိပ်ငယ်တစ်ယောက်အား ပြောလိုက်ရာ ပုလိပ်လေးသည် ကျွန်ုပ်တို့အား ကျောခိုင်း၍ အပြင်သို့ ထွက်သွားသည်၊ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ အနီး၌ ရပ်၍ အခြေအနေများအား ပြောဆိုနေကြသည်။

ထိုအချိန်၌ ကိုတင်ဇော်တို့အဖွဲ့ စုံနံ့သာမင်းမောင်၏ အနီးသို့ ခပ်သုတ်သုတ် ရောက်ရှိလာပြီး အခြေအနေကို မေးလိုက်လေ၏။

"စုံထောက်လေး မည်သို့ထူးဆန်းမှုတွေ တွေ့လို့လဲ"

"သေဆုံးမှုနဲ့ ပတ်သက်ပြီး ကျုပ် ထွေထွေထူးထူး သိပ်မပြောချင်ဘူးဗျာ၊ အဲဒီတော့ ကျုပ်လိုချင်တာ တစ်ခုရှိတယ်ဗျ"

"ဘာများလဲ စုံထောက်လေး"

ထိုသို့ မေးလာသူသည် တင်ဇော်ပင် ဖြစ်သည်။





ကိုတင်ဇော်သည် စောနန္ဒီ;၄် ပတ်သက်၍ အခြေအနေ ဥပမာ စောနန္ဒီ သေဆုံးရသည့်ကိစ္စနှင့် ပတ်သက်၍ သိချင်သည့်အတွက်ကြောင့် ဤသို့မေးလိုက်ရခြင်းဖြစ်သည်။

"ဆေးစစ်ချက်အရ ပြောရရင်တော့ စောနန္ဒီဟာ ရိုးရိုးသားသား သေဆုံးသွားတာ မဟုတ်ဘူး ဆိုတော့ သေချာတယ်ဗျာ။ အဲဒီတော့ ကျုပ် တစ်ခုပြောချင်တယ်။ အဲဒါက တခြားမဟုတ်ဘူး၊ သေဆုံးသူရဲ့ ခေါင်းပေါ်က ဆံပင်တွေကို ဖြတ်စေချင်တယ်ဗျာ။ အဲဒါကို ခင်ဗျားတို့ဆီက ခွင့်ပြုချက် လိုချင်တယ်"

"အဲဒီလောက် အရေးကြီးလို့လား စုံထောက်လေး"

"အဲဒီထက် အရေးကြီးတယ်ဆိုရင် ပိုပြီးမှန်တယ်ဗျာ"

တကယ်တော့ စောနန္ဒီ၏ခင်ပွန်း ကိုတင်ဇော်နှင့် မိဘဆွေမျိုးများသည် စုံနံ့သာမင်းမောင်၏ တောင်းဆိုသည့်စကားများကို လက်ခံခြင်းမရှိ ငြင်းဆိုနေသည်။

စုံနံ့သာမင်းမောင်သည် ၎င်း၏ လုပ်ရပ်အတွက် သေဆုံးသူ၏ ကိုယ်ခန္ဓာ၌ ရရှိထားသည့် ဒဏ်ရာများအား တွေ့ရှိရန်အတွက် တစ်ဖက်၏ ငြင်းဆိုချက်များကို လက်ခံခြင်းမရှိ။ တရားခံ ပေါ်ပေါက်ရန်အတွက် သဲလွန်စများကို ရရှိရန်ပင် ဖြစ်သည်။

ကိုတင်ဇော်သည် စောနန္ဒီအား အသက်လောက်ချစ်ရသူ ဖြစ်သည့်အတွက် ရှည်လျားသည့် ဆံပင်များအား ဖြတ်တောက်ပစ်ရမည့် ဆိုစကားများအတွက် လက်ခံခြင်းမရှိ ငြင်းဆိုနေသည်



www.burmeseclassic.com

www.burmeseclassic.com



မို့ စောနန္ဒီသည် ဆံပင်ရှည်လေးဖြင့် လှနေပေမဲ့ ဆံပင်တွေမရှိရင် လွန်စွာ အရုပ်ဆိုးသွားမှာကို စိုးရိမ်နေသည်မို့ ယခုကဲ့သို့ ငြင်းဆိုနေခြင်း ဖြစ်သည်။

"ကျုပ်ရဲ့မိန်းမက ဆံပင်ရှည်လေးနဲ့ လှနေတာပါဗျာ။ အခု ဆံပင်တွေကို ဖြတ်ပစ်မယ်ဆိုတော့ လွန်စွာ အရုပ်ဆိုးသွားမှာပေါ့ဗျာ"

"စောနန္ဒီကို ခင်ဗျား ဘယ်လောက်ချစ်တယ်ဆိုတာ ကျုပ်သိပါတယ် ကိုတင်ဖော်။ ကျုပ်တို့ကလည်း မဖြတ်ချင်ပါဘူး။ အဲဒီလိုမှ မဖြတ်ရင်လည်း ကျုပ်တို့ လိုချင်တဲ့ သဲလွန်စတွေက ရမှာမဟုတ်လို့ အခုလို လုပ်ရမှာပေါ့ဗျာ"

"အဲဒါဆိုလည်း ဒီအမှုကို ပိတ်လိုက်မယ်ဗျာ။ ဒီအမှုနဲ့ ဖတ်သက်ပြီး ဆက်မလိုက်ကြပါနဲ့တော့ဗျာ။ နန္ဒီဟာ သူ့ရဲ့ ဆံပင်လေးတွေကို လွန်စွာမြတ်နိုးတန်ဖိုးထားပါတယ် စုံထောက်ကလေးရာ"

ကိုတင်ဖော်၏ စကားသည် လွန်စွာမှန်ကန်သည် ဖြစ်၍ တကယ်တော့ စောနန္ဒီသည် ၎င်း၏ဆံပင်တွေကို လွန်စွာ တန်ဖိုးထား မြတ်နိုးသည်။

"နန္ဒီက ဆံပင်တွေကို အင်မတန် မြတ်နိုးပါတယ် အစ်ကို၊ ဒီလိုပဲ ဆံပင်တွေကို ဖြတ်မယ်လို့ စိတ်ကူးမိတဲ့အခါမှာ နေထိုင်မကောင်းဖြစ်ပြီး ခေါင်းတွေကိုက်ခဲနေတတ်တယ်။ တကယ်လို့ အသက်သေသွားခဲ့ရင် မည်သည့်ကိစ္စ ရှိပါစေ ခေါင်းပေါ်က ဆံပင်တွေ မဖြတ်နဲ့နော် အစ်ကို"





ထိုစကားသည် စောနန္ဒီ၏ စကားပင် ဖြစ်သည်။

၎င်းစကားအား ပြောသွားသည့် နေရာသည် အစ်မတော် မဟေသီနန္ဒီ၏ အုပ်လုံးတော်၏ဘေး ဝက်သစ်ချပင်ကြီး အောက်မှာထိုင်၍ ပြောခဲ့သည့်စကားပင် ဖြစ်သည်မို့ ယခု ကျွန်ုပ်၏ စုံထောက်ကျော်ကြီး စုံနှံ့သာမင်းမောင်၏ စကားတောင်းဆိုမှုများကို ကိုတင်ဖော်သည် လက်ခံခြင်းမရှိအောင် ငြင်းဆိုနေခြင်း ဖြစ်သည်။

"အဲဒီလို အလွယ်မပြောပါနဲ့ ကိုတင်ဖော်၊ အခုကိစ္စကို ခပ်ပေါ့ပေါ့ မတွေးလိုက်ပါနဲ့ဗျာ၊ အခန့်မသင့်ရင် ခင်ဗျားကိုပါ အသက်အန္တရာယ် ပြုနိုင်တယ်ဆိုတာ သိထားပါဗျာ"

"ဗျာ ... ဘယ်လို ကိုမင်းမောင်။ ဒီစကားကို ကျုပ်နားမလည်ချင်ဘူးဗျာ"

ထိုသူသည် သောင်းဒန်၏ သူငယ်ချင်း ထွန်းထွန်းပင် ဖြစ်သည်။ တကယ်တော့ ထွန်းထွန်းသည် သောင်းဒန်တို့ကဲ့သို့မဟုတ် ပွဲစားကြီး။ ပွဲစားကြီးစစ်စစ် တစ်ယောက်ပင်ဖြစ်ပြီး ယခု စောနန္ဒီ ရုတ်တရက် ကွယ်လွန်သွားသည်ဆိုတာကို လွန်စွာ စိတ်ဝင်စား၍ သောင်းဒန်နှင့်အတူ လိုက်ပါလာခြင်းဖြစ်သည်။

"ကျုပ် ခင်ဗျားတို့သိအောင် ပြောပြမယ်။ အခု စောနန္ဒီဟာ သာမန်ရိုးရိုးသေတာ မဟုတ်ဘူး၊ ဒေါက်တာများရဲ့ ဆေးစစ်ချက်အရ စောနန္ဒီဟာ မည်သည့်ရောဂါမှ မတွေ့ရှိရဘူး။ အဲဒီအချက်ကိုထောက်ပြီး ရှာဖွေရမယ်ဆို စောနန္ဒီဟာ လုပ်ကြံခံရတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ဟာ စောနန္ဒီရဲ့ကိုယ်မှာ ရောဂါဒဏ်ရာတွေကို ရှာပြီးပြီ၊ ဒဏ်ရာမတွေ့ရဘူး၊ ကျုပ်တို့မှာ ရှာစရာဆိုလို့ ခေါင်းကိုပဲ ရှာရတော့မယ်၊ ဒါကြောင့် ကျုပ်တို့ခေါင်းက ဆံပင်ကို ဖြတ်ဖို့ပြောတာပဲ။ ခင်ဗျားတို့က မလုပ်ပါနဲ့ဆိုလည်း ကျုပ်ကတော့ လုပ်ရမှာပဲဗျာ"

ထိုကဲ့သို့ ပြောလိုက်သည့်အတွက် အားလုံးသည်နားမလည်သလိုဖြင့် စုံနံ့သာမင်းမောင်အား ကြည့်နေကြသည်မို့ ကိုတင်ဖော်သည်လည်း ထပ်မံ၍ ပြောဆိုခြင်းမရှိ တင်းမာသည့်စိတ်များကို လိုက်ရောလိုက်ရသည်။

၎င်းနောက် စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပြီး ပြုတ်ကျရန်ဆဲဆဲ ဖြစ်နေသည့် မာဖလာအား ပခုံးထက်သို့ ပစ်တင်လိုက်သည်။

"ကိုအောင်သိန်း ဆေးရုံအုပ်ကြီးကို စောနန္ဒီ ဆံပင်တွေကို သုတ်သင်ရှင်းလင်းပေးပါလို့ ပြောလိုက်ပါဗျာ"

"ကဲ ... ခင်ဗျားတို့ ပြန်ချင်လည်း ပြန်လို့ရပြီ။ မပြန်သေးဘူးဆိုလည်း နေလို့ရတယ်ဗျ"

အားလုံး၏ဆန္ဒများသည် စောနန္ဒီအား ဆံပင်များ သုတ်သင်မည်ကို ကြည့်ကြရန် ပြေးလာကြသည်။ ထို့နောက် ကိုတင်ဖော်သည် စောနန္ဒီ၏ ဆံပင်များအား ၎င်းအားပေးရန် တောင်းဆိုလာသည့်အတွက် စုံနံ့သာမင်းမောင်သည် ကောင်းစွာ လက်ခံလိုက်သည်။

✧ ✧ ✧



## အခန်း(၁၃)

### ဒဂီးသက်သေ

"ဘယ်လိုဖြစ်တာလဲ ကိုလှမင်း"

စုံနံ့သာမင်းမောင်သည် ဆေးရုံအလုပ်သမား ကိုလှမင်းအား ရုတ်တရက် မေးလိုက်သည့် အချိန်တွင် အားလုံးသည် ကိုလှမင်းထံ အကြည့်များ ရောက်ရှိသွားကြသည်မို့ တချို့သည် လွန်စွာ အံ့သြစိတ်များဖြင့် စုံနံ့သာမင်းမောင်အား ကြည့်နေလိုက်ကြသည်။

၎င်းတို့သည် စုံနံ့သာမင်းမောင်၏ မေးခွန်းအတွက် နားမလည်သလို ဖြစ်ကုန်ကြသည်မှာ မှန်ပေ၏။ တကယ်တော့ စုံနံ့သာမင်းမောင်သည် စောနန္ဒီ၏ ဆံပင်များအား ရိတ်ဖြတ်နေသည်။ ထိုသို့ ရိတ်ဖြတ်နေချိန်တွင် သင်တုံးဓားသည် ရှေ့သို့ဆက်လက်ရိတ်ဖြတ်၍မရ။ ထိုနေရာ၌ တွန့်ဆုတ်၍နေသည်ကို ကောင်းစွာတွေ့လိုက်ရသည် အတွက် ထိုကဲ့သို့ ပေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆေးရုံအလုပ်သမား ကိုလှမင်းသည် ခါးအား မတ်ဆန့်လိုက်ပြီးနောက် စုံနံ့သာမင်းမောင်အား ကြည့်လိုက်သည်။

"ဒီနေရာမှာ တစ်ခုဖြစ်နေတယ် စုံထောက်ကြီး၊ ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ဓားဟာ အောက်မှာ ထိနေတယ်ဗျာ"

"ဟုတ်ပြီ၊ အဲဒီနေရာကို သေချာကြည့်ကြမယ်ဗျာ"

ထိုသို့ပြောအပြီး၌ စုံနံ့သာမင်းမောင်သည် စောနန္ဒီ၏ ဦးခေါင်းရှိ ဆေးရုံအလုပ်သမားကို လှမင်း၏ဓားများ ထိနေသည့်နေရာသို့ သေချာကြည့်နေချိန်တွင် ကျွန်ုပ်နှင့် အားလုံးသောသူများသည် အနီးသို့ တိုးကပ်လာကြသည်။

စုံနံ့သာမင်းမောင်သည် သေချာကြည့်နေသည်။

"ဒီမှာတွေ့ပြီဗျာ၊ အားလုံး အနောက်ကို ဆုတ်ပေးကြပါဗျာ၊ ကျုပ် သဲလွန်စကို ရှာဖွေလိုက်ချင်လို့ပါ"

ထိုသို့ပြောလိုက်သည့် အချိန်တွင် အားလုံးသည် အနောက်သို့ ဆုတ်လိုက်ကြသည့်အချိန်တွင် စုံနံ့သာမင်းမောင်သည် စောနန္ဒီ၏ ဦးခေါင်းအနောက်ဘက်သို့ သေချာစစ်ဆေးနေသည်။ အားလုံးသည် စုံနံ့သာမင်းမောင်၏ လုပ်ရပ်များကို ကြည့်နေကြသည်။

စုံနံ့သာမင်းမောင်သည် ကိုလှမင်း၏သင်တုံးဓားဖြင့် ထိသွားသည့် နေရာသို့ ကြည့်နေသည်။ ထောက်လှမ်းရေးပညာ လွန်စွာတော်သည့် စုံနံ့သာမင်းမောင်သည် သဲလွန်စတစ်ခုအား





ရှာဖွေရာတွင် မထင်မှတ်သည့် အရာများကို ဦးစားပေး ရှာဖွေတတ်သူ ဖြစ်သည်။

"ဟာ ... ဒီမှာတွေ့ပြီ။ ကိုအောင်သိန်း ကျုပ်ကို ဇာဂနာ ပေးဗျာ"

"ကောင်းပါပြီ ကိုမင်းမောင်"

ကျွန်ုပ်သည် လွယ်အိတ်အတွင်း၌ ပါလာခဲ့သည့် ဇာဂနာအား ထုတ်ယူ၍ စုံနံ့သာမင်းမောင် လက်အတွင်း ပေးအပ်လိုက်သည့် အချိန်၌ ၎င်းသည် သဲလွန်စဟု ထင်မှတ်ရသည့် နေရာအား ဇာဂနာဖြင့် နှုတ်ယူနေသည်။

စုံနံ့သာမင်းမောင်သည် စောနန္ဒီ၏ ဦးခေါင်းနောက်စေ့၌ ထိုးစိုက်ဝင်နေသည့် အရာဝတ္ထုလေးအား နှုတ်ယူနေပေမဲ့ ၎င်းအရာဝတ္ထုသည် တော်တော်နှင့် နှုတ်ယူမရအောင် ဖြစ်နေသည်။ စုံနံ့သာမင်းမောင်သည် အချိန်အတန်ကြာအောင် ဖြစ်နေသည်။

စုံနံ့သာမင်းမောင်သည် ဂရုတစိုက် နှုတ်ယူလိုက်ရာ ဇာဂနာထိပ်၌ အရာဝတ္ထုတစ်ခု ပါလာသလို အားလုံးသည် လွန်စွာအံ့သြသွားကြသည်။ တစ်ဆက်တည်း၌ ဦးခေါင်းအတွင်း၌ ရရှိထားသည့် နေရာ၌ ညိုမည်းအကွက်ကြီးတစ်ခုအား အထင်းသား တွေ့လိုက်ရသည်။

"ကိုမင်းမောင် အဲဒါ ဘာလေးလဲ"

"ဒါက ခဲသီးလေးပဲ ကိုအောင်သိန်း။ ဒီခဲသီးလေးဟာ ကျည်တစ်တောင့်ရဲ့ ထိပ်ဖူးလေးပဲ။ သိအောင် ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ပစ်လိုက်တဲ့ ကျည်ထိပ်ဖူးလေး တစ်ခုပဲ ဗျာ"

"ဗျာ ... နန္ဒီ ခေါင်းထဲကို ကျည်ထိပ်ဖူး ထိမှန်သွားတယ် ဟုတ်လား စုံထောက်ကျော်လေး"

ကိုတင်ဇော်သည် ထိုသို့ပြောပြီးနောက် စုံနံ့သာမင်းမောင်၏ အနီးသို့ ရောက်ရှိလာရာ ၎င်းလက်ထဲ၌ ကိုင်ထားသည့် ခဲလုံးလေးအား ကြည့်နေသည်။

ခဲလုံးလေးသည် သွေးစများဖြင့် လွှမ်းမိုးလျက် ရှိနေသည်မို့ စောနန္ဒီ၏ ဖခင်နှင့် မိသားစုများသည် အံ့ဩနေသည်။

ကြေကွဲနေသည်။

ဒေါသများ လွှမ်းမိုးနေကြသည်။

၎င်းတို့သည် စောနန္ဒီအား အငယ်ဆုံး ရှားရှားပါးပါး ညီမလေးတစ်ယောက်တည်း ရှိနေသည့်အတွက် ယခုကဲ့သို့ ဖြစ်သွားသည်ကို ဖြေသိမ့်ရခက်နေကြသည်။

"ဟုတ်တယ်ဗျာ၊ စောနန္ဒီကို တစ်စုံတစ်ယောက်သောသူက သေနတ်နဲ့ ပစ်လိုက်တာပဲဗျာ။ ကျုပ် စောစောက ပြော သလိုပဲ စောနန္ဒီ အခုလို ဖြစ်ရတာဟာ ရန်ငြိုးရန်စ ရှိလို့ လုပ်လိုက်တာပဲဗျာ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လို လုပ်မယ်ဆိုတာ ကျုပ် မဆွေးနွေးတော့ဘူးဗျာ၊ ကျုပ်ကတော့ တရားခံရဲ့ အနောက်ကိုပဲ ဆက်လိုက်တော့မယ်။ ဒါ ကိုအောင်သိန်း၊ အခင်းဖြစ်ပွားတဲ့ နေရာကို သွားကြမယ်





ဗျာ။ ကျုပ်တို့နဲ့အတူ တာဝန်ရှိတဲ့သူ နှစ်ယောက်လောက် လိုက်ခဲ့ပါဗျာ။ သိချင်တာလေးတွေ မေးရတာပေါ့"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် အားလုံးအား ကျောခိုင်း၍ ထွက်လာခဲ့သည့် အချိန်၌ စောနန္ဒီ၏အစ်ကိုနှင့် ၎င်း၏ဇနီး လိုက်ပါလာသည်။

✧ ✧ ✧

တစ်နေ့သ၌ ...

ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနံ့သာမင်းမောင် စောနန္ဒီ၏ အချစ်တော် လင်ယောက်ျား ကိုတင်ဇော်နှင့် အစ်ကိုတို့သည် မင်္ဂလာညှော်ခံပွဲ ကျင်းပသည့် နေရာသို့ ရောက်ရှိလာခဲ့ကြရာ ပထမဆုံး မဏ္ဍပ်အတွင်းသို့ ဝင်ရောက်ကြပြီး စစ်ဆေးကြသည်။

မင်္ဂလာမဏ္ဍပ်သည် လူသူကင်းမဲ့လျက် ရှိသည်မို့ ထိုနေရာသည် လွန်စွာစည်ကားသည့် မင်္ဂလာညှော်ခံပွဲ ကျင်းပသွားခဲ့သည့် ညှော်ပရိသတ်များသည် ပျော်ရွှင်ကြည်နူး ချီးကျူးစကားများ ပြောသွားခဲ့ပေမဲ့ ယခုအချိန်တွင် လွန်စွာကြေကွဲစရာကောင်းနေသည်။

ကိုတင်ဇော်သည် ကြေကွဲစရာကောင်းသည့် မင်္ဂလာမဏ္ဍပ်အတွင်း၌ရပ်၍ လွန်စွာကြေကွဲနေသည်မို့ ကျွန်ုပ်တို့၏ မေးခွန်းများအား ရုတ်တရက် မဖြေနိုင်ပဲ ကြေကွဲမှုများက ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ ထွက်ပေါ်လာသည့် စကားလုံးများသည် ရှိုက်သံများဖြင့် ပုံတင်ထပ်လျက် ရှိနေသည်။

"စိတ်ကို ထိန်းထားပါ ကိုတင်ဖော်။ အခုလို ဖြစ်သွားတဲ့ ကိစ္စကို ခင်ဗျားနဲ့အတူ ကျုပ်တို့ စိတ်မကောင်း ဖြစ်ရပါတယ်။ ကိုသောင်းဒန် အဲဒီနေ့က ခင်ဗျား ဘယ်နားမှာ ရှိလဲ"

"ကျုပ်က ဧည့်သည်ကြိုဆိုရေးတာဝန် ယူထားရတာဆိုတော့ မဏ္ဍပ်အပြင်ဘက်မှာပါ"

"အခင်း ဖြစ်သွားတာကို သတိထားမိတယ် ဟုတ်လား"

"အဲဒီလိုပဲ ပြောရမှာပါ။ အပြင်ကလာတဲ့ ဧည့်သည်တွေကို နေရာချပေးတဲ့ နေရာနဲ့ လေပူပေါင်း ပေါက်ကွဲတဲ့နေရာဟာ လွန်စွာနီးကပ်နေတယ်။ ကျုပ် ဧည့်သည်တွေကို နေရာချပြီး နှုတ်ဆက်နေချိန်မှာ ကျုပ်ခေါင်းပေါ်က လေပူပေါင်း ရုတ်တရက် ကွဲသွားတာပဲဗျာ"

"အဲဒီအချိန်မှာ ထူးခြားမှု တွေ့သေးလား"

"အဲဒါတော့ အမှတ်တမဲ့ပဲဗျာ။ လေပူပေါင်း ကွဲသွားတဲ့ အချိန်မှာ အားလုံးဟာ အထိတ်တလန့် ဖြစ်သွားကြဖြို ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလို့ ထူးခြားမှု ဘာဆိုတာကို မသိလိုက်ဘူးဗျာ"

ကိုသောင်းဒန်၏ စကားသည် ရှင်းသလိုနဲ့ သဲလွန်စ ပျောက်သလို ဖြစ်သွားပြီး အခင်းဖြစ်ရတဲ့ကိစ္စအား မေးလိုက်





ရာ စောနန္ဒီသည် မြောက်အရပ်သို့ မျက်နှာမူ၍ ဒေါ်မမကြီး ဆိုသူအား နှုတ်ဆက်ပြီး ရှေ့သို့ဆက်ရန် ဟန်ပြင်နေချိန်တွင် ရုတ်တရက် မြေပေါ်သို့ လဲကျသွားခြင်းဖြစ်သည်။

ထို့နောက် ကျွန်ုပ်တို့သည် မဏ္ဍပ်အတွင်းသို့ သဲလွန်စများ ရှာဖွေပြီးနောက် မဏ္ဍပ်၏တောင်ဘက်သို့ ထွက်လာခဲ့သည်။ ကျွန်ုပ်တို့သည် မဏ္ဍပ်၏ တောင်အရပ်ဘက်သို့ ခရီးဆက်လာခဲ့ပြီး ၎င်းနေရာသည် ကြီးမားသည့် တောင်ကြီးတစ်လုံးရှိပြီး တောင်ကြီး၏ အပေါ်၌ ဝက်သစ်ချပင်၊ ပျဉ်းမပင်၊ ကျွန်းပင်၊ သျှစ်သျှားပင် စသည် အပင်များကို အထင်းသား တွေ့နေကြရသည်။

ကျွန်ုပ်တို့သည် တောင်ပေါ်သို့ တက်လာပြီး တောင်ပေါ်တက်ရာလမ်း၌ တရားခံများ၏ သဲလွန်စကို ရှာဖွေနေသည်။ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် နေရာများအား သေချာလေ့လာသည့်အတွက် အချိန်သည် အတန်ကြာသွားသည်ဟု ထင်မှတ်နေမိသည်။

"ဘာများလဲ ကိုမင်းမောင်"

စုံနံ့သာမင်းမောင်သည် တောင်ခြေ ဝက်သစ်ချပင် အောက်ရှိ အရာဝတ္ထုတစ်ခုအား ကောက်ယူလိုက်ပြီး ၎င်းအရာဝတ္ထုကို သေချာကြည့်လိုက်သည်။

ကျွန်ုပ်သည်လည်း ၎င်းကဲ့သို့ သေချာကြည့်နေမိသည်မှာ မှန်သော်လည်း မည်သည့်ပစ္စည်းဆိုတာကို အမိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်မရအောင် ဖြစ်နေမိသည့်အတွက် ယခုအမှုနှင့် ပါဝင်ပတ်သက်ခြင်း မရှိဟု ကျွန်ုပ် ယူဆမိပြီး စုံနံ့သာမင်းမောင်ထံမှ ထွက်ပေါ်လာမည့် စကားကို မျှော်နေမိသည်။

"ကျုပ်တို့အတွက်တော့ သဲလွန်စပေါ်ပြီ ကိုအောင်သိန်း"

"ဘယ်လို ကိုမင်းမောင်"

"ကျုပ်တို့အတွက် သဲလွန်စရပြီလို့ ပြောလိုက်တာကို သဘောမပေါက်ဘူးလားဗျာ။ ခင်ဗျား ဘာဖြစ်နေတာလဲ ကိုအောင်သိန်း"

"ခင်ဗျားရဲ့စကားက ကျုပ်အတွက် လွန်စွာခံ့ငြိစရာ ဖြစ်နေလို့ပါဗျာ"

ထိုသို့ပြောပြီးနောက် စုံနံ့သာမင်းမောင်သည် ရရှိထားသည့် အရာဝတ္ထုလေးအား ကုတ်အင်္ကျီအတွင်းသို့ ထည့်သိမ်းလိုက်ပြီး စီးကရက်တစ်လိပ်အား ထုတ်ယူလိုက်သည်။ စီးကရက်အား မီးညှိလိုက်ပြီး ဖွာရှိုက်လိုက်သည်။ ၎င်းနောက် သဲလွန်စများအား ဆက်လက်ရှာဖွေလျက် ရှိသည်။

ကျွန်ုပ်တို့သည် လူသတ်သမားများ၏ လှမ်းရှားသွားခဲ့သည့် လုပ်ရပ် သဲလွန်စများအား လိုက်၍ ရှာဖွေလျက် ရှိနေလျက် ရှိနေသည်မှ ဝက်သစ်ချပင်၏ အနီးသို့ ရောက်ရှိသွားခဲ့သည်။

"ဒီမှာ သဲလွန်စတစ်ခု တွေ့ပြန်ပြီ ကိုအောင်သိန်း"

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ အနီးသို့ ရောက်ရှိသွားရာ စုံနံ့သာမင်းမောင်သည် ဝက်သစ်ချပင်အား ကြည့်နေရာ





ကျွန်ုပ်တို့သည် ၎င်းကဲ့သို့ ဝက်သစ်ချပင်အား ကြည့်နေသည်မို့ ဝက်သစ်ချပင်၏ ခွကြား၌ ပွန်းပဲ့နေသည်ကို တွေ့လိုက်ရသည်မှာ ၎င်းပွန်းပဲ့နေသည်မှာ တမင်ပြုလုပ်ထားသည်နှင့် လွန်စွာကွာခြားလျက်ရှိသည်။

"ဒီမှာတွေ့လား ကိုအောင်သိန်း၊ အဲဒါဟာ သေနတ်တင်ထားတဲ့ နေရာပဲဗျာ"

"ဟုတ်တယ် ကိုမင်းမောင်၊ ဒီတစ်ခါတော့ ကျုပ်လက်ခံသွားပြီဗျာ။ ဒါပေမဲ့ ကျုပ် တစ်ခု တွက်မိတယ်ဗျာ။ နွားကျောင်းသားတစ်ယောက်ရဲ့ တုတ်တိုများလားဗျာ"

"ခင်ဗျားရဲ့ တွက်ဆမှုဟာ ကျုပ်အတွက် ဗဟုသုတတစ်ခု တိုးတယ်လို့ပဲ မှတ်ထားပါမယ်ဗျာ။ အခု ကျုပ်ပြောတဲ့ ပုံစံက နွားကျောင်းသားတစ်ယောက်ရဲ့ တုတ်တိုကိုတင်ပြီး ဆော့ကစားတာနဲ့ မတူဘူးဗျာ၊ လွန်စွာကွာခြားတယ်ဗျာ။ အခုဟာ သေနတ်ပြောင်းကိုတင်ပြီး ပစ်ထားတဲ့ပုံစံပဲဗျာ။ လာဗျာ ... နောက်ထပ် သဲလွန်စတွေ တွေ့အောင်ရှာကြတာပေါ့ဗျာ"

စုံနံ့သာမင်းမောင်သည် ဝက်သစ်ချပင်ကြီး၏ သဲလွန်စများကို ဆက်လက်၍ ရှာဖွေနေသည်။

စုံနံ့သာမင်းမောင်သည် ရရှိထားသည့် သဲလွန်စများအတွက် နောက်ထပ် သဲလွန်စများ ရရှိရန်အတွက် ဆက်လက်ကြိုးစားရှာဖွေနေသလို ကျွန်ုပ်တို့ကဲ့သို့ သောင်းပြန်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ရှာဖွေပေးနေသလို တင်ဖော်သည် ကြေကွဲမှုများစွာဖြင့် မလှုပ်အတွင်း၌ ထိုင်၍ ငိုနေပေ၏။

“ဒီမှာ ဆေးပြင်းလိပ်တို တစ်လိပ်ပါလားဗျာ”

သောင်းဒန်သည် ဒင်္ဂါးတံဆိပ် ဆေးပြင်းလိပ်တို တစ်ခုအားတွေ့၍ ပြောလိုက်ရာ စုံနံ့သာမင်းမောင်သည် ၎င်းနေရာသို့ ရောက်သွားပြီး ဆေးပြင်းလိပ်အား သေချာကြည့်ပြီး လက်ကိုင်ပဝါဖြင့် ကောက်ယူ၍ သေချာကြည့်နေပြန်သည်။

“ဒီဒင်္ဂါးဆေးပြင်းလိပ်ရဲ့ အတိုကို သေချာကြည့်စမ်းကိုအောင်သိန်း”

“ဒီဆေးပြင်းလိပ်က လွန်စွာထူးဆန်းနေပါလားဗျာ”

“ဒီတစ်ခါတော့ ခင်ဗျားတော်သွားပြန်ပြီဗျာ။ ဆေးပြင်းလိပ်ကို သွားနဲ့ ကြေအောင်ကိုက်ခဲထားတဲ့ ပုံစံကို ကြည့်ခြင်းအားဖြင့် ဆေးလိပ်သောက်သူဟာ ဒေါသနဲ့ ကိုက်ခဲထားတာပဲ။ နောက်ပြီး ဆေးလိပ်ကိုကုန်အောင်မသောက်ဘဲ စွန့်ပစ်ခဲ့တဲ့ ပုံစံကို ကြည့်ခြင်းအားဖြင့် မိမိရဲ့လုပ်ရပ်ကို အောင်မြင်သွားတဲ့အတွက် ဆေးလိပ်ကို ထွေးထုတ်ခဲ့တာပဲဗျာ”

“ဟုတ်တယ်ဗျာ၊ ဒီလူဟာ လွန်စွာရက်စက်တာပဲဗျာ”

“တရားခံကို ဖော်ထုတ်နိုင်ပါ့မလား စုံထောက်ကျော်ကြီး”

ထိုသို့မေးသူသည် စောနန္ဒီ၏ အစ်ကိုပင်ဖြစ်သည်မို့ ၎င်းသည် တရားခံအား ဖော်ထုတ်ဖမ်းဆီးပေးရန် ဆန္ဒများပြင်းထန်နေသည်။





စုံနံ့သာမင်းမောင်သည် ၎င်းတို့ထက်ပိုသည်။ အမှုတစ်ခုအား လက်ခံလိုက်သည် ဆိုသည်နှင့် တရားခံမပေါ်ဘဲ အမှုအား ပိတ်လိုက်ရသည်ဆိုတာ မရှိသလို အမှုတစ်ခုသို့ စုံစမ်းဖော်ထုတ်ရာ၌ သဲလွန်စလေးတစ်ခု ရရှိလိုက်သည်နှင့် ပြစ်မှုကျူးလွန်သူ တရားခံသည် မည်သည့်နေရာသို့ ပြေးနေပေမဲ့ လွတ်မြောက်သွားသည်ဆိုတာ မရှိ။

စုံနံ့သာမင်းမောင်သည် ဆေးပြင်းလိပ်အား သိမ်းလိုက်ပြီး နေရာဒေသများအား ဆက်လက်ရှာဖွေနေပြန်သည်။

ထိုရှာဖွေရာ၌ တရားခံများ၏ ခြေရာများကို ဆက်လက်ရှာဖွေနေပြန်သည်။ စုံနံ့သာမင်းမောင်၏ မှတ်ချက်သည် လွန်စွာကျေနပ်စရာ ကောင်းနေသည်။

စောနန္ဒီအား သတ်သွားသည့် လူသတ်သမားသည် လွန်စွာရိုးစင်းသည့် လူသတ်သမား တစ်ယောက်ဖြစ်ပြီး ၎င်းသည် အဝေးဆုံးနေရာသို့ ထွက်ပြေးလွတ်မြောက်သွားခြင်း မဟုတ်ဆိုသည့်အတွက် ကျေနပ်စရာ လွန်စွာကောင်းနေသည်။

စုံနံ့သာမင်းမောင်သည် လုံလောက်သည့် အထောက်အထား ရရှိပြီးနောက် ဝက်သစ်ချအပင်နှင့် စောနန္ဒီ လဲကျသွားသည့် နေရာအား ကြိုးဆွဲ၍ ပေတိုင်းနေသည်။ ထိုသို့ပြုလုပ်ရသည်မှာ တခြားမဟုတ်။ သေနတ်ကျည်သွားသည့် အရှိန်အားတိုင်းတာခန့်မှန်းပြီး ဒေါသကြောင့် ကိုယ်တိုင်ပစ်လိုက်သည်လား။

မလွဲသာပဲ ရတ်တရက် ထိလိုက်တာလားဆိုတာ တွက်ဆနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အတွက် လုံလောက်သွားပြီဗျာ။ အဲဒီတော့ ကျုပ်တို့ ပြန်ကြမယ်။ တစ်ခုပဲ မှာချင်တယ် ကိုတင်ဇော်။ ခင်ဗျား သတိနဲ့ နေပါ"

"ကျုပ် ဘယ်သူနဲ့မှ ရန်ငြိုးရန်စ မရှိပါဘူးဗျာ"

"ကျုပ်စကားထဲမှာ အဲဒီလို အဓိပ္ပာယ်သက်ရောက်နေလို့လားဗျာ။ ဒါတွေ ထားလိုက်ပါဗျာ၊ ကျုပ်ပြောသလို သတိနဲ့နေပါ"

ထိုသို့ပြောအပြီးနောက် ကျွန်ုပ်တို့သည် ပြန်လာခဲ့ကြရာ စုံနှံ့သာမင်းမောင်သည် ရရှိထားသည့် သဲလွန်စများအတွက် လွန်စွာကျေနပ်သလို ၎င်းအမှုမှန်သည် လပိုင်းအတွင်း၌ အပြီးပြတ်ပေါ်သွားမည်ဟု ထင်မှတ်နေသည်။

စုံနှံ့သာမင်းမောင်သည် စောနန္ဒီအား သတ်သွားသည့် တရားခံများနှင့် ပတ်သက်၍ ပြောလာရာ၌ လွန်စွာစိတ်ဝင်စားစရာ ကောင်းနေသည့်အတွက် စာရှုသူများခင်ဗျာ၊ စောနန္ဒီအား သတ်သွားသည့် တရားခံ၏ စိတ်ဝင်စားစရာများကို အောက်၌ ဆက်လက်ဖတ်ရှုကြပါရန် တင်ပြလိုက်ရပါသည်။

✧ ✧ ✧



# အခန်း(၁၄)

## တရားခံနောက် ခြေရာကောက်

တစ်နေ့သ၌ ...

ကျွန်ုပ်သည် ရုံးခန်းအတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် စုံနှံ့သာမင်းမောင်သည် စောနန္ဒီအား သတ်လိုက်သူ၏ သဲလွန်စများအား သေချာစွာ စစ်ဆေးနေသည့်အတွက် စာရေးစားပွဲပေါ်၌ တင်ထားသည်ကို အထင်းသား တွေ့လိုက်ရသည်။

စုံနှံ့သာမင်းမောင်သည် ကျွန်ုပ်အတွက် လွန်စွာ ချီးကျူးစရာ ဖြစ်နေသလို ပုလိပ်အရာရှိများသည်လည်း ချီးကျူးခြင်းကို ခံစားရသည်။

ယခု စုံနှံ့သာမင်းမောင်သည် ကျွန်ုပ်ထက်စော၍ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများအား ပြုပ်ဆောင်နေသည်မို့ ကျွန်ုပ်သည် စုံနှံ့သာမင်းမောင်၏ ရှေ့တွင် ဝင်ရောက်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲရားခံရဲ့ခြေရာ ကောက်မိပြီလား ကိုမင်းမောင်"

"တရားခံဆိုတာ မကောင်းမှု ကျူးလွန်ခဲ့တဲ့ လူတွေပဲဗျာ။ အဲဒီအတွက် လူတွေနဲ့ မတူတဲ့ ကွာခြားမှုတွေ ရှိတယ်ဗျာ။ အဲဒီလို ထူးခြားမှုရှိနေတဲ့အတွက် ပြစ်မှုကို ကျူးလွန်သွားတဲ့ လူတွေကို ရှာဖွေရတာဟာ လွန်စွာလွယ်ကူတယ် ကိုအောင်သိန်း"

"ဘယ်လိုလွယ်ကူတာလဲဗျာ။ ခင်ဗျားရဲ့စကားက ကျုပ်အတွက် လွန်စွာထူးဆန်းနေတယ်ဗျာ"

"ခင်ဗျားပြောသလိုပဲ ထူးဆန်းတယ် ကိုအောင်သိန်း။ လူ့လောကမှာ နေထိုင်တဲ့ လူတွေဟာ အမျိုးမျိုးရှိတယ်။ လူမိုးရယ်၊ လူအ,ရယ်၊ လူလည် လူလိမ်ရယ်၊ စီးပွားရေးသမားရယ်၊ လူမိုက်ရယ် စတဲ့ အလွှာပေါင်းများစွာရှိတဲ့ အထဲမှာ လူမိုက်ဆိုတဲ့ လူတွေက အကဲခတ်ရတာ တစ်မျိုးထူးခြားနေတယ် ကိုအောင်သိန်း၊ လူမိုက်ဆိုတဲ့ စကားလုံးကို သုံးလိုက်တဲ့အတွက် လူမိုက် သုံးလေးမျိုးရှိတယ်ဗျာ။ အဲဒီ သုံးလေးမျိုးထဲက သုံးမျိုးသော လူမိုက်အကြောင်းကို ကျုပ်သိအောင် ပြောပြမယ်ဗျာ ...

ဘာလို့ လူမိုက်ရဲ့အကြောင်းကို ပြောရတာလဲလို့ မေးစရာရှိတယ်ဗျာ။ ကျုပ်တို့ အခုလိုက်နေရတဲ့အမှုက လူသတ်မှုဆိုတော့ လူမိုက်လို့ သတ်မှတ်လို့ ရတယ်ဗျာ။ တချို့ လူမိုက်ဟာ နာကြည်းမှုနဲ့ သတ်တာ၊ တချို့က ငွေ





ကြေးယူပြီးသတ်တဲ့ ကြေးစားလူမိုက်ပဲဗျာ။ အဲဒီလူမိုက်တွေအထဲမှာ လူမိုက်ရဲ့အကြောင်းကို ခွဲပြီးပြောရရင်တော့ တချို့လူမိုက်က လူမိုက်ဖြစ်ကြောင်း ကြားနေတယ်။ တချို့က လူမိုက်ဖြစ်ကြောင်းမပြောဘဲ လူကိုသတ်တယ်။ တကယ့်လူမိုက်က အမြဲတမ်း ပြုံးနေပြီး စကားပြောရ လွန်စွာတော်တယ်။ အေးဆေးတယ်။ သူ့ကို ရုတ်တရက် မြင်တွေ့ရရင် လူမိုက်တစ်ယောက်လို့ မထင်ရဘူး။ အဲဒီလူမိုက်ဟာ အဆင့်အတန်းရှိတဲ့ လူမိုက်တစ်ယောက်ပဲ ကိုအောင်သိန်း"

စုံနှံ့သာမင်းမောင်၏ စကားများသည် ကျွန်ုပ်အတွက် အသိများ တိုးလာပြီး ကျေးဇူးများ တင်လာမိသည်မှာ မှန်ပေ၏။ တကယ်တော့ စုံနှံ့သာမင်းမောင်သည် လူများအား အကဲခတ်ရာ၌ လွန်စွာတော်သည်။

ထိုအတွက်ကြောင့် တရားခံများ၏ အနောက်သို့ လိုက်ရာ၌ သေချာအောင် ကြိုတင်ပြင်ဆင်ထားပြီးမှ ပြုလုပ်ရမည့် အလုပ်များကို ပြင်ဆင်တတ်သည့်အတွက် ကိစ္စတစ်ခု ပြုလုပ်ရာ လွန်စွာတော်သည်။

ကျွန်ုပ်သည် စုံနှံ့သာမင်းမောင်အား ကြည့်လိုက်ရာ ၎င်းသည် စီးကရက်အား ကောင်းစွာဖွာရှိုက်လိုက်ပြီး ပြုတ်ကျဆဲဆဲ ပဝါအား ပြန်လည်ပြုပြင်လိုက်သည်။

"ကျုပ်တို့ အခုလိုက်နေသည့် တရားခံကို ခင်ဗျား ဘယ်လို သုံးသပ်မလဲ ကိုမင်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကြီးလူမိုက်တစ်ယောက် မဟုတ်ဘူး။ သေနတ်ပစ်ကျွမ်းကျင်သူ မဟုတ်ဘူး။ နာကြည်းချက်နဲ့ ပစ်လိုက်တဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်။ ကျုပ်အထင် ပြောရရင် သူက သေနတ်ပစ်ကျွမ်းကျင်သူတစ်ယောက် မဟုတ်တာ အမှန်ပဲဗျာ"

"အဲဒါတော့ မဖြစ်နိုင်ဘူးဗျာ၊ သေနတ်ပစ် မကျွမ်းကျင်တဲ့သူက ဦးခေါင်းနောက်စေ့ကို ထိအောင်ပစ်နိုင်ပါ့မလား ဗျာ"

"ခက်ရန်ကော ကိုအောင်သိန်းရာ၊ ကျုပ်က အထောက်အထား ခိုင်ခိုင်လုံလုံ ရထားလို့ ဒီစကား ပြောတာပါဗျာ။ ခင်ဗျားကို ကျုပ် တစ်ခုမေးမယ်"

"ဘာများလဲ ကိုမင်းမောင်"

မေးမယ်ဆိုသည့် စကားသည် လွန်စွာ အထိတ်တလန့် ဖြစ်သွားရာ တစ်ခါတလေ စုံနံ့သာမင်းမောင်၏ မေးခွန်းသည် လွန်စွာလွယ်သလို ထင်ပေမဲ့ ပုစ္ဆာထုတ်ရာ၌ လွန်စွာခက်ခဲနေတတ်သည်။

"ဝက်သစ်ချပင်ရဲ့ ခွကြားက ဘယ်လိုပုံစံ ဖြစ်နေသလဲ"

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား တစ်ချက်ကြည့်ပြီး မေးခွန်းအတွက် ပုစ္ဆာခက်နေသည်။ တကယ်တော့ ဒီနေရာမှာ ကျွန်ုပ် လွန်စွာညံ့သွားသည်။ စုံနံ့သာမင်းမောင် ညွှန်ပြသည့် အချိန်တုန်းက ထိုနေရာအား သေချာမကြည့်ခဲ့သလို မှတ်သား





ရန်လည်း မေ့သွားသည်မို့ ယခု မေးခွန်းအတွက် အဖြေခက်သွားသည်။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား ကြည့်လိုက်ချိန်၌ ၎င်းသည် ကျွန်ုပ်ထံမှ ထွက်ပေါ်လာမည့် အဖြေစကားများအား စီးကရက်ဖွာရှိုက်လျက် စောင့်ဆိုင်းနေသည်။

တကယ်တော့ စုံနံ့သာမင်းမောင်သည် လွန်စွာတော်သည်ဟူသော စကားများကို ကျွန်ုပ် အမြဲတမ်း ချီးကျူးနေတတ်သည်မို့ ယခုလည်း ချီးကျူးရပြန်သည်။ ထိုနေရာ၌ စုံနံ့သာမင်းမောင်၏ စကားလေးကို သတိရလာသည်။

**"ရှေးအခါက ဘုရင်တိုင်းပြည်မှာ ခွေးမကြီးတစ်ကောင်ဟာ သားမွေးတယ်၊ အဲဒါကို ဘုရင်ကြီးက ဘယ်နကောင်မွေးသလဲဟု မေးလိုက်တယ်။ အမတ်များက ခွေးများကိုသွားကြည့်ပြီး ခွေးလေးကောင် မွေးတယ်ဟု ဘုရင့်ထံလျှောက်တင်လိုက်တယ်။ ဒီနေရာမှာ ဘုရင်က ထပ်မေးလိုက်တော့ နောက်ထပ်တစ်ခါပြန်ကြည့် ခွေးထီးသုံးကောင်ပါဟု ပြန်ပြောရပြန်တယ်။ ဒီနေရာမှာ ဘုရင်ကြီးက စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ ဒီအမတ်ကြီးကို ခေါသထွက်နေတယ်။ ထိုစိတ်ဆိုးမှုဟာ တခြားမဟုတ်ဘူး၊ ခွေးဘယ်နကောင် မွေးသလဲ မေးတည်းက ဘယ်နကောင်၊ အထီးအမ ဘယ်နကောင် ဆိုတာကို တစ်ခါတည်း ပြောနိုင်ရမယ်။ နောက်ထပ်တစ်ခါ ပြန်ကြည့်ရတာကို လွန်စွာညံ့သွားပြီး**

www.burmeseclassic.com

www.burmeseclassic.com



**စိတ်ဝင်စားမှု ညှိုးသွားပြီး အလုပ်ဆိုတာ ကြီးတဲ့အလုပ်ကို မဆိုထားနဲ့ သေးဖွဲတဲ့အလုပ်ပဲဖြစ်ဖြစ် အထင်မသေးရဘူး၊ သေးငယ်တဲ့ မြွေဆိုးတစ်ကောင်ကို အထင်သေးပြီး သွားကိုင်ရင် မြွေကိုက်ခံရလို့ သေသွားလိမ့်မယ်။ အဲဒီတော့ ခင်ဗျားကို ပြောလိုက်မယ်၊ ဘယ်အရာကိုမှ အထင်မသေးရဘူး"**

ထိုစကားကို ပြောပြထားရဲ့နှင့် လုပ်ငန်းအပေါ်မှာ အထင်သေးခဲ့မိသည့်အတွက် ယခု စံနံ့သာမင်းမောင်၏ ပုစ္ဆာများကို အဖြေထုတ်ရန် ခက်၍နေသည်။

"ကျုပ် သတိမထားမိတော့ဘူးဗျာ၊ စိတ်ထဲမှာလည်း မြင်အောင်ကြည့်လို့ မရတော့ဘူးဗျာ"

"ကျုပ်တော့ လွန်စွာ စိတ်ညစ်သွားပြီဗျာ၊ ခက်တာပဲ ကိုအောင်သိန်းရာ၊ ခင်ဗျားကို ပြနေတယ်ဆိုတာ ကျုပ်အတွက် အထောက်အကူဖြစ်အောင်လို့ပြနေတာ။ အခု ခင်ဗျားအဖြစ်က နန်းဝင်းထဲက ခွေးသားလေးတွေကိုကြည့်တဲ့ အမတ်ကြီးတွေလို ဖြစ်နေပြီဗျာ"

"ခင်ဗျားပြောလည်း ပြောစရာပဲဗျာ၊ ဒီရက်ထဲမှာ အလုပ်လုပ်ရတာ စိတ်မဝင်စားသလိုပဲဗျာ"

"ခက်နေပြီ ကိုအောင်သိန်းရာ၊ ကျုပ်ပြောထားရဲ့သားနဲ့ဗျာ၊ အစိကနဲ့ သာမညခွဲထားပါ၊ အစိကမကျတာတွေကို ချန်ထားပါလို့"



စံနံ့သာမင်းမောင်သည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီးနောက် လွယ်အိတ်၏အတွင်းမှ ဆက်သေခံပစ္စည်းများအား ထုတ်ယူလိုက်သည်။ ၎င်းအရာဝတ္ထုသည် စားပွဲပေါ်၌ မျက်နှာငယ်လေးနှင့် ရှိနေသည်ဟု ထင်နေသလို ကျွန်ုပ်သည်လည်း မျက်နှာငယ်နေရသည်။

"ဒီဘူးလေးက သေနတ်ကျည်ဆန်ထဲက ဘူးလေးပဲဗျာ၊ ဒီဆေးပြင်းလိပ်လေးက တရားခံသောက်သွားတဲ့ ဒင်္ဂါးဆေးပြင်းလိပ်ပဲဗျာ။ ဒီမှာ စောနန္ဒီ ဦးခေါင်းထဲက ခဲသီး။ ဒီမှာ ဘူးထဲက ခဲသီးပုံစံက ခွဲမရဘူး။ တရားခံဟာ ဝက်သစ်ချပင်ရဲ့ ခွကြားထဲမှာ သေနတ်ကို သေချာအောင်ထားတယ်ဗျာ၊ အဲဒါကြောင့် ပွန်းပဲ့မှုတွေ များနေတယ်။ သေနတ်ပစ် မကျွမ်းကျင်တဲ့သူဆိုရင် ဒီလိုသေနတ်မျိုးဟာ လက်မောင်းပေါ်တင်ပြီး ပစ်လို့ရတယ်ဗျာ။ ဒီလောက်ဆို ခင်ဗျားသဘောပေါက်ပြီလား"

"ကျုပ် သဘောပေါက်သွားပြီ ကိုမင်းမောင်၊ ဒီတစ်ခါတော့ ကျုပ်ညံ့သွားပြန်ပြီဗျာ"

"ခက်ရန်ကော ကိုအောင်သိန်းရာ၊ ခင်ဗျားက ညံ့သွားပြီဆိုတဲ့ စကားကိုပဲ ပြောနေတယ်ဗျာ၊ ကျုပ် တော်အောင်ကြိုးစားပါ့မယ်ဗျာ ဆိုတဲ့ စကားကို ကြားချင်တယ်။ ခင်ဗျား ဘာလို့ တော်အောင်ကြိုးစားပါ့မယ်လို့ ဘာကြောင့် မပြောတာလဲ ကိုအောင်သိန်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကား ကြားလိုက်ရသည့် အချိန်၌ လွန်စွာအံ့သြသွားသည်။ တကယ်တော့ ကျွန်ုပ်သည် စုံနံ့သာမင်းမောင် ပြောသလို တော်အောင်ကြိုးစားပါမည်ဟု မည်သည့်အတွက်ကြောင့် မပြောသလဲဆိုတာ စဉ်းစားမရအောင် ဖြစ်နေမိသည်။ တကယ်တော့ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်ကို ၎င်းကဲ့သို့ လူတော်တစ်ယောက် ဖြစ်စေချင်သည့် ဆန္ဒရှိသည်။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ ဆန္ဒများအား ဖြစ်မြောက်အောင် ကြိုးစားချင်သော်လည်း ယခုရက်ပိုင်း၌ စိတ်များသည် အလုပ်များအား စိတ်ဝင်စားခြင်း မရှိသည်မှာ တခြားမဟုတ်။ ကျွန်ုပ်တို့ မိသားစုမှ ကျွန်ုပ်၏ဖခင်သည် ကွယ်လွန်သွားသည့်အတွက် စိတ်သောကများ ရောက်ရှိနေသည့်အချိန်၌ စောနန္ဒီ ဆိုသည့် မိန်းကလေး ကွယ်လွန်သွားသည်။

တကယ်တော့ စောနန္ဒီသည် ကျွန်ုပ်နှင့် လုံးဝပတ်သက်မှုမရှိပေမဲ့ တိုက်ဆိုင်မှုများနှင့် ကြုံတွေ့လိုက်သည်ဟု သတ်မှတ်လျှင် ကျွန်ုပ်၏ဖခင် ကွယ်လွန်ပြီး၍ လပိုင်းသာရှိသေးသည်။ စောနန္ဒီ အသတ်ခံရသည်မို့ ကြေကွဲမှုများကို နှိုးဆွပေးသလို ဖြစ်သွားသည်။

"ဆောရီး ကိုမင်းမောင်၊ ဒီရက်ထဲမှာ အဖေနဲ့ပတ်သက်ပြီး စိတ်မကောင်းမှုတွေ ကျန်နေသေးလို့ပါဗျာ"

"ကျုပ် သဘောပေါက်ပြီဗျာ။ ဒီရက်ပိုင်းမှာ ကျုပ် ခင်ဗျားကို ဘာမှ မပြောတော့ဘူးဗျာ။ ကဲ ကိုအောင်သိန်း၊ ကျုပ်တို့ တရားခံနောက် ခြေရာကောက်ကြရအောင်ဗျာ"





ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ စကားများကို လက်ခံသည့်သဘောဖြင့် လွယ်အိတ်များကို ပြင်ဆင်လိုက်ပြီး လိုအပ်သည့် ပစ္စည်းများအား လွယ်အိတ်အတွင်းသို့ စနစ်တကျ ထည့်သိမ်းလိုက်ချိန်၌ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်ကဲ့သို့ ပြင်ဆင်နေသည်။

စက္ကန့်အတန်ကြာချိန်၌ ပြင်ဆင်ပြီး ကျွန်ုပ်တို့သည် တရားခံများ၏အနောက်သို့ လိုက်ရန်အတွက် ဂါတ်စခန်းသို့ ကျောခိုင်း၍ ထွက်လာခဲ့ပေတော့သည်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

### ကြိုတင်နိမိတ်များ

စောနန္ဒီ ... စောနန္ဒီ ...။

ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားသည်မို့ ကြားရသူများအဖို့ အထိတ်တလန့်ဖြစ်ကုန်သည်။

အချိန်သည် ကမ္ဘာပေါ်၌ သက်ရှိနေထိုင်သူများအားလုံးသည် ကောင်းစွာ အိပ်မောကျနေသည့် လှုပ်ရှားသူ လူများသည် လမ်းမပေါ်၌ တစ်ဦးတစ်ယောက်မှ သွားလာလှုပ်ရှားသည်ကို တွေ့ရှိခြင်းမရှိအောင် ဖြစ်နေသည်။

ယခု ကျွန်ုပ်သည် စိုးရိမ်စိတ်များဖြင့် ခေါ်လိုက်ပြီး စောနန္ဒီအား ကြည့်လိုက်ပေမဲ့ တွေ့ရှိခြင်းမရှိသလို ကျွန်ုပ်သည်လည်း အခန်းတစ်ခုအတွင်းထဲ၌ ရောက်ရှိနေသည်။ အခန်း၏





တစ်နေရာ၌ သောင်းဒန် အိပ်မောကျနေသည်။ အရောက်လင်းမီးရောင်ဖြင့် အထင်းသား မြင်နေရသည်။

စောနန္ဒီသည် ကျွန်ုပ်ထံ ရောက်ရှိလာပြီး ပျော်ရွှင်သည့် စကားများစွာအား ပြောနေသည်။ စကားပြောရသည့် အကြောင်းအရင်းမှာ တခြားမဟုတ် စောနန္ဒီသည် ကျွန်ုပ်အား လာရောက်ခေါ်ရာ ၎င်းနေသည့်တောင်သို့ လိုက်လာရန် ခေါ်ယူခြင်းပင်ဖြစ်သည်။

ကျွန်ုပ်သည် စောနန္ဒီ ခေါ်သည့်တောင်ကြီးအား လိုက်ချင်ပေမဲ့ အလုပ်တွေ ရှုပ်ထွေးနေသည့်အတွက် နောက်မှ လိုက်ခဲ့ပါမယ်ဟု ပြောလိုက်ချိန်တွင် စောနန္ဒီသည် ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးလျက်ရှိပြီး ခေါ်နေသည်။

၎င်းအချိန်၌ လွန်စွာ ကြောက်စရာကောင်းသည့် လူသန်ကြီး ဆယ်ယောက်နှင့် အဖိုးတန်ဝတ်စုံဖြင့် လူတစ်ယောက်ပါ လိုက်ပါလာပြီး စောနန္ဒီအား လိုက်ခဲ့ရန် တစ်ချက်လွှတ်အမိန့်ပေး၍ ခေါ်သည့်အတွက် မျက်ရည်များဖြင့် လိုက်သွားရသော်လည်း ကျွန်ုပ်ကိုပါ တစ်ခါတည်းလိုက်ရန် တောင်းပန်ပြောဆိုသည့် ထူးခြားမှုတစ်ခုအား တွေ့လိုက်ရသည်။

ကောင်းစွာသော အဝတ်များ ဝတ်ဆင်ထားသည့်သူသည် ကျွန်ုပ် မောင်တင်ဖော်နှင့် ခွဲမရအောင် တူနေသည်။ ထိုလူသည် ကျွန်ုပ် မဟုတ်သည်မှာ လွန်စွာ သေချာနေသည်မို့ စဉ်းစားရ ခက်နေသည်။ ကျွန်ုပ်သည် ထိုလူစုများအား တိုက်ခိုက်၍ စောနန္ဒီအား ပြန်လည်၍ ခေါ်ယူချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်၏ ဆန္ဒများသည် အောင်မြင်မှု မရရှိခဲ့ပေ။

ထိုနေရာ၌ ထပ်မံ၍ ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာပြန်သည်မှာ တခြားမဟုတ်။ စောနန္ဒီနှင့် ရုပ်ချင်းခွဲမရအောင်တူသည့် မိန်းကလေးတစ်ယောက်သည် ကျွန်ုပ်အား ၎င်းနှင့်လိုက်မသွားရန် မျက်ရည်များစွာဖြင့် တားမြစ်နေသည်မို့ မိန်းကလေး၏ နာမည် စောစန္ဒီဟု သိလိုက်ရသည်။

(စာရှုသူအပေါင်းတို့တင်ဇော်အသက်လောက်ချစ်ရသည့်စောနန္ဒီနှင့် တင်ဇော်အားတားမြစ်နေသည့်စောစန္ဒီသည်မည်သို့ကွာခြားသလဲ၊ ၎င်းတို့သည် မည်သို့ပတ်သက်၍ နေသလဲ ဆိုတာ အောက်၌ဖော်ပြထားသည့်ဇာတ်ကြောင်းအား သေချာဖတ်ရှုကြပါရန်လေးစားစွာဖြင့် ကြိုတင် အသိပေး ရေးသားလိုက်ရပါသည်။) (စာရေးသူ)

စောစန္ဒီသည် ကျွန်ုပ်အား လိုက်မသွားရန်နှင့် စောနန္ဒီနှင့် ကျွန်ုပ်သည် လွန်စွာကွာခြားနေသည့် ဘဝခြားနေသူ၏ နောက်သို့ လိုက်သွားလျှင် ကျွန်ုပ်အတွက် မည်သို့မျှ ထူးခြားမှု မရှိသလို အသက်အန္တရာယ်နှင့်သာ ကြုံတွေ့ရလိမ့်မည်ဟု ပြတ်သားစွာ ပြောသော်လည်း လက်ခံခြင်းမရှိ။ စောနန္ဒီ၏ အနောက်သို့လိုက်ရန် ကြိုးစားနေချိန်တွင် ကျွန်ုပ်မိခင်၏ အသံတစ်ခုပြတ်သားစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။

အမေသည် စောစန္ဒီကဲ့သို့ တားမြစ်ပြန်သည့်အတွက် အခက်ကြုံတွေ့ရပြန်သည်။





ကျွန်ုပ်သည် မိခင်အား တောင်းပန်၍ စောနန္ဒီထံ လိုက်ခွင့်ပေးရန် ပြောဆိုသော်လည်း မိခင်သည် ဘဝခြားသွားသည့်အတွက် လိုက်ခွင့်ကို မပေးပဲ မျက်ရည်များဖြင့် တားမြစ်နေသည့်အတွက် ကျွန်ုပ် အတွက် လွန်စွာကြေကွဲရသည်။ စောနန္ဒီသည် ကြေကွဲမှုများစွာဖြင့် ကျွန်ုပ်အား တကြည့်ကြည့်ဖြင့် ခေါ်ရာသို့ လိုက်ပါသွားရင်း တဖြည်းဖြည်းနှင့် ဝေး၍သွားလေတော့၏။

"စောနန္ဒီ ... စောနန္ဒီ ...

လိုက်မသွားနဲ့ ... လိုက်မသွားနဲ့ အစ်ကို့ဆီ ပြန်လာပါ။ ပြန်လာခဲ့ပါ"

ကျွန်ုပ် မောင်တင်ဇော်၏ အသံသည် ဝန်းကျင်သို့ ဆူညံစွာ လွှမ်းမိုးသွားပေတော့၏။

✧ ✧ ✧

၁

"တင်ဇော် ... တင်ဇော်"

သောင်းဒန်၏ အသံသည် ပြတ်သားစွာ ထွက်ပေါ်လာပြီး ကျွန်ုပ်၏ ကိုယ်လုံးသည် ဘယ်ညာသို့ လှုပ်ယမ်းသွားသည်မို့ မှိတ်ထားသည့် မျက်လုံးများသည် ရုတ်တရက် ပွင့်လာသည်။

တစ်ချိန်တည်းမှာ ထိုင်လိုက်မိသည်။ သောင်းဒန်အား ကြည့်လိုက်ရာ သောင်းဒန်သည် စိုးရိမ်စိတ်များစွာဖြင့် ကျွန်ုပ်အား ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် အဲဒီလောက် အော်နေရတာလဲကွာ"

"စောနန္ဒီ ငါ့ဆီကို လာတယ်ကွာ။ သူနဲ့လိုက်ခေါ်ဖို့ ခေါ်တယ်ကွာ။ ငါကလည်း ငါနဲ့နေဖို့ ခေါ်တယ်ကွာ"

"ဘာလို့ အဲဒီလောက် စွဲလမ်းမှု အားကြီးနေရတာလဲ တင်ဖော်။ မင်းအတွက် ဒုက္ခပေးနိုင်တယ်ကွာ။ ငါစေတနာနဲ့ ပြောတာပဲ"

ကျွန်ုပ် တင်ဖော်သည် ရုတ်တရက် ထရပ်လိုက်ပြီး သောက်ရေအိုးမှ ရေတစ်ခွက် ခပ်သောက်လိုက်ပြီး အိပ်သည့်ခုတင်သို့ ပြန်လာရာ သောင်းဒန်သည် ၎င်းနေရာ၌သာ ဆက်လက်ထိုင်၍ ကျွန်ုပ်၏ လှုပ်ရှားမှုများစွာအား နားမလည်စွာ ကြည့်နေပေမဲ့ ကျွန်ုပ်သည်လည်း သောင်းဒန် အပေါ် နားမလည်နိုင်အောင် ဖြစ်နေသည်။

"မင်းရဲ့စကားကို ငါ လက်ခံတယ် သောင်းဒန်၊ ငါ စောနန္ဒီ အပေါ် တကယ်ကို စွဲလမ်းပါတယ်။ ငါ တကယ်ပြောမိတာပါကွာ။ အခု ငါ့ရဲ့အိပ်မက်က စွဲလမ်းမှုတွေနဲ့ မဆိုင်ဘူးလို့ ထင်နေတာ အမှန်ပဲကွာ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့စိတ်ထဲမှာ လွန်စွာအံ့ဩစရာ ဖြစ်နေတယ် သောင်းဒန်ရာ"

ကျွန်ုပ်သည် အိပ်မက်ထဲ၌ တွေ့ဆုံရသည့် အကြောင်းများကို အထက်ပါ တင်ပြခဲ့သည့်အတိုင်း ဆက်လက်တင်ပြရန် မလိုအပ်ဟု ထင်မှတ်သည့်အတွက် ဆက်လက်ရေးသားမဖော်ပြလိုတော့ပေ။





ယခု ဆက်လက်တင်ပြရသည်မှာ တခြားမဟုတ်၊ အထက်က မတင်ပြခဲ့သည်များကို တင်ပြရန်ဖြစ်သည်။ စောနန္ဒီသည် ကျွန်ုပ်နှင့် တောင်တန်းတစ်ခု၏ အပေါ်၌ စကားပြောခဲ့ရာ ယခုကဲ့သို့ ဖြစ်ရပြီး ၎င်းအား သခင်သွားသူကို ပြန်လည်သတ်မည်ဟု ရှေ့ပိုင်း၌ ပြောပြပြီးချိန်၌ လူရိုင်းများ ရောက်ရှိလာပြီး ပြန်ခေါ်သည်။

ထိုနေရာ၌ လွန်စွာထူးဆန်းသည့် ကိစ္စများစွာရှိသည်မှာ စောနန္ဒီသည် ထိုတိုင်းပြည်၌ ဘုရင်မတစ်ယောက် ဖြစ်သည်။ စောနန္ဒီအား လာရောက်ခေါ်ဆောင်သူသည် အိမ်ရှေ့စံ ကိုယ်တော်လေး ဖြစ်သည်။

ကျွန်ုပ်အား လိုက်မသွားရန် တားမြစ်သူသည် စောနန္ဒီနှင့် ခွဲမရအောင် တူနေသည်မို့ စောစန္ဒီ ဆိုသည့် မိန်းကလေး ဖြစ်ရာ ၎င်းမိန်းကလေးသည် ဗိုလ်တထောင်စေတီတော်ပေါ်၌ တွေ့ဆုံသည့် မိန်းကလေးဖြစ်သည်။ ယခု တင်ပြခဲ့သည့် အကြောင်းများသည် ကျွန်ုပ် မောင်တင်ဖော်၏ ကိုယ်တွေ့များပင်ဖြစ်၏။

"မင်းစကားကလည်း ပုံပြင်လိုလို ဒဏ္ဍာရီလိုလို ဖြစ်နေတယ်ကွာ။ ငါတော့ ယုံရခက်နေတယ် တင်ဖော်ရာ"

"အဲဒါတော့ ငါလည်း မတတ်နိုင်ဘူး သောင်းဒန်ရာ။ အခုပြောနေတာက ဖန်တီးပြီး ပြောနေတာ မဟုတ်ဘူးကွာ။ နန္ဒီကို ခေါ်သွားတဲ့သူဟာ ငါနဲ့ တူနေတယ်။ နန္ဒီဟာ ဘုရင်မ ဖြစ်နေတယ်။ နောက်ပြီး စောစန္ဒီ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မလိုက်သွားရဘူးလို့ ပြောတယ်။ သူက လည်း နန္ဒိနဲ့ ခွဲမရအောင် ရုပ်ချင်းတွဲနေတယ်ကွာ။ အဲဒီ တော့ ငါ ဘာလုပ်ရမလဲ သောင်းဒန်”

“မင်းက ဘာလုပ်ချင်လို့လဲ”

“ငါ့ဆန္ဒအတိုင်း ပြောရရင် ငါ သူခေါ်တဲ့အနောက်ကို လိုက်သွားချင်တယ်ကွာ”

“ဟာ ... မဟုတ်တာပဲကွာ၊ မရေရာတာတွေ စိတ်မဝင် စားပါနဲ့ တင်ဖော်ရာ။ မင်းနဲ့ စောနန္ဒိက ဘဝတွေခြားသွား ပြီပဲကွာ။ ဒီကြားထဲ စုံထောက်ကျော်တို့ကလည်း အမှုကို လိုက်နေကြသေးတယ်။ အကြောင်းထူးရှိရင် မင်းကို လာခေါ် ကြမှာပါကွာ”

“ငါတော့ ရူးချင်ပြီ သောင်းဒန်ရာ”

“အဲဒီဇာတ်လမ်းက မင်းပဲ ရေးတာ။ ဘယ်သူမှ ရေးတာ မဟုတ်ဘူးကွာ”

ကျွန်ုပ်သည် နားလည်စွာဖြင့် သောင်းဒန်အား ကြည့်လိုက်မိသော်လည်း တကယ်တော့ ထိုဇာတ်လမ်းသည် ကျွန်ုပ် ရေးသားသလို ဖြစ်နေသည်မို့ စဉ်းစားရန် ခက်ခဲနေသည်။

ကျွန်ုပ်သည် စောနန္ဒိထံ လိုက်၍သွားချင်စိတ်များ ပေါ်လာပေမဲ့ သောင်းဒန် ပြောသလို ဝိညာဉ်စရာများစွာ ရှိနေရာ ပထမဦးစားပေးရမှာ အမေ ဖြစ်ပြီး၊ ဒုတိယ ဖခင်၏လက်ရင်း လုပ်ငန်းရှိနေရာ ကျွန်ုပ်တို့ ချမ်းသာကြွယ်ဝမှုများသည် ထိုလုပ်



ငန်းနှင့် များစွာ ဝင်ရောက်ပတ်သက်နေသည် ဆိုတာ ဖခင်သည် အကြိမ်ပေါင်းများစွာ ပြောပြခဲ့သလို မိခင်သည်လည်း ထိုကဲ့သို့ ပြောပြခဲ့ဖူးသည်။

ယခု စောနန္ဒိ၏ ခေါ်ရာနောက်သို့ လိုက်သွားမည် ဆိုလျှင် ထိုလုပ်ငန်းများကို မည်သူများ ဆက်လက်လုပ်မလဲ။ မိခင်သည် အသက်အရွယ်များ ကြီးနေသည်ဖြစ်၍ ကျန်းမာရေး သည်လည်း ကောင်းသွ မဟုတ်၍ ခက်နေသည်။

“ငါရေးတယ်လို့ပဲ သဘောထားလိုက်ပါတော့။ အဲဒီလို ရေးမိတဲ့ ငါ့ရဲ့ဇာတ်လမ်းကို မည်ကဲ့သို့ အဆုံးသတ်ရမလဲ ဆိုတာ စဉ်းစားရတော့မယ် သောင်းဒန်ရာ”

“လောလောဆယ် ဒီကိစ္စတွေ မေ့ထားလိုက်ပါဦး တင်ဖော်၊ သိန်းနဲ့တွေကလည်း ဒီရက်ထဲမှာ နေ့ရောညပါ ရောက် လာသလို စောနန္ဒိကိစ္စကလည်း မပြီးပြတ်သေးဘူးလေ ကွာ”

“အဲ့ဒါက ငါနဲ့ဆိုင်လို့လား သောင်းဒန်”

“ဆိုင်တာပေါ့ကွာ။ အမှုနဲ့ ပတ်သက်ပြီး တရားခံက မပေါ်သေးဘူး။ မင်းက တစ်နေရာကို ထွက်သွားတယ် ဆိုတော့ အားလုံး မင်းကို ဘယ်လိုထင်ကြမလဲ”

“ကိုယ်ကောင်းတယ် မကောင်းဘူးဆိုတာ ကိုယ်ပဲသိတယ်။ အရေးကြီးတာက ငါ ကောင်းနေဖို့ပဲလိုတယ် သောင်းဒန် ရာ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက မင်းရဲ့သဘောလေ၊ ပတ်ဝန်းကျင်က မသိဘူးလေ။ မင်းကို ငါ တစ်ခုပြောချင်တယ် စောနန္ဒီ၊ ကိစ္စမပြီးခင် မင်း ဘယ်ကိုမှ မသွားပါနဲ့ပဲ ပြောချင်တယ်"

သောင်းဒန်၏ စကားသည် ကျွန်ုပ်အတွက် သတိပေးသလို ဖြစ်သွားသည်မို့ ရုတ်တရက် စဉ်းစားရခက်သွားသည်။ စောနန္ဒီ ကွယ်လွန်ခဲ့သည်မှာ ဆယ်ရက်ကျော်သွားသည့် အချိန်မှစ၍ ယခုချိန်ထိ ကျွန်ုပ်ထံ ရောက်ရှိလာပြီး သူ့နေရာသို့ လိုက်လာခဲ့ပါဟု အမြဲလိုလို လာရောက်ခေါ်သည်။

စောနန္ဒီအား အသက်လောက် ချစ်ရသူတစ်ယောက်အနေဖြင့် ခေါ်ရာသို့ လိုက်ချင်နေသည်မို့ လိုက်ရန်လည်း ဆန္ဒများရှိနေသည့်အတွက် သူငယ်ချင်း သောင်းဒန်အား ပွင့်ပွင့်လင်းလင်း တိုင်ပင်သော်လည်း သောင်းဒန်သည် လက်ခံခြင်းမရှိ။ ငြင်းနေပြီး အမှုကိစ္စနှင့် ပတ်သက်၍ ပြောဆိုတားမြစ်နေသည်။

ကျွန်ုပ်သည် နောက်ဆုံး၌ သောင်းဒန်၏ စကားအား လက်လျှော့၍ ပြင်းထန်သည့် ဆန္ဒများအား လက်ခံလိုက်ရပေတော့၏။

✧ ✧ ✧

## အခန်း(၁၆)

### သဲလွန်စပေါ် အဖြေပေါ်

"ဘယ့်နှယ်လဲ ကိုမင်းမောင်၊ ကျုပ်တို့မျှော်နေတဲ့ တရားခံ ဒီကိုလာပါဦးမလားဗျာ။ အချိန်က နေအတော်စောင်းနေပြီ မကြာခင် အမှောင်ထုကို လွှမ်းမိုးသွားတော့မယ်ဗျာ"

"ခက်ရန်ကော ကိုအောင်သိန်းရာ"

စုံနံ့သာမင်းမောင်သည် ထိုသို့ပြောဆိုပြီး စီးကရက်အား ဆက်လက်ဖွာရှိုက်နေရာ ကျွန်ုပ်တို့သည် ထိုနေရာသို့ ရောက်ရှိလာသည်မှာ ညနေ လေးနာရီကျော်လောက်ကဖြစ်ပြီး ယခု ငါးနာရီကျော် ခြောက်နာရီဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်၍ တစ်နေ့လုံး အရိပ်အောက်၌ နေထိုင်သူများ ထွက်လာသလို တစ်နေ့တာအတွက် အလုပ်ပင်ပန်းစွာ လုပ်ကိုင်သူများသည် တစ်ညတာ အနားယူရန်အတွက် မိမိတို့နေထိုင်ရာအိမ်သို့ ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



နေပြီး အရက်သောက်တတ်သူများသည် ဘုံဆိုင်သို့ ခြေဦးလှည့်နေကြသည်။

ယခု ကျွန်ုပ်တို့ ရောက်ရှိနေသည့် နေရာသည် လူသူများ သွားလာရှုပ်ရာ သည်နေရာဖြစ်ပြီး လွန်စွာစည်ကားသည်။

တကယ်တော့ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင် တစ်နေ့လုံး တရားခံ၏ လှုပ်ရှားမှုများအား လေ့လာစုံစမ်းရာ တရားခံအား တွေ့ရှိခြင်း မရှိပေမဲ့ သဲလွန်စအား ရရှိခဲ့သည်။

ထို့အတွက်ကြောင့် စုံနံ့သာမင်းမောင်သည် ယခင်ကလို တရားခံ၏ အနောက်သို့ လိုက်ခြင်းမရှိ၊ နောက်ဆုတ်၍ ပြန်လာခဲ့ပြီး ယခုနေရာ၌ လာရောက်စောင့်မျှော်နေခြင်း ဖြစ်သည်မို့ စိတ်ထဲ၌ ပျင်းရိငြီးငွေ့သလို ဖြစ်နေသည်။ ၎င်းအတွက်ကြောင့် တရားခံကိစ္စအား မေးလိုက်သည်။

၎င်းမေးလိုက်သည့် မေးခွန်းအား စုံနံ့သာမင်းမောင် လက်ခံခြင်း မရှိ။

"ကျုပ်ပြောတာကို စိတ်မဆိုးပါနဲ့ ကိုမင်းမောင်ရာ။ ဒီလိုစောင့်နေရတာ ကျုပ်တို့အတွက် နောက်ထပ်လုပ်စရာ ရှိသေးလို့ ပြောရတာပါဗျာ"

"ကျုပ်တို့ အခုလုပ်နေတာက တရားခံကို စောင့်နေတဲ့ အလုပ်တွေ မဟုတ်လို့လားဗျာ။ ဒီမှာ ခင်ဗျားကို ကျုပ်ပြောမယ်၊ တရားခံဆိုတာ လူသားထဲက လူသားတစ်ယောက်ပဲ မဟုတ်လား။ ဘယ်သူကမှ ပိုပြီး ထူးခြားမှု



မရှိပါဘူးဗျာ။ ဒီလို ထူးခြားမှုမရှိတဲ့ လူသားတစ်ယောက်ကို ရှာဖွေဖော်ထုတ်ဖို့ပဲ အရေးကြီးတယ်။ အဲဒီလိုအတွက်ကြောင့် ခင်ဗျားကို ပြောထားမယ်၊ ကျုပ်တို့ အခုလုပ်နေတာက တရားခံကို တွေ့အောင်ရှာရဖို့ပဲ အရေးကြီးတယ်ဗျာ။ အဲဒီလို ပြောနေလို့ အလကားဖြစ်နေမှာပဲ၊ စုံထောက်ဆိုတဲ့ ကျုပ်တို့က သာမန်လူတွေနဲ့ မတူတဲ့ လူတွေပဲဗျာ။ လူတစ်ယောက်ကို တွေ့လိုက်တာနဲ့ ဒီလူဟာ လူကောင်း မကောင်းဆိုတာ သိနေရမယ်"

"ကိုအောင်သိန်း ... လာ သွားကြမယ်"

ထိုစကား ကြားလိုက်သည့်အတွက် လွန်စွာခုံခြသွားသည်မို့ စုံနံ့သာမင်းမောင်အား ကြည့်လိုက်ရာ စုံနံ့သာမင်းမောင်သည် ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသည်မို့ အနောက်မှ ပြေးလိုက်လာခဲ့သည်ကို တွေ့လိုက်ရသည်။ တကယ်တော့ စုံနံ့သာမင်းမောင်သည် လွန်စွာတော်သည့် လူတစ်ယောက်ဖြစ်၍ လိုအပ်ရင် လိုအပ်သလို ဉာဏ်ကို အသုံးချနိုင်သူ ဖြစ်သည်။

ယခုလည်း ကျွန်ုပ်နှင့် စကားပြောနေရာက ရုတ်တရက် စကားများကိုရပ်၍ တစ်နေရာသို့ ဦးတည်နေသည်။ ကျွန်ုပ်တို့ ယခုရောက်ရှိနေသည့်နေရာသည် ပဲခူးဥသာမြို့၏ မြောက်ဘက် နယ်ပိုင်ရပ်ကွက်ပင်ဖြစ်ရာ ထိုနေရာသည် လူအဝင်အထွက်ပေါများ၍ ဆိပ်ကမ်းနှင့်ပြောရလျှင် ဒုတိယအစည်ကားဆုံးနေရာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်သည် လူအများစုမှ တစ်စုံတစ်ယောက်သော လူတစ်ယောက်၏ အနောက်သို့ လိုက်နေသည်မို့ ၎င်းလိုက်နေသူသည် သွက်လက်သည့် ခြေလှမ်းများဖြင့် လျှောက်လှမ်းနေသည်။

ထိုလူသည် အနောက်မှ လိုက်လာသည့် စုံနံ့သာမင်းမောင်နှင့် ကျွန်ုပ်အား အနောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ရာ သွက်လက်သည့် ခြေလှမ်းများအား ရုတ်တရက် နှေးလိုက်ပြီး စီးကရက်အား ငြိမ်းသတ်ပြီး ၎င်းလူအား အကဲခတ်ကြည့်လိုက်မိသည်မို့ ထိုလူသည် ချက်ချင်း ရှေ့သို့လျှောက်လှမ်းသွားနေသည့်အတွက် ကျွန်ုပ်တို့သည် အနောက်မှ ဆက်လိုက်နေသည်။

ထိုလူသည် သွက်လက်သည့် ခြေလှမ်းများစွာဖြင့် ရပ်ကွက်တစ်ခုအတွင်းသို့ ဦးတည်နေပြီး ထိုလူသည် အသက်သုံးဆယ်ကျော် လူတစ်ယောက်ဖြစ်ပြီး ခပ်စုတ်စုတ်အကျီနှင့် နီး ဦးထုပ်နှင့် လွယ်အိတ်တစ်လုံးကိုလည်း သိုင်း၍လွယ်ထားသည်ကို တွေ့လိုက်ရာ လူငယ်ဝင်ရောက်သွားသည်။ ရပ်ကွက်သည် ခြံကြီးဝင်းကြီးများရှိနေသည်မို့ သီးသန့်ရပ်ကွက်ကြီးတစ်ခုဟု ပြောဆိုနေကြသည်။

၎င်းရပ်ကွက်သည် အိမ်ကြီး အိမ်ကောင်းများရှိ၍ ကိုယ့်အလုပ်နှင့်ကိုယ် နေကြပြီး ကြီးမားသည့် အပင်ကြီးများနှင့် ချုံနွယ်များ လွှမ်းစွာပေါက်များလျက် ရှိနေသည်ဖြစ်၍ ကျွန်ုပ်တို့သည် လူငယ်၏အနောက်မှ ခရီးသွားဟန်ဖြင့် လိုက်လာကြသည်။





ထိုသို့ လမ်းလျှောက်လာရင်း ကျဉ်းမြောင်းသည့် လမ်းလေးတစ်ခုအတွင်းသို့ ဦးတည်နေသည့် စုံနံ့သာမင်းမောင်သည် သတိထားရန် ပြောဆိုလိုက်သည့်အတွက် ကျွန်ုပ်သည် လွယ်အိတ်အတွင်းသို့ ရုတ်တရက် လက်နှိုက်လိုက်ပြီးနောက် လွယ်အိတ်အား တစ်ချက်ပြင်လိုက်သည့် အချိန်၌ ရှေ့မှသွားနေသူသည် အနောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး ရုတ်တရက် ခြံကြီးတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်။

"ကိုအောင်သိန်း သတိထားဗျာ၊ ပုံစံမကျဘူး"

"စိတ်ချပါ ကိုမင်းမောင်"

ကျွန်ုပ်တို့သည် လူတစ်ယောက် ဝင်ရောက်သွားသည့် ခြံ၏အဝရှိ ချုံအတွင်းသို့ အသာကပ်၍ အခြေအနေအား ကြည့်နေမိသည်ဖြစ်၍ ကျွန်ုပ်တို့ အဲခတ်ကြည့်နေသည့် ခြံကြီးသည် လွန်စွာကျယ်ဝန်းပြီး ကြီးမားသည့် အပင်ကြီးများသည် ခြံကြီး၏ မြေမျက်နှာပြင်အား မင်းမှု၍ ကြီးစိုးလွှမ်းမိုးလျက် ရှိနေပေ၏။

ခြံကြီး အပင်ကြီးများ၏ အလယ်ဗဟို၌ နှစ်ထပ်သစ်သားအိမ်ကြီးတစ်လုံး ရှိနေ၍ အိမ်ကြီးသည် ရှေ့နှစ်ပေါင်းများစွာမှ အိမ်ကြီးဖြစ်နေ၍ နေထိုင်သူများသည် လှုပ်ရှားသွားလာခြင်း တွေ့ရှိခြင်း မရှိအောင် ဖြစ်နေသည့်အတွက် လူများနေထိုင်ခြင်း မရှိဟု ထင်နေရပေမဲ့ ထိုလူသည် ကျွန်းလှေကားထစ်များအား နင်းတက်၍ အပေါ်ထပ်သို့ တက်သွားသည်ကို တွေ့လိုက်ရသည်မှအပ နောက်ထပ် တွေ့ရှိခြင်းမရှိအောင် ဖြစ်နေသည်။

"ကိုမင်းမောင် ဟုတ်သေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို မပြောနဲ့ဗျာ၊ ကျုပ်တို့ အခုလုပ်နေတာက မဟုတ်တာ လုပ်နေတာ မဟုတ်ဘူး ဆိုတာပဲ"

"ကိုမင်းမောင် ဟိုမှာ ဆေးပြင်းလိပ်အတိုတွေ ကြည့်စမ်းဗျာ"

"ဟုတ်တယ်ဗျာ"

ခြံအဝ၌ တွေ့လိုက်ရသည့် ဆေးပြင်းလိပ်အတိုလေးများအား ရှုးစိုက်၍ကြည့်စဉ်မှာ သဲလွန်စတစ်ခုဟု ထင်မှတ်၍ ဒင်္ဂါး ဆေးပြင်းလိပ် အတိုလေးအား ကောက်ယူရန် စိတ်ကူးနေချိန်၌ ကျွန်ုပ်တို့အတွက် လွန်စွာအံ့သြစရာ ဖြစ်သွားသည်မှ အနောက်သို့ တစ်ချက်ကြည့်လိုက်ရာ အဘိုးအိုတစ်ယောက်အား တွေ့ရသည်။

"မြေးငယ်တို့ ဘာလုပ်နေကြတာလဲကွယ်"

ထိုအချိန်တွင် စုံနံ့သာမင်းမောင်သည် ရုတ်တရက် စိတ်ကို ထိန်းလိုက်ပြီး အဘိုးအိုကို ကြည့်နေချိန်၌ ကျွန်ုပ်သည် အထိတ်တလန့်ဖြစ်၍ စုံနံ့သာမင်းမောင်သည် မည်သည့်စကား ပြောမလဲ ဆိုတာကို စဉ်းစားနေမိသည်။

၎င်းအချိန်၌ စုံနံ့သာမင်းမောင်သည် ပြုတ်ကျလုဆဲဆဲ ပဝါအား ပခုံးပေါ်သို့ တစ်ပတ်ပစ်တင်လိုက်သည်။

"ဒီနန်းဝန်ရပ်ကွက်ထဲမှာ ကိုသောင်းစိန် ရှိနေတယ်။ အဲဒါ သူ့ကိုတွေ့ချင်လို့ လာခဲ့တာပါ။ အခု ဒီအိမ်လား လို့ ကြည့်နေတာပါ အဘိုး"

"မဟုတ်ပါလား လူလေးတို့ရယ်၊ ဒီအိမ်ကြီးဟာ အဘိုး ပိုင်ဆိုင်တဲ့ အိမ်ကြီးပဲ၊ လူလေးတို့ပြောတဲ့ သောင်းစိန် ဆို တဲ့လူရဲ့အိမ် မဟုတ်ဘူးကွယ်"



"ကျုပ်တို့ကို လိပ်စာပေးခဲ့တာတော့ ဒီအိမ်ရဲ့လိပ်စာပဲ အဘိုး"

အဘိုးအိုသည် စုံနံ့သာမင်းမောင်အား သေချာကြည့်နေပေမဲ့ ၎င်းသည် ဂရုမစိုက်သလို ပုံစံဖြင့် ချုံများကြားမှ အိမ် အတွင်းသို့ ကျော်၍ကြည့်နေသည်။

တကယ်တော့ စုံနံ့သာမင်းမောင်သည် လွန်စွာတော်သည်။ မဖြစ်နိုင်သည့် ကိစ္စအား ဖြစ်နိုင်အောင် ပြောဆိုတတ်သည်မှ ယခု စုံနံ့သာမင်းမောင်၏ ဟန်လုပ်ပြောဆိုသည့် စကားများအား တကယ်ထင်မှတ်၍ နေသည်။

"မဖြစ်နိုင်တာပဲ လူလေးရာ။ ဒီအိမ်ထဲမှာ သောင်းစိန် ဆိုတဲ့လူ နေဖို့မပြောနဲ့ အဘိုးရဲ့ အမျိုးထဲမှာတောင် မရှိဘူး ကွယ်"

"ဒါဆို ဒီအိမ်ကြီးထဲမှာ အဘိုးနဲ့အတူ ဘယ်နှယောက်နေလဲ"

"အဘိုးနဲ့အတူ သုံးယောက်နေတယ် လူလေး၊ အဘိုးရဲ့ မြေးတွေပေါ့"

"ကောင်းပြီ အဘိုး၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦး"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့နှစ်ယောက်သည် အဘိုးအိုအား နှုတ်ဆက်၍ ပြန်လာခဲ့ရာ အဘိုးအိုသည် ကျွန်ုပ်တို့အား တစ်ချက်ကြည့်၍ ခြံအတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့ရ၍ ကျွန်ုပ်တို့သည် ချုံတစ်ခုအတွင်းသို့ ရုတ်တရက် ဝင်ရောက်ပုန်းခိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းသို့ ပုန်းခိုပြီးနောက် ကျွန်ုပ်တို့သည် ခပ်စောစောမှ ယောဂီရောင်ဝတ်စုံဖြင့် ဝင်ရောက်သွားသည့် အိမ်ကြီး၏ထံသို့ အကြည့်ရောက်နေကြသည်။ စုံနံ့သာမင်းမောင်သည် ထိုအိမ်ကြီး၏ အတွင်းသို့ ဝင်ရောက်သွားသူအား သံသယဖြစ်နေမိသည်။

"ကိုအောင်သိန်း ဟိုမှာ ခြံထဲက လူတစ်ယောက် ထွက်လာတယ်၊ သေချာကြည့်ဗျာ"

"ဟုတ်တယ် ကိုမင်းမောင်၊ ကျုပ်လည်း အဲဒါကိုပဲ ပြောမလို့ပဲဗျာ"

လူငယ်တစ်ယောက်သည် ခြံအတွင်းမှ ထွက်လာသည့်အတွက် ကျွန်ုပ်တို့သည် ထိုလူငယ်အား ကြည့်လိုက်ရာ လူငယ်သည် ကျွန်ုပ်တို့ တွေ့လိုက်သည့် လူတစ်ယောက် မဟုတ်ဘဲ နောက်ထပ်တစ်ယောက် ဖြစ်နေသည်ကို သိလိုက်ရတော့သည်။

ကျွန်ုပ်တို့သည် ထိုလူငယ်အား သေချာကြည့်နေမိသည်မှာ မှန်သော်လည်း တွေ့နေရသူသည် ယခင်နာရီပိုင်းအတွင်းက တွေ့လိုက်ရသူနှင့် ကွာခြားနေသည်ဟု ထင်မှတ်နေပေမဲ့ ကွာခြားမှု သိပ်မရှိအောင် ဖြစ်နေသည်။

ထိုလူငယ်သည် တဖြည်းဖြည်းနှင့် ကျွန်ုပ်တို့၏ အနီးသို့ ရောက်ရှိလာသည့်အတွက် ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မျက်ရိပ်များ ပြလိုက်ကြသည်။

အကြောင်းသည် ထိုလူအား လိုက်၍အကဲခတ်ရန် တိုင်ပင်ခြင်းများ ဖြစ်သည်မို့ ထိုလူငယ်သည် ကျွန်ုပ်အား တွေ့





ရှိခြင်းမရှိ ကျော်ဖြတ်သွားသည်။ ထိုလူသည် ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသည့် အချိန်တွင် ကျွန်ုပ်တို့အနောက်မှ ခပ်ဖြည်းဖြည်း လိုက်နေကြသည်။

ဝန်းကျင်သည် အမှောင်ထုများအား လွှမ်းမိုးစ ပြုနေသည်မို့ အမှောင်များသည် စောသည်ဟု ထင်မှတ်နေမိသည်။

"ကိုအောင်သိန်း သတိထားနော်၊ ပုံစံ သိပ်မကျဘူး"

"ကောင်းပါပြီ ကိုမင်းမောင်"

ကျွန်ုပ်တို့သည် ထိုလူ၏အနောက်သို့ လိုက်နေသည်မှာ အတော်ကြာတော့ လမ်းကွေ့လေးတစ်ခုသို့ အရောက်တွင် လူငယ်လေးသည် ခပ်သွက်သွက် ခြေလှမ်းမှ ထွက်ပြေးသွားသည်မှာ မှန်သည့်အတွက် ကျွန်ုပ်တို့သည် အပြေးလိုက်ကြစဉ် ...

"ဝုစ်"

"ဝုစ်"

"ကိုအောင်သိန်း ခေါင်းငုံ့"

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်၏ စကားအား ကြားလိုက်ရသည့်အတွက် ခေါင်းအားငုံ့လိုက်ပြီး ရှောင်လိုက်သည့်အတွက် ၎င်းအသံသည် အပေါ်က ကျော်သွားသည်ဟု ထင်လိုက်မိသည်။ ကျွန်ုပ်တို့အား ပစ်လိုက်သည့်သူသည် ရှေ့မှပြေးနေသူ လူငယ် ပစ်လိုက်သည် မဟုတ်ကြောင်း သေချာပြီး တစ်နေရာမှ ချောင်း၍ ပစ်လိုက်သည် ဆိုတာ တွက်လိုက်မိသည်။

ကျွန်ုပ်တို့သည် နောက်ထပ်တစ်ခေါက် ပစ်ဦးမလားဟု ထင်မှတ်၍ စောင့်ဆိုင်းပြီး ကြည့်နေသည်။ အတော်ကြာသည်

www.burmeseclassic.com

www.burmeseclassic.com



အထိ ရောက်မလာသည့်အတွက် ကျွန်ုပ်တို့သည် ဆက်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ကိုအောင်သိန်း; နောက်ဆုတ်"

"ကောင်းပါပြီဗျာ"

ကျွန်ုပ်သည် အနောက်ကိုဆုတ် ခေါင်းငုံ့၍ အခြေအနေကို ကြည့်လိုက်ချိန်တွင် စုံနံ့သာမင်းမောင်သည် လမ်းအတိုင်း ဆက်မလိုက်ဘဲ ခါးလေးကို အသာလေးကုန်း၍ လမ်းဘေးရှိ သစ်ပင်များကြားသို့ ဦးတည်နေသည်။

ကျွန်ုပ်တို့သည် လမ်းဘေးသို့ ရောက်ရှိ၍ လမ်းခွဲဝင်လိုက်ရသည်မှာ တခြားမဟုတ်၊ စုံနံ့သာမင်းမောင်၏ စကားအရ သေနတ်ပစ်သမားသည် လမ်းဘေးတောတွင်း၌ ရှိနေသည်ဆိုတာ ပြောလာသည်မို့ ယခုကဲ့သို့ လမ်းဘေးသေနတ်သမား အနောက်သို့ လိုက်နေခြင်းပင်ဖြစ်သည်။

ထိုအချိန်၌ စုံနံ့သာမင်းမောင်သည်လွယ်အိတ်အတွင်းသို့ လက်နှိုက်လိုက်ပြီး အရာဝတ္ထုတစ်ခုအား နှိုက်ယူလိုက်သည်။

၎င်းအရာဝတ္ထုသည် လူသေနိုင်သည့် လက်နက်တစ်ခုဆိုတာကို ကျွန်ုပ် ရိပ်မိလိုက်ရသည်။ ကျွန်ုပ်တို့သည် လမ်းဘေးအပင်များကြားမှ တရားခံ၏ နေရာသို့ ဦးတည်နေသည့် အချိန်၌ ကျယ်လောင်သည့် အသံများ ကြားလိုက်ရသည်။

"ကိုအောင်သိန်း … ဟိုမှာ ပြေးနေတယ်၊ လိုက်ရအောင်ဗျာ"

ရှေ့မှ လူတစ်ယောက်သည် အရာဝတ္ထုတစ်ခုအား ထမ်း၍ တစ်နေရာသို့ ဦးတည်နေသည်ကို တွေ့နေရသည်။





ကျွန်ုပ်တို့သည် ထိုလူအား ဖမ်းဆီးမိရန်အတွက် ကြိုးစားနေသည်။ ဝန်းကျင်၌ ကျွန်ုပ်တို့မှလွဲ တခြားလူများ မရှိဘူးဆိုတာကို သတိထားမိသ … အတွက် ပြေးနေသူ၏ အနောက်သို့ သဲသဲမဲမဲပဲ လိုက်နေရသည် ဆိုပေမဲ့ တစ်ဖက်လူ၏ လက်တုံ့ပြန်မှုတွေကို ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ခု ကြားလိုက်ရသည့်အတွက် လွန်စွာ အံ့သြသွားရပြန်သည်။ ကျွန်ုပ်တို့သည် ပြေးနေသည့် ခြေလှမ်းများအား ရုတ်တရက် ရပ်လိုက်ပြီး ထိုလူကို ကြည့်လိုက်ရာ ထိုလူသည် ချောင်းငယ်တစ်ခုအတွင်းသို့ ခုန်ချလိုက်သည့်အတွက် ကျွန်ုပ်တို့သည် အမောသာ အဖတ်တင်သွားသည်။

စုံနံ့သာမင်းမောင်သည် ချောင်းထဲသို့ ခုန်ချသွားသူ၏ အခြေအနေအား ကြည့်နေပေမဲ့ ထိုလူသည် ပြန်လည်၍ ပေါ်လာသည်ကို မတွေ့သလို ရေများသည် လွန်စွာအစီးသန်သည့်အတွက် ရေစီးထဲသို့ မျောပါသွားမည် ဆိုတာကို သတိထားလိုက်မိပေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

### ပဟေဠိဆန်သည့် မြင်ကွင်း

"အမယ်လေး ... သေပါပြီဗျာ"

ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားသည်မို့ မျက်နှာများသည်လည်း အရောင်များပြောင်းနေသည်မို့ ထိုအော်နေသူ၏ရှေ့၌ ကျွန်ုပ်ကေပီအောင်သိန်းနှင့် စုံနံ့သာမင်းမောင်တို့ အသင့်ထိုင်နေကြသည်။

ထိုသို့ အော်ဟစ်နေသူသည် တရားခံမဟုတ်။ တရားခံနှင့် ပတ်သက်သည့်သူ ဖြစ်နေသည့်အတွက် ဖမ်းဆီး၍ ခေါ်လာခြင်းသာဖြစ်ပြီး စုံနံ့သာမင်းမောင်၏ စကားသည် ထိုအဖမ်းခံရသူသည် လူသတ်သမားနှင့် လွန်စွာပါဝင်ပတ်သက်နေသည်။ ပြတ်သားစွာ ပြောဆိုမှတ်ချက်ချထားသည်။

"ခင်ဗျားတို့ ကျုပ်ကို ဘာလို့ ခေါ်ပြီးနှိပ်စက်နေရတာလဲ၊ ကျုပ်ကို အခု ပြန်လွှတ်ပေးပါ"





"ကျုပ်မေးတာကို ဘာလို့ မဖြေသေးတာလဲ"

"ကျုပ်မသိဘူး၊ အဲဒီလူကို ကျုပ်မသိဘူး၊ မသိဘူး"

"ဟာ ... မသိဦးကွာ"

"ကိုအောင်သိန်း"

ကျွန်ုပ်သည် ဒေါသများစွာဖြင့် ဆက်လက်ရိုက်ရန် လက်ဝါးကို အပေါ်သို့ မြှောက်တင်လိုက်ချိန်တွင် စုံနံ့သာမင်းမောင်သည် ယခုကဲ့သို့ တားမြစ်လိုက်သည့်အတွက် အပေါ်ရောက်နေသည့်လက်သည် လမ်းတစ်ဝက်ဖြင့် ရပ်နေပေ၏။ ထိုလူငယ်သည် မျက်နှာလေးအား ရုတ်တရက် မော့မောသွားသည်ကို မြင်တွေ့လိုက်ရသည်။

"ခေါင်းမမာပါနဲ့ ညီလေးရာ၊ အစ်ကို မေးနေတာက ညီလေးကို ရက်စက်တဲ့သဘော မသက်ရောက်စေချင်ဘူးကွာ။ အဲဒီအတွက် မေးနေရတယ်ဆိုတာ သိထားပါ ညီ လေးရာ"

"ကျုပ် မသိလို့ မသိဘူး ပြောနေတာပဲ"

"ကောင်းတယ်၊ သိပ်ကို ကောင်းတယ်ကွာ"

ဟု ပြောဆိုပြီး စုံနံ့သာမင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး တစ်ချက်ဖွာရှိုက်၍ လူငယ်အားသေချာစွာ ကြည့်လိုက်သည်။

"ညီလေးရဲ့ နာမည် မင်းလွင် မဟုတ်လား၊ ဦးကျော်ညွန့်ရဲ့သုံးယောက်မြောက်သား၊ မင်းရဲ့အပေါ်မှာ အစ်မနှစ်ယောက်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်သည် ထိုစကား ကြားလိုက်ရသည့်အတွက် လွန်စွာအံ့သြခြင်းဖြင့် စုံနံ့သာမင်းမောင်အား သေချာကြည့်လိုက်သည်။

တကယ်တော့ စုံနံ့သာမင်းမောင်သည် တရားခံတစ်ယောက်၏ အနောက်သို့ လိုက်ရာ၌ လွန်စွာတော်သည်။ ယခု လူသတ်တရားခံများနှင့် ပတ်သက်နေသူဟု ထင်မှတ်၍ မောင်မင်းလွင် ဆိုသူလေးအား ခေါ်ယူစစ်ဆေးရာ ထိုသို့ မစစ်ဆေးခင် သွားရောက်ခေါ်ယူစဉ်က ထွက်ပြေးသည့်အတွက် ကြိုးစား၍ လိုက်ပြီးဖမ်းဆီးလိုက်၍ ယခုကဲ့သို့ မေးမြန်းစစ်ဆေးခြင်းဖြစ်သည့်အတွက် ကြိုးစား၍ လိုက်ပြီးဖမ်းဆီးလိုက်၍ ယခုကဲ့သို့ မေးမြန်းစစ်ဆေးခြင်း ဖြစ်သည်။

"ကဲ ... ညီလေး၊ အစ်ကိုပြောတာ မှန်တယ် မဟုတ်လား၊ ရတယ်လေ၊ ညီလေး မပြောတာကို စိတ်မဆိုးပါဘူး၊ အခုလောလောဆယ် မဖြေချင်နေ၊ ဖြေချင်တဲ့အခါမှ ဖြေပေါ့ကွာ။ ကဲ ... ကိုအောင်သိန်း၊ သူ့ကို အကောင်းဆုံးအခန်းထဲ ပို့လိုက်ဗျာ"

"ကောင်းပါပြီ ကိုမင်းမောင်"

ကျွန်ုပ်သည် စုံနံ့သာမင်းမောင် ပြောသည့်အတိုင်း လက်ခံ၍ ဖမ်းဆီးရမိထားသည့် မောင်မင်းလွင်အား အခန်းငယ်တစ်ခုရှိရာသို့ ခေါ်ထွက်ခဲ့ရာ လူငယ်သည် စိုးရိမ်စိတ်များစွာဖြင့် လိုက်ပါလာပြီး တောင်းပန်စကားများ ပြောဆိုနေရာ စုံနံ့သာမင်း





မောင် စကားအရ ပြောရရင် ထိုလူငယ်အား ပို့သည့် သီးသန့်ခန်းဆိုသည်မှာ လွန်စွာကြောက်စရာကောင်းသည့် အခန်းသို့ပို့ရန်ပင် ဖြစ်သည်။

ကျွန်ုပ်သည် သီးသန့်အခန်းစောင့်နေသူထံသို့ လူငယ်အား အပ်လိုက်ပြီး စုံနံ့သာမင်းမောင် ပြောခိုင်းသည့်အတိုင်း ပြောဆိုပြီး ပြန်လာခဲ့ပေတော့၏။

✧ ✧ ✧

ထိုနေ့ ကျွန်ုပ်သည် ဂါတ်စခန်းသို့ ရောက်ရှိလာသည်မှာ လွန်စွာနောက်ကျသွားပြီဟု ပြောရလျှင် လွန်စွာမှန်နေသည်။ ကျွန်ုပ်သည် ရုံးဂါတ်သို့ စောစောလာရောက်ရန် ဆုံးဖြတ်ချက်ရှိနေသော်လည်း စုံနံ့သာမင်းမောင်၏ ခိုင်းစေချက်အရ ကိုတင်ဖော်နေထိုင်ရာ ကိုမှူးသောင်းဒန်၏ နေအိမ်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် စောနန္ဒီ၏ခင်ပွန်း ကိုတင်ဖော်အား ယခု အမှုကိစ္စများဖြင့် ပတ်သက်၍ မေးလိုက်ရာ ကိုတင်ဖော် ကျွန်ုပ်၏ မေးခွန်းများကို ဘာတစ်ခုမှ မသိရှိသည့်အတွက် မသိကြောင်း ပြောလိုက်သည်။

တကယ်တော့ စုံနံ့သာမင်းမောင်၏ မေးခွန်းများနှင့် ပတ်သက်၍ ကိုတင်ဖော်သည် ဘာတစ်ခုမှ မသိသည့်အတွက် ကျွန်ုပ်သည် ဆက်လက်မေးခြင်းမရှိ ပြန်လာခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဂါတ်စခန်းသို့ အရောက်တွင် စုံနံ့သာမင်းမောင်သည် အားလုံး ပြင်ဆင်လာပြီး ပြန်ထွက်သွားရန် အသင့်ဖြစ်နေသည်။ ကျွန်ုပ်သည် အတွင်းသို့ လှမ်းဝင်လိုက်သည်။

"အကြောင်းထူးရဲ့လား ကိုအောင်သိန်း"

"အဲဒီမေးခွန်းများနဲ့ ပတ်သက်ပြီး သူ ဘာမှမသိရှိကြောင်းနဲ့ ကျုပ်တို့မေးတဲ့ လူနာမည်တွေကိုလည်း သူတို့ ဘယ်လိုမှ မသိရှိကြောင်း ပြောလိုက်တယ်ဗျာ"

"ရပြီ ကိုအောင်သိန်း၊ အခုကိစ္စမှာ ဒီလူတွေက ဓားစာခံတွေ ဖြစ်သွားတာပဲဗျာ။ ရပြီ ကိုအောင်သိန်း၊ ကျုပ်တို့ သဘောနဲ့ပဲ တရားခံကို ဖမ်းဆီး တော့မှာပဲဗျာ။ လာဗျာ ကျုပ်တို့ တစ်ခုခု သွားစားကြအောင်ဗျာ"

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်၏ အရှေ့မှ ထွက်သွားသည်မို့ ကျွန်ုပ်သည် အနောက်မှ လိုက်ထွက်လာခဲ့သည်။

တကယ်တော့ စုံနံ့သာမင်းမောင်သည် ထိုအချိန်ဟာ တစ်ခုခု စားသောက်ပြီးသော်လည်း ယခု မစားသေးသည့်အတွက် လွန်စွာ အံ့သြစရာ ကောင်းနေသည်။ ထိုသို့ စဉ်းစားရခြင်းနှင့် စုံနံ့သာမင်းမောင်၏ အနောက်မှ လိုက်လာခဲ့သည်။ ကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်သို့ သွားရင်းနှင့် စကားများ ပြောဆိုကြရသည်မှာ စောနန်း အသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်သည့် စကားများ အထဲမှာ တခြားထူးဆန်းသည့် စကားများလည်း ပါဝင်ပြောဆိုလျက်ရှိသည်။



"ကိုမင်းမောင် ဘယ်ဆိုင်ကို သွားသောက်ကြမလို့လဲဗျာ"

"ကျုပ် ဆိုင်သစ်တစ်ဆိုင်ကို တွေ့ထားတယ် ကိုအောင်သိန်း၊ ကျုပ်တို့ အဲဒီဆိုင်ကို သွားကြမယ်ဗျာ"

၎င်း၏စကားသည် ကျွန်ုပ်အတွက် သဘောပေါက်သွားသည်မို့ စုံနံ့သာမင်းမောင် ခေါ်ရာနောက်သို့ လိုက်လာခဲ့ရာ စုံနံ့သာမင်းမောင်သည် မည်သည့်သဘောဖြင့် ပြောလိုက်သည်ဆိုတာ သိလိုက်ရသည်။

ကျွန်ုပ်တို့သည် အခါတိုင်း ယခင်ရက်များသည် ဥသဘျေးကြီးရှေ့မှ ကာကာကြီး လက်ဖက်ရည်ဆိုင်၌ ထိုင်တတ်သော်လည်း ယခု ထိုဆိုင်၌မဟုတ် နောက်တစ်ဆိုင် တစ်ဆိုင်သို့ ပြောင်းရွှေ့ထိုင်တတ်သည်မို့ ထိုဆိုင်သည် မဟာစေတီသွားသည့် လမ်းဘေးရှိဆိုင်တွင် ဖြစ်သည်။

ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် ထိုဆိုင်၏အတွင်းသို့ ဝင်ရောက်ထိုင်လိုက်သည့် အချိန်တွင် ဆိုင်အတွင်း၌ လူသူများဖြင့် စည်ကားလျက် ရှိနေသည်။ ကျွန်ုပ်တို့သည် ပူလ်ရီနှစ်ပွဲနှင့် ကော်ဖီနှစ်ခွက်ကို မှာယူစားသောက်နေချိန်တွင် စုံနံ့သာမင်းမောင် ထံမှ စကားတစ်ခွန်းအား ကြားလိုက်ရသည်။

"ကိုအောင်သိန်း ခပ်သွက်သွက်လေး ရှင်းမယ်ဗျာ"

"ကောင်းပါပြီ ကိုမင်းမောင်"

ကျွန်ုပ်သည် လာရောက်ချပေးသည့် စားစရာများအား စားသောက်နေသည်။

www.burmeseclassic.com



တကယ်တော့ စုံနံ့သာမင်းမောင်နှင့် ကျွန်ုပ်တို့သည် တစ်နေရာသို့ ရောက်ရှိသည်နှင့် ၎င်းနေရာအား အကဲခတ်ပြီးသား ဖြစ်နေသည်။

စုံထောက်တို့ မည်သည်မှာ နေရာသစ်တစ်ခုသို့ ရောက်ရှိပါလျှင် မေးစရာမလို။ ထိုနေရာ၏အကြောင်းကို ကြိုတင်သိရှိထားပြီး ရောက်ရှိနေသည့် နေရာအား လျှပ်တစ်ပြက်အတွင်း လေ့လာအကဲခတ်ပြီးသား ဖြစ်နေ၍ မည်သည့်နေရာမှ ထိုင်နေသူသည် သံသယဖြစ်ရာ ကောင်းသလို မည်သည့်နေရာမှ ထိုင်နေသူသည် လွန်စွာရိုးသားသည် ဆိုတာ ကြိုတင်သိနေသည်မို့ ယခု စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား သွယ်ဝိုက်စွာ စားသောက်ခိုင်းသည့်အတွက် ခပ်သွက်သွက် စားသောက်နေသည်။

"ကိုအောင်သိန်း ဟိုဆိုင်အတွင်းထိုင်ခုံမှာ ဆေးပြင်းလိပ်သောက်နေသူကို ကြည့်စမ်းဗျာ"

ကျွန်ုပ်သည် စုံနံ့သာမင်းမောင် ပြောဆိုညွှန်ပြသူအား ရုတ်တရက် ကြည့်လိုက်ရာ ၎င်းသည် အများနှင့်မတူ ထူးခြားပြီး ဆေးပြင်းလိပ်အား သွားများဖြင့် ဖိကိုက်၍ ဘယ်ညာပြောင်းရွှေ့တတ်သလို လုပ်နေသည့်အတွက် စဉ်းစားနေဟန် တူသည်။

၎င်းသည် အသက်သုံးဆယ်ကျော် အသားညိုညိုကိုယ်ခန္ဓာ ထွားကျိုင်းသူတစ်ယောက် ဖြစ်ပြီး မျက်နှာထည်တင်းမာနေသည်။



ထိုအချိန်တွင် လူငယ်သည် အိတ်အတွင်းမှ ပိုက်ဆံအား ထုတ်ယူလိုက်ပြီး ပိုက်ဆံအား လက်ဖက်ရည်ဖန်ခွက်ဖြင့် ဖိထားလိုက်ပြီး အပြင်သို့ ထွက်သွားသည်။ ၎င်းသည် ထိုဆိုင်တွင် နေ့စဉ် လာရောက်စားသောက်နေသူတစ်ဦး ဖြစ်ကြောင်း သတိထားလိုက်သလို စားသောက်ထားသည်များမှ ကျသင့်ငွေကိုပါ သိနေသည်မို့ ဆိုင်ရှိအလုပ်သမားများနှင့်လည်း သိကျွမ်းနေသည်ဆိုတာ ၎င်း၏ လုပ်ရပ်က သက်သေပြနေသည်။

ကျွန်ုပ်တို့သည် ထွက်သွားသည့်လူ၏ အနောက်သို့ လိုက်ကြရန် ဆုံးဖြတ်ထားလိုက်သည်မို့ အသင့်ဖြစ်နေကြသည်။ လူငယ်သည် သွက်လက်သည့် ခြေလှမ်းများဖြင့် ထွက်သွားသည်ဖြစ်၍ ကျွန်ုပ်တို့သည် အနောက်မှ လိုက်သွားကြသည်။

လူငယ်သည် အနောက်သို့ လှည့်ကြည့်ခြင်းမရှိ။ ရှေ့သို့သာ ဦးတည်ပြီး သွားနေသည့်အတွက် ကျွန်ုပ်တို့သည် လွန်စွာအဆင်ပြေသည်။

လူငယ်သည် ပလိုင်းတစ်လုံးအား နောက်ကျောခွလွယ်ထားပြီး ၎င်းပလိုင်းအတွင်း၌ တစ်စုံတစ်ခုသော အရာဝတ္ထုများပါရှိနေသည်ဆိုတာ သိနေသလို လူငယ်အား ခိုင်းနေသူ ရှိနေသည်ဆိုတာကိုပါ ကြိုတင်သိနေသည်။

ထိုအချိန်တွင် လူငယ်သည် မဟာစေတီဈေးအတွင်းသို့ ဝင်ရောက်သွားသည်မို့ ကျွန်ုပ်တို့သည် ဈေးအတွင်းသို့ လိုက်ပါဝင်ရောက်သွားသည်မို့ ဈေးသည် လွန်စွာစည်ကားသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝင်ရောက်သွားသည့်သူ၏အနောက်သို့ မီအောင်လိုက်နေရသေမဲ့ ဈေးရောင်းဈေးဝယ်သူတွေနှင့် ရှုပ်ထွေးနေသည့်အတွက် အခက်ကြုံရပြန်သည်။

"ကိုအောင်သိန်း သတိထားဗျာ၊ ဒီကောင် ကျုပ်တို့ကို မျက်စိလှည့်သွားနိုင်တယ်"

"ဟုတ်တယ် ကိုမင်းမောင်၊ ကျုပ်လည်း အဲဒီလိုတွေးမိတယ်။ ခက်နေတာက လူတွေက ကျုပ်တို့ထင်ထားတာ ၄ ကိ ပိုပြီးစည်ကားနေတယ်ဗျ။ ကျုပ်တို့တစ်ခုခု အစီအစဉ်ပြောင်းရင် ကောင်းမယ် ထင်တယ်ဗျာ"

"ကောင်းတယ်ဗျာ၊ အဲဒီတော့ ခင်ဗျား ဟိုဘက်လမ်းကြောတစ်ပတ်လိုက်ဗျာ၊ ကျုပ်က သူ့အနောက်ကပဲ လိုက်မယ်၊ အရေးကြီးတာက သူနဲ့ ပတ်သက်သူတွေ တွေ့ဖို့ပဲဗျာ"

"ကိုမင်းမောင် ဟိုမှာ ပြန်လှည့်လာပြီဗျာ"

ကျွန်ုပ်သည် ထိုသို့ပြောလိုက်သည့်အတွက်ကြောင့် စုံနံ့သာမင်းမောင်သည် ၎င်းထံ အကြည့်ရောက်ရှိသွားသည်မို့ ခြေလှမ်းများသည် ရုတ်တရက် ရပ်သလို ဖြစ်သွားသည်။ ထိုနေရာမှာ စုံနံ့သာမင်းမောင်အား ချီးကျူးစရာ ဖြစ်သွားသည်။

"လွှမ်းထားတဲ့ ပလိုင်းက ဟုတ်တယ်၊ လူက မဟုတ်ဘူး ကိုအောင်သိန်း၊ အဲဒီတော့ ခင်ဗျား သူ့ရဲ့နောက်က လိုက်သွား၊ ကျုပ်ကတော့ ခုနလူနောက်ကို ဆက်လိုက်မယ်"

"ကောင်းပါပြီ ကိုမင်းမောင်"





ထိုအချိန်ကစပြီး ကျွန်ုပ်တို့သည် လမ်းခွဲလိုက်ကြသည်မို့ ကျွန်ုပ်သည် ပလိုင်းလွယ်သွားသူ၏နောက်သို့ လိုက်ခဲ့သလို စုံနံ့သာမင်းမောင်သည် ပထမလူ၏ အနောက်သို့ ဆက်လက်လိုက်နေသည်။ စုံနံ့သာမင်းမောင်သည် ထိုလူ၏အနောက်သို့ လိုက်နေသည်ဟု ဆိုပေမဲ့ ၎င်းသည် လူအုပ်စုများကြား အထဲမှ ပျောက်ကွယ်သွားသည်ဆိုတာ သိလျက်နှင့် ဆက်လက်လိုက်နေသည်။

၎င်းသို့ လိုက်နေရင်းမှ ဈေးကြီး၏ထောင့် ချောင်ကျကျ ဆိုင်ခန်းတစ်ခန်း၌ စကားပြောနေသူကို တွေ့လိုက်ရာ လွန်စွာအံ့သြသွားသည်။ လူငယ်နှင့် စကားပြောနေသူသည် ကျန်ခဲ့သည့်ညက တွေ့ဆုံခဲ့သည့် အဘိုးကြီးပင် ဖြစ်နေသည်။

စုံနံ့သာမင်းမောင်သည် ဆိုင်တစ်ဆိုင်၏ အရှေ့၌ အခြေအနေအား ကြည့်ရှုအကဲခတ်နေသည့် အဘိုးအိုနှင့် လူငယ်သည် စီးပွားရေးလုပ်ငန်းများ အကြောင်းကို ပြောဆိုနေသည်ဆိုတာ ကောင်းစွာသိနေသည့်အတွက် စုံနံ့သာမင်းမောင်သည် တစ်ခုခု လုပ်ရန် ဆုံးဖြတ်လိုက်ပေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

### မြတ်လှနှင့် အပေါင်းပါများ

ထိုနေ့မှာ ကြုံတွေ့လိုက်ရသည့် ဖြစ်ရပ်သည် ကျွန်ုပ်အတွက် လွန်စွာအံ့သြစရာ ကောင်းနေသည်။ စုံနံ့သာမင်းမောင်၏ ညွှန်ပြသည့်အတိုင်း ကျွန်ုပ်သည် ပလိုင်းလွယ်သွားသူ၏ အနောက်သို့ လိုက်သွားရာ ၎င်းသည် ဝေးဝေးမသွား ဈေးဝ၌ အခင်းတစ်ခုအားခင်း၍ ဆေးမြစ်များ ရောင်းချနေသည်မို့ ကျွန်ုပ်ကိုလည်း ရင်းနှီးစွာ နှုတ်ဆက်နေသည်။

၎င်းသည် လွန်စွာသဘောကောင်းပြီး ဈေးလာရောက်ဝယ်ယူသူများသည် ထိုလူငယ်အား ရင်းနှီးစွာ ပြောဆိုဆက်ဆံတတ်သည်။

ကျွန်ုပ်သည် လူငယ်လေး၏ ဖော်ရွေမှုများကို ခုတုံးလုပ်၍ စကားပြောကြရင်းက လူငယ်လေး၏ ဘဝဖြစ်စဉ်များကို မေးကြည့်မိရာ လူငယ်လေး၏ မိဘများသည် ဘုရားဈေး၌





ပရိက္ခရာဆိုင် ဖွင့်ထားသည်။ (ဘုရားဈေးသည် ရွှေမောဓော ဘုရားဈေးကို ခေါ်ခြင်းဖြစ်သည်။)

သူငယ်လေးသည် မိကောင်းဖခင်သားသမီးတစ်ယောက် ဖြစ်ကြောင်း ထုတ်ဖော်ပြောပြခဲ့သလို မိဘများသည် ၎င်းအား ဆုံးမ၍ မရသည့်အတွက် အိမ်ပေါ်က မောင်းထုတ်လိုက်သည့်အတွက် ယခုကဲ့သို့ ဆေးမြစ်များ ရောင်းချစားသောက်နေကြောင်း ပြောပြသည့်စကားအား ကျွန်ုပ်သည် လက်ခံယုံကြည်လိုက်ပေမဲ့ စုံနံ့သာမင်းမောင် ရောက်ရှိလာခဲ့သည့် အချိန်တွင် တရားခံအဖွဲ့ဝင်တစ်ယောက် ဖြစ်သွားခဲ့သည့်အတွက် လွန်စွာအံ့သြသွားသည်။

ကျွန်ုပ်၏ အံ့သြမှုများအား အောက်၌ ဆက်လက်ဖော်ပြရန် ရှိပါသည်။

ထိုနေ့သည် ကျွန်ုပ်သည် ဆေးမြစ်များအား ရောင်းချနေသည့် လူငယ်အား နှုတ်ဆက်၍ ပြန်သွားခဲ့သည် မှန်သော်လည်း စုံနံ့သာမင်းမောင်သည် ကျွန်ုပ်ထံ ပြန်လည်ရောက်ရှိလာခြင်း မရှိသလို ဆယ်နာရီကျော်မှ ပြန်ရောက်မလာလျှင် စခန်းသို့ ပြန်ရန် မှာကြားသွားသည့်အတွက် ဆယ့်တစ်နာရီကျော်သည့် အချိန်တွင် စခန်းသို့ ပြန်ရောက်သွားသည်။

စုံနံ့သာမင်းမောင်လည်း ပြန်လည် ရောက်ရှိမလာသည့်အတွက် ကျွန်ုပ်သည်လွန်စွာစိုးရိမ်သွားခဲ့သည်မို့ စုံနံ့သာမင်းမောင်သည် ထိုနေ့၌ ပြန်လည်ရောက်ရှိလာခြင်း မရှိသလို အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်လည်း မရရှိပေ။ ထို့အတွက်ကြောင့် ကျွန်ုပ်မှာ လုပ်စရာ တစ်ခုသာ ရှိသည်။ ၎င်းလုပ်စရာသည် တခြားမဟုတ်၊ လက်နက်ကိုင် ပုလိပ်များနှင့် အရာရှိများအား အသင့်စောင့်ခိုင်းသည်။ ထို့အတွက်ကြောင့် မြို့နယ်ပုလိပ်မင်းကြီးကိုပါ ဖွင့်ပြောထားရသည်။

စုံနံ့သာမင်းမောင်သည် ထိုနေ့တစ်နေ့လုံးနှင့် တစ်ညလုံး ရောက်ရှိလာခြင်းမရှိ။ နောက်တစ်နေ့ ခပ်စောစောနံနက်ခြောက်နာရီလောက်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်မို့ ၎င်းနှင့်အတူ အသက်သုံးဆယ်ကျော် လူတစ်ယောက်လည်း ပါလာသည့်အတွက် စိုးရိမ်စိတ်များ ပြေပျောက်ခဲ့ရသည်။

စုံနံ့သာမင်းမောင်သည် ပြန်ရောက်လာပြီးနောက် ဈေး၌ ဆေးမြစ်များ ရောင်းနေသူအား သွားရောက်ခေါ်ခိုင်းပြီးနောက် ဖမ်းဆီးရမိထားသည့် လူများအား ယနေ့၌ စစ်ဆေးရန် စီစဉ်လိုက်သည်အတွက် ကျွန်ုပ်နှင့်အတူ အရာရှိများ စုံလင်စွာ ရောက်ရှိနေကြသည်။

"ကဲ ... ကိုမင်းမောင်၊ ခင်ဗျားရဲ့ တရားခံဖမ်းဆီးမှုတွေကို သိပါရစေဗျာ"

"ကျုပ်ဖမ်းဆီးမှုထက် တရားခံရဲ့ ပြစ်မှုကျူးလွန်မှုကို အရင်စစ်ဆေးရရင် ပိုမကောင်းဘူးလား ကိုအောင်သိန်းရာ"

"တရားခံဟာ ထွက်ပြေးလို့ မလွတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့ ကြိုးစားမှုက ပိုအရေးကြီးပါတယ် လူကလေး"



၎င်းပြောဆိုသူသည် တိုင်းပုလိပ်အရာရှိကြီးပင် ဖြစ်သည်မို့ ပုလိပ်အရာရှိကြီးသည် တရားခံအား ဖမ်းဆီးစုံစမ်းမှုများကိုသာ အရေးတကြီး သိချင်နေပါသည်။

တကယ်တော့ ပုလိပ်အရာရှိကြီးသည် စုံနံ့သာမင်းမောင်၏ ဖြတ်ထိုးဉာဏ်ဖြင့် တရားခံအား ဖော်ထုတ်လိုက်ခြင်းကို အရေးကြီးနေသည်။ ထို့အတွက်ကြောင့် စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက် ဖွာရှိုက်လိုက်ပြီး ပုလိပ်အရာရှိကြီးအား တစ်ချက်ကြည့်လိုက်သည်။

"အခုကိစ္စက အဲဒီလောက် အရေးကြီးလိမ့်မယ်လို့ မထင်သလို ကျုပ် ဖော်ထုတ်နေတဲ့ အမှုကိစ္စတွေမှာ ဒီအမှုဟာ လွန်စွာ ရိုးစင်းနေတယ်ဗျာ။ ခင်ဗျားတို့ သိချင်တော့လည်း ပြောရတာပေါ့ဗျာ။ အကြောင်းကတော့ လူသတ်သမားရဲ့ သက်သေခံပစ္စည်းတွေက ကျုပ်ရဲ့လက်ထဲမှာ ရရှိထားပြီး ဖြစ်နေတဲ့အတွက် တရားခံဟာ ဒီအနီးနားမှာ ရှိနေမယ် ဆိုတာရယ် တရားခံဟာ နာကြည်းချက်နဲ့ သတ်သလို အသက်ခပ်ငယ်ငယ် ဆိုတာရယ် သေနတ်ပစ် မကျွမ်းကျင်ဘူး ဆိုတာရယ်ကြောင့် တရားခံရဲ့ အနောက်ကို လိုက်ခဲ့တယ် ...

လူသတ်တရားခံဟာ မဟာ[illegible]ဈေးမှာ ဈေးရောင်းနေတဲ့ အဘိုးကြီးတစ်ယောက်နဲ့ စကားပြောနေကြတယ်၊ ဈေးရောင်းနေတဲ့ အဘိုးကြီးဟာ ပထမနေ့က တွေ့ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးပဲပေါ့ဗျာ၊ လူသတ်တရားခံဟာ အဘိုးကြီးနဲ့ စကားပြောပြီး အဲဒီ အဘိုးကြီးဆီကပဲ သေနတ်တစ်လက်ကိုယူပြီး ပဲခူးအနောက်ရှိ ကိုတင်ဇော်ရဲ့ အနောက်ကို လိုက်နေတယ်ဗျာ၊ သူဟာ ကိုတင်ဇော်ကိုပါ ဆက်လက်သတ်ဖို့ ကြိုးစားနေတယ် ဆိုပါတော့ဗျာ"

"ကိုတင်ဇော်ကို သတ်ဖို့၊ ဟုတ်လား ကိုမင်းမောင်"

ကျွန်ုပ်တို့သည် စုံနံ့သာမင်းမောင်၏ စကားအားကြားလိုက်ရသည့်အတွက် လွန်စွာ အံ့သြသွားကြပြီး ၎င်းအား ကြည့်လိုက်ရာ စုံနံ့သာမင်းမောင်သည် ကျေနပ်စွာဖြင့် ကျွန်ုပ်တို့အား ကြည့်နေသည်။

တကယ်တော့ ကျွန်ုပ်သည် စုံနံ့သာမင်းမောင်နှင့် အမြဲလို ရှိနေပေမဲ့ စုံနံ့သာမင်းမောင်၏ လှုပ်ရှားမှုများကိုတော့ လိုက်မမီနိုင်အောင် ဖြစ်နေသည်။

"ဟုတ်တယ်ဗျာ၊ တစ်နေ့ညနေမှာ ကိုတင်ဇော်နဲ့ တွေ့တော့ လူတစ်ယောက်က သူ့အနောက်မှာ လိုက်နေတဲ့အကြောင်း ပြောတော့ ကျုပ်လည်း လိုက်ပြီးလေ့လာတယ်ဗျာ။ ကိုတင်ဇော် ပြောတဲ့ ခုတိုင်း ဟုတ်နေတယ်ဗျာ။ အဲဒီလိုနဲ့ ကျုပ်မှာ စိတ်ကူး ရှင်ခု ရတယ်ဗျာ။ အဲဒီစိတ်ကူးကို ထပ်ပြော ရရင် ကိုတင်ဇော်ကို တောနန္ဒီ အသတ်ခံရတဲ့ နေရာမှာ ထိုင်ခိုင်းတယ် ဆိုပါတော့။ ဒါပေမဲ့ ဒီလူတွေက တကယ် လျှင်တယ်ဆိုပါတော့ဗျာ။ သူတို့ဟာ ကိုတင်ဇော်ကို ...



မယ်လုပ်ပြီး မပစ်တော့ဘဲ တစ်နေရာမှာ ချောင်းနေကြတယ်ဗျာ ...

ကျုပ်လည်း ကိုတင်ဇော်ရဲ့ အသက်ကို စိုးရိမ်တဲ့အတွက် အိမ်ထဲမှာ နေခိုင်းပြီး ပုံစံတစ်မျိုး ဖန်တီးလိုက်တယ် ဆိုပါတော့ဗျာ"

✧ ✧ ✧

တစ်နေ့သ၌ ...

ညနေ ငါးနာရီကျော်ကာလတွင် အစ်မတော်မဟာသိနန္ဒီ၏ ရုပ်ပုံတော်ရှေ့တွင် ကြေကွဲစွာ ထိုင်နေသည်မို့ ကမ္ဘာလောကကြီး မည်သို့ဖြစ်နေသည်ဆိုတာကို ဂရုမစိုက်နိုင်အောင် ဖြစ်နေသည်။

ဝန်းကျင်တွင် လူသူကင်းမဲ့နေသည့်အတွက် ထိုသူအား စကားပြောဆို မေးမြန်းခြင်း မရှိအောင် ဖြစ်နေသည့်အချိန်တွင် သေနတ်ထမ်းထားသူ လူတစ်ယောက်သည် ရေးကြီးသုတ်ပျာ ရောက်ရှိလာပြီး ထိုင်နေသူနှင့် မလှမ်းမကမ်း တစ်နေရာတွင် နေရာယူလိုက်သည်။

၎င်းနေရာယူလိုက်သည့် နေရာသည် တောနန္ဒီအား သေနတ်ပစ်သွားသည့် ဝက်သစ်ချပင်ကြီး၏ အောက်တွင် ဖြစ်သည်။ သေနတ်သမားသည် သေနတ်အား ဝက်သစ်ချပင်ကြားသို့ တင်လိုက်ပြီး ထိုင်နေသူအား ချိန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အနောက်ရပ်မှ လေများတိုက်ခတ်နေသည့်အတွက် အပင်များ ယိမ်းယိုင်၍ သစ်ရွက်လေးများသည် အဆက်မပြတ် လှုပ်ခတ်နေသည်မို့ ထိုင်နေသူသည်လည်း လှုပ်နေသလိုထင်နေပေမဲ့ သေနတ်သမားသည် သေချာချိန်၍ ပစ်ခတ်ရန် အဆင်သင့် ဖြစ်နေသည်။

"ဟိုက် ... လူမဟုတ်ဘူး၊ ကောက်ရိုးအရုပ်ကြီးပဲ။ ဒါဆို ငါ့ကို ထောင်ဖမ်းထားတာပဲ၊ ပြေးမှ"

ထိုသို့စဉ်းစား၍ သေနတ်အားယူရန် ကြိုးစားနေချိန်တွင် ...

"ကိုမြတ်လှ ရပ်လိုက်ပါ"

"ဟာ ... ငါ့ကို တွေ့သွားပြီ ပြေးမှ"

သေနတ်သမား ကိုမြတ်လှသည် လက်ထဲ၌ ကိုင်ထားသည့် သေနတ်အား ပစ်ချလိုက်ပြီး တစ်နေရာသို့ ပြေးနေရသည်။

အသံပိုင်ရှင်သည် တခြားလူ မဟုတ် စုံနံ့သာမင်းမောင်ပင် ဖြစ်သည်။ စုံနံ့သာမင်းမောင်သည် ကိုမြတ်လှ ပစ်ချလိုက်သည့် သေနတ်အား ကောက်ယူလိုက်ပြီးနောက် ၎င်း၏အနောက်မှ ပြေးလိုက်ပြန်သည်။

ကိုမြတ်လှသည် လွတ်ရာလွတ်ကြောင်း ခြေဦးတည့်ရာ ပြေးနေသည့်အတွက် စုံနံ့သာမင်းမောင်သည် အနောက်မှ ပြေးလိုက်နေသည်။ တကယ်တော့ စုံနံ့သာမင်းမောင်သည် ထိုနေ





ရာသို့ အရောက်နောက်ကျသွားသည့်အတွက် ကိုမြတ်လှကို အချိန်မီ မတားဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ အစ်မတော်မဟေသီနန္ဒီ၏ ရှေ့၌ လူတစ်ယောက်၏ ရုပ်ပုံကို ပြုလုပ်ထားသူသည် စုံနံ့သာမင်းမောင်၏ အကြံပင် ဖြစ်သည်။ လူသတ်သမားသည် အကျီဝတ်ဦးထုပ်ဆောင်းပြီး ထိုင်နေသည့် ကောက်ရိုးအရုပ်ကို ကိုတင်ဖော် ထင်မှတ်ပြီး သေနတ်ဖြင့်ပစ်ရန် ကြိုးစားနေသည်။

ယခုတော့ လူသတ်သမား ကိုမြတ်လှသည် လွတ်ရာလွတ်ကြောင်း ပြေးနေပေမဲ့ စုံနံ့သာမင်းမောင်သည် အနောက်မှ လိုက်နေသည်။

"ကိုမြတ်လှ မပြေးနဲ့၊ မပြေးပါနဲ့၊ ကျုပ်နဲ့ ဆွေးနွေးပါဗျာ"

"ခင်ဗျား မလိုက်နဲ့၊ မလိုက်ခဲ့ပါနဲ့၊ ကျုပ်နဲ့ ခင်ဗျားဟာ ဆွေးနွေးစရာကိစ္စ မရှိဘူး၊ ခင်ဗျားပြန်တော့"

"ကျုပ်မပြန်ဘူး၊ ခင်ဗျားနဲ့ ဆွေးနွေးဖို့ လာခဲ့တာ။ ကျုပ်ကတော့ ခင်ဗျားနဲ့ ဆွေးနွေးဖို့ပဲ လိုအပ်တယ် ကိုမြတ်လှ"

"ကျုပ် ဘယ်တော့မှ ခင်ဗျားနဲ့ ဆွေးနွေးမှာ မဟုတ်ဘူး"

ထိုသို့ပြောပြီးနောက် ကိုမြတ်လှသည် ရှေ့သို့သာ ပြေးနေသည်မို့ စုံနံ့သာမင်းမောင်သည် ပြေးနေသူကိုသာ ဖမ်းဆီးမိရန်အတွက် ကြိုးစားနေသည့်အတွက် ကိုင်းတောများ လှိုဏ်မြောင်းများ၊ အော်များကို ဖြတ်ကျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှပြေးနေသူ ကိုမြတ်လှနှင့် အနောက်မှ လိုက်နေသူ စုံနံ့သာမင်းမောင်တို့သည် ပေသုံးရာကျော်လောက်သာ ဝေးပြီး ကိုမြတ်လှသည် ကင်းချောင်းရွာဘက်သို့ ဦးတည်ပြေးနေသည်။ ထိုသို့ပြေးနေရင်းက ကိုင်းတောထူထူအတွင်းသို့ အရောက်တွင် အသံတစ်ခု ထွက်ပေါ်လာသည်။

"ဒီမှာ ဒီမှာ လူလေး၊ ခဏနေပါဦး"

အသံတစ်ခုနှင့်အတူ အသက်ခြောက်ဆယ်ကျော် အဘိုးအိုတစ်ယောက်သည် စုံနံ့သာမင်းမောင်အား ရှေ့မှပိတ်၍ ထားလိုက်သည်မို့ အဘိုးအိုအား ချက်ချင်းကြည့်လိုက်ပြီး ...

"ဘာလုပ်မလို့လဲ"

"ဒီကလေးကို မလိုက်ပါနဲ့၊ ကျုပ်ဘဝအတွက် အကူအညီ တစ်ခုလောက် ပေးပါကွယ်"

"ခင်ဗျားကို ကူညီဖို့ အချိန်မရှိပါဘူး"

"မလုပ်ပါနဲ့ ကျုပ်ဘဝအတွက် အကူအညီ တစ်ခုလောက် ပေးပါကွယ်"

"ခင်ဗျားကို ကူညီဖို့ အချိန်မရပါဘူး"

"မလုပ်ပါနဲ့ လူလေးရာ၊ အဘိုးမှာ ဒုက္ခတွေ ရောက်နေလို့ ပါကွယ်"

"ဒီအဘိုးကြီး တယ်ရှုပ်တာပဲ"

"ရော"

"အမယ်လေး သေပါပြီဗျာ"





စုံနံ့သာမင်းမောင်သည် ရှေ့၌ပိတ်နေသည့် အဘိုးအိုအား ဆွဲ၍ ဘေးသို့ဖယ်ထုတ်လိုက်သည့်အတွက် ဘေးသို့ လွင့်ထွက်သွားပေ၏။ တကယ်တော့ စုံနံ့သာမင်းမောင်သည် လွန်စွာ သဘောကောင်းသူတစ်ယောက် ဖြစ်သည်။ ယခုအဘိုးအိုသည် စုံနံ့သာမင်းမောင် အတွက် အနှောင့်အယှက် တစ်ယောက် ဖြစ်နေမှန်း သိနေသည့်အတွက် ယခုကဲ့သို့ ပြုလုပ်လိုက်ရခြင်း ဖြစ်သည်။ စုံနံ့သာမင်းမောင်သည် ပြေးနေသူ မြတ်လှ၏ အနောက်သို့ ဆက်လက်လိုက်နေပေမဲ့ အဘိုးအို၏ အသံသည် ဆက်လက်ထွက်ပေါ်လာသည်။

"လူလေး ... အဘိုးကို ကူညီပါ ...

အဘိုးကို ကူညီပါ လူလေးရာ"

ထိုသို့ အော်ဟစ်ပြီး အနောက်မှ ပြေးလိုက်လာသည့် စုံနံ့သာမင်းမောင်သည် ဂရုမစိုက် ရှေ့မှ ပြေးနေသူ တရားခံကိုသာ ဖမ်းဆီးရမိရေးကို ကြိုးစားနေသည်။ တရားခံမြတ်လှသည် ဘဲကုန်းတစ်ခုအား ကျော်ဖြတ်ပြီး ပြေးနေသည်ကို တွေ့လိုက်ရသည့်အတွက် စုံနံ့သာမင်းမောင်သည် ပြတ်သားသည့် ဆုံးဖြတ်ချက် တစ်ခုအား ချလိုက်သည့်အချိန်တွင် နေရောင်သည် အတော်ကို စောင်းနေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



*

ထိုအချိန်တွင် ကိုမြတ်လှသည် လက်ပံစုတဲကုန်းပေါ်သို့ ရောက်ရှိသွားပြီး အနောက်မှ လိုက်နေသည့် စုံနံ့သာမင်းမောင်အား ကြည့်နေသည်မှာ မတွေ့ရတော့သည့်အတွက် ကြီးမားသည့် လက်ပံပင်ကြီး၏ ခြေရင်းတွင် မှီ၍ထိုင်ရင်း အမောဖြေနေသည်။

စုံနံ့သာမင်းမောင်သည် လက်ပံပင်ခြေရင်း၌ အပန်းဖြေ အနားယူနေသူ ကိုမြတ်လှအား တွေ့ရှိသည့်အတွက် လက်ပံပင်ကြီး၏ အနောက်နားမှထွက်၍ အနားယူနေသည့် မြတ်လှရှိရာသို့ ဦးတည်နေပေမဲ့ မြေပေါ်သို့ ကြွေကျနေသည့် သစ်ရွက်ခြောက်များ၏ အသံသည် လွှမ်းမိုးနေသည်။

စုံနံ့သာမင်းမောင်သည် လက်ပံပင်ခြေရင်း၌ အပန်းဖြေ အနားယူနေသည့် ကိုမြတ်လှအား တွေ့ရှိရသည့်အတွက် လက်ပံပင်ကြီး၏ အနောက်နားမှကွယ်၍ အနားယူနေသည့် မြတ်လှရှိရာသို့ ဦးတည်နေပေမဲ့ မြေပေါ်သို့ ကြွေကျနေသည့် သစ်ရွက်ခြောက်များ၏ အသံသည် လွှမ်းမိုးနေသည်။

စုံနံ့သာမင်းမောင်သည် ခြေသံများကို မကြားရအောင် တစ်လှမ်းချင်း လျှောက်လှမ်းနေသည်။ တဖြည်းဖြည်းဖြင့် လက်ပံပင်ကြီးအနီးသို့ ရောက်ရှိလာသည်။

"ဟိတ်လူ မပြေးနဲ့"





စုံနံ့သာမင်းမောင်၏ အသံဖြစ်သည်။ စုံနံ့သာမင်းမောင်သည် ပထမအစီအစဉ်အရ အနားကပ်၍ ဖမ်းချုပ်ရန် စီစဉ်ခဲ့သော်လည်း ခြေသံများကြား၍ရသည့်အတွက် ထိုင်ရာမှထပြီး ပြေးရန်ကြိုးစားနေသည့်အတွက် ယခုကဲ့သို့အသံပေး၍ တားမြစ်လိုက်ရခြင်းဖြစ်ရာ မြတ်လှသည် ဒေါသမျက်နှာများဖြင့် ပြန်လည်ကြည့်သည်။

"ခင်ဗျားက ကိုယ့်သေတွင်း ကိုယ်တူးတဲ့သူပဲ။ အဲဒီတော့ မြတ်လှ အကြောင်း ပြရသေးတာပေါ့"

"ကျုပ် ခင်ဗျားကို ရန်မူဖို့ လာခဲ့တာ မဟုတ်ဘူး။ အဲဒီတော့ အေးအေးဆေးဆေး ဆွေးနွေးဖို့ လိုက်ခဲ့ပါ"

"ကျုပ်ဆိုတဲ့ မြတ်လှကလည်း ခင်ဗျားနဲ့ ဆွေးနွေးစရာ မရှိပါဘူးလို့ ပြောယားရဲ့သားနဲ့ ခင်ဗျားက အရဲစွန့်ပြီး ဒီလက်ပံတန်းအထိကို လိုက်ခဲ့တယ်ဆိုတော့လည်း ကျုပ်ရဲ့အကြောင်းကို ပြရသေးတာပေါ့။ ဒါပေမဲ့ တစ်ခုတော့ ကြိုပြောလိုက်ဦးမယ်၊ မရဏမင်းထံ ရောက်သွားလို့ အစစ်ခံတဲ့အခါမှာ နာမည်အပြည့်အစုံ မသိမှာ စိုးရိမ်လို့ ပြောလိုက်ရဦးမယ်၊ လက်ပံတန်းက မြတ်လှ ဆိုတာ ကျုပ်ပဲ အဲဒီတော့ ခင်ဗျားသွားရမဲ့လမ်းကို သိမှာပေါ့"

ထိုသို့ပြောပြီးနောက် မြတ်လှသည် လက်ထဲ၌အသင့်ကိုင်ထားသည် သုံးတောင်ကျော်လောက် ရှိသည့် ဝါးလုံးပိုင်းဖြင့် ခင်ရောက် ရိုက်နေသည်။ မြတ်လှ၏ ဝါးလုံးတုတ်သည် ပြင်းထန်သည့်အရှိန်များ ပါရှိနေသည့်အတွက် ထိလိုက်သည်နှင့် မြေပေါ်လဲကျသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လှ၏ တုတ်သည် ပြင်းထန်သည့် အရှိန်များဖြင့် စုန့်သာမင်းမောင် ထံသို့ ဦးတည်နေသည်မို့ စုန့်သာမင်းမောင်သည် အနောက်သို့ဆုတ်၍ အသာရှောင်လိုက်သည်မို့ ရှေ့မှ ဖြတ်ထွက်သွားသည်။ မြတ်လှသည် ပြင်းထန်သည့် ဒေါသများအား ထိန်းချုပ်မှု ကင်းမဲ့စွာဖြင့် တိုက်ခိုက်နေပေမဲ့ စုန့်သာမင်းမောင်သည် တည်ငြိမ်သည် အပြုံးများဖြင့် ခုခံတိုက်ခိုက်နေသည်။

ငင်းတို့ တိုက်ခိုက်နေသည်မှာ အချိန်အတန်ကြာနေသည်။

မြတ်လှသည် စုန့်သာမင်းမောင်အား ဖြတ်ရိုက်လိုက်ရာ စုန့်သာမင်းမောင်သည် ကိုယ်တစ်ပတ်လည်၍ ရှောင်လိုက်ပြီး သွက်လက်သည့်ခန္ဓာသည့် မြတ်လှ၏ အနီးသို့ ဝင်ရောက်သွားသည်။

တစ်ချိန်တည်းမှာပဲ မြတ်လှ၏ မျက်နှာအား တံတောင်ဖြင့် ထောင်းလိုက်သည်။ မြတ်လှသည် အော်သံနှင့်အတူ အနောက်သို့ လွင့်စဉ်ကျသွားသည်။ တစ်ချိန်တည်းမှာပင် မြတ်လှသည် ခုခံရန် ကြိုးစားသော်လည်း စုန့်သာမင်းမောင်သည် ရန်သူကိုငဲ့ညှာလိုစိတ် မရှိသည့်အတွက် ထပ်ဆင့်တိုက်ခိုက်လိုက်ပြန်သည်။

ငင်းသည် ကိုယ်နေဟန် ပျက်သွားသည့်အတွက် လက်တစ်ဖက်ကိုချုပ်၍ လိမ်ထားလိုက်သည်။ မြတ်လှသည် ခုခံရန် ခက်သွားပြီး လက်မြှောက် အရှုံးပေးလိုက်ရပေတော့သည်။

✧ ✧ ✧



## အခန်း(၁၉)

### လိပ်ပြာကန် လူသတ်မှု

"ခင်ဗျားရဲ့ လုပ်ကွက်ကတော့ အံ့မခန်းပဲဗျာ"

ကျွန်ုပ်သည် ထိုသို့ ချီးကျူးလိုက်သလို ပုလိပ်အရာရှိများသည်လည်း ကျွန်ုပ်ကဲ့သို့ ချီးကျူးစကား ပြောကြားသည့် စုန့်သာမင်းမောင် ပြုံးရွှင်သည့် မျက်နှာလေးဖြင့် ပခုံးထက်မှ မာဖလာအား ပတ်တင်လိုက်ပြီး စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်သည်။

"ဒါတွေ ထားလိုက်ပါတော့ဗျာ၊ တရားခံတွေ ခေါ်လာခဲ့ဗျာ"

"အားလုံးကိုလား ကိုမင်းမောင်"

"ဟုတ်တယ်ဗျာ၊ သုံးယောက်လုံး တစ်ခါတည်း ခေါ်လာခဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်၏ စကားသံကို ကြားလိုက်ရသည့်အတွက် အားလုံး အံ့သြကုန်သည်။ စုံနံ့သာမင်းမောင်သည် တရားခံများကို စစ်ဆေးရာ၌ တစ်ယောက်ချင်းကိုသာ ခေါ်ယူစစ်ဆေးတတ်ပြီး ယခုကဲ့သို့ စစ်ဆေးတာကို တွေ့ဖူးခြင်း မရှိပေ။

ငင်းအချိန်တွင် တရားခံများ ရောက်ရှိလာပြီး ထိုင်ခုံ၌ တန်းစီထိုင်နေကြသည်။ အားလုံးသည် စုံနံ့သာမင်းမောင်၏ စစ်ဆေးချက်များကို ခေါင့်မျှော်နေကြသည်။

"အဘိုးဘတုတ်၊ လူငယ်တွေရဲ့ လုပ်ရပ်ကို မြှောက်ပေးတယ် မဟုတ်လား"

"မခံနိုင်လို့ မြှောက်ပေးရတာပါ၊ တကယ်တော့ ..."

"ကျုပ်မေးတာကိုပဲဖြေပါ ဦးဘတုတ်၊ စောနန္ဒီကို သတ်တဲ့ ကိစ္စကို ခင်ဗျားက စီမံကိန်းရေးဆွဲပေးတာ မဟုတ်လား"

"ကလေးတွေကို သနားလို့ပါ"

"ဘာကြောင့် ဝန်မခံတာလဲ ဦးဘတုတ်"

"ဟို ... ဟို ... ကျုပ်က အမှန်တရားဘက်က ..."

"တော်ပြီ၊ ဘာမှမပြောနဲ့တော့"

စုံနံ့သာမင်းမောင်၏ အသံသည် လွန်စွာ ပြတ်သားသည့်အတွက် ဦးဘတုတ်သည် လွန်စွာတုန်လှုပ်သွားသည်။ တကယ်တော့ ဦးဘတုတ်သည် မေးသည့်စကားကို တခြားစကားလုံးတွေနဲ့ အစားထိုး ဖြေနေသည့်အတွက် စိတ်ထဲ၌ ဒေါသထွက်မိသည်။





"ဒီမှာ ကျုပ် ခင်ဗျားကို တစ်ခွန်းမေးမယ်၊ ဓားသမားမြတ်လှကို ခင်ဗျား သေနတ်ပစ် သင်ပေးတာ မဟုတ်လား"

"အဲဒီသေနတ်က ကျုပ်ကိုယ်ပိုင်သေနတ် မဟုတ်ပါဘူး"

"အခု ဖြေဆိုခဲ့တာတွေဟာ ဝန်ခံနေတာပဲ၊ ဒီအမှုမှာ ခင်ဗျားဟာ အဓိကတရားခံတစ်ယောက်ပဲ ဦးဘတုတ်"

စုံနံ့သာမင်းမောင်သည် စကားများအား ရပ်လိုက်ပြီး စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်ပြီး ထိုလူသုံးယောက်ထဲမှာ ဆေးမြစ်များ ရောင်းချနေသူ လူငယ်လေးအား တစ်ချက်ကြည့်လိုက်သည်။ လူငယ်သည် ကြောက်စိတ်များ လွှမ်းမိုးနေသည်မို့ စုံနံ့သာမင်းမောင်၏ အကြည့်အား စိုးထိတ်နေသည်။

လူငယ်သည် ကြောက်စိတ်များစွာ လွှမ်းမိုးနေသလို ငင်းအား မေးလာမည့် စကားများကိုလည်း ဖြေဆိုရမှာ လွန်စွာ စိုးရိမ်နေသည့်အတွက် မျက်နှာလေးသည် အောက်သို့ငုံ့၍ ချထားသည်။

"မင်းနာမည်က မောင်ရွှေခဲ ဖြစ်ပြီး ဘာကြောင့် တန်ဖိုးမဲ့တဲ့လုပ်ရပ်တွေကို လုပ်ရတာလဲ"

မောင်ရွှေခဲသည် စုံနံ့သာမင်းမောင်အား တစ်ချက်ကြည့်လိုက်သည်။

"ဒီသေနတ်က မင်းအဖေရဲ့ သေနတ်ဖြစ်ပြီး ဘာကြောင့် သူတို့ကို ခိုးယူပေးလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နဲ့ မြတ်လှက မိတ်ဆွေအရင်းတွေပါ၊ သေနတ်ခဏလောက် ယူပေးပါဆိုလို့ အဖေတို့ မသိခင် ခိုးပေးလိုက်တာပါဗျာ"

"အဲဒီလို မလုပ်ပါနဲ့ဗျာ။ အခုကိစ္စမှာ အဖေ ဘာမှမသိပါဘူးဗျာ၊ အဲဒီအတွက် ကျုပ် တောင်းပန်ပါတယ်"

"ဒါဆို မင်းမှာအပြစ်ရှိလား"

"ဟုတ်ကဲ့၊ အပြစ်ရှိပါတယ်၊ အခုလိုဖြစ်ရတာ ဘာတုတ်ကြောင့်ပါ။ အစ်ကိုမြတ်လှ အတွက် အဖေ့ဆီက သေနတ်ယူပေးပါလို့ အတန်တန် ပြောတယ်။ ကျုပ်ကလည်း လက်ရှိခက်ခဲမှုတွေ ရှိနေတော့ သူတို့ရဲ့ တောင်းဆိုမှုတွေကို လိုက်လျောပြီး လုပ်ပေးလိုက်တာပါ။ အဲဒီလိုမှ မလုပ်ပေးရင် ကျုပ်တို့ကို ဒုက္ခတစ်ခုခု ပေးကြမှာ သေချာပါတယ်ဗျာ"

"ဒီလောက်ဆို ရပါပြီ။ အခုလို အမှန်အတိုင်း ပြောဆိုတဲ့အတွက် အပြစ်ကလွတ်အောင် ကျုပ် ကူညီပေးပါမယ်၊ ကဲ ... သူ့ကို ခေါ်ထုတ်သွားဗျ"

"ကောင်းပါပြီ"

ကျွန်ုပ်သည် စုံနံ့သာမှင်းမောင်၏ စကားအား နားထောင်ပြီး မျက်ရိပ်ပြလိုက်ရာ အနီးရှိ ပုလိပ်တပ်သားနှစ်ယောက်သည် မောင်ရွှေခဲအား ခေါ်ထုတ်၍ ထွက်သွားပေတော့သည်။





ထို့နောက် စုံနံ့သာမင်းမောင်သည် အစိကတရားခံကိုမြတ်လှအား သေချာစိုက်ကြည့်နေသည်မို့ ကိုမြတ်လှသည် ပြင်းထန်သည့် မျက်လုံးဖြင့် စုံနံ့သာမင်းမောင်အား ကြည့်လိုက်သည်။

"လူမိုက်ကိုမြတ်လှက စောနန္ဒီကို သတ်ရတာ သတ်ချင်လို့ သတ်ရတာ မဟုတ်ဘူး ဆိုတာကို ဝန်ခံတယ် မဟုတ်လား"

စုံနံ့သာမင်းမောင်၏ စကားသည် မျက်နှာ၏ မေးခွန်းအတွက် လွန်စွာကျေနပ်သွားသလို စုံနံ့သာမင်းမောင်သည် ၎င်းဘက်ပါအောင် ဆွဲ၍မေးလိုက်ခြင်း ဖြစ်သည်။ တကယ်တော့ စုံနံ့သာမင်းမောင်သည် လွန်စွာတော်သူတစ်ယောက် ဖြစ်သည်ဟု ပြောပြရလျှင် တစ်ခုတည်း တော်သူ မဟုတ်။

ဘက်စုံတော်သူ ဖြစ်သည်။

ယခု တရားခံမြတ်လှအား မေးသည်မှာ ကိုယ့်ဘက်ကိုယ်စွဲ၍ ပြောသော်လည်း တစ်ဖက်သူ၏ အခြေအနေအား ကြည့်၍ မေးမြန်းစစ်ဆေးခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်၊ စောနန္ဒီနဲ့ ကျုပ်ဟာ ဘာရန်ငြိုးရန်စမရှိသလို ကျုပ်တို့နဲ့လည်း ဆွေမျိုးနီးစပ် တော်ပါတယ်။ စောနန္ဒီရဲ့အဖေဟာ ကျုပ်အမေရဲ့ မောင်တစ်ဝမ်းကွဲ တော်တဲ့အတွက် ကျုပ်ရဲ့လုပ်ရပ်အတွက် တင်ဇော် ဆိုတဲ့လူအပေါ်ကို နာကြည်းစိတ်တွေက ပိုပြီးများသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ကိုတင်ဇော်ကိုပါ သတ်ဖို့ကြိုးစားနေတယ် မဟုတ်လား"

ကိုမြတ်လှသည် စုံနံ့သာမင်းမောင်အား တစ်ချက်ကြည့်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ် တင်ဇော်ကို သတ်ဖို့ အကြိမ်ကြိမ်ကြိုးစားပါတယ်၊ အခုလည်း ကျုပ် တင်ဇော်ဆိုတဲ့ အကောင်ကို ပစ်တာပါ၊ ဒီကောင် ကံကောင်းသွားပြီး ကျုပ်နှမလေးကို ထိသွားတာ အနာကြည်းဆုံးပဲဗျာ၊ အမှန်ကို ပြောရရင် ကျုပ် တင်ဇော်ကို သတ်ဖို့ကြိုးစားတယ်၊ သူ့ရဲ့အနောက်မှာ ခင်ဗျားက အမြဲလို ရှိနေတယ်၊ ခင်ဗျားမရှိတဲ့အခါ သောင်းဒန်က ရှိနေပြန်တယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ကျုပ် ခင်ဗျားကို လွန်စွာချီးကျူးပါတယ်ဗျာ၊ လူသတ်သမားကို ရှာဖွေတဲ့နေရာမှာ ခင်ဗျားက အတော်ဆုံးပဲ"

"ဒါတွေ ထားတော့ဗျာ၊ ကျုပ် အခုသိချင်တာ တင်ဇော်ကို ဘာကြောင့် သတ်ချင်တာလဲ ဆိုတာပဲ"

"သွေးကြွေးပေါ့ဗျာ။ တကယ်တော့ တင်ဇော်နဲ့ ကျုပ်ဟာ ဘာရန်ငြိုးရန်စမှ မရှိဘူး၊ ရှိနေတာက ကျုပ်ရဲ့အဖေနဲ့ တင်ဇော်ရဲ့အဖေတို့ပေါ့ဗျာ၊ အဲဒီသွေးကြွေးကြောင့် အခုလို လုပ်ရတာပဲဗျာ"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ကို ပြောပြနိုင်မလား"

"ကျုပ် ပြောပြပါ့မယ်"





မြတ်လှသည် စုံနံ့သာမင်းမောင်အား တစ်ချက်ကြည့်လိုက်ပြီး ကြေကွဲနေသည့် မျက်နှာအား ချက်ချင်းပြုပြင်လိုက်သည်။

တကယ်တော့ မြတ်လှ လူမိုက်တစ်ယောက်ပါဟု ပြောဆိုသတ်မှတ်နေမေမဲ့ သွေးသားနှင့် ပတ်သက်လျှင် ကြေကွဲတတ်သည်။ ကိုမြတ်လှသည် စုံနံ့သာမင်းမောင်၏ မေးခွန်းအား အောက်၌ ဆက်လက်ဖော်ပြထားပါသည်။

✧ ✧ ✧

နေလုံးကြီးသည် အင်နော်ကရပ်သို့ ပျောက်ကွယ်အနားယူရန် ကြိုးစားလျက် ရှိနေသည်မို့ လေနုအေးများသည် ခပ်ပါးပါး တိုက်ခိုက်နေသည်။ တစ်နေ့တာအတွက် လုပ်ငန်းခွင်ဝင်ကြသူများသည် နေထိုင်ရာသို့ ပြန်ကြပြီး မိသားစုဝင်ထဲမှ တစ်စုံတစ်ယောက်သောသူ ပြန်ရောက်မလာလျှင် မျှော်နေတတ်ကြသည်။

ထိုထဲ၌ မြတ်လှတို့ မိသားစုလည်း ပါဝင်နေသည့် မြတ်လှတို့မိသားစုသည် ဖခင်အား မျှော်နေကြပြီး ဖခင်သည် သတ်မှတ်သည့်အချိန်ထိ ရောက်ရှိမလာသေးသည့်အတွက် စောင့်မျှော်နေကြရာ ရေးကြီးသုတ်ပျာဖြင့် လူတစ်ယောက်သည် မြတ်လှတို့ နေအိမ်သို့ ဝင်ရောက်လာသည်။

"ကိုကြီးအောင် ဘာဖြစ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မြတ်လှ၊ ဦးလေးထွန်းမောင် အသတ်ခံရလို့တဲ့"

"အဖေ အသတ်ခံရလို့ ဟုတ်လား ကိုကြီးအောင်"

"အေး ... ဟုတ်တယ်"

"ဒါဆို အခု အဖေ ဘယ်မှာလဲ"

"လိပ်ပြာကန် တောတန်းမှာ"

"အမေရေ ... အဖေ လိပ်ပြာကန်တောတန်းမှာ အသတ်ခံရလို့တဲ့"

ထိုအချိန်တွင် လာရောက်သတင်းပေးသည့် အောင်ကြီးနှင့် မြတ်လှတို့ မိသားစုသည် ဦးထွန်းမောင် အသတ်ခံရသည့် လိပ်ပြာကန်တောတန်းသို့ ခပ်သွက်သွက် ထွက်လာခဲ့ကြသည်။

(လိပ်ပြာကန်တောတန်းသည် ယခုအခါလိပ်ပြာကန်ရပ်ကွက်ပင်ဖြစ်သည်မှ ပဲခူးမြို့သို့ ရောက်လျှင် လိပ်ပြာကန်ဟု မေးလျှင် လူသိများသည့်နေရာ ဖြစ်သလို ကြီးမားသည့် ကန်ကြီးတစ်ကန်အား တွေ့ရသည်။) (စာရေးသူ)

ရင်းတို့သည် ဖြတ်သန်းပြေးလွှားရင်းက လိပ်ပြာကန်တောတန်းသို့ ရောက်ရှိခဲ့ပြီး ပတ်ဝန်းကျင်ရှိ လူအများသည် ဝိုင်း၍ ကြည့်နေကြပေမဲ့ ဦးထွန်းမောင်၏ ဘေးတွင် ဦးဘတုတ်တစ်ယောက်သာရှိပြီး ဦးဘတုတ်သည် ဦးထွန်းမောင်အား ပွေ့ချီထားသည်။

ဦးထွန်းမောင်သည် ရင်ဝ၌ ဒဏ်ရာရရှိထားသည့်အတွက် သွေးများသည် ထိန်းချုပ်မှု ကင်းမဲ့လျက်ရှိသည်။ မြတ်လှတို့ အပြေးရောက်သွား‌သည်။





"အဖေ ... အဖေ"

"အစ်ကိုထွန်းမောင် ... အစ်ကိုထွန်းမောင်"

ဦးထွန်းမောင်၏ဇနီး ဒေါ်နုနှင့် သားကြီးမြတ်လှတို့သည် ဒဏ်ရာဖြင့် လဲနေသည့် ဦးထွန်းမောင်အား ခေါ်နေကြရာ ရင်းတို့၏အသံသည် ဝန်းကျင်သို့ လွှမ်းမိုးသွားသည်။

တကယ်တော့ မောင်မြတ်လှတို့ မိသားစုသည် ဖခင်ဦးထွန်းမောင်ကို အားကိုး၍ အသက်ရှင် နေထိုင်ရပြီး ဦးထွန်းမောင်သည် အလုပ်ကို တကယ်ကြိုးစား ရိုးသားသူတစ်ယောက်ဖြစ်၍ မည်သည့်အပေါ်မှ မတရားတာ လုပ်တတ်သူမဟုတ်။

ရင်းကို မတရားတာ လုပ်သူကိုလည်း လွန်စွာမုန်းတီးတတ်သည်။ ထို့အတူ လူချစ်လူခင် ပေါသည်။ ဦးထွန်းမောင်၏အလုပ်သည် စပါးပွဲစားအလုပ် ဖြစ်နေ၍ ငွေရှင်များသည် ဦးထွန်းမောင်ကို အားကိုးကြသည်။

ယခုတော့ ဦးထွန်းမောင်သည် ရင်းချစ်မြတ်နိုးသည့် ဇနီးနှင့် သားသမီးများအား ကျောခိုင်း၍ တခြားဘဝသို့ ထွက်ခွာသွားသည့်အတွက် မောင်မြတ်လှတို့သည် ဦးထွန်းမောင်အား ပွေ့ဖက်၍ ငိုနေကြသည်။

"အဘတုတ် အဖေ့ကို ဘယ်သူသတ်ထာလဲ"

"မသိချင်ပါနဲ့ ငါ့တူရာ"



www.burmeseclassic.com

"ဘာလို့ မသိချင်ရမှာလဲဗျာ။ အဖေ တစ်ယောက်လုံး အသတ်ခံရတာပဲ၊ အဖေ့ကိုသတ်တဲ့လူကို အဘတုတ် သိရမယ်၊ မပြောရင်တော့ အဘတုတ် သတ်တာပဲ"

"အဲဒီလိုတော့ မပြောပါနဲ့ ငါ့တူရာ၊ ထွန်းမောင်နဲ့ ဘတုတ်ဟာ ညီအစ်ကိုထက်ပိုပြီး ချစ်ကြတယ် ဆိုတာ ငါ့တူလည်း သိသားနဲ့"

"ဒါဆို အဖေ့ကို ဘယ်သူသတ်တာလဲ ပြော"

မောင်မြတ်လှသည် တားဆီးမရသည့် ကြေကွဲမှုမျက်ရည်များစွာဖြင့် အနီးရှိ ဦးဘတုတ်အား မေးနေသည်။ ၎င်း၏မေးခွန်းသည် ဦးဘတုတ် အတွက် ဖြေရန်ခက်နေသည့်အတွက် တောင်းပန်သည့် မျက်နှာများဖြင့် မြတ်လှအား ကြည့်နေသည်မို့ မြတ်လှသည် ဖခင်အား သတ်သွားသူကိုသာ မေးနေသည်။

တကယ်တော့ မြတ်လှ မေးသည့် မေးခွန်းသည် လွန်စွာမှ မှန်ကန်သည်။ အဘတုတ်နှင့် ကိုထွန်းမောင်သည် အမြဲတမ်း တွဲသွားတွဲလာလုပ်၍ နေသလို ၎င်းတို့မိသားစုအရေးကိစ္စအားလုံးအား အဘတုတ်အား မိဘသဖွယ် တိုင်ပင်တတ်သည့်အတွက် ယခုကိစ္စသည် အဘတုတ် သိမည်ဟု ထင်နေကြသည်။

"အဘတုတ် ကျုပ်မေးတာ ဖြေလေဗျာ။ မဖြေရင် ကျုပ် တစ်ခုခု လုပ်မိမယ်နော်"

"အေးပါ လူလေးရာ၊ အဘတုတ် ပြောပါ့မယ်၊ ဒါပေမဲ့ လူလေးစိတ်ကို ထိန်းထားပါ၊ ဒီကိစ္စကို အဘတုတ်တို့



လူကြီးတွေ တရားဥပဒေနဲ့ ရှင်းပါ့မယ်ကွယ်။ အဘတုတ် စကားကို လက်ခံတယ်ဆိုရင် ပြောမယ်"

"လက်ခံမယ်ဗျာ၊ ကျုပ် ကတိပေးတယ်၊ ကဲ ... ပြောတော့"

"ငါ့တူရဲ့အဖေကို သတ်တာ ဦးစိန်အောင် သတ် ... သတ်လိုက်တာပါကွယ်"

"လူယုတ်မာကြီး၊ အဲဒီလူကို ကျုပ် ပြန်သတ်မယ်"

"သားလူလေး မသွားနဲ့ မသွားနဲ့"

"မောင်မြတ်လှ ... မောင်မြတ်လှ"

မြတ်လှသည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ချိန်တွင် မိခင်ဒေါ်နုနှင့် အဘဘုတ်တို့သည် မြတ်လှအား ဆွဲလိုက်ကြသည်။

မြတ်လှသည် ဖခင်ဦးထွန်းအောင် အတွက် ဒေါသများစွာ ဖြစ်ပေါ်နေသည့်အတွက် ဦးစိန်အောင်ထံပြေးရာ အဘတုတ်သည် မြတ်လှအား ဆွဲနေသည်။

မောင်မြတ်လှသည် ရုန်းကန်နေသော်လည်း အင်အားခြင်း မမျှသည့်အတွက် ကြိုးစားမှုများ ရုတ်တရက် မအောင်မြင်နိုင်အောင် ဖြစ်နေသည်။

"မြတ်လှ ... အဘတုတ်စကားကို နားထောင်ပါ လူလေးရာ"

"ဟုတ်ပါတယ် သားရယ်၊ အမေ့စကားကို နားထောင်ပါလို့ အမေ မျက်ရည်နဲ့ တားပါတယ်၊ ဒီအချိန်မှာ အမေ

www.burmeseclassic.com



တို့ဟာ အရှုံးနဲ့ ရင်ဆိုင်နေရတယ်။ သူတို့ဟာ လူစိတ်ရှိတာမဟုတ်ဘူး။ မင်းရဲ့အဖေ သေတာမှ မြေမကျသေးဘူး သားလေး တစ်ခုခု ဖြစ်သွားရင် အမေ ဘယ်လိုလုပ်ပြီး ဖြေလို့ရမှာလဲကွယ်"

"ဟုတ်ပါတယ် ငါ့တူရာ၊ အဘတုတ် စကားကို နားမထောင်ရင်တောင်မှ မင်းအမေရဲ့စကားကိုတော့ နားထောင်ပါကွယ်"

"ကျုပ် ဒီအယုတ်တမာကောင်တွေကို မကျေနပ်ဘူး။ တစ်နေ့ ကျုပ်ရဲ့အကြောင်း ကောင်းကောင်းသိစေရမယ်"

"အခုလောလောဆယ်တော့ စိတ်ကို ထိန်းထားပါဦး သားရယ်"

အားလုံးသည် မောင်မြတ်လှအား နားချစကား ပြောဆိုလိုက်သည့်အတွက် မြတ်လှသည် အရှုံးပေးလိုက်ရပြီး မိခင်နှင့် အဘတုတ်တို့၏ စကားကို နားထောင်လိုက်ရသည်။

အချိန်သည် အမှောင်ထုများကို လွှမ်းမိုးနေသည့်အတွက် ရပ်ကွက်၌ နေထိုင်သူများသည် ဦးလွန်းမောင်အား မ ယူသယ်ဆောင်သွားကြသည့် မောင်မြတ်လှတို့သည် အစားထိုး မရသည့် ကြေကွဲမှုများစွာဖြင့် အနောက်မှ လိုက်ပါလာကြပေတော့သည်။

◇ ◇ ◇

## အခန်း(၂၀)

### အတိတ်ရန်ကြွေး

"အဖြစ်အပျက်ကတော့ အဲဒါပါပဲဗျာ။ တင်ဇော်ရဲ့အဖေဟာ ကျုပ်ရဲ့အဖေကို သတ်သွားတယ်၊ ကျုပ်ပြန်သတ်ဖို့ ကြိုးစားတဲ့အချိန်မှာ သူလည်း သေသွားပြီ။ သူ့အဖေကို မသတ်လိုက်ရတဲ့အတွက် သူ့သားကို ပြန်သတ်ဖို့ ကြိုးစားတာပဲဗျာ"

ကိုမြတ်လှသည် ကြေကွဲမျက်ရည်များ မျက်ဝန်းအိမ်၌ ပြည့်လျှံနေသည်။ ကျွန်ုပ်သည် ကိုမြတ်လှအား ကြည့်၍ စိတ်မကောင်း ဖြစ်မိသည်။

တကယ်တော့ မြတ်လှတို့ မိသားစုသည် အဖေ ဦးထွန်းမောင် ရှိစဉ်က အဆင်ပြေသည့်မိသားစု ဖြစ်ခဲ့သော်လည်း ဖခင် မရှိတော့သည့်နောက်ပိုင်း၌ ခက်ခဲမှုများစွာ ကြုံတွေ့ရပြီး မိခင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုသည် ပဲပြုတ်ရောင်းရသည့်ဘဝကို ချက်ချင်း ရောက်ရှိသွားသည်။

စုံနံ့သာမင်းမောင်သည် ကိုမြတ်လု၏ စကားများအား အေးဆေးစွာ နားထောင်နေသည်။ အားလုံးသည် စုံနံ့သာမင်းမောင်ထံမှ ထွက်ပေါ်လာမည့် စကားများကို စောင့်မျှော်နေကြသည်။

"အဲဒီအချိန်မှာ ဦးစိန်အောင်ကို တရားစွဲကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်တို့ ဦးစိန်အောင်ကို တရားစွဲပါတယ်။ ဒါပေမဲ့ အမှုရှုံးသွားတယ်။ အဲဒီအတွက် ဦးစိန်အောင်ကို ပိုပြီးစိတ်နာတယ်"

"စိတ်နာစရာ မဟုတ်ပါဘူး။ စုံထောက်က သက်သေမခိုင်လုံဘူးဆိုပြီး ဒီအမှုကို ပိတ်လိုက်တယ်။ ဒီနေရာမှာ ဦးစိန်အောင် သဘောကောင်းလို့ သက်သာတယ် မှတ်ပါ။ သူ့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်တယ်ဆိုပြီး တရားစွဲရင် ခံရဦးမယ်၊ တကယ်တော့ ခင်ဗျားရဲ့အဖေကို ဦးစိန်အောင် သတ်တာ မဟုတ်ဘူး"

"ဗျာ ... ဘယ်လို၊ မဖြစ်နိုင်တာ"

ကိုမြတ်လု၏ စကားပင် ဖြစ်သည်။

ကျွန်ုပ်တို့လည်း ထိုကဲ့သို့ ထင်နေမိသည်။ အားလုံးသည် ဦးစိန်အောင်ဟု ပြောနေပေမဲ့ စုံနံ့သာမင်းမောင်သည် မဟုတ်ဟု ပြောလာသည့်အတွက် ကျွန်ုပ်တို့သည် အံ့သြခြင်းများ





စွာဖြင့် ကြည့်နေကြသည်။ စုံနံ့သာမင်းမောင်သည် ပြောပြီးသည့် စကားအတွက် ကျေနပ်နေသည်မို့ ပုလိပ်မင်းကြီးနှင့် အရာရှိများသည် မောင်မြတ်လု၏ စွပ်စွဲချက်များကို မည်သည့် အထောက်အထားများဖြင့် ငြင်းပယ်နေသလဲဟု စဉ်းစားခြင်းများစွာ ဖြစ်နေကြသည်။

"အဲဒီလို ပြောလိုက်တဲ့အတွက်ကြောင့် လွန်စွာအံ့သြနေမယ်ဆိုတာ ကျုပ် သိပါတယ်။ တကယ်လည်း အံ့သြစရာပဲ။ ဒီနေရာမှာ ရှင်းပြစရာတစ်ခု ရှိနေတယ်။ ခင်ဗျားရဲ့အဖေ ဦးထွန်းမောင် အသတ်ခံရတဲ့အချိန်မှာ တရားခံဟု စွပ်စွဲခံရတဲ့ ဦးစိန်အောင်ဟာ ကင်ဆာရောဂါနဲ့ ရန်ကုန်မှာ ဆေးရုံတက်နေတယ်ဗျ။ အဲဒါကို ခင်ဗျားတို့ မသိဘဲ သူ့ကို တရားစွဲတော့ ဘာဖြစ်မှာလဲ။ ဒါကိုမသိဘဲ ခင်ဗျားတို့က တရားသူကြီးတွေကို လာဘ်စားတယ် ပြောတယ်။ ခင်ဗျားပဲ စဉ်းစားကြည့်ဗျာ၊ သက်သေမခိုင်လုံပဲ တရားခံတစ်ယောက်ကို အပြစ်ပေးလို့ မရဘူး"

"ကျုပ် သဘောပေါက်မိပါပြီဗျာ။ ကျုပ်အဖေကို သတ်တာ ဘယ်သူဆိုတာ သိချင်ပါတယ်"

စုံနံ့သာမင်းမောင်သည် ကိုမြတ်လုအား တစ်ချက်ကြည့်ပြီး လွယ်အိတ်အတွင်းမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။

"ဒီဓားဟာ ဘယ်သူ့ဓားလဲ ဆိုတာ သိလား ...



www.burmeseclassic.com

www.burmeseclassic.com



မသိရင်လည်း ပြောရတာပေါ့ဗျာ။ ဒီဓားဟာ သေဆုံးသူ ဦးထွန်းမောင်ရဲ့ မိတ်ဆွေကြီး ဦးဘတုတ်ရဲ့ဓားပဲ”

“ဗျာ ... ဘယ်လို”

ထိုစကားသည် အားလုံးအတွက် အံ့သြစရာဖြစ်သွားကြပြီး အားလုံးသည် ခြောက်လက်မဓားရှည် ဓားမြောင်ကို တစ်လှည့် ဦးဘတုတ်ကို တစ်လှည့် ကြည့်နေကြသည်။

ဦးဘတုတ်သည် စုန့်သာမင်းမောင်အား မကျေနပ်သည့် အကြည့်များဖြင့် ကြည့်နေသလို စိတ်ထဲ၌ လွန်စွာဒေါသများ ထွက်နေသည်။ ထိုင်နေရာမှလည်း ဂနာမငြိမ်အောင် ဖြစ်နေသည်။ ဦးဘတုတ် ဘာပဲဖြစ်နေပ ခစ စုန့်သာမင်းမောင်သည် ဂရုမစိုက်သလို စီးကရက်အား အေးဆေးစွာ ဖွာရှိုက်နေသည်မို့ ပြာလုံ့လုံ့မီးခိုးလေးများသည် လေ၌ဝဲလျက် ဦးဘတုတ်ထံ ဦးတည်နေသည်။

“ဟုတ်တယ် ကိုမြတ်လှ၊ ဒီဓားဟာ ဦးဘတုတ်ရဲ့ဓားပဲ။ ဒီဓားကို သနပ်ပင်လမ်းဘေးက ပန်းပဲဆရာ ဆရာဆြာဆီမှာ ထုလုပ်ထားတာပဲ။ ဓားရဲ့အရိုးလက်ကိုင်မှာ ဘတုတ်လို့ ရေးထားတယ်၊ ဆရာဆြာကလည်း ဦးဘတုတ်ရဲ့ဓားလို့ ထွက်ဆိုသွားတယ်။ အဲဒီတော့ ကိုမြတ်လှရဲ့အဖေကို သတ်လိုက်သူဟာ ဦးဘတုတ်ပဲ”

“ဗျာ”





ထိုစကားသည် အားလုံးအတွက် လွန်စွာတုန်လှုပ်အံ့သြဖွယ် ဖြစ်သွားသလို ကိုမြတ်လှ၏ ဦးခေါင်းပေါ်သို့ မိုးကြိုးကြီး ပစ်ချလိုက်သလို ထင်သွားသည်။ တကယ်တော့ ကိုမြတ်လှသည် ဦးဘတုတ်အပေါ် လေးစားယုံကြည်နေသူ ဖြစ်သလို အားကိုးမှုများစွာလည်း ရှိသည်။

ကိုမြတ်လှ အလုပ်တစ်ခု လုပ်မည်ဆိုလျှင် ဦးဘတုတ်သည် မပါမဖြစ် အဓိက ပါဝင်နေသူ ဖြစ်နေ၍ ယခု ထိုစကားကြားလိုက်ရသည့်အချိန်၌ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ ကိုမြတ်လှသည် ဦးဘတုတ်အား မီးဟုန်းဟုန်းတောက်လောင်နေသည့် အကြည့်များစွာဖြင့် ကြည့်နေသည်။

၎င်း၏အကြည့်များသည် ဦးဘတုတ် အတွက် တုန်လှုပ်စေသည်။ ထိုအတွက် ထိုင်ရမလို ထရမလို တစ်နေရာသို့ လွတ်ရာလွတ်ကြောင်း ထွက်ပြေးချင်စိတ်များ ထွက်ပေါ်နေသည်။

“အဘ ဟုတ်လား၊ ကျုပ်ကို အမှန်အတိုင်း ပြောစမ်းပါဗျာ”

ကိုမြတ်လှသည် ရုတ်တရက် ထရပ်၍ ဦးဘတုတ်၏ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်၍ မေးလိုက်သလို ၎င်း၏အသံသည် ဝန်းကျင်သို့ ပြတ်သားစွာ လွှမ်းမိုးသွားပေ၏။

“သား လူလေး၊ သူပြောတာကို မယုံပါနဲ့ သားရယ်၊ အဘဟာ လူလေးရဲ့ အပေါ်မှာ ဘယ်လောက်သံယောဇဉ်ကြီးတယ်ဆိုတာ လူလေးလည်း သိရဲ့သားနဲ့ကွယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်လှ စိတ်ကို ထိန်းထားပါ။ ဒီကိစ္စကို ဒီလိုရှင်းလို့ရမှာ မဟုတ်ဘူး၊ အားလုံးကို ရှင်းအောင်ပြောပြပါ့မယ်၊ အဲဒီအတွက် ခင်ဗျား ပြန်ထိုင်ပါ"

"ဒီမှာ စုံထောက်ကြီး၊ မဟုတ်တာ ဘာလို့ပြောနေရတာလဲ"

"ကျုပ်ဟာ မဟုတ်တာကို ဘယ်တော့မှ မပြောတတ်ဘူး။ ဘယ်တော့မှလဲ မသေချာတာကို သေချာအောင် မပြောတတ်ဘူး။ ကိုအောင်သိန်း ... ဦးသောင်းစိန်ကို ခေါ်ခဲ့ပါဗျာ"

"ကောင်းပါပြီ ကိုမင်းမောင်"

စုံနှံ့သာမင်းမောင်သည် စီးကရက်အား အေးဆေးစွာ ဖွာရှိုက်၍ နေသည်မို့ ကိုမြတ်လှနှင့် ဦးဘတုတ်တို့အား အကဲခတ်နေသည်။

"ကျုပ်ရဲ့စကားက ခင်ဗျားတို့အတွက် ခိုင်လုံတဲ့ အထောက်အထားပေးနိုင်မှာ သေချာတယ်"

ထိုသို့ပြောချိန်၌ ပုလိပ်များနှင့် အသက်(၇၀)ဝန်းကျင် အဘိုးအိုတစ်ယောက် လိုက်ပါလာသည်။ စုံနှံ့သာမင်းမောင်သည် ဦးသောင်းစိန်အား နေရာပေးလိုက်သည်နှင့် ဦးသောင်းစိန်သည် ထိုနေရာ၌ထိုင်ပြီး ဦးဘတုတ်ကို တစ်ချက်ကြည့်လိုက်ရာ ဦးဘတုတ်သည် မသိမသာ မျက်နှာပျက်သွားသည်ကို စုံနှံ့သာမင်းမောင် သတိထားလိုက်ပြီး ဦးဘတုတ်၏အနောက်၌ ရပ်လိုက်သည်။

"ဦးဘတုတ် ... ဦးသောင်းစိန်ကို သိတယ်မဟုတ်လား"





"ကျုပ် သူ့ကို မသိဘူး"

"ကောင်းပါတယ်၊ ကျုပ် ဒီစကားကိုပဲ ကြားချင်တယ်။ ကဲ ... ဦးသောင်းစိန် ခင်ဗျား ဦးဘတုတ်ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ်"

"အဲဒီတော့ ဦးဘတုတ်ဟာ ဦးထွန်းမောင်ကို ဘာကြောင့်သတ်ရသလဲ ပြောပြပေးပါ"

"ကိုမောင် ... ကိုထွန်းမောင်ပေါ့ဗျာ။ ကိုထွန်းမောင်နဲ့ ကိုဘတုတ်တို့ရဲ့ ရင်းနှီးမှုက သိပြီးကြပြီ ထင်တယ်။ ကိုထွန်းမောင်ဟာ လွန်စွာရိုးသားတဲ့ လူတစ်ယောက်ပေါ့ဗျာ။ ကိုဘတုတ်က အစတည်းက ကောင်းခဲ့တဲ့လူတစ်ယောက် မဟုတ်ဘူး။ တစ်နေ့မှာ ကိုဘတုတ်ဟာ ကိုထွန်းမောင်ရဲ့ ညီမကို လက်ထပ်ယူမယ် ဆိုပြီး စော်ကားတယ်။ အဲဒါကို ကိုထွန်းမောင်က လက်ထပ်ဖို့ တောင်းဆိုရာက စကားများပြီး ကိုဘတုတ်ဟာ လိပ်ပြာကန်ရဲ့ ထန်းသုံးပင်အောက်မှာ ဓားနဲ့ထိုးသတ်လိုက်တယ်။ အဲဒီနေ့က ကျုပ်ပါတယ် ...

ဒီကိစ္စနဲ့ ပတ်သက်ပြီး မပြောဖို့ ပြောတဲ့အတွက် မပြောဘဲ နေခဲ့ရတယ်။ ဘာကြောင့် မပြောရတာလဲဆိုတော့ ကျုပ်ရဲ့မိန်းမကြောင့်ပါ။ ကျုပ်ရဲ့မိန်းမက ကိုဘတုတ်ရဲ့ညီမအရင်း ဖြစ်နေလို့ပါပဲဗျာ။ ကျုပ်က ဒီအကြောင်းကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ပေမဲ့ မိန်းမရဲ့ တားမြစ်ချက်တွေကြောင့် မပြောဘဲနေခဲ့တာဟာ အခုထိ နှစ်အတန်ကြာခဲ့ပြီပဲဗျာ”

“ဒီလောက်ဆို တော်လောက်ပါပြီဗျာ။ ကဲ ... ဦးဘတုတ် ဘာများပြောချင်သေးလဲ”

ဦးသောင်းစိန်၏ စကားကြောင့် ဦးဘတုတ်သည် မည်သို့မျှ ပြောဆိုခြင်းမရှိအောင် ဖြစ်သွားသည်။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အားကြည့်၍ မျက်ရိပ်ပြ အချက်ပေးလိုက်သည့်အတွက် ကျွန်ုပ်သည် ကိုမြတ်လှနှင့် ဦးဘတုတ်တို့အား ကြိုးဖြင့်တုတ်လိုက်သည်။ ကိုမြတ်လှသည် ဒေါသများစွာဖြင့် ဦးဘတုတ်အား ကြည့်နေသည်။

“အဘ မှားပါတယ် လူလေးရာ၊ တကယ်တော့ အဘဟာ လူလေးတို့ထင်သလို လူကောင်းတစ်ယောက် မဟုတ်သလို ပဲခူးနယ်တစ်ဝိုက်မှာ နာမည်ကျော် ဥသဒေါင်းပြာ ဆိုတဲ့ လူမိုက်ဟာ အဘတုတ်ပါပဲ လူလေးရာ။ အဲဒီအတွက် အဘတုတ်ကို ခွင့်လွှတ်ပါ လူလေးရာ။ ဒီမှာ စုံထောက်ကျော်ကြီး”

“ပြောပါ အဘတုတ်”

“အခုပြုခဲ့တဲ့ ကိစ္စအတွက် ကျုပ်ကို အပြစ်ပေးပါဗျာ။ လူလေးတို့ကို လွှတ်ပေးပါ၊ ဒီလိုဖြစ်ရတာ ကျုပ်ပါတယ်ဗျာ”

“ရက်စက်လိုက်တာ အဘရာ”





“အဲဒါက ကျုပ်နဲ့မဆိုင်ဘူး၊ တရားရုံးက ခင်ဗျားတို့ရဲ့ ကိစ္စ ဆက်လက်ဆောင်ရွက်ပေးပါလိမ့်မယ်။ ကဲ ... အပြစ်ရှိသူတွေကို ခေါ်သွားကြတော့”

ကျွန်ုပ် ကေပီအောင်သိန်းသည် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်၏ စကားအား နားထောင်၍ တရားခံဦးဘတုတ်နှင့် လူသတ်သမား မြတ်လှတို့ခေါ်၍ ပုလိပ်၏လက်အတွင်းသို့ အပ်လိုက်သည်။

ထို့နောက် စုံနံ့သာမင်းမောင်သည် လာရောက်ပြီး ထွက်ဆိုသည့် ဦးသောင်းစိန်အား ကျေးဇူးတင်ကြောင်း ပြောပြီး ပြန်ပို့ရန် ပြောဆိုလိုက်သည့်အတွက် ဦးသောင်းစိန်အား လိုက်ပို့ကြသည်။ ပုလိပ်မင်းကြီးသည် စုံနံ့သာမင်းမောင်အား ချီးကျူးစကား ပြောဆိုလိုက်သည့်အတွက် ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား ချီးကျူးရပြန်သည်။

“ခင်ဗျားရဲ့ ကြိုးစားမှုတွေကတော့ ချီးကျူးမကုန်ပါပဲဗျာ”

“ခင်ဗျားကို ကျုပ် ပြောပြီးသားပဲဗျာ။ အမှုတစ်ခုကို ဖော်ထုတ်ရမှာ သေချာမှ အောင်မြင်မှုတွေရမယ်။ အဲဒီလို ဖော်ရာမှာ နောက်ကြောင်းကိစ္စတွေကို ဖော်ထုတ်သင့်ရင် ဖော်ထုတ်ရမယ်ဗျာ။ ဒါမှ စုံထောက်ကောင်းတစ်ယောက်လို့ ခေါ်တယ်ဗျာ”

“ခင်ဗျား စကားကတော့ဗျာ၊ ကျုပ်အတွက် ချီးကျူးစရာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို ထားလိုက်တော့၊ ကျုပ်တို့အတွက် အလုပ်တစ်ခု ပိုလာပြန်ပြီဗျာ"

"ဘာများလဲ ကိုမင်းမောင်"

"ကိုတင်ဖော် ပေါ့ဗျာ"

"ကိုတင်ဖော် ဘာဖြစ်လို့လဲ ကိုမင်းမောင်"

"ကိုသောင်းဒန် ကျုပ်ဆီကို ရောက်လာတယ်၊ ကိုတင်ဖော် ပျောက်ဆုံးသွားပြီတဲ့ဗျာ။ အဲဒါ လိုက်ရှာပေးပါဦးလို့ ပြောလာတယ်။ လာဗျာ ကိုသောင်းဒန်နဲ့တွေ့ပြီး ကိုတင်ဖော် အတွက် စီစဉ်ကြမယ်"

ထိုသို့ ပြောပြီးနောက် ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် ကိုသောင်းဒန်၏ နေထိုင်ရာအိမ်သို့ ထွက်ခဲ့ကြပေတော့၏။

✧ ✧ ✧

အခန်း(၂၁)

## ကျွန်ုပ်နှင့် ကြယ်မင်းဒေဝီ

(စာရှုသူအပေါင်းတို့ အထက်၌ ဖော်ပြလတ္တံ့ ရှိခဲ့ဖူးသည့် ကျွန်ုပ်၏ ဇာတ်ကောင် ကိုတင်ဖော်သည် နေအိမ်မှ ကျောခိုင်းထွက်ခွာ ပျောက်ဆုံးသွားသည်ဟု တင်ပြထားပါသည်။ တကယ်တော့ ကိုတင်ဖော်သည် ပျောက်ဆုံးသွားခြင်း မဟုတ်ပေ။ အသက်လောက် ချစ်ရသူ စောနန္ဒီ သည် ငှင်းရောက်ရှိနေသည့်နေရာအား လိုက်ခဲ့ပါဟု အိပ်မက်ပေးခြင်း အတွက် တစ်ယောက်တည်း ထွက်ခွာသည်။

ဤ၀တ္ထုရေးသားသူ ကျွန်ုပ်သည် ကိုတင်ဖော် ထွက်ခွာသွားသည်ကိုစွနှင့် ပတ်သက်၍ အကျယ်ချဲ့ ရေးသားလိုသော်လည်း တမျက်နှာနှင့် အချိန်များကိုငဲ့ညှာနေသည်က တစ်ကြောင်း၊ ကိုတင့်ဖော်၏ လှုပ်ရှားမှုများသည် ထူးဆန်းအံ့သြဖွယ် သိပ်မရှိသည်က တစ်ကြောင်း ဖြစ်နေ၍ ထိုအကြောင်းများကို အတိုချုံး၍ တင်ပြရန် ဆန္ဒ များ ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၄င်းအတွက်ကြောင့် ကိုတင်ဖော်သည် စောနန္ဒီနှင့် ဆုံတွေ့မှု မရှိပါ။ စောနန္ဒီ ညွှန်ပြသည့် ကျောက်ဂူအတွင်းမှ ရရှိထားသည့် သက်သေအထောက်အထားများကို အောက်၌ ဆက်လက်ဖော်ပြထားသည်ကို ဖတ်ရှုကြပါတန်နှင့် လိုအပ်သည်ကို ရွေးချယ်ရေးသားသည့်အတွက် စာရေးသူ ကျွန်ုပ်အား နားလည်ခွင့်လွှတ်ပေးပါရန် ရိုးသားစွာ တင်ပြရပါသည်။) (စာရေးသူ)

◇ ◇ ◇

"အဲဒီတော့ မင်းရလာတဲ့ ဒီပစ္စည်းသေတ္တာကို ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ တင်ဖော်"

သောင်းဒန်၏ စကားသည် ကျွန်ုပ်အတွက် စဉ်းစားရ လွန်စွာခက်သွားပြီး ဘာလုပ်ရမှန်း မသိအောင်ဖြစ်၍ ယွန်းသေတ္တာ၏ အပေါ်၌ ရေးထားသည့်စာသည် ဖတ်မရအောင်ဖြစ်နေသည်။

တကယ်တွေ့တော့ ကျွန်ုပ်သည် စောနန္ဒီ၏ အိပ်မက်အရ ကျွန်ုပ်သည် လိုက်ပါသွားသည်။ ၄င်းသို့ လိုက်ပါသွားသည့် အိပ်မက်ထဲမှာ စောနန္ဒီ၏ လက်ပြထားသည့် နေရာသို့ ရောက်ရှိသွားပြီးရာ ကျွန်ုပ်အတွက် လွန်စွာအံ့သြရသည်။ စောနန္ဒီ၏ ညွှန်ပြသည့် နေရာသည် ကျောက်ဂူကြီး၏ အတွင်းသို့ ရောက်ရှိ



ရာ ၄င်းကျောက်ဂူကြီးသည် ရှေးနှစ်ပေါင်းများစွာက ကျောက်ဂူကြီးတစ်ခုဖြစ်သလို ကျောက်ဂူကြီးအား ဝန်းရံထားသည့် တောင်ကြီးသည် ကျောက်တောင်တစ်လုံး ဖြစ်သည်။

ကျွန်ုပ်သည် ကျောက်ဂူကြီးအတွင်းသို့ ရောက်ရှိသွားရာ ယခုတင်ပြထားသည့် ယွန်းသေတ္တာတစ်လုံးအား တွေ့ရသည်မို့ လွန်စွာ အံ့သြသွားရသည်။ ကျွန်ုပ်သည် ထိုကျောက်ဂူသို့သွားရောက်ရသည့် အခက်အခဲများအား တင်ပြရန်ခက်ခဲသလို ယုတ္တိမရှိဘူးဟု ထင်မြင်မိသည့်အတွက် ရေးသားဖော်ပြခြင်း မရှိတာကို နားလည်ပေးပါတယ် ကျွန်ုပ် မောင်တင်ဖော်အား တောင်းပန်ပါသည်။

"ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ တင်ဖော်။ ဒီနေရာမှာ ငါ တစ်ခုစဉ်းစားမိတယ် သောင်းဒန်"

"ဘာများလဲ တင်ဖော်"

"အရေးကြီးတာက ဒီယွန်းသေတ္တာပေါ်ကစာပဲ။ ဒီစာကို ဖတ်တတ်တဲ့ လူတစ်ယောက် လိုအပ်တယ်ကွာ"

"အဲဒီစာကို ဖတ်တတ်တဲ့သူ ဘယ်မှာရှိတယ်ဆိုတာ ငါလည်း မသိ။ မင်း ယွန်းသေတ္တာပေါ်မှာ ရေးထားတဲ့သူဆိုလို့ ခပ်ရှားရှားပဲ"

"ငါ တစ်ခုစဉ်းစားမိတယ်။ ငါတို့နဲ့ နေရာနဲ့တဲ့သူဟာ စုံထောက်ကျော် ကိုမင်းမောင်ပဲ ရှိတယ်။ ကျုပ်တို့နဲ့ စုံနံ့သာကိုမင်းမောင်ဆီ သွားရင် ကောင်းမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်တယ်။ ဒီအကြံ ကောင်းတယ်။ စုံနံ့သာကိုမင်းမောင်က ငါတို့ထက် တော်တယ်၊ ဘယ်သူဟာဘယ်မှာရှိတယ်ဆိုတာ သူကသိတယ်"

ကျွန်ပ်နှင့် သောင်းဒန်သည် စုံနံ့သာမင်းမောင်၏ အကြောင်းအား ပြောနေကြသည်မှာ တစ်ခြားမဟုတ်။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်တို့ အထင်ကြီးရသည့် လူတော်တစ်ယောက်ဖြစ်သည်။ အကြောင်းမှာ စောနန္ဒီ အသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ပင် ဖြစ်သည်။ စောနန္ဒီအား သတ်သူ ကိုမြတ်လှသည် ကျွန်ုပ်၏ အဖေအား နာကြည်းခြင်းများစွာဖြင့် ကျွန်ုပ်အား သတ်ရန်ကြိုးစားသည်။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ဂရုစိုက်၍ တရားခံအား ဖမ်းဆီးသလို ကိုမြတ်လှအဖေ ဦးထွန်းမောင်အား သတ်သူကိုပါ ဖော်ထုတ်လိုက်သည်။

ထိုအချိန်မှ စတင်၍ ကျွန်ုပ် မောင်တင်ဖော်သည် စုံနံ့သာမင်းမောင်အား အထင်ကြီးနေသည့်အတွက် ယခုကိစ္စကိုလည်း ၎င်းအား တိုင်ပင်ရန် စိတ်ကူးပေါ်လာသည်။ ကျွန်ုပ်နှင့် သောင်းဒန်တို့သည် စုံနံ့သာမင်းမောင် ရှိနေသည့်ဂါတ်သို့ သွားရောက်ရန် အဝတ်များ လဲနေကြသည်။

"ကိုသောင်းဒန် ... ကိုသောင်းဒန်"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် ကျွန်ုပ်တို့သည် အသံလာရာသို့ ကြည့်လိုက်ရာ လွန်စွာအံ့သြသွား၍ စိတ်ထဲ၌ ပျော်ရွှင်လာသည်။





"ဟာ ... စုံထောက်ကြီးပါလား။ လာဗျာ ကျုပ်တို့ကလည်း အခုပဲ ခင်ဗျားဆီကို လာကြဖို့ စီစဉ်နေကြတယ်"

စုံနံ့သာမင်းမောင်တို့သည် ကျွန်ုပ်တို့ရှေ့၌ ထိုင်လိုက်ကြသည်။

"ခင်ဗျား ရလာတဲ့ ယွန်းသေတ္တာပေါ်က စာကို ဖတ်တတ်တဲ့လူ ရှာခိုင်းဖို့ မဟုတ်လား ကိုတင်ဖော်"

"ဟာ ... စုံထောက်ကျော်ကြီးက ကျုပ်တို့ရဲ့စိတ်ကူးကို ကြိုတင်သိနေပါလား။ ခင်ဗျားရဲ့ ဝမ်းဗိုက်ထဲမှာ ပုရွှားလေး ရှိနေသလားဗျာ"

"ဟုတ်တယ်ဗျာ။ ခင်ဗျားကိုတော့ ကျုပ်တို့ လွန်စွာအံ့သြမိတယ်ဗျာ"

"ခင်ဗျားတို့ကလည်းဗျာ။ အဲဒီလို ကြိုတင်သိနေတာကြောင့် စုံထောက်ကြီးလို့ နာမည်ကျော်နေတာပဲ"

"ကေပီကိုအောင်သိန်း စကားကို ကျုပ် ထောက်ခံတယ်ဗျာ"

သောင်းဒန်သည် ထိုစကားဖြင့် ထပ်ဆင့် ထောက်ခံလိုက်ပေမဲ့ စုံနံ့သာမင်းမောင်၏ စကားများသည်လည်း ကျွန်ုပ်တို့အတွက် လွန်စွာအံ့သြစရာပင် ဖြစ်သည်။ ကျွန်ုပ်နှင့် သောင်းဒန်တို့သည် စုံနံ့သာမင်းမောင်တို့အား ကြည့်လိုက်ရာ ၎င်းသည် သံဘူးပြားလေးအတွင်းမှ စီးကရက်လေး တစ်လိပ်အား ထုတ်ယူ၍ နှုတ်ခမ်း၌ အသာတေ့ကိုက်ပြီး မီးညှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြာလဲ့လဲ့ မီးခိုးလေးများသည် လေပေါ်၌ ဝေ့ဝဲ၍ ကျွန်ုပ်တို့ရှိရာသို့ ပျံ့လွင့်လာသလို တချို့သည် ထင်ရာသို့ လွင့်စဉ်သွားကြကုန်သည်။

"ကဲ ... စုံထောက်ကြီး၊ ကူညီလက်စနဲ့ ကျုပ်တို့ကို ဆက်လက်ကူညီပါဦးဗျာ"

"ကျုပ်ပြောပြီးသားပဲဗျာ။ ခင်ဗျား ယွန်းသေတ္တာမှာ ရေးထားတဲ့စာကို ဖတ်နိုင်တဲ့သူ ရှိပါတယ်။ အဲဒီအတွက် ဘာမှပေးစရာ မလိုပါဘူးဘူးဗျာ။ ကျုပ်တို့က လူသားတွေအတွက် ကူညီပေးနေတဲ့ သူတွေပဲဗျာ"

"ခင်ဗျားဆိုက ဒီစကားကြားရတာ လွန်စွာဝမ်းသာလိုက်တာ စုံထောက်ကျော်ကြီးရာ၊ ဒါနဲ့ ကျုပ်တို့ ဘယ်ကိုသွားရမှာလဲ"

"နန်းတော်ကုန်းရပ်မှာ ဓိဝဠာယီဦးဖိုးထွေ ဆိုတာ ရှိတယ်။ သူက ရှေ့ဟောင်းစာတွေကို ဖတ်တတ်ပါ့ဗျာ"

"ကောင်းတာယ်ဗျာ၊ ဒါဆို ကျုပ်တို့ သွားကြရအောင်"

ထိုသို့ပြောပြီးသည်နှင့် ကျွန်ုပ်တို့သည် စုံနံ့သာမင်းမောင် ပြောသည့် နန်းတော်ကုန်းရပ်သို့ သွားရောက်ရန် ပြင်ဆင်ကြသည့် သောင်းခန်သည် သေတ္တာအား ယူသလို ကျွန်ုပ်သည် ပေပုရပိုက်များအား ယူဆောင်လိုက်သည်။

စုံနံ့သာမင်းမောင်သည် ကျွန်ုပ်တို့အား ကြည့်လိုက်ပြီး ရှေ့မှ ထွက်ခွာသွားသည့်အတွက် ကျွန်ုပ်တို့သည် အနောက်မှ လိုက်ထွက်လာခဲ့ကြသည်။

✧ ✧ ✧





ကျွန်ုပ်တို့သည် စုံနံ့သာမင်းမောင်၏ ခေါ်ဆောင်ရာ နန်းတော်ကုန်းရပ်သို့ လိုက်လာခဲ့ကြရာ နန်းတော်ကုန်းရပ်သည် လွန်ခဲ့သည့်နှစ် အတန်ကြာကာလတုန်းက ဘုရင်မင်းတရားကြီး စိုးစံအုပ်ချုပ်နေထိုင်သည့် နန်းတော်ရာပင်ဖြစ်သည်။ (ယခုအခါ ထိုနေရာသည် နန်းတော်အသစ်ကြီး ပြန်လည်တည်ဆောက်ထားသည့်အတွက် ခံ့ညားထည်ဝါစွာ တွေ့မြင်နေရပါသည်။)

ကျွန်ုပ်တို့သည် နန်းတော်ကုန်းရပ် ဓိဝဠာယီ ဦးဖိုးထွေနေအိမ်သို့ ရောက်ရှိခဲ့ပြီး ဦးဖိုးထွေသည် စုံနံ့သာမင်းမောင်အား တွေ့လိုက်ရသည့် အချိန်မှာ ကျေနပ်သည့်မျက်နှာဖြင့် ကြည့်လိုက်သည်။

"ဟာ ... စုံထောက်လေးပါလား၊ အလာထူးလို့ လွန်စွာ အံ့သြရပါတယ်ဗျာ"

"ဟုတ်တယ်၊ အဘိုးထွေ ပြောတာထက် ပိုပြီးထူးနေတယ်ဗျာ၊ အဲဒီအတွက် လာရတာပဲဗျာ"

"ကဲ ... ကဲ ... သင့်ရာမှာ ထိုင်ကြပါဗျာ"

ကျွန်ုပ်တို့သည် အဘိုးထွေ ပြောလိုက်သည့်အတိုင်း သင့်ရာသို့ နေရာယူ ထိုင်လိုက်ကြပြီး အဘိုးထွေသည် အသက် (၇၀)ကျော် (၈၀)ဝန်းကျင် ရှိနေပေမဲ့ ထိုကဲ့သို့ မထင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



(စာရှုသူတို့ အဘိုးထွေ၏ စကားများသည် ယခုကဲ့သို့ မပီသ သလို ရှေးဟောင်းစကားများ ဖြစ်နေသည့်အတွက် နားမလည်မှာ စိုးရိမ်မိသည့်အတွက် နားလည်အောင် ရေးသားရခြင်းဖြစ်ပါသည်။)(စာရေးသူ)

ထို့နောက် အဘိုးထွေသည် လာရင်းကိစ္စအား မေးမြန်းရာ စုန့်သာမင်းမောင်သည် ၎င်းကိစ္စအား ပြောပြလိုက်သည့်အတွက် လွန်စွာ စိတ်ဝင်စားကာ ပေပုရပိုက်အား တောင်းယူလိုက်သည့်အတွက် ကျွန်ုပ်တို့သည် အဘိုးထွေအား မေးလိုက်သည်။

အဘိုးထွေသည် ရေးထားသည့်စာအား ကြည့်လိုက်သည်။

“ဒီစာဟာ ဗြာဟ္မီဘာသာနဲ့ ရေးထားတာ ဆိုပေမဲ့ မြန်မာလူမျိုးတွေရဲ့ ရှေ့လက်ရာစာပဲကွယ်။ အဲဒီတုန်းကတော့ မြန်မာစာလို့ မခေါ်ဘဲ ဗြာဟ္မီဘာသာစာလို့ ခေါ်ကြတယ်ကွယ်”

“အဘိုးထွေ စာထဲမှာ ဘာတွေရေးထားသလဲ”

“ညီမတော် လှဒေဝီခေါ် ကြယ်မင်းဒေဝီရဲ့ သေတ္တာတော်...

လူ့လောကသို့ ဘဝတစ်ဖန် ပြန်လည်ဝင်ရောက်လာမည့် ကြယ်မင်းဒေဝီရဲ့ လက်ထပ်အခန်းဝင်ပစ္စည်းသေတ္တာဖြစ်ပြီး မောင်တော် နေသုန္တရ အတွက် ရေးထားတာပဲ။ မသက်ဆိုင်သူများ ဤသေတ္တာကိုမဖွင့်ရ။ ဖွင့်လျှင် သေတ္တာ





ရဲ့ တံခါးဝမှာ သေမင်းမျက်နှာကို တွေ့ရလတ္တံ့လို့ ထပ်ဆင့် တွေ့ရတယ်ကွယ်”

“ဒီကျိန်စာက လွန်စွာကြောက်စရာပဲနော် အဘိုးထွေ။ ဒါနဲ့ ပေရပိုက်ထဲမှာ ဘာစာတွေ ရေးထားသေးလဲ အဘိုးထွေ”

အဘိုးထွေသည် ပေပုရပိုက်စာရွက်များအား ကြည့်နေရာ ပေပုရပိုက်များသည် နှစ်ပေါင်းများစွာမှ ရေးထားသည့် ပေချပ်များသည် ဝါကျင်ဆွေးမြည့်နေသည့်အတွက် စာလုံးတချို့သည် ကြွေပျက် ချို့ယွင်းနေသည်။

၎င်းအတွက် အဘိုးထွေသည် ပေချပ်များအား ယုယစွာ ဆုပ်ကိုင်၍ ကြည့်နေပြီး ကျွန်ုပ်တို့သည် အဘိုးထွေထံမှ ဖတ်ပြလာမည့် စာများကို စောင့်မျှော်နေကြသည်။ အဘိုးထွေသည် ညီမတော် လှဒေဝီခေါ် ကြယ်မင်းဒေဝီ၏စာကို ဖတ်ပြရာ၌ အောက်ပါအတိုင်းပင် ဖြစ်သည်။

“ဓမ္မပုတ္တခေါ် ဓမ္မဝတီတိုင်းနိုင်ငံမှ သီရိပဝရသုဓမ္မရာဇာ အဓိပတိ မဟာသတ္တဓေယျ ဘုရင်မင်းမြတ်၏ သမီးတော် ကြယ်မင်းဒေဝီ၏ မှာပုံတော်မှတ်တမ်းပင် ဖြစ်သည်။

ကျွန်ုပ် ကြယ်မင်းဒေဝီသည် ဓမ္မပုတ္တခေါ် ဓမ္မဝတီတိုင်း ဘုရင်မင်းမြတ်ကြီး၏ တောင်နန်းဖွား သမီးတော် ကြယ်မင်းဒေဝီ ဖြစ်သည်။ ကျွန်ုပ်သည် ထိုမှတ်တမ်းပေရပိုက်ကို ရဲရဲညိုသောသံမိုးကျိုနှင့် အသည်းပြင်တွင် အမှည်းတင်သကဲ့သို့ ပေထက်၌ အက္ခရာဖြင့် တင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မှတ်တမ်းတင်သည့် ဤပေရွက်သည် ကမ္ဘာတည်သရွေ့ ခိုင်မြဲ၍ မောင်တော် နေသုန္ဒရ၏ ထံ မှောက် ရောက်ရှိပါစေသတည်း။ ယခု ကျွန်ုပ် ကြယ်မင်း ဒေဝီ ရေးသားသည့် ပေစာမှတ်တမ်းများသည် မောင်တော် နေသုန္ဒရ တွေ့ရှိသည့် ကာလ၌ ကျွန်ုပ် ကြယ်မင်းဒေဝီ ၏ အပေါ် အမုန်းပင်များ ပျိုးခဲ့၍ ရန်ငြိုးတို့ ပျက်ပြယ် ပါစေသတည်း။

အတိတ်ဘဝက ကုသိုလ်ကံများ နည်းခဲ့သော ကျွန်ုပ် ကြယ်မင်းဒေဝီသည် ဘုရင့်သမီးတော် ဖြစ်ခဲ့သော်လည်း မပျက်ပြယ်နိုင်သည့် အငြိုးကွေကြောင့် ယခုဘဝ၌ အရိပ် သဖွယ် လိုက်ပါလာခဲ့သည့်အတွက် ကျွန်ုပ်၏ဘဝသည် သွေးနှင့်မျက်ရည် လိမ်းကျံထားသကဲ့သို့ ဘဝတစ်ခုလုံးမှာ အငြိုးအတေးဘဏ်နှင့် ဆိုးရွားသောကံ၏ ဖိစီးနှိပ်စက်သမျှ ကို ထောင်းနမောင်းကြေအောင် ခံခဲ့ရသည်။ ဓမ္မပုတ္တခေါ် ဓမ္မဝတီတိုင်းနိုင်ငံတွင် ကံကြမ္မာအကြွေး သံသရာမြေဝယ် ရတက်မအေး လိုက်ဆုဝေးသော သုံးပွင့်တစ်ခိုင် ချစ်မဏ္ဍိုင် ကြေကွဲစရာ ဇာတ်လမ်း ဖြစ်ပါသည်။

ဓမ္မပုတ္တမင်းတရားကြီး၏ မိဖုရားသုံးပါးတွင် သား သမီးရှတနာ သုံးယောက် ထွန်းကားခဲ့သည်။

မြောက်နန်းမတော် မိဖုရားကြီးတွင် အစ်မတော် မဟာသီနန္ဒီကို မွေးဖွား၍ အလယ်နန်းမတော်မိဖုရားကြီး





သည် မောင်တော်နေသုန္ဒရ မွေးဖွား၍ ကျွန်ုပ် လှဒေဝီခေါ် ကြယ်မင်းဒေဝီမင်းသမီးအား တောင်နန်းမတော်မိဖုရားကြီး မှ မွေးဖွားသန့်စင်သည့်အတွက် မောင်တော်နေသုန္ဒရနှင့် ရင်းနှီးကျွမ်းဝင် ချစ်ခင်လာကြရာ မောင်တော်နေသုန္ဒသည် ကျွန်ုပ်အား အသက်လောက်ချစ်၍ ကျွန်ုပ်သည်လည်း မတွေ့ ရရင် မနေနိုင်အောင် စွဲလမ်းခဲ့ရသည်။

ကျွန်ုပ်တို့သည် ရွှေလင်ပန်းနှင့် အချင်းဆေးဆိုသည့် ရတနာသဉ္ဇာသမီးကလျာများ ဖြစ်လင့်ကစား ကံအလှာ များသည် လွန်စွာကွာခြားသည်ဟု ဆိုရလျှင် အစ်မတော် မဟာသီနန္ဒီသည် ပင်တိုင်စံမင်းသမီး ဖြစ်ရပြီး ကျွန်ုပ်သည် ပစ္စန္တရာဇ်စား မင်းသမီးတစ်ပါးဖြစ်၍ အစ်မတော်မဟာသီ နန္ဒီသည် ကံလှ၍ ကျွန်ုပ်သည် ရုပ်လှသူတစ်ယောက် ဖြစ်ပေမဲ့ အစ်မတော်မဟာသီနန္ဒီနဲ့ ယှဉ်လိုက်လျှင် ကွာ ခြားနေသည်။

ကျွန်ုပ်သည် အသက်လောက်ချစ်ရသည့် မောင်တော် နေသုန္ဒရသည် ဘုန်းလက်ရုံး ထွန်းတောက်တန်ခိုးမောက် ကာ တစ်နေ့သောအခါ၌ ဓမ္မဝတီတိုင်းနိုင်ငံ၌ ဘုရင်ဥက္ကာနံ့ သမုနတ်လောင်းလျာ၊ အိပ်ရှေ့ဥပရာဇာလောင်း ဖြစ်သည်။ မောင်တော် နေသုန္ဒရသည် တိုင်းနိုင်ငံ၏ ပြည်သူပြည်သား သတ္တဝါများကို အေးချမ်းသာယာစွာ ဖန်တီးပေးနိုင်သည် ယှဉ်ဆကာ နိုင်ငံနှင့်အဝန်းမှ ချီးကျူးဂုဏ်ပြု လေးစားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ခံရသည်ဖြစ်၍ အချိန်အခါ အရောက်တွင် မောင်တော်နေသုန္ဒရသည် အစ်မတော် မဟောသီနန္ဒီကို မဟောသီခံ၍ ကျွန်ုပ်ကြယ်မင်းဒေဝီ မင်းသမီးသည် ဒေဝီအရံဖြင့် ရာဇမုဒ္ဒါ ခံရုံသာ ဖြစ်ပါသည်။

ဘယ်နတ်စိမ် ဘယ်အကြောင်းကံမသိ မောင်တော်သည် ကျွန်ုပ်အား အသက်လောက် ချစ်ခင်မြတ်နိုးနေသည့်အတွက် မင်းအာဏာကို ဖိစံသလို ဖြစ်သွားသည်ဟု ထင်မှတ်ပေမဲ့ ကံစီမံပုံကြီးသည် လွန်စွာအံ့သြစရာ ကောင်းနေသည်။

မောင်တော်နေသုန္ဒရနှင့် မည်မျှလောက် ချစ်ခင်မြတ်နိုးနေစေကာမူ ကျွန်ုပ်သည် နန်းစဉ်၏ အစဉ်အလာအရ မိဖုရားခေါင်ကြီး မဖြစ်ထိုက်ပေ။ ဘုရင်မင်းမြတ်သည် ပဒေသရာဇ်အမွေ ရှေ့ဘုံနိဒါန်းဥပဒေအရ မောင်တော်သည် မင်းနှစ်ပါးကို လက်စွဲ၍ နန်းသိမ်းပွဲခံရုံသာ ရှိသည်။

၎င်းလုပ်ရပ်သည် ကျွန်ုပ်အတွက် မဖြစ်နိုင်အောင် ခက်ခဲသည်။ မောင်တော်ကိုယ်တိုင်ကလည်း ကျွန်ုပ်၏လက်ကိုဆွဲ၍ ရွှေနန်းသိမ်းပွဲ ကျင်းပမည်ဟု ကတိပေးခဲ့သော်လည်း လွယ်ကူသည့်အရာ မဟုတ်သည့်အတွက် အစ်မတော်မဟောသီနန္ဒီအား မောင်တော်နှင့် အမုန်းပွားရန် ကြံဆောင်ရပြန်သည်။ ၎င်းကြံဆောင်မှုမှာ တခြားမဟုတ်။





မောင်တော်နေသုန္ဒရသည် ဘုရင်မင်းမြတ် ဖြစ်တော့မည်ဆိုသည့်အတွက် အစ်မတော် မဟောသီနန္ဒီသည် ပွဲတော်အုပ်ဆက်သရန်သာ ဖြစ်သည်။

မောင်တော်သည် အစ်မတော်အား စိတ်နာကြည်းမုန်းတီးရန်အတွက် ပွဲတော်အုပ်အတွင်း၌ အဆိပ်များထည့်ထားလိုက်ရာ အစ်မတော်သည် မောင်တော်အား ပွဲတော်အုပ်ဆက်သသည့်အချိန်၌ ကျွန်ုပ် ကြယ်မင်းဒေဝီသည် အဆိပ်များ ခတ်ထားသည် မစားသောက်ရန် ပြောလိုက်ရာ ထိုနေ့မှစ၍ မောင်တော်သည် အစ်မတော် မဟောသီနန္ဒီအား လွန်စွာ စိတ်နာသွားသည်။

၎င်းအချိန်တွင် ဖခမည်းတော် ဘုရင်မင်းမြတ်ကြီးသည် အစ်မတော်မဟောသီနန္ဒီအား လက်ဆွဲ၍ နန်းတက်ရန် အမိန့်တော်ထုတ်လိုက်ရသည်။ မောင်တော်သည် အစ်မတော်အား လက်ထပ်ယူ၍ နန်းတက်ရန် ငြင်းဆန်လိုက်ပြီး ကျွန်ုပ်အား လက်ဆွဲ၍ နန်းတက်ရန် ဖခမည်းတော် ဘုရင်မင်းမြတ်ကြီးထံ လျှောက်တင်လိုက်ရာ ဖခမည်းတော်သည် မောင်တော်၏ လျှောက်တင်ချက်များအား လက်ခံခြင်းမရှိ ငြင်းဆိုလျက် ရှိနေပေ၏။

ရှေးနှစ်ပေါင်းများစွာက နန်းစဉ်စည်းကမ်းများအား မောင်တော်ဘုရင်ဖြစ်မှ ပြောင်းရွှေ့ပေးရမည်ဆိုတာကို သက်ခံနိုင်ဖွယ်မရှိအောင်ဖြစ်ပြီး ခမည်းတော်သည် မောင်တော်



www.burmeseclassic.com

www.burmeseclassic.com

နေသုန္ဒရအား တစ်ခွန်းတည်းသော စကားကို နောက်ဆုံးအဖြစ် မေးလာသည်မှာ အစ်မတော် မဟေသီနန္ဒီကို မဟေသီ မိဖုရားကြီးအဖြစ် လက်ဆွဲ၍ နန်းတက်ဘုရင် လုပ်မည်လား၊ ကျွန်ုပ် ကြယ်မင်းဒေဝီကို လက်ဆွဲ နန်းတက်မလားဟု မေးလိုက်ရာ မောင်တော် နေသုန္ဒရသည် ကျွန်ုပ်၏လက်ကိုဆွဲ၍ နန်းတက်ဘုရင် လုပ်လိုကြောင်း ပြောလာသည့်အတွက် ခမည်းတော်ဟာ တစ်ပတ်ကျော်လျှင် နန်းအပ်ပွဲ ကျင်းပမည်။ ထိုနေ့၌ မောင်တော်နေသုန္ဒရသည် ပြတ်သားသည့် ဆုံးဖြတ်ချက်ဟစ်ခု ချမှတ်ရမည်ဟု အမိန့်တော် ပေးခဲ့သည်။

လူသူမင်းမှူးရဲမက်များသည် နန်းတော်ဆောင်အတွင်း၌ ပြည့်နေသည်မို့ ကျွန်ုပ် ကြယ်မင်းဒေဝီ မင်းသမီးနှင့် အစ်မတော်မဟေသီနန္ဒီတို့သည် တစ်ယောက် တစ်နေရာ ထိုင်နေကြပြီး အားလုံး ပရိသတ်ရဲမက်စစ်သည်များ၏ရှေ့၌ ရတနာပစ္စည်းများ တင်ထားသည့် ကလပ်နှစ်ခုသည် ခုံညားဝင့်ထည်စွာ ရှိနေပြီး ကျွန်ုပ်နှင့် အစ်မတော်မဟေသီနန္ဒီတို့သည် စိုးရိမ်ထိတ်လန့်စွာဖြင့် မောင်တော်သုန္ဒရ၏ ဆုံးဖြတ်ချက်အား စောင့်မျှော်နေကြသည်မို့ ထိုအချိန်တွင် ကိုယ်ရံတော်များစွာ ခြံရံ၍ ရောက်ရှိလာသည်။

မောင်တော်သည် ထိုအချိန်တွင် ဘုရင်ကြီးသည် သူရိယဇိဝမက္ခရာ ပတ္တမြားဘယက်နှင့် မြကဏ္ဍလာနား





ဒေါင်းတို့ကို မောင်တော်နေသုန္ဒရ၏ ရှေ့တွင် ချပေးလိုက်သည်။ သူရိယဇိဝ မက္ခရာပတ္တမြားဘယက်သည် နန်းစဉ်ရတနာဖြစ်ပြီး အဖိုးမှာပြည်တန်ပြီး မမ္မဝတီနန်းရိုး၌ မိဖုရားခေါင်တိုင်း၏ လည်တွင်ဆွဲခဲ့သော ရတနာဖြစ်ပြီး ဘယက်တွင် သူရိယနေမင်း၏ ဘုန်းသမ္ဘာကို အမှတ်သညာပြု၍ ထိုဘယက်တွင် နေတံဆိပ်ဒေါင်းရုပ်ကို သွန်းထုထားသည်။

ထို့အတူ မြကဏ္ဍလာ နားဒေါင်းသည် နန်းစဉ်ရတနာ ဖြစ်လင့်ကစား ပြည်မတန် အဖိုးအနဂ္ဃတန်ရှိသာ ရှိပြီး ထိုမြကဏ္ဍလာနားဒေါင်းကို လစန္ဒာကို အမှတ်တံဆိပ်ခတ်သည့်အနေနှင့် ယုန်ရုပ်ကို သွန်းခတ်ထားသည်။ သူရိယဇိဝမက္ခရာပတ္တမြားသည် မြကဏ္ဍလာ နားဒေါင်းထက် သာသည်။

တန်ခိုးအာနုဘော်အားဖြင့်လည်း လွန်စွာကွာခြားလျက် ရှိသည်မို့ မောင်တော် နေသုန္ဒရသည် အစ်မတော် မဟေသီနန္ဒီ၏ ရွှေလက်တော်ကိုဆွဲ၍ မဟေသီ အဖြစ် နန်းတက်ပါလျှင် သူရိဇိဝမက္ခရာပတ္တမြားဘယက်အား အစ်မတော်မဟေသီနန္ဒီ၏ လည်တွင်ဆွဲပေးရမည်။ အကယ်၍ မောင်တော်နေသုန္ဒရသည် ဘုရင်အဖြစ် အလိုမရှိဘဲ မြကဏ္ဍလာနားဒေါင်းအား ယူဆောင်၍ ကျွန်ုပ် ကြယ်မင်းဒေဝီအား ဆက်သပေးပါလျှင် နေပြည်တော်မှ ခွာပြီး အဝေးရောက်မြို့ဝန်အဖြစ် ထွက်ခွာရမည်ဖြစ်သည့် အတွက်

www.burmeseclassic.com



မောင်တော်နေသုန္ဒရသည် မည်သည့်အရာကို ရွေးချယ်မလဲ ဆိုတာ စဉ်းစားမရသည့် ကျွန်ုပ် ကြယ်မင်း ဒေဝီမင်းသမီး၏ ရင်ထဲ၌ စိုးထိတ်နေသည်။

အချိန်အခါ ရောက်ပြီဟူသော အသံတစ်ခု ပြတ်သားစွာ ထွက်ပေါ်လာသည်နှင့် မောင်တော်နေသုန္ဒရသည် ထိုင်ရာမှထ၍ ရတနာပစ္စည်းများ ရှိရာသို့ ခြေတစ်လှမ်းခြင်း ထွက်လာပြီး ကျွန်ုပ်ကြယ်မင်းဒေဝီနှင့် အစ်မတော် မဟောသီနန္ဒီသည် မောင်တော်၏ ဆုံးဖြတ်ချက်များကို ရင်ဖိုလှိုက်မောစွာ ကြည့်နေကြသည်။ ၎င်းအချိန်တွင် မောင်တော်နေသုန္ဒရသည် ရတနာပစ္စည်းနှစ်ခုအနက် တစ်ခုအား မ၊ယူလိုက်ချိန်တွင် အားလုံးသည် အံ့သြကုန်ကြပြီး မျှော်လင့်ချက်ကင်းမဲ့သလို ဖြစ်သွားကြပေ၏။ မောင်တော်နေသုန္ဒရသည် မြကုဏ္ဍလာနားဒေါင်းအားယူ၍ ကျွန်ုပ်၏နားဝယ် ပန်ဆင်ပေး၍ ကျွန်ုပ်အား ရွေးချယ်လိုက်သည့် အတွက် ကျွန်ုပ် ကြယ်မင်းဒေဝီသည် ပြည်နိုင်ငံတမျှ တန်ဖိုးရှိသော ပြည်ကြီးမဏ္ဍိုင် လှပန်းခိုင်ဖြစ်ခဲ့သော်လည်း ဓမ္မပုတ္တခေါ် ဓမ္မဝတီနိုင်ငံကြီးအား ကျောခိုင်း၍ မောင်တော်နေသုန္ဒရ၏ နောက်သို့ နယ်စားကတော် ကြင်ယာတော်အဖြစ် လိုက်ပါသွားရမည်။

ကျွန်ုပ် မောင်တော်၏ လုပ်ရပ်ကို ကျေနပ်သည်။ ပျော်ရွှင်သည့်အကြောင်းမှာမူ အသက်လောက် ချစ်ရသူ





မောင်တော်နှင့် အတူနေရသည့် အတွက်ကြောင့် ဖြစ်သည် ဆိုပေမဲ့ မောင်တော်၏ လုပ်ရပ်သည် အစ်မတော်မဟောသီနန္ဒီအား အရှက်အိုးကို ခွဲလိုက်သလို ဖြစ်နေသည့်အတွက် အစ်မတော်၏ အမုန်းရန်ငြိုးကို ခံခဲ့ရပေ၏။

မောင်တော်နေသုန္ဒရ၏ ပြတ်သားသည့် ဆုံးဖြတ်ချက်သည် ခမည်းတော်အတွက် အရှက်များ ရရှိစေပြီးနောက် ခမည်းတော်ကြီးသည် ချက်ချင်းတုံ့ပြန်လိုက်ရာ ခမည်းတော်မင်းကြီးသည် အသင့်ယူဆောင်လာသော မကိုဋ်သရဖူကို အစ်မတော် မဟောသီနန္ဒီ၏ ဦးခေါင်းတွင် စွပ်ပေးလိုက်၍ လက်တွင်းသို့ သံလျက်တော်ကို အပ်နှင်းလိုက်သည်နှင့် ဓမ္မဝတီတိုင်းပြည်၏ ပြည့်ရှင်ဘုရင်မအဖြစ် ဘိသိက်ခံစေတော်သည်။ မိဖုရား မဖြစ်ရသည့် အစ်မတော် ဘုရင်မသည် ချစ်သူနှင့် လွဲရသော်လည်း နန်းသိမ်းပွဲခံရတော့သည်။

မောင်တော် နေသုန္ဒရသည် အစ်မတော် နန်းသိမ်းပွဲကို မြဲမြံသောခြေစုံနှင့်ရပ်၍ တုန်လှုပ်ခြင်းကင်းမဲ့စွာ ကြည့်ရှုနေသည်မို့ မောင်တော်နေသုန္ဒရသည် ၎င်း၏လုပ်ရပ်အား နောင်တမရ ဖြစ်နေပေမဲ့ ကျွန်ုပ်သည် မောင်တော်အတွက် လွန်စွာကြေကွဲရပြီး နောင်တများစွာရရှိခဲ့၍ ကျွန်ုပ် ဟူသော ကြယ်မင်းဒေဝီသည် မောင်တော့်အား သိဟာသနပလ္လင်ထက်မှ ဆွဲချခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်အတွက် ကြေကွဲနေရသည့် ကျွန်ုပ်အား မောင်တော်သည် အားပေးစကားများ ပြောရှာသည့်အတွက် ကျေနပ်ရသည်။ လောကဌ် မည်မျှအားငယ် ကြေကွဲစေကာမူ ချစ်ရသူ၏ အားပေးမှုကိုသာ ခံရလျှင် ပျော်ရွှင်ကျေနပ်ရသည်။

မောင်တော်သည် ရထားပေါင်းချုပ်ပေါ်သို့ ကျွန်ုပ်အား ဆွဲတင်၍ တာဝန်ကျရာ အဝေးမြို့သို့ ခရီးထွက်ခဲ့ရာ မြို့တံခါးဝ၌ ကျွန်ုပ်တို့အား လက်မရွံ့ အာဏာသားများက ဖမ်းဆီးလိုက်ကြသည်။ ဘုန်းလက်ရုံးနှင့် ပြည့်စုံနေသည့် အဝေးမြို့ဝန် မောင်တော်အား သရဖူဆောင်းစ ဘုရင်မ အစ်မတော်သည် လက်ဦးမှုယူလိုက်ခြင်းအတွက် ကျွန်ုပ်တို့ကို တရားခံဘဝသို့ ချက်ချင်းပင် ရောက်ရှိခဲ့၍ ကျွန်ုပ်နှင့် မောင်တော်အား တစ်နေရာစီခွဲ၍ ထားသည်။

ရက်အတန်ကြာသည့် နေ့တစ်နေ့၌ သက်တော်ရှည် အမတ်ကြီး ရာဇစက္ကသည် ကျွန်ုပ်ထံ ရောက်ရှိလာပြီး လွန်စွာဟောင်းနွမ်းနေသည့် အိမ်ကြီးတစ်လုံး ရှိရာသို့ ခေါ်သွားပြီး ထိုအိမ်ကြီးအတွင်း၌ ရန်သူတစ်ဦး ပုန်းအောင်းနေသည်။ ၎င်းရန်သူအား ခေါင်းကိုဖြတ်ပြီး ဘုရင်မထံ ဆက်သလိုက်ပါက မင်းပြစ်မင်းဒဏ်မှ လွတ်မြောက်မည်ဟု ပြောလာသည့်အတွက် ရန်သူအား ခေါင်းဖြတ်ရန် စိတ်အားထက်သန်လာသည်။





ထိုအတူ မောင်တော်အား ထိုကဲ့သို့ ပြောထားသည်မို့ အချစ်ဆုံး ချစ်သူများသည် ဘုရင်မ ကြီး၏ ပရိယာယ်ကို လက်ခံလိုက်ကြသည်။ တကယ်တမ်း တွေ့ကြသည့်အခါ၌ ရန်သူသည် ကျွန်ုပ်အား ရင်ဆိုင်ခြင်းမရှိ အသတ်ခံလိုက်သည်မို့ ကျွန်ုပ်သည် တစ်ဖက်ရန်သူအား ခေါင်းဖြတ်လိုက်ပေမဲ့ တစ်ဖက်ရန်သူသည် ကျွန်ုပ်အား ခုခံတိုက်ခိုက်ခြင်းမရှိ အသက်အသေခံသွားပြီးမှ ကျွန်ုပ်လက်ချက်ဖြင့် အသက်သေဆုံးသွားသူမှာ မောင်တော် နေသုန္ဒရ ဖြစ်နေသည့်အတွက် ကျွန်ုပ်သည် အရူးမီးဝိုင်းသလို ခံစားရသည်။

မောင်တော်သည် ကျွန်ုပ်မှန်း သိနေသည့်အတွက် ခုခံခြင်းမရှိ အသက်ပေးသွားရှာသည်။ ကျွန်ုပ်သည် မောင်တော်အား သတ်ပြီးနောက် အစ်မတော် မဟာသိနန္ဒီသည် ဟန်ဆောင်အားပေးမှုများ ပြုလုပ်၍ ကျွန်ုပ်အား သက်တော်ရှည်အမတ်ကြီး ရာဇစက္က နေအိမ်သို့ ထားရှိရာ အမတ်ကြီး ရာဇစက္ကသည် ကျွန်ုပ်အား မဟုတ်သည့်စိတ်များဖြင့် စော်ကားရန် ကြိုးစားနေသည်။ ၎င်းဖြစ်ရသည်မှာ အစ်မတော် ဘုရင်မကြီးကြောင့် ဖြစ်သည်။ အစ်မတော်သည် ကျွန်ုပ်တို့အား မည်မျှလောက် မုန်းနေသလဲ ဆိုတာ ထိုကိစ္စအား ကြည့်သည်နှင့် သိသာနိုင်သည် ဆိုပေမဲ့ ကိစ္စသည် မပြီးပြတ်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အစ်မတော် အားကိုးယုံကြည်နေသူ အမတ်ကြီး ရာဇာစက္ကသည် ကျွန်ုပ်အား မုဒိမ်းအနွတ်ကိုကဲ့သို့ ပြုလုပ်ရန် ကြံစည်သည့် အမတ်ကြီး ရာဇစက္ကသည် မင်းသွေး ဖြစ်သော ကျွန်ုပ်အား ထိဝံ့သူ မဟုတ်ပေမဲ့ အစ်မတော်၏ မြှောက်ပေးမှုကြောင့် ထိုကဲ့သို့ ကြံစည်နေသည်။ ကျွန်ုပ်သည် ပြတ်သားသည့် ဆုံးဖြတ်ချက်နှင့် အမတ်ကြီး ရာဇစက္ကအား နာကြည်းမုန်းတီးနေသည်။ အသက်လောက် ချစ်ရသူ မောင်တော်နေသုန္ဒရသည် ကျွန်ုပ်အား ခွဲသွားသည်မို့ လူ့လောက၌ နေထိုင်ရသည်မှာလည်း ကျွန်ုပ်အတွက် ထူးခြားမှု ရှိလာမှာ မဟုတ်သလို ကျွန်ုပ်တို့နှင့် အစ်မတော် စိတ်ဝမ်းကွဲရသည်မှာ အမတ်ကြီးရာဇစက္ကကြောင့် ဖြစ်သည်။

တိတ်ဆိတ်သည့်ည အမတ်ကြီးရာဇစက္ကသည် ကျွန်ုပ်ထံ ရောက်ရှိလာပြီး ရာဂစိတ်ဆန္ဒများဖြင့် ကျွန်ုပ်အား အနိုင်ကျင့်ရန် ကြိုးစားနေသည်။ အစားထိုးမရသည့် နာကြည်းချက်တွေကြောင့် ကျွန်ုပ်၏ ပရိယာယ်အတွင်းသို့ ဝင်ရောက်လာသည်။ ကျွန်ုပ်သည် မိန်းမတို့ ပရိယာယ် အတိုင်း အမတ်ကြီး၏ ရာဂစိတ်ဆန္ဒကို လက်ခံသလို ဟန်ဆောင်၍ အသင့်ရှိနေသည့် ဓားတိုဖြင့် ရင်ဝသို့ မသေမချင်း ထိုးသတ်လိုက်သည်။ ကျွန်ုပ်သည်လည်း အစ်မတော်အား နာကြည်းမုန်းတီးသည့်အတွက် နန်းတော်နှင့် ဝေးရာသို့ထွက်ပြေးခဲ့သည်။





ထိုသို့ ထွက်ပြေးလာမှ ကျွန်ုပ်သည် လူ့လောက၌ ဆက်လက်နေလိုစိတ် မရှိတော့သည့်အတွက် အလမ္မာယ် ဆရာထံမှ မြွေဆိုးတစ်ကောင်အား ဝယ်ယူလိုက်ပြီး လူသူ ကင်းမဲ့သည့် ယခုကျောက်ဂူအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ပချုပ်အတွင်းမှ မြွေဆိုး၏အကိုက်ခံ၍ မောင်တော်၏နောက် သို့လိုက်ရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ မောင်တော် ရောက်ခဲ့ပါလျှင် မောင်တော်၏ ချစ်သက်သေတည်ရာ အဖြစ် ဤမြကဏ္ဍာလာနားဒေါင်းအား အချစ်သက်သေအဖြစ် ထားခဲ့ပါသည်။

မောင်တော်သည် ထိုနားဒေါင်းအား တွေ့ခဲ့ပါလျှင် မောင်တော်၏ ချစ်သက်သေအဖြစ် ကံကြမ္မာမကောင်းသည့် ဘဝဟောင်းမှနှမတော်အား သတိရပါစေသားဟု ဆုတောင်း နေသည်။ ကျွန်ုပ်သည်လည်း လူ့လောကသို့ ပြန်လည် ရောက်ရှိလာပြီး မောင်တော်၏ အကျိုးကို သယ်ပိုး၍ ချစ် ကြွေးများကို ပေးဆပ်ရပါစေသားဟု ဆုတောင်းနေပါ သည်။

မောင်တော်မှတစ်ပါး ဤနားဒေါင်းနှင့် အခြား ရတနာပစ္စည်းများ ထည့်ထားသည့် သေတ္တာကို ဖွင့်၍ ယူသူ၊ အကျိုးပျက်စီး၍ သေမင်းမျက်နှာကို စောစီးစွာ မြင်ရ၍ အသက်ဆုံးစေသတည်းဟု ဆုတောင်း၍ ကျွန်ုပ် သည် ပုရပိုဒ်ကို နိဂုံးကမ္ပတ် အဆုံးသတ်ပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မြွေဆိုးပချုပ်တွင်းသို့ လက်သွင်း၍ မိမိကိုယ်ကို အဆုံးစီရင်ပါတော့မည်။

ဤသစ္စာမှန်ပါက ဖြစ်လေရာဘဝ၌ မောင်တော်နေသုန္ဒရနှင့် ဆုံစည်းရပါစေသတည်း။

ကြယ်မင်းဒေဝီ

မဟာသတ္တဓေယျမင်းကြီး၏

ဒုတိယမြောက်

သမီးတော်

အဘိုးထွေသည် ကြယ်မင်းဒေဝီ မင်းသမီး၏ ပုရပိုဒ်အား အဆုံးသတ်လိုက်သည်နှင့် ကျွန်ုပ်တို့၏ စိတ်ထဲ၌ လွန်စွာကြေကွဲသွားသည်မို့ ကြယ်မင်းဒေဝီမင်းသမီး၏ ပရပိုဒ်သည် စိတ်ကူးယဉ် ရေးသားထားခြင်းမဟုတ် ဆိုတာ ကျွန်ုပ်သဘောပေါက်သွားသည်။

(စာရှုသူအပေါင်းတို့ ယခုတင်ပြလိုက်သည့် ကြယ်မင်းဒေဝီမင်းသမီး၏ ပုရပိုဒ်အပြည့်အစုံကို ကျွန်ုပ်ရေးသားသည့် ဆဋ္ဌမသမီးတော်လုံးချင်းဝတ္ထု၌ ဖော်ပြထားပါသည်။ ယခုလုံးချင်းဝတ္ထု၌ ဖော်ပြရန် ခက်ခဲမှုများ ပါရှိသည့်အတွက် မဖော်ပြနိုင်သည့်အတွက် နားလည်ခွင့်လွှတ်ပါရန်။) (စာရေးသူ)

"ကြယ်မင်းဒေဝီမင်းသမီးရဲ့ ဇာတ်လမ်း လွန်စွာကြေကွဲစရာ ကောင်းပါလား၊ ကျုပ် ဒီလိုအဖြစ်ပျက်ကို ဒီတစ်ခါပဲ ကြားဖူးတာပဲကွယ်"



"အဘိုးထွေး ပြောတာကို လက်ခံတယ်ဗျာ။ မောင်တော်နေသုန္ဒရက တိုင်းပြည်ထက် အချစ်ရေးကို ဦးစားပေးသွားတာက အံ့မခန်းပဲဗျာ"

ကျွန်ုပ်သည် ကြယ်မင်းဒေဝီမင်းသမီး၏ ပုရပိုဒ်အားကြည့်၍ စိတ်ထဲ၌ တုန်လှုပ်နေမိပြီး စာနန္ဒီသည် မည်သည့်အတွက်ကြောင့် ကျွန်ုပ်အား ခေါ်၍ ထိုပုရပိုဒ်အား ပေးလိုက်ရတာလဲဆိုတာ စဉ်းစားမရအောင်ဖြစ်၍ ငင်းပစ္စည်း ကျွန်ုပ်၏ လက်ဝယ် ရောက်ရှိပြီးသည့်နေ့မှစ၍ ယခုတိုင် အိပ်မက်လာရောက်ပေးခြင်း မရှိသလို အိပ်မက်ထဲ၌ မိခင်ကြီး နေထိုင်မကောင်းကြောင်း လာရောက်ပြောနေသည်။

ကျွန်ုပ်ကြားဖူးသည်မှာ အိပ်မက်သည် မှန်ချင်လည်း မှန်မည်၊ မှားချင်လည်း မှားမည်။ အသေအချာ ပြောမရသည်က အမှန်ပင် ဖြစ်ပေမဲ့ ကျွန်ုပ် တင်ဖော်အား လာရောက်မက်သည့် အိပ်မက်များသည် လွန်စွာမှန်သည်။

"အဲဒီကိစ္စကို ပြောနေလို့ ပြီးမှာမဟုတ်ဘူး၊ ကိုတင်ဖော်ရွှေ ဘာလုပ်ဖို့ စိတ်ကူးထားလဲ။ ကျုပ်အထင်ကတော့ ခင်ဗျား ဟာ မောင်တော်သုန္ဒရများလားလို့"

"ဟာ ... ကိုအောင်သိန်းကလည်းဗျာ၊ ကျုပ်ကို အထိတ်တလန့်ဖြစ်အောင် လုပ်နေပြန်ပြီ"

"ဘာများ အထိတ်တလန့် ဖြစ်ရာ လိုလို့လဲ ကိုတင်ဖော်ရာ။ အခုဖြစ်နေတာကလည်း အဲဒီလိုပဲ မဟုတ်လား။ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ဒီနေရာမှာ လူအများအပြား



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေတယ်၊ ဘယ်သူမှ မတွေ့ကြဘူး။ ခင်ဗျားကို အိပ်မက်ပေးပြီး ခေါ်တယ်ဆိုတော့ ဒီလိုပဲ တွေးရမှာပဲ"

စုံနံ့သာမင်းမောင်၏ စကားအား ကြားလိုက်ချိန်၌ ကျွန်ုပ်သည် လွန်စွာအံ့ဩသွားရသည်။ ကြက်သီးမွေးညှင်းများထ၍ လာပြီးအဘိုးထွေသည် ကြယ်မင်းဒေဝီ၏ ပေပုရပိုက်မှတ်တမ်းများအား နားထောင်တုန်းက မှတ်တမ်းရေးသူ ကြယ်မင်းဒေဝီအား သနားသလို ခွင့်လွှတ်ပါတယ် နှမတော်ရယ်ဟု စိတ်ထဲက အထပ်ထပ် ပြောဆိုခဲ့သည်။ ယခု ၎င်းတို့ပြောသည့် စကားများသည် ဟုတ်များနေသလားဟု မသိစိတ်များက ထင်မှတ်နေမိသည်။

ကျွန်ုပ်သည် စုံနံ့သာမင်းမောင်အား နားမလည်စွာဖြင့် ကြည့်လိုက်ရာ စုံနံ့သာမင်းမောင်သည် ပြောပြီးသည့် စကားအတွက် မသိသလိုဖြင့်နေ၍ စီးကရက်အား အေးဆေးစွာ ဖွာရှိုက်နေသည်ကို ကောင်းစွာတွေ့မြင်လိုက်ရသည်။

၎င်းအတွက်ကြောင့် ကျွန်ုပ်သည် အဘိုးထွေအား အားကိုးသည့် အကြည့်များစွာဖြင့် ကြည့်လိုက်ရာမှာ အဘိုးထွေသည် ထိုကိစ္စဖြင့် ပတ်သက်၍ ကျွန်ုပ်အား တစ်ခုခု ပြောချင်နေသည်။

"ဟုတ်တယ် လူလေး၊ ဒီက စုံထောက်ကျော်လေး ပြောတာ လွန်စွာမှန်တယ်ကွယ်၊ အခု ပုရပိုဒ်ကိုရေးတဲ့ ကြယ်မင်းဒေဝီမင်းသမီးဟာ လူလေးနဲ့ ဘဝဟောင်းက ဘယ်လို ပတ်သက်ခဲ့တယ် ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ပုရပိုက်





ရေးသူ မင်းသမီးဟာ လူလေးနဲ့ မပတ်သက်ဘူး ဆိုတာ ထားလိုက်၊ အိပ်မက်ထဲက လာခေါ်ပြီး ပေးတယ်ဆိုတာကတော့ ပဋ္ဌာန်းဆက် မရှိဘူးလို့ ပြောလို့မရဘူးကွယ်"

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမလဲ အဘိုးထွေ"

"ဘာမှ လုပ်မနေနဲ့တော့ ကိုတင်ဇော်၊ ခင်ဗျားအမေ နေမကောင်း ဖြစ်နေတယ်၊ ဒီတော့ ဒီပစ္စည်းတွေကိုယူပြီး ရန်ကုန်ကိုသာ ပြန်ပေတော့ဗျာ"

"ဗျာ ... ဘယ်လို ကိုမင်းမောင်"

"ဘယ်လိုမှ လုပ်မနေနဲ့တော့။ အခုပဲ ရန်ကုန်ကို ပြန်ဖို့ စီစဉ်ပေတော့ဗျာ"

"စုံထောက်ကြီး ပြောတာ ဖြစ်နိုင်တယ် တင်ဇော်။ ဒီပုရပိုက်ကိစ္စတုန်းကလည်း ကျုပ်တို့မခေါ်ဘဲ ရောက်လာတာပဲ။ အဲဒါကိုတော့ ကျုပ် ယုံကြည်တယ်ဗျာ"

"ကောင်းပြီလေ။ ကျုပ်တို့ အခုပဲ ပြန်ကြတာပေါ့"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့သည် အဘိုးထွေအား နှုတ်ဆက်၍ ကျောခိုင်း၍ ပြန်လာခဲ့ကြသည်။

ထိုအပြန်လမ်း၌ ကျွန်ုပ်တို့နှင့် စုံနံ့သာမင်းမောင်တို့ပါ လိုက်လာကြပြီးနောက် ရွှေမောဓောစေတီတော်အနီးသို့ အရောက်တွင် လမ်းခွဲလိုက်ကြပြီး ကျွန်ုပ် မောင်တင်ဇော် သူငယ်ချင်းသောင်းဒန်အား ခေါ်၍ ပြန်လာခဲ့ကြပေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

**ကွေကွင်းနောက်ဆုံး ဘဝဇာတ်သိမ်း**

စုံထောက်ကျော် စုံနံ့သာမင်းမောင်အား မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရသည်။ ၎င်းသည် မိခင်နေထိုင်မကောင်း၍ ရန်ကုန်ပြန်ရန် ပြောလာသဖြင့် မယ်တစ်ဝက်ဖြင့် ရန်ကုန်သို့ ပြန်လာခဲ့ ပြောလိုက်သည့်အတိုင်း မှန်နေသည်မို့ ၎င်း၏ဝမ်းထဲ၌ ပုဏ္ဏားလေး ရှိနေသလားဆိုသည် မဟုတ်၊ အကြားအမြင်များ ရနေသလားဟု ထင်မှတ်ရသည်။

တကယ်တော့ စုံနံ့သာမင်းမောင်သည် အကြားအမြင် ရသည်မဟုတ်။ ကိုမြတ်လှသည် စောနန္ဒီအား သတ်သည့်အမှုနှင့် ပတ်သက်၍ ရန်ကုန် မိခင်နေထိုင်ရာအိမ်သို့ ရောက်ရှိခဲ့ပြီး မိသားစုနှင့် ပတ်သက်၍ မကြာခဏ ရောက်ရှိနေသည့်အတွက် မိခင်ကြီး နေထိုင်မကောင်းသည်ကို သိခဲ့ရသည်။





ယခု ကျွန်ုပ်၊ ရန်ကုန် ပြန်ရောက်ချိန်၌ မိခင်သည် ဆေးရုံမှ ပြန်ဆင်းလာရသည်မှာ တစ်ပတ်သာရှိပြီး မိခင်အား ပြုစုရန်အတွက် မိန်းကလေးတစ်ယောက် ရောက်ရှိနေရာ မိန်းကလေးသည် အိမ်ဖော်မဟုတ်သည်မို့ မိန်းကလေးသည် မည်သည့်ကိစ္စဖြင့် မိခင်အား ပြုစုရသလဲဆိုသည့် အကြောင်းကို ကျွန်ုပ် ဆက်လက်တင်ပြပါဦးမည်ဟု ပြောရလျှင် လွန်စွာအံ့သြကြမှာ သေချာသလို ကျွန်ုပ်သည်လည်း လွန်စွာအံ့သြရသည်။

ကျွန်ုပ်၏ အမေအား ပြုစုသူသည် တခြားမဟုတ်။ ကျွန်ုပ်အိပ်မက်ထဲမှာ တွေ့ခဲ့သူ သို့မဟုတ် ဗိုလ်တထောင်စေတီတော် ရင်ပြင်၌ တွေ့ဆုံခဲ့သည့် မိန်းကလေးပင် ဖြစ်သည်။ ၎င်းမိန်းကလေးသည် ကျွန်ုပ်အား တွေ့လိုက်ရချိန်တွင် လွန်မှာအံ့သြနေသည်။ အမေသည် ကျွန်ုပ်အား တွေ့လိုက်ရသည့်အချိန်၌ လွန်စွာပျော်ရွှင်သွားပြီး ထိုမိန်းကလေးနှင့် မိတ်ဆက်ပေးရာမှာ တစ်ယောက်ကို တစ်ယောက် စကားမပြောနိုင်အောင်ဖြစ်ပြီး မိခင်အနားယူနေချိန်၌ မိန်းကလေးနှင့် ကျွန်ုပ် အေးဆေးစွာ စကားပြောဖြစ်ကြသည်။

"ဒီတစ်ခါတော့ မင်း ဘယ်ကိုမှ ထွက်ပြေးလို့ မရတော့ဘူး မဟုတ်လား"

"ကျွန်မက ဘယ်ကိုထွက်ပြေးလို့လဲ၊ ရှင့်စကားကလည်း"

"မင်း ထွက်ပြေးပါတယ်၊ ဗိုလ်တထောင်ဘုရားပေါ်မှာ တုန်းကလေ။ အဲဒီတုန်းက မင်းကို ကျုပ်လိုက်ရှာတာ သုံးရက်တိတိပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကျွန်မနဲ့ မဆိုင်ဘူး ထင်တယ်နော်"

"မှင်း ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ၊ ကျွန်မက ရှင့်ကို စောင့်ခိုင်းထားလို့လား။ မစောင့်ခိုင်းပါဘူးနော်။ အဲဒီတုန်းကလည်း မပြောမဖြစ်လို့ လာပြောရတာပါနော်။ ဒီက စေတနာကိုတော့ အပြစ်မတင်ပါနဲ့နော်"

"အပြစ်တင်တာ မဟုတ်ဗျာ။ မျှော်ရတာကို မကျေနပ်တာပါ။ ရေးသာထွက်သွားရတယ် စိတ်ထဲမှာ မကျေနပ် ဖြစ်နေမိတာကလွဲလို့ပေါ့။ အဲဒီတုန်းကလည်း ပဟေဠိတစ်ခုက လုပ်သွားသေးတယ်"

ကျွန်ုပ် မောင်တင်ဖော်သည် မိန်းကလေးနှင့် စကားပြောရသည်မှာ လွန်စွာကျေနပ်မိပြီး ကမ္ဘာလောကတစ်ခုလုံး မည်သို့ဖြစ်နေသည်ဆိုတာ မသိအောင် ဖြစ်နေသည်။

ထို့အတူ စိတ်ထဲ၌ ပျော်ရွှင်နေမိ၍ နှလုံးသားများ အတွင်းထဲ၌လည်း လှုပ်လာမိသည်။ မိန်းကလေး၏ မျက်နှာသည် ကျွန်ုပ်အတွက် လွန်စွာသာယာနေပြီး ၎င်းနှင့် စကားသာပြောနေရလျှင် ထိုညခ၌ မိုးလင်းသွားပါစေ ဂရုစိုက်သည်မဟုတ်။

"အဲဒီလို လုပ်သွားတာ မဟုတ်ပါဘူးနော်၊ ကျွန်မရဲ့အိပ်မက်ထဲမှာ ညတိုင်းတွေ့ပြီး လာပြောနေလို့ လာပြောတာပါနော်။ စိတ်ထဲမှာလည်း အိပ်မက်ထဲမှာအတိုင်း အပြင်မှာ တွေ့ချင်လွန်းလို့ လာရောက်တာပါ"





"ဒါတွေ ထားလိုက်ပါတော့လေ။ ပြီးတာလည်း ပြီးသွားပြီပဲ။ ကျုပ် သိချင်တာက မင်းနာမည်ကိုလည်း မသိရသေးပါလား"

"ဟုတ်သားပဲ၊ ကျွန်မက ပြောဖို့ ကြိုးစားပါသေးတယ်။ တခြားပြောစရာတွေက မကုန်သေးလို့ မေ့သွားတယ်။ ကျွန်မနာမည် စောစန္ဒီပါ"

"ဗျာ ... ဘယ်လို"

ရုတ်တရက် ကြားလိုက်သည့် စကားသည် ကျွန်ုပ် တင်ဖော် အတွက် လွန်စွာအံ့သြသွားရပြီး ပထမ သေဆုံးသွားသည့် ကျွန်ုပ်၏ဇနီးလက်သစ်လေး၏ နာမည်သည် စောနန္ဒီဖြစ်၍ ယခု ကျွန်ုပ်နှင့် စကားပြောနေသည့် မိန်းကလေးသည် စောစန္ဒီဟု ပြောလိုက်ခြင်းအတွက် ဖြစ်သလို စောစန္ဒီသည် စောနန္ဒီနှင့် မျက်နှာချင်း ခွဲမရအောင် တူနေ၍ ၎င်းတို့သည် မသိသူများက ညီမအရင်းဟု ထင်မှတ်ကြမည်မှာ သေချာသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ စောစန္ဒီအား မေးမိသည်။ စောစန္ဒီသည် စောနန္ဒီကို မသိရှိကြောင်း ပြောပြပြီး မေးခွန်းများ ထွက်လာသည့်အတွက် စကားလမ်းကြောင်း ပြောင်းလိုက် ရသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



လောကဥ္စ မယုံကြည်လောက်အောင် ထူးဆန်းမှုများ ရှိသည်။ စောစန္ဒီသည် ချမ်းသာသည့် မိသားစုမှ မွေးဖွားပြီး ကျွန်ုပ်မိခင်နှင့် စောစန္ဒီမိခင်ဟာ ငယ်သူငယ်ချင်းများ ဖြစ်ကြပြီး ကျွန်ုပ်နှင့် စောစန္ဒီအား လက်ထပ်ပေးစားရန် ကြိုတင်စီစဉ်ထားကြသည်မို့ မကြာခင် လက်ထပ်ပွဲ ကျင်းပတော့မည်။

ကျွန်ုပ်နှင့် စောစန္ဒီ လက်ထပ်ပေးရန် စီစဉ်ထားကြသည်မှာ ကြာပြီဖြစ်သော်လည်း ကျွန်ုပ်အား အနီးကပ်မှ အသိပေးကြပြီး ၎င်းများသည် စောစန္ဒီအား ကြိုတင်ပို့ထားသလို မိခင်သည်လည်း လာရောက်ပို့ပေးထားရန် ဆန္ဒများစွာ ရှိနေသည်။

ကျွန်ုပ်သည် မချစ်ဘူး၊ လက်မထပ်ချင်ဘူးဟု ပြောချင်သော်လည်း မသိစိတ်များသည် စောစန္ဒီအား ချစ်နေမိသည်မို့ ငြင်းဆိုရမှာကို စိုးရိမ်နေသည်။ တကယ်တော့ စောစန္ဒီသည် ကျွန်ုပ် အသက်လောက် ချစ်ရသူ စောနန္ဒီနှင့် ခွဲမရအောင် ရုပ်ချင်းတူနေပြီး အိပ်မောကျနေသည့်စိတ်များအား နှိုးဆွပေးနေ၏။

၎င်းကိစ္စနှင့် ပတ်သက်၍ သောင်းဒန်အား တိုင်ပင်ရာ သောင်းဒန်သည် လူကြီးမိဘများ၏ အစီအစဉ်များအား လက်ခံရန် တိုက်တွန်းလိုက်သည့်အတွက် တစ်ယောက်နှင့်အများ ဖြစ်သွားသည်မို့ စောစန္ဒီအား လက်ထပ်ရတော့မည်ဖြစ်၍ တခြားအဖြစ်အပျက်များအား အသိအာရုံတွင်းမှ မောင်းထုတ်လိုက်သည်။





"ကိုယ်လုပ်ချင်တာ လုပ်ပြီးသွားပြီပဲ တင်ဇော်ရာ။ ကိုယ့်အလုပ်ကမှ အောင်မြင်မှု မရှိဘဲ မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ စောနန္ဒီမှ မရှိဘဲကွာ။ ငါ့အထင်တော့ စောနန္ဒီနဲ့ စောစန္ဒီဟာ ခွဲခြားလို့ မရဘူး ဆိုတာပါပဲ"

၎င်းစကားသည် သောင်းဒန် စကားပင် ဖြစ်သည်။ ကျွန်ုပ်သည် စောစန္ဒီအား လက်ထပ်ရန် စဉ်းစားနေချိန်တွင် ပြောလာသည့်စကားပင် ဖြစ်သည်။ မိခင်၏စကား သောင်းဒန်၏စကား တစ်ချိန်တုန်းက အဘစိုးပထမံအောင်၏ စကားများသည် တစ်ထပ်တည်းလို ဖြစ်နေပြီး စုံနံ့သာမင်းမောင်၏ စကားများသည်လည်း ထိုကဲ့သို့ ဖြစ်နေသည်။ လွန်ခဲ့သည့် လအတန်ကြာတုန်းက အဘစိုးပထမံအောင်၏ စကားသည် "စိတ်မဆိုးဘူးဆိုရင် ပြောချင်တယ်၊ စောနန္ဒီနဲ့ ရက်ပိုင်းအထိပဲ ဒီထက်မပိုဘူး၊ သူဟာ လူဝင်စားတစ်ယောက်ပဲ။ လူလေးနဲ့ မိန်းကလေးဟာ အတိတ်ဘဝက ချစ်သူတွေ ဖြစ်ခဲ့သလို ရန်သူတွေလည်း ဖြစ်ခဲ့တယ်။ အဲဒီအတိတ်ကံက ဘဝပေါင်းများစွာထိပဲ ဒီလိုပဲဖြစ်နေမှာပဲ လူကလေး။ ဖြစ်နိုင်ရင် ဒီမိန်းကလေးအပေါ် သံယောဇဉ်မတွယ်ပါနဲ့။ သူဟာ လူလေးနဲ့ ပြန်ဆုံတာနဲ့ အသက်သေမှာ သေချာတယ်။ ထိုစကားအား ကြားလိုက်ရသည့်အတွက် လွန်ခဲ့ကြောက်ခဲ့ဖူးသလို အဘစိုးပထမံအောင်၏ စကားအား နားမထောင်ဘဲ တစ်ဇွတ်ထိုး လုပ်လိုက်မိသည့်အတွက် ယခုကဲ့သို့ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စောနန္ဒီနှင့် ပတ်သက်မှုများအား အိမ်ရှေ့ဒန်းပေါ်၌ထိုင်၍ စဉ်းစားနေသည်။

"အစ်ကိုတင်ဇော်"

"ဪ ... စောစန္ဒီ ပါလား၊ လာလေ ထိုင်"

"စန္ဒီ အစ်ကိုတင်ဇော်ကို ကြည့်နေတာကြာပြီ။ တစ်ယောက်တည်း ဘာတွေစဉ်းစားနေတာလဲဟင်။ စန္ဒီနဲ့ ပတ်သက်နေလို့လား"

စောစန္ဒီ၏ အနီး၌ကပ်ထိုင်၍ မေးလာသည့် မေးခွန်းကြောင့် စိတ်ထဲမှာ ဖြေရခက်သွားပြီး စောစန္ဒီ၏ မျက်နှာလေးအား ကြည့်လိုက်ရာ ၎င်းသည် မျှော်လင့်ချက်တွေနှင့် ကျွန်ုပ်အား ပြန်၍ကြည့်နေပြန်သည်။

"စန္ဒီအတွက်လည်း ပါတယ်"

"စန္ဒီက အစ်ကို့အတွက် ဘာများထူးခြားမှု ရှိနေလို့လဲဟင်"

"ထူးခြားတာပေါ့ စန္ဒီရယ်၊ အိပ်မက်ထဲမှာ ရှိနေတဲ့သူတစ်ယောက်က အပြင်မှာ တကယ်တွေ့လိုက်ရတော့ ကိုယ်လက်ထပ်ရမဲ့သူ ဖြစ်နေတယ်။ အဲဒါဟာ အစ်ကို့အတွက် လွန်စွာထူးဆန်းနေတာပဲ မဟုတ်လား စန္ဒီ"

"စန္ဒီလည်း တစ်ခါတလေ အစ်ကိုတင်ဇော်လိုပဲ စဉ်းစားနေမိပါတယ်။ စန္ဒီ လက်ထပ်ရမဲ့သူ လူ့လောကမှာ မရှိတော့ဘူးလို့ ထင်မှတ်ထားတယ်။ မကြာခင်ကမှ အစ်ကိုတင်ဇော်ရဲ့အမေ ရုတ်တရက် နေမကောင်း ဖြစ်တယ်။



အဲဒီအချိန်မှာ အမေ့ဆီကို ဖုန်းလာတယ်။ အမေနဲ့ စန္ဒီတို့ဟာ ကြီးမေဆီကို သွားကြတယ်။ အဲဒီအချိန်မှာ အမေနဲ့ ကြီးမေတို့က ကတိတွေ အပြန်အလှန် ပေးထားကြတယ်။ အဲဒါက သားသမီးချင်း လက်ထပ်ပေးစားကြဖို့ပဲ အစ်ကိုတင်ဇော်။ စန္ဒီဟာ ဘယ်တုန်းကမှ မိဘစကားကို ငြင်းပယ်တတ်တဲ့ သူတစ်ယောက် မဟုတ်တဲ့အတွက် မိဘတွေရဲ့ စကားကို လက်ခံလိုက်တာပဲ။ အစ်ကိုတင်ဇော်ရဲ့ ဆန္ဒကိုပဲ စန္ဒီ သိချင်နေတယ်"

"အစ်ကိုတင်ဇော်ကလည်း စန္ဒီ့လိုပါပဲ။ အစ်ကိုတင်ဇော်မှာက အမေတစ်ယောက်ပဲ ရှိတော့တယ်၊ အဲဒီအတွက် အမေ့စကားကိုပဲ နားထောင်ရမှာပဲ။ တစ်ခု စိုးရိမ်နေရတာက စန္ဒီဟာ အစ်ကိုတင်ဇော်ကို မချစ်ဘဲနဲ့ လက်ထပ်လိုက်ရလို့ သောကရောက်နေမှာကိုပဲ"

"အမှန်အတိုင်း ပြောရရင် အိပ်မက်ထဲမှာတည်းက အစ်ကိုတင်ဇော်ကို ..."

စောစန္ဒီသည် ပြောလက်စ စကားအား ရုတ်တရက် ရပ်လိုက်ပြီးနောက် ကျွန်ုပ်အား ကြည့်နေသည်။ စောစန္ဒီ ပြောလာသည့် စကားများကို ကျွန်ုပ် ကောင်းစွာသိပြီး ကျွန်ုပ်သည် စောစန္ဒီ၏ နုနယ်သည့် လက်လေးအား ယုယစွာ ဆုပ်ကိုင်လိုက်ရာ စောစန္ဒီ၏ နွဲ့လျသည့် ကိုယ်လုံးလေးအား နွဲ့ယိမ်း၍ ၎င်း၏ ဦးခေါင်းသည် ကျွန်ုပ်၏ပခုံးသို့ မှေးတင်လိုက်လေတော့၏။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့၌ ကျွန်ုပ်နှင့် စောစန္ဒီတို့ မင်္ဂလာလက်ထပ်သည့်နေ့မို့ လုပ်ကိုင်နေသူများ စည်ကားလျက် ရှိနေသည်။ ကျွန်ုပ်သည်လည်း ကျန်ခဲ့သည့် သုံးလေးရက်မှ ယနေ့သည်အထိ အနားယူရခြင်း မရှိသေးသလို သောင်းဒန်သည်လည်း ကျွန်ုပ်နှင့်အတူ အလုပ်ရှုပ်နေသည်။

"အစ်ကိုတင်ဖော် ရေချိုးတော့လေ၊ မကြာခင် လူကြီးတွေ ရောက်လာကြတော့မယ်"

"ဟုတ်တယ် သား၊ အဲဒီအလုပ်တွေ မောင်သောင်းဒန် လုပ်လိမ့်မယ်၊ သားက ရေချိုး အဝတ်အစား လဲလိုက်တော့လေ"

၎င်းစကားသည် မိခင်နှင့် စောစန္ဒီတို့၏ စကားပင်ဖြစ်သည်။ သောင်းဒန်သည် ကျွန်ုပ်အား အဝတ်အစားလဲရန် ပြောလာသည်မို့ ကျွန်ုပ်သည် အိမ်ပေါ်ထပ်သို့ တက်လာခဲ့ပေရာ။ ထိုနေ့ မင်္ဂလာပွဲသည် မြောက်ဥက္ကလာမှ စောစန္ဒီတို့၏ နေအိမ်၌ ဖြစ်သည်။

"အဲဒါဆို ငါသွားတော့မယ်ကွာ။ လုပ်စရာကိစ္စတွေကို စိတ်ချမယ်နော် သောင်းဒန်"

"စိတ်ချပါကွာ၊ ဒီကိစ္စတွေကို ငါတစ်ယောက်တည်း ဦးစီးနိုင်ပါတယ်"





ထို့နောက် ကျွန်ုပ်သည် သောင်းဒန်အား ကျောခိုင်း ထွက်သွားပြီး ရေချိုး အဝတ်အစားများလဲရန် ဆုံးဖြတ်လိုက်သည်မို့ စောစန္ဒီ ခေါ်သွားသည့်အနောက်မှ လိုက်လာခဲ့သည်။ ကျွန်ုပ်သည်ရေချိုးပြီး မင်္ဂလာအဝတ်များကိုလဲရန် အခန်းတွင်းသို့ ဝင်ရောက်သွားပြီး အဝတ်အစားများ လဲနေချိန်တွင် စောစန္ဒီသည် ကျွန်ုပ်၏အနီးသို့ ရှိနေသည်။ ကျွန်ုပ် အဝတ်များလဲပြီးချိန်တွင် စောစန္ဒီသည် အဝတ်များအား လဲလှယ်ဝတ်ဆင်သည်။

ကျွန်ုပ်သည် အခန်းအပြင်သို့ ထွက်လာပြီး သောင်းဒန်တို့ လုပ်နေသည်များကို ကြည့်နေသည်မှာ လွန်စွာစိတ်ချမ်းမြေ့စရာ ဖြစ်နေသည်မို့ မင်္ဂလာကျင်းပရန် အချိန်နီးကပ်နေသည်။ ဧည့်သည်များသည်လည်း စ တင်ရောက်ရှိလာပြီး ကျွေးမွေးဌာနမှာလည်း အဆင်သင့် ဖြစ်နေသည်။

"သောင်းဒန် အဆင်ပြေရဲ့လား"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့ကွာ။ မင်းအလုပ်ကိုသာ မင်း ဆက်လုပ်ပါကွာ"

"မင်္ဂလာအချိန် ကျရောက်ပါပြီ"

ဆိုသည့်စကား ထွက်ပေါ်လာသည်အတွက် ကျွန်ုပ်သည် စောစန္ဒီအား စောင့်နေရာ စောစန္ဒီသည် အိမ်အပေါ်ထပ်မှနေ၍ အောက်ထပ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ဆင်းလာခဲ့ရန် ဖြစ်သည်။ နှစ်ဖက်သော လူကြီးမိဘများသည် ကျွန်ုပ်၏ဘေးမှနေ၍ စောစန္ဒီအား စောင့်မျှော်နေကြရာ ၎င်းသည် အမျိုးသမီးအရံများ၏ရှေ့မှ လှေကားထစ်များအား တစ်ထစ်ချင်းနင်း၍ စတင်ဆင်းလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



စောစန္ဒီအား တွေ့လိုက်ရသည့်အချိန်၌ စောနန္ဒီကို သတိရလာသည်။ အကြောင်းမှာ စောစန္ဒီနှင့် စောနန္ဒီသည် ရုပ်ချင်းခွဲမရအောင် တူနေခြင်းအတွက် ဖြစ်သည်။

"အမယ်လေး … လုပ်ကြပါဦး"

"လုပ်ပါဦး"

ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားပြီး အားလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

"စန္ဒီ"

ကျွန်ုပ်သည် ကျယ်လောင်သော ခေါ်သံများစွာနှင့် အတူ လှေကားရှိရာသို့ ပြေးနေသလို စောစန္ဒီသည် လှေကားအပေါ်ထစ်မှနေ၍ အောက်ထပ်သို့ လိမ့်၍ကျနေသည်။ စောစန္ဒီ အောက်သို့ လိမ့်ကျသည်မှာ ကျွန်ုပ်အတွက် လွန်စွာစိုးရိမ်သွားပြီး ယခုကဲ့သို့ ပြေးနေပေမဲ့ နောက်ကျသွားသည်။ ကျွန်ုပ် လှေကားထိပ်သို့ အရောက်တွင် စောစန္ဒီသည် လှေကားခြေရင်း၌ ရောက်ရှိနေသည်။

ရင်းအချိန်တွင် ကျွန်ုပ်သည် လှေကားထိပ်၌ အသက်မဲ့စွာ လဲကျနေသည့် စောစန္ဒီအား ပွေ့ချီလိုက်ပေမဲ့ စောစန္ဒီသည် ကျွန်ုပ်အား စိုက်ကြည့်နေသည်။

"စန္ဒီ … စန္ဒီ"

အဆက်မပြတ် ခေါ်နေသော်လည်း စန္ဒီသည် ကျွန်ုပ်အား ကြည့်နေသော်လည်း စကားများ ပြောဆိုခြင်း မရှိ။ စန္ဒီ၏ အကြည့်များသည် ကျွန်ုပ်အား စကားပြောနေသည်ဟု ထင်နေရ





သည်။ ထိုအချိန်တွင် အားလုံးသည် ကျွန်ုပ်၏ အနားသို့ ရောက်ရှိလာကြသည်။

အားလုံးသည် စိုးရိမ်စိတ်များစွာဖြင့် စောစန္ဒီအား ကြည့်နေကြသည်မို့ ကျွန်ုပ်သည်လည်း စန္ဒီ့အတွက် စိုးရိမ်စိတ် ကြေကွဲစိတ်များ လွှမ်းမိုးနေသည်။

"စန္ဒီ … စန္ဒီ … အစ်ကိုတင်ဇော် ခေါ်နေတယ်လေ စန္ဒီရယ်"

ကျွန်ုပ် မည်ကဲ့သို့ ခေါ်နေပေမဲ့ စောစန္ဒီသည် မည်သည့်စကားမှ ပြောဆိုလာခြင်းမရှိသလို ရှိထားသည့် ဒဏ်ရာများသည် လွန်စွာပြင်းထန်သည် ဆိုတာကို သိနေကြသည်။

စောစန္ဒီသည် ကျွန်ုပ်အား ကြည့်နေရင်း မျက်ဝန်းအိမ်မှ မျက်ရည်လေးများ ကျလာသည်ကို တွေ့လိုက်ရသည်မို့ ကျွန်ုပ် လွန်စွာကြေကွဲနေရသည်။ တကယ်တော့ ကျွန်ုပ်သည် စောစန္ဒီကို စောနန္ဒီလောက် မချစ်ဟု ထင်မှတ်ထားပေမဲ့ တကယ်တမ်း ကြုံတွေ့လာသောအခါ နှမြောကာ ကြေကွဲနေရသည်။

ဆုံးရှုံးသွားသည့် နှလုံးသားကို နောက်ထပ် နှလုံးသားတစ်ခုနှင့် အစားထိုးရန် ကြိုးစားနေသော်လည်း အစားထိုးသည့် နှလုံးသားသည်လည်း လက်လွှတ်ဆုံးရှုံးရတော့မည်ဆိုတာ သိလိုက်ရသည့် အတွက် လွန်စွာကြေကွဲနေရသည်။

"စန္ဒီ အသက်မရှိတော့ဘူး"

"စန္ဒီ အသက်မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသည့် အသံသည် ကျွန်ုပ်အတွက် ရှုးသွပ်စေသည်မို့ စောစန္ဒီ၏ မျက်နှာအား သေချာကြည့်နေသည်။ စောစန္ဒီသည် လွန်စွာအပြစ်ကင်းသူတစ်ယောက် မျက်နှာလေးနှင့် ကြည့်နေသည်။

"စန္ဒီ"

ကျွန်ုပ်သည် အသံကုန် အော်လိုက်မိသည်မို့ ဝန်းကျင်သို့ လွှမ်းမိုးသွားပြီး စောစန္ဒီသည် ကျွန်ုပ်နှင့် မိဘဆွေမျိုးများအား ကျော်ခိုင်းသွားသည်ဆိုတာ သိလိုက်ရ၍ ကျွန်ုပ်သည် အရူးတစ်ယောက်ပမာ ဖြစ်သွားပြီး အိမ်ထောင်ရေးကံမကောင်းသည့် ဘဝမှာ မည်ကဲ့သို့ အသက်ရှင်ပြီး လူ့လောက၌ ဆက်လက်နေထိုင်သွားရမည်ဆိုတာ မသိအောင် ဖြစ်နေသည်။

အမေသည် ကျွန်ုပ်၏ အဖြစ်အပျက်အား ကြည့်၍ စိတ်မကောင်း ဖြစ်နေသည်။

အားလုံးသည် ကျွန်ုပ်အား-အားပေးစကား ပြောနေကြသည့်အထဲမှာ မိတ်ဆွေကြီး စုံနံ့သာမင်းမောင်နှင့် ကေပီကိုအောင်သိန်းတို့လည်း ပါနေသည်။ ကျွန်ုပ်သည် စောနန္ဒီ သေဆုံးသည့်ကိစ္စတုန်းက အမှုပြီး တရားခံလိုက်ရှာရပေမဲ့ ယခု စောစန္ဒီ အိမ်ပေါ်က လိမ့်ကျတာကိုတော့ တရားခံရှာခိုင်းဖို့ မလွယ်ကူသလို စောစန္ဒီ၏ အဖြစ်အပျက်များသည် အားလုံး မျက်မြင်တွေ့နေရသည့်အတွက် လုပ်ကြံတာ မဖြစ်နိုင်မှန်း သိနေကြသည်။





ထိုနေ့သည် ကျွန်ုပ်နှင့် ဇောစန္ဒီတို့၏ ကြီးကျယ်ခံ့ညားသည့် မင်္ဂလာဆောင်ခံပွဲအစား စောစန္ဒီ၏ အသုဘရက်လည်းအဖြစ် ချက်ချင်းသတ်မှတ်၍ ၎င်းအား ထိုနေ့နှစ်နာရီ၌ သင်္ဂြိုဟ်ရန် စီစဉ်လိုက်ကြသည်။ ထိုသို့ စီစဉ်မှုများသည် ကျွန်ုပ်၏ဆန္ဒမဟုတ်၊ စောစန္ဒီ၏မိဘများ၏ ဆန္ဒသာ ဖြစ်၏။

တကယ်တော့ ထိုနေ့သည် ကျွန်ုပ်နှင့် စောစန္ဒီ၏ မင်္ဂလာဆောင်ခံပွဲဖြစ်ပြီး ယခုတော့ "အ"မင်္ဂလာနေ့ဖြစ်ပြီး ကျွန်ုပ်အတွက် လွန်စွာကြေကွဲရသည့် ဒုတိယအကြိမ် ဖြစ်သည်။

ကျွန်ုပ်သည် မင်္ဂလာဝတ်ရုံကြီးနှင့်အတူ စောစန္ဒီ၏ အလောင်းဘေး၌ ကြေကွဲစွာ ထိုင်နေမိသည်။

"သား ... လူလေး၊ မောင်တင်ဖေ ဒီနေရာမှာ ကြေကွဲနေမဲ့အစား အဝတ်အစားများကိုလဲပြီး ကြေကွဲတာက ပိုပြီး တန်ဖိုးရှိပါတယ်ကွယ်"

"ကျုပ်မလဲဘူး ဦးလေး။ စောစန္ဒီက ဒီမင်္ဂလာဝတ်စုံနဲ့ ကျုပ်ကို ခွဲသွားတယ်၊ အဲဒီအတွက် ကျုပ်လည်း ဒီအဝတ်များနဲ့ပဲ ကြေကွဲတော့မယ်ဗျာ"

အားလုံးသည် ကျွန်ုပ်အား နားချကြပေမဲ့ ကျွန်ုပ်သည် အားလုံး၏စကားအား ငြင်းဆို၍ ထိုနေရာ၌ ဆက်လက်ထိုင်နေပေတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသည့် ဆုံးဖြတ်ချက် တစ်ခုအား ကျွန်ုပ် ချလိုက်သည့်အတွက် အားလုံးသည် မည်သည့်အတွက်ကြောင့် တားမြစ်ခြင်း မရှိဘဲ ခွင့်လွှတ်ကြသည်။

၎င်းဆုံးဖြတ်ချက်သည် ချသင့်သည့် ဆုံးဖြတ်ချက်ဟု ထင်နေသည့်အတွက်ကြောင့် ချရသည်မှာ မှားယွင်းသည်ဟု မည်သူမျှ ပြောဆိုမရသလို ကျွန်ုပ်သည် ဆုံးဖြတ်ချက် ချလိုက်သည် ဆိုတာနှင့် နောက်ထပ် ပြင်ဆင်တတ်သူ မဟုတ်။

ယခု ကျွန်ုပ်၏အဖြစ်သည် မည်မျှလောကီ ကံဆိုးသလဲဆိုလျှင် ကမ္ဘာလောကတွင် ကံအဆိုးဆုံးလူ ရှိခဲ့ပါလျှင် ကျွန်ုပ် လောကီ ကံဆိုးမည်ဟု မထင်ခဲ့သည်မှာ အမှန်ပင်ဖြစ်ပြီး ပထမ ချစ်သူနဲ့ ကွဲခဲ့ရသလို ဒုတိယတစ်ယောက်နှင့်လည်း လွဲခဲ့ရသည်။

ဤမျှလောကီဆို သူသည် နောက်ထပ် ကံကောင်း လာလိမ့်မည်ဟု မထင်ခဲ့သလို အဘစိုးပထမံအောင်သည်လည်း ၎င်းကိစ္စများဖြင့် ပတ်သက်၍ ပြောခဲ့ဖူးသည်။

"လူလေးဟာ အတိတ်ဘဝက မိန်းမနှစ်ယောက် ၂ကြွ ရောက်ခဲ့ရတယ်၊ အဲဒီအတွက်ကြောင့် ဒီဘဝမှာ မိန်းမ မယူပါနဲ့၊ ယူရင်တော့ ဒုက္ခများစွာနဲ့ ရင်ဆိုင်ရလိမ့်မယ်။ လူလေးမှာ မိန်းကလေးနှစ်ယောက်နဲ့ တွေ့ဆုံပတ်သက်ရ





လိမ့်မယ်။ လက်ထပ်တဲ့ နေ့မှာပဲ ဘေးဒုက္ခနဲ့ ရင်ဆိုင်ပြီး အသက်များ တိမ်းပါးသွားလိမ့်မယ်။ ဖြစ်နိုင်မယ်ဆိုရင် ဒီဘဝမှာ မိန်းမ မယူရင် ပိုကောင်းလိမ့်မယ်"

အဘစိုးပထမံအောင်သည် ကျွန်ုပ်အား မိန်းမ မယူရန် ပြတ်သားစွာ ပြောသည်။ ၎င်းမိန်းကလေးနှစ်ယောက်သည် လူလေးနဲ့ ပဋ္ဌာန်းဆက် ရှိခဲ့တယ် ဆိုသည့် စကားပင် ဖြစ်သည်။ ကျွန်ုပ်သည် အဘစိုးပထမံအောင်၏ စကားအား နားထောင်ခဲ့ခြင်း မရှိ၊ နှလုံးသားအား ဦးစားပေးခဲ့သည်မို့ ယခုတော့ ပြောသည့် အတိုင်းပင် ဖြစ်သည်။

၎င်းအတွက်ကြောင့် ကျွန်ုပ်သည် အိမ်ထောင်ပြုရမည့်ကိစ္စအား လွန်စွာစိတ်ညစ် ကြေကွဲရသည့်အတွက် နောက်ဆုံး၌ ဆရာတော်၏ကျောင်းသို့ သွားရောက်၍ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအတွက်ကြောင့် မိခင်အား ခွင့်တောင်းလိုက်သည်။

မိခင်သည် ကျွန်ုပ်၏ တောင်းဆိုမှုများအား ခွင့်ပြုလိုက်သည့်အတွက် ယခု ကျွန်ုပ်၏ ကိုယ်ပေါ်၌ အဝါရောင်သင်္ကန်း ကောင်းစွာနေရာယူနေသည်မို့ ဆရာတော် ဦးပဏ္ဍာဝ၏ ဟောပြလိုက်သည့်အတွက် အေးချမ်းသည့် တရားရိပ်၌ ကောင်းစွာခိုနေသည်။ တရားရိပ်၌ ကျေနပ်နေချိန်၌ မိတ်ဆွေကြီး စုံနံ့သာမင်းမောင်၊ ကေပီအောင်သိန်း၊ သောင်းဒန်တို့ ရောက်ရှိနေသည်။

"အရှင် ... အေးချမ်းသည့် ထရားကို တွေ့ပါပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့သွားပါပြီ ဒကာကြီးတို့၊ ဦးပဥ္စင်းအနေနဲ့ ရဟန်းဘောင်ဝင်တာ နောက်ကျသွားပြီလို့ ထင်နေမိတယ်။ ဒကာကြီးလည်း အေးချမ်းတဲ့ ဘဝကို ရှာဖွေတွေ့ရှိပါစေလို့ ဆုတောင်းပေးပါတယ်"

"တပည့်တော် အရှင်ပြောတဲ့ အေးချမ်းတဲ့ဘဝကို ရောက်အောင် ကြိုးစားပါမယ်။ တပည့်တော်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဒကာတို့"

ထိုသို့ ပြောပြီးနောက် စုံနံ့သာမင်းမောင်တို့သည် ကျွန်ုပ်အား ကျောင်းခိုင်း၍ ထွက်သွားကြသည်မို့ ၎င်းတို့၏ ကျောပြင်အားကြည့်၍ ဆုတောင်းပေးမှုတစ်ခု ပြုပေးလိုက်ရသည်။ ကျွန်ုပ် ပြောစကားသည် ၎င်းတို့ မကြားသလို အရှေ့ရပ်မှ နေလုံးကြီးသည် အနောက်ရပ်သို့ဝင်ရောက်၍ ပျောက်ကွယ်ရန် နီးကပ်နေသည်။

၎င်းနောက် ကျွန်ုပ်သည် မြတ်ဗုဒ္ဓ၏တရား ကျင့်ကြံရန် တောင်ခြေသို့ ထွက်ခွာလာခဲ့ပေတော့သည်။

ရှီးသား ကြိုးစားစွာဖြင့်

မင်းပုည



www.burmeseclassic.com